၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
အတွဲ(၁၁)၊ အမှတ်(၄၉) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၁၄ ၊ ၂၀၁၃)

TRI
MEN'S AND LADIES' WEARS



# လူမဆန်သူများ၏ ပစ်မှတ်ဖြစ်လာသော ကလေးငယ်များ

ငြိမ်းငြိမ်းနိုင်

## ■ ၂၅ နာရီတိုင်း ကလေးငယ်တစ်ဦး မုဒိမ်းကျင့်ခံနေရ

. . . ထိုကျောင်းသူလေးသည် လွန်ခဲ့သည့် ၁၂ ရက် (ဇန်နဝါရီ ၂၈ ရက်)က အသိမိတ်ဆွေ ဆွေမျိုးသားချင်းမဟုတ်သည့် အသက် ၁၈ နှစ်အရွယ် အမျိုးသားတစ်ဦးက လှည့်ဖြားခေါ်ဆောင်ကာ သားမယား ပြုကျင့်ခံရသော ရှစ်နှစ်အရွယ်သာရှိသေးသည့် ဒုတိယတန်းကျောင်းသူလေးတစ်ဦးဖြစ်သည်

ဆောင်းပါးအပြည့်အစုံ-စာ(၂၈)သို့

ကလေးသူငယ်များဘဝ ပတ်ဝန်းကျင်လုံခြုံစိတ်ချရေးမှာ အားလုံးတွင် တာဝန်ရှိနေသည်

ဓာတ်ပုံ-အယ်လ်ဂျာဇီးရား

# လုပ်ငန်းရှင်များ စီမံကိန်းအကြောင်းပြ မြေအတောင်းကြမ်း

## တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းနှင့် ရာဘာစိုက်ရန် ဧကကိုးသိန်းတောင်းသော်လည်း ဧကသုံးသိန်းခန့်သာ လက်တွေ့စိုက်

ပြည်သိမ်း၊ အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ-၉

လုပ်ငန်းရှင်များ စီမံကိန်းကို အပေါ်ယံပြပြီး မြေဧက သိန်းချီတောင်းယူမှုများကို ရင်ဆိုင်နေရကြောင်း သမ္မတရုံးဝန်ကြီးဌာန (၃) ပြည်ထောင်စု ဝန်ကြီးဦးစိုးသိန်းက သတင်းထောက်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ လားရှိုး၊ မူဆယ်မြို့ ဝန်းကျင်ရှိ မြေဧက ခြောက်သိန်းကျော်ကို အပင်ခုတ်ပြီး ဘိုင်အိုဒီဇယ်ထုတ်ရန် လုပ်ငန်းရှင်တစ်ဦးက တောင်းဆိုထားသည်။

သတင်းအပြည့်အစုံ-စာ(၄)သို့

# ဌာနအမည်အလွဲသုံး၍ ရှေးဟောင်းပစ္စည်းများ တူးဖော်နေ

ရဲနောင်

ရန်ကုန်၊ ဖေဖော်ဝါရီ -၁၁

ရှေးဟောင်းဝတ္ထုပစ္စည်းများအား ဌာနအမည်၊ ဝန်ထမ်းအမည်များ အလွဲသုံးစားပြုလုပ်၍ တရားမဝင် တူးဖော်မှုများ ရှိနေသောကြောင့် တားဆီးအရေးယူရန် ဒေသအသီးသီးရှိ ဌာနများသို့ ကြိုတင် အကြောင်းကြားမှုများပြုလုပ်ထားရကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနထံမှ သတင်းရရှိသည်။

ပျော်ဘွယ်၊ သာစည်၊ ရမည်းသင်း၊ မုံရွာ၊ ဆားလင်းကြီး၊ သထုံ၊ ကျိုက်ထို၊ သုဝဏ္ဏဘူမိ အစရှိသော ယဉ်ကျေးမှုမြို့ဟောင်းနေရာများနှင့် အခြားရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် တရားမဝင်တူးဖော်ခိုးထုတ်မှုများရှိနေသည်ဟု ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စာ(၁၂)သို့



လိုင်ဇာမြို့ ဝယ်ဂျိုင်စခန်းမှ စစ်ဘေးဒုက္ခသည်သားအမိ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# စစ်ဘေးဒုက္ခသည်များ စားနပ်ရိက္ခာအဓိကလိုအပ်

အေးမြကျော်၊ အောင်နိုင်

ကချင်စစ်ဘေးဒုက္ခသည်များအတွက် အဓိကလိုအပ်နေသော အကူအညီမှာ စားနပ်ရိက္ခာဖြစ်ကြောင်း စစ်ဘေးဒုက္ခသည်များအား အနီးကပ်အကူအညီပေးနေသူများထံမှ သိရသည်။

အချပ်ပို(B)သို့

# ထိုင်းရောက် မြန်မာလုပ်သားများ၏ အိမ်ပြန်ပို့ငွေ တစ်နှစ်ဒေါ်လာသန်း ၁,၀၀၀ ကျော်ရှိ

ရဲနောင်

ရန်ကုန်၊ဖေဖော်ဝါရီ-၁၀

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားများသည်မြန်မာနိုင်ငံရှိ မိသားစုများထံသို့ တစ်နှစ်လျှင်ဒေါ်လာသန်းတစ်ထောင်ကျော် ငွေလွှဲပေးပို့ကြကြောင်း ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်အာရှလေ့လာရေးဌာနသုတေသနစာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။

သတင်းအပြည့်အစုံ-စာ(၅)သို့

ပြည်ပပို့ကုန်

# ဆန်တန်ချိန် ၁ ဒသမ ၃သန်းထိ ပြည်ပတင်ပို့နိုင်ရန် အလားအလာကောင်း

ပြည်သိမ်း

ရန်ကုန်၊ဖေဖော်ဝါရီ-၉

အာဖရိကဈေးကွက်နှင့် တရုတ်နိုင်ငံမှ ဝယ်ယူမှုများကြောင့် ပြည်ပသို့ ဆန်တင်ပို့မှုမှာ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁ ဒသမ ၃ သန်းထိ ရှိလာနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်မှ သတင်းရရှိသည်။

သတင်းအပြည့်အစုံ-စာ(၃)သို့

မြေယာ

# ရောဝတီမြစ်ကမ်းဘေးမှ လယ်ယာမြေများ တရုတ်လုပ်ငန်းရှင်များ ဝယ်ယူ

ညီညီဖော်

မန္တလေး၊ ဖေဖော်ဝါရီ-၉

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ ကမ်းပါးပြိုကျမှုဒဏ် ရင်ဆိုင်နေရသော ဧရာဝတီမြစ်ကမ်းပါးဘေး လယ်ယာမြေများကို တရုတ်လူမျိုးများ လာရောက်ဝယ်ယူနေကြောင်း သတင်းရရှိသည်။

သတင်းအပြည့်အစုံ-စာ(၂)သို့



7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

# ဧရာဝတီမြစ်ကမ်းဘေးမှ လယ်ယာမြေများ တရုတ်လုပ်ငန်းရှင်များ ဝယ်ယူ

**ညီညီဇော်**

**မန္တလေး၊ ဖေဖော်ဝါရီ-၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ ကမ်းပါးပြိုကျမှုဒဏ် ရင်ဆိုင်နေရသော ဧရာဝတီမြစ်ကမ်းပါးဘေး လယ်ယာမြေများကို တရုတ်လူမျိုးများ လာရောက်ဝယ်ယူနေကြောင်း သတင်းရရှိသည်။



*တရုတ်လုပ်ငန်းရှင်များ ဝယ်ယူနေသော လယ်မြေများ*

ဓာတ်ပုံ-ညီညီဇော်

အင်းဝမြို့ဟောင်း ကူးတို့ဆိပ်နှင့် တောင်တော်ဆိပ်ကမ်းကြား ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက်ရှိ ဧက ၂၀ ကျော်ခန့်ရှိသည့် လယ်မြေစိုက်ခင်းများကို တရုတ်လူမျိုးများလာရောက်ဝယ်ယူနေခြင်းဖြစ်ပြီး ၃ ဧကခန့်သာ အရောင်းအဝယ်ဖြစ်ရန် ကျန်ရှိတော့ကြောင်း လယ်မြေရောင်းချလိုက်သည့် တောင်သူအချို့က ပြောသည်။

"မိဘလက်ငုတ်လက်ရင်းဆိုတော့ ရောင်းတော့မရောင်းချင်ဘူး။ ဒါပေမဲ့ မရောင်းရင်လည်း မြေပြိုလို့ကုန်မှာ။ ဒါကြောင့် ရောင်းလိုက်ရတာ"ဟု မြေရောင်းချပြီးသူ အင်းဝမြို့ဟောင်း လေဇာရွာမှ အမျိုးသမီးကြီးတစ်ဦးက ပြောသည်။

ကမ်းပါးပြိုကျမှုဒဏ်ကြောင့် တစ်နှစ်လျှင် ဧကထက်ဝက်ခန့် ဆုံးရှုံးနေသောကြောင့်လာရောက်ဝယ်ယူနေစဉ် ရောင်းချလိုက်ခြင်းဖြစ်ကြောင်း ရောင်းချလိုက်သူအချို့ကဆိုသည်။ မြန်မာစကားရည်မွန်စွာ ပြောတတ်သော တရုတ်လူမျိုးများ၊ အချို့မှာ မြန်မာစကားမပြောတတ်၍ စကားပြန်ဖြင့် လာရောက်သူများက ဝယ်ယူခဲ့ကြခြင်းဖြစ်ကြောင်း၊ တစ်ဧကလျှင် ကျပ်သိန်း ၁၂၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရောင်းချခဲ့သည့် တောင်သူအချို့က ပြောသည်။ ယင်းလယ်မြေများရောင်းချလိုက်သဖြင့် ဒေသခံ လယ်ကူလီအချို့မှာ အခြားအလုပ်အကိုင်များ ပြောင်းလုပ်လာကြောင်း အင်းဝဒေသခံအချို့ကဆိုသည်။

"အရင်ကတော့ လယ်ထဲဆင်းတယ်။ ခုတော့ လယ်တွေရောင်းပစ်လိုက်ကြတော့ လုပ်စရာအလုပ်မရှိလို့ မြင်းလှည်းတက်မောင်းနေတယ်"ဟု အင်းဝမြို့ဟောင်း ကူးတို့ဆိပ်မှ အသက် ၃၅ ဝန်းကျင် မြင်းလှည်းမောင်းနေသူ အမျိုးသားတစ်ဦးကပြောသည်။

ရောင်းချလိုက်သည့် လယ်ယာမြေများတွင် ပဲထောပတ်၊ ငှက်ပျော၊ ပြောင်းဖူးများ အဓိကစိုက်ပျိုးခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ အင်းဝမြို့ဟောင်းအနီးရှိ တံတားဦးမြို့တွင် ဟိုတယ်ဇုန်စီမံကိန်း တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။

ယင်းသတင်းကြောင့် ယမန်နှစ်ကတည်းကတံတားဦးနှင့်အင်းဝမြို့ဟောင်းအတွင်းရှိ လယ်မြေများ အရောင်းအဝယ်ဖြစ်ခဲ့ကြသည်။ ယင်းအရောင်းအဝယ်ဖြစ်နေသော လယ်မြေနေရာသည် အင်းဝကူးတို့ဆိပ်အနီး ဧရာဝတီမြစ်၊ စစ်ကိုင်းတံတားနှင့် စစ်ကိုင်းတောင်များကို လှမ်းမျှော်ကြည့်ရှုနိုင်သည့် မြင်ကွင်းကောင်းသောနေရာဖြစ်သောကြောင့် စီးပွားရေးလုပ်ငန်းပြုလုပ်ရန် ရည်ရွယ်၍ ဝယ်ခြင်းဖြစ်နိုင်သည်ဟုလည်း အင်းဝဒေသခံအချို့က ခန့်မှန်းကြသည်။

## သဲဖြူချောင်းသည် မူးယစ်ဆေးသုံးစွဲသူများ စားကျက်ဖြစ်လာ

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၇**

ကချင်ပြည်နယ် ဟိုပင်မြို့နှင့်တစ်မိုင်ဝန်းကျင်ဝေးသော သဲဖြူချောင်းတွင် ကျောင်းသားအချို့အပါအဝင် နေ့စဉ် လူဦးရေ ၅၀၀ ကျော်အထိ လာရောက်၍ မူးယစ်ဆေးဝါး ဝယ်ယူသုံးစွဲနေကြောင်း မိုးညှင်းမြို့နယ် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအဖွဲ့က ပြောသည်။

"တစ်နေ့ကိုသုံးစွဲတဲ့လူငါးရာကျော်လောက်လာတယ်။ ပွဲတော်ကြီးကို ဖြစ်နေတာ"ဟု မိုးညှင်းမြို့နယ် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးကပြောသည်။

မိုးညှင်းမြို့နယ်အတွင်းရှိသော သဲဖြူချောင်းတွင် မူးယစ်ဆေးဝါးရောင်းချသောနေရာ သုံးခုရှိပြီး မူးယစ်ဆေးရှုသည့် အခန်းလည်း သုံးခန်းရှိကာ မူးယစ်ဆေးဝါး အသုံးပြုသူများသည် ချောင်းဘေးတွင် အသုံးပြုနေကြခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

ယင်းနေရာတွင် မူးယစ်ဆေးဝါးများအား ကျပ်တစ်ထောင်ဖိုးမှ စတင်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

၂၀၁၂ ခုနှစ်တွင် ဟိုပင်မြို့၌ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှု ၆၈ မှု ဖမ်းဆီးအရေးယူခဲ့ပြီး ၂၀၁၃ ဇန်နဝါရီလတွင် သုံးမှု၊ ဖေဖော်ဝါရီလဆန်းပိုင်းတွင် တစ်မှု ဖမ်းဆီးထားကြောင်း ဟိုပင်မြို့ ရဲစခန်းမှူး ဦးမျိုးမြင့်ဦးကပြောသည်။

"မူးယစ်ဆေးသုံးတဲ့ သူက တစ်နေ့ကိုသုံးခေါက်လောက်သွားတယ်"ဟု ဒေသခံတစ်ဦးကလည်း ပြောသည်။

အဆိုပါ မူးယစ်ဆေးဝါးများ ရောင်းချသောနေရာ သုံးနေရာသို့ တစ်ရက်လျှင် ဆေးထိုးအပ် အချောင်း ၁၅၀၀ ဝန်းကျင် သွားရောက်ပို့ပေးနေရကြောင်း မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအဖွဲ့က ပြောသည်။

"ဆေးထိုးတဲ့သူတွေက ကြာလာတော့ အကြောတွေက ပိတ်ကုန်တာ။ အဲဒီအကြောရှာပေးတဲ့သူက လူတစ်ယောက်ကို ငါးရာတောင်းတယ်။ သူကလည်း ဆရာဝန်ထက်ကျွမ်းတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။



# ပြည်တွင်းကုမ္ပဏီကြီးများ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန်စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၀**

ပြည်တွင်းရှိ အင်အားကြီးစီးပွားရေးလုပ်ငန်းရှင်အချို့သည်ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းများတွင် နိုင်ငံတကာကုမ္ပဏီကြီးများနှင့် ပူးပေါင်းလုပ်ကိုင်ရန် စွမ်းအင်စီမံရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားကြောင်း သတင်းရရှိသည်။

ဦးချစ်ခိုင်၏ဒေဝ်ကုမ္ပဏီ၊ ဦးအောင်ဇော်နိုင်၏ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ၊ ဦးအောင်ကိုဝင်း၏ ကမ္ဘောဇစက်မှုလုပ်ငန်းကုမ္ပဏီ၊ဦးတေဇ၏Central Market ing Co.Ltd၊ ဦးကျော်နိုင်ဦး၏ နီလာလင်းလက်ကုမ္ပဏီ၊ ဦးသူရဝင်း၏ တာမိုးညဲချမ်းသာကုမ္ပဏီ၊ ဦးမြ ဟန်၏ Fortune International Ltd. စသည့်စီးပွားရေးလုပ်ငန်းရှင်များသည်ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရာတွင်နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။ နိုင်ငံတကာမှရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်ရန် ပြည်တွင်းမှ နိုင်ငံသားပိုင်ကုမ္ပဏီတစ်ရာနီးပါးက မှတ်ပုံတင်စာရင်းပေးသွင်းပြီးဖြစ်ကာ ကုမ္ပဏီဦးရေ ထပ်မံတိုးမြှင့်ဖွယ်ရှိနေကြောင်း စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

"ကုန်းတွင်းရေနံလုပ်ကွက်တွေ အတွက် နိုင်ငံခြားကုမ္ပဏီတွေနဲ့ ပူးပေါင်းလုပ်ကိုင်ဖို့ပြည်တွင်းကုမ္ပဏီတွေကို ခေါ်နေတာပါ။ ဇန်နဝါရီလ၁၇ရက်ကနေ မတ်လ ၁၇ရက်ထိ လျှောက်ထားလို့ ရပါတယ်။ နိုင်ငံခြားကုမ္ပဏီတစ်ခုကို ပြည်တွင်းကုမ္ပဏီတစ်ခုနဲ့ ပူးတွဲ ချထားပေးမှာပါ"ဟုစွမ်းအင်ဝန်ကြီးဌာနမှအရာရှိတစ်ဦးကပြောသည်။

စွမ်းအင်ဝန်ကြီးဌာနသည် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များတွင် ပူးပေါင်းလုပ်ကိုင်ရန် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို နိုင်ငံတကာတင်ဒါစနစ်ဖြင့် ဖိတ်ခေါ်ခဲ့ရာ ကုန်းတွင်းလုပ်ကွက် ၁၈ ခုတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှကုမ္ပဏီ ၃၇ ခုက စိတ်ဝင်စားခဲ့ကြသည်။

လက်ရှိကုန်းတွင်းလုပ်ကွက် ၁၀ ခုအတွက် ပြည်ပကုမ္ပဏီ ၈ ခုအား စိစစ်ရွေးချယ်ခဲ့ပြီး စာချုပ်ချုပ်ဆိုရန် ဆောင်ရွက်နေကာကမ်းလွန် လုပ်ကွက်များတွင်လည်း စိတ်ပါဝင်စားသည့်ကုမ္ပဏီများနှင့် တိုက်ရိုက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေကြောင်း သတင်းရရှိသည်။

## ဆန်တန်ချိန် ၁ ဒသမ ၃ သန်းထိ ပြည်ပတင်ပို့နိုင်ရန် အလားအလာကောင်း

**ပြည်သိမ်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၉**

အာဖရိကဈေးကွက်နှင့် တရုတ်နိုင်ငံမှ ဝယ်ယူမှုများကြောင့် ပြည်ပသို့ ဆန်တင်ပို့မှုမှာ ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်တွင် တန်ချိန် ၁ ဒသမ ၃ သန်းထိ ရှိလာနိုင်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်မှ သတင်းရရှိသည်။

အာဖရိကနိုင်ငံများတွင်ဆန်အထွက် နည်းသဖြင့် ဖေဖော်ဝါရီလကုန်ပိုင်းမှစတင်၍ မြန်မာ့ဆန်ကို အင်တိုက်အားတိုက်ပြန်လည်ဝယ်ယူလာခြင်း၊ တရုတ်နိုင်ငံအစိုးရမှလည်း အာမခံဈေးနှုန်းကို ၁၂ ရာခိုင်နှုန်း မြှင့်တင်လိုက်သည့်အတွက် တရုတ်နိုင်ငံတွင် ဆန်ဈေးမြင့်တက်လာနိုင်ခြင်းတို့ကြောင့် ယခုကဲ့သို့ သုံးသပ်ရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ရှင်းပြသည်။

"အာဖရိကက ပြန်ဝယ်ပြီ။ ဒီမှာလည်း Stock လက်ကျန်နည်းနေတော့ ဈေးက ရှေ့ဆက်ကျဖို့ မရှိနိုင်တော့ဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ထို့အပြင် ဖေဖော်ဝါရီလကုန်ပိုင်းတွင် အာဖရိကနိုင်ငံများသို့ သင်္ဘောသုံးစင်းဖြင့် (တန်ချိန်လေးသောင်းကျော်) တင်ပို့ရန်ရှိနေသည်။ ဆန်တစ်တန်၏ ဈေးနှုန်းမှာ အမျိုးအစား အရည်အသွေးပေါ် မူတည်ပြီး အမေရိကန်ဒေါ်လာ ၃၂၅မှ ၃၄၀ကြား ဈေးရှိကြောင်း လယ်ယာစီးပွား အများပိုင်ကော်ပိုရေးရှင်း (MAPCO)မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါက်တာစိုးထွန်းက ပြောသည်။

"သင်္ဘောတင်ဖို့ ဝယ်ယူမှုများကြောင့် ပြည်တွင်းဈေးကွက်မှာ ဆန်ကြမ်း ၂၅ မှတ်က တစ်အိတ်ကို ကျပ် ၁၄,၀၀၀ ဖြစ်သွားပြီ"ဟုမော်တင်ဆန်ကုန်စည်ဒိုင်မှ ပြည်တွင်းကုန်သည်တစ်ဦးကဆိုသည်။

ဆန်ကြမ်းဈေးကဲ့သို့ပင်စပါးဈေးမှာလည်း တင်းတစ်ရာလျှင် အမျိုးအစားပေါ်မူတည်၍ ကျပ် ၃၅၀,၀၀၀ မှ ၃၈၀,၀၀၀ ကြားရှိသည်။

ယခုနှစ် မြန်မာ့ဆန်ဈေးကွက်မှာ တရုတ်နိုင်ငံကို အဓိကတင်ပို့နေပြီး အာဖရိကတွင်လည်း သီးနှံအထွက် မကောင်းသဖြင့် ၂၀၁၃ ခုနှစ်တွင် ဝယ်ယူမှုများ မြင့်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

ယခုနှစ်ပြည်ပသို့ ဆန်တင်ပို့မှုမှာ ဇန်နဝါရီလကုန်အထိ တန်ချိန် ၁ ဒသမ ၁ သန်း (၁၁ သိန်း) တင်ပို့ပြီးဖြစ်သည်။ ယခင်နှစ်များကနှင့် နှိုင်းယှဉ်လျှင် ပြည်ပသို့ ဆန်တင်ပို့မှုမှာ ခြောက်သိန်းကျော်မြင့်တက်လာသည်။ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်တင်ပို့မှုမှာ တန်ချိန် ခုနစ်သိန်းကိုးသောင်းကျော်သာရှိသည်။ ဆယ်စုနှစ်တစ်ခုအတွင်း၌ ယခုနှစ်မှအပဆိုလျှင် ပြည်ပသို့ ဆန်တင်ပို့မှုမှာဆန်တန်ချိန်တစ်သန်းအောက်သာရှိခဲ့သည်။

သို့သော် ကမ္ဘာ့ဆန်ဈေးကွက်မှာ ပုံမှန်အခြေအနေသာရှိပြီး ထိုင်းနိုင်ငံအစိုးရမှာလည်းပြည်ပတင်ပို့မှု လျော့ကျနေသဖြင့် အာမခံဈေးနှုန်းနှင့် ဝယ်ယူထားမှုများ လက်ကျန်များစွာကျန်ရှိနေသည်။ ထို့အပြင် အိန္ဒိယနိုင်ငံမှာလည်း အရန်ဆန် သိုလှောင်မှု ပမာဏထက် ၇၀ ရာခိုင်နှုန်း ပိုများနေသည့်အတွက် ပြည်ပတင်ပို့မှုများ ရှိနေမည်ဖြစ်ကြောင်းလည်း သိရသည်။

" Oversea မှာ ယှဉ်ပြိုင်မှုမကောင်းရင်တောင် တရုတ်နိုင်ငံကတော့ အဓိကတင်ပို့နေရမယ့် အခြေအနေမှာ ရှိနေမယ်"ဟု ဦးမျိုးသူရအေးကဆိုသည်။

ထို့အပြင် မြန်မာ့ဆန်ဈေးကွက်အခြေအနေမှာ စီးပွားရေးပိတ်ဆို့မှုများ မရှိတော့သည့်အတွက် ရုရှား၊ ဩစတြေးလျ၊ နယူးဇီလန် စသည့်ဈေးကွက်အသစ်များ ရလာနိုင်ကြောင်း MAPCO မှ ဒါရိုက်တာအချို့က မျှော်လင့်နေကြသည်။ လက်ရှိတွင်လည်း ဂျပန်နိုင်ငံက တင်ဒါအောင်သဖြင့် ဈေးကွက်သစ်များ ရလာသည်။ ထို့ကြောင့် ပြည်တွင်း သာမန်ဆန်အမျိုးအစားထက် အရည်အသွေးကောင်း တန်းမြင့်ဆန်များ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း သိရသည်။

## ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခု တည်ထောင်မည်

**မိုးညို**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ-၁၁**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ အသင်းပိုင် ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခု ယခုနှစ်အတွင်း တည်ထောင်သွားရန် စီစဉ်လျက်ရှိကြောင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးစံမျိုးကပြောသည်။

ယင်းဓာတ်ခွဲခန်းမှ နိုင်ငံတကာတွင် ပေးအပ်သော ကျောက်စိမ်းကျောက်မျက် အသိအမှတ်ပြုလက်မှတ်များကို ထုတ်ပေးနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ယင်းဓာတ်ခွဲခန်းကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ဖွင့်လှစ်သွားရန် ရည်ရွယ်ထားပြီး အသင်းပိုင်ငွေဖြင့် လိုအပ်သည့်ပစ္စည်းကိရိယာများအား ဝယ်ယူသွားမည်ဖြစ်ကြောင်း အသင်းမှပြောရေးဆိုခွင့်ရှိသူရုံးအဖွဲ့မှူးက ပြောသည်။ ဓာတ်ခွဲခန်းအတွက် စုစုပေါင်းကုန်ကျမည့် အသုံးစရိတ်ကိုမူ ထုတ်ပြန်ပြောဆိုခြင်းမရှိပေ။

"အချောထည်တွေ ဒီနိုင်ငံမှာ ထုတ်လာနိုင်ရင် ဒီဓာတ်ခွဲခန်းက ပိုပြီးအသုံးဝင်လာနိုင်တယ်"ဟု မိုးကုတ်မြို့မှ ကျောက်မျက်လုပ်ငန်းရှင် ဦးသန်းနိုင်က ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

ထို့အပြင် ယင်းဓာတ်ခွဲခန်းမှ နိုင်ငံတကာအသိအမှတ်ပြု ISO 9001 အစရှိသည့် လက်မှတ်များကိုထုတ်ပေးနိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ယင်းအသင်းမှ ထုတ်ပြန်သည်။

"ကျွန်တော်တို့ ဒီလိုလက်မှတ်တွေ ထုတ်ပေးနိုင်မှ ကမ္ဘာကလက်ခံမှာပါ" ဟု ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးစံမျိုးက ပြောသည်။ လက်ရှိတွင် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဧပြီလနှင့် နိုဝင်ဘာလအတွင်းက ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့၏ စီးပွားရေးဆိုင်ရာ ဖြေလျှော့မှုများတွင် ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍမှာ ပါဝင်လာခြင်း မရှိသေးပေ။

ထို့ကြောင့် မြန်မာနိုင်ငံမှ လက်ရှိတွင် ကျောက်စိမ်းကျောက်မျက်ကဏ္ဍမှာ အနောက်နိုင်ငံများသို့ တင်ပို့နိုင်ခြင်းမရှိဘဲ တရုတ်နိုင်ငံနှင့် အခြားအိမ်နီးချင်းနိုင်ငံများအပေါ် မှီခိုနေရဆဲဖြစ်သည်။

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ယခုအကောင်အထည်ဖော်မည့် ဓာတ်ခွဲခန်းအပြင် နေပြည်တော် ရွှေကြာပင်ကျောက်မျက်ရတနာ အချောထည်ဈေးကွက်ကိုလည်း တစ်ပါတည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကောက်ခွန်ကင်းလွတ်ခွင့် နယ်မြေများအဖြစ် ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ယင်းအသင်းမှ ထုတ်ပြန်သည်။

## လွှတ်တော်သို့ လာရောက်လေ့လာသူများလာ

### လွှတ်တော်အစည်းအဝေးသွားရောက်လေ့လာလိုပါက ကိုယ်ရေးရာဇဝင်နှင့် အခြားအချက်အလက်များကို အနည်းဆုံးသုံးရက်ကြိုပို့ရန်လို

**ရန်မျိုးနိုင်၊ မင်းဟိန်းကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၁**

၂၀၁၂ ခုနှစ်အတွင်း ကျင်းပခဲ့သော အချိန်မှ စတင်ကာ လွှတ်တော်သို့ ပြင်ပအဖွဲ့အစည်းများမှ လာရောက်လေ့လာမှု များပြားလာကြောင်း ပြည်သူ့လွှတ်တော်ရုံးမှ သတင်းရရှိသည်။

"ဒီမှာတော့ တချို့ရက်တွေမှာ တစ်ရက်ကို နှစ်ဖွဲ့၊ သုံးဖွဲ့လာတာရှိတယ်" ဟုပြည်သူ့လွှတ်တော်ရုံးမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။



ယင်းသို့ လေ့လာသူများပြားလာခြင်းမှာ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်နိုင်ငံရေးသို့ ပါဝင်လာခြင်းနှင့် အရေးကြီးအဆိုများ ဥပဒေကြမ်းများ လွှတ်တော်တွင်း ဆွေးနွေးလာမှု များပြားလာခြင်းတို့ကြောင့် ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ကြသည်။ လွှတ်တော်နှစ်ရပ်နှင့်ပြည်ထောင်စု လွှတ်တော်ကိုပါ လေ့လာမှုအတွက် ကန့်သတ်ထားခြင်းမရှိဘဲ မြန်မာနိုင်ငံသား မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း လွှတ်တော်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျင်းပလျက်ရှိသော လွှတ်တော်များသို့ လာရောက်လေ့လာလိုပါက လေ့လာမည့်အဖွဲ့အစည်း၊ ပါတီ၊ ကျောင်းအမည်များနှင့် အဖွဲ့ဝင်အင်အား၊ တာဝန်ခံတို့၏ ကိုယ်ရေးရာဇဝင်အကျဉ်းများကို လွှတ်တော်ရုံးကို အနည်းဆုံး သုံးရက်ကြိုတင်အကြောင်းကြားရမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရုံးမှ သိရသည်။

"လွှတ်တော်အစည်းအဝေးက လေ့လာမိသလောက် အချိန်တိကျမှုအားနည်းတယ်" ဟုလွှတ်တော်နှစ်ရပ်သို့ သွားရောက်လေ့လာဖူးသူ Myanmar Development Resource Institute (MDRI) မှ ကျောင်းသူ တစ်ဦးက ပြောသည်။

လွှတ်တော်အစည်းအဝေးများ ကျင်းပနေစဉ် တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်မှအပ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေးခန်းမသို့ဝင်ရောက်ခြင်း၊ လွှတ်တော်အစည်းအဝေးကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေး ကျင်းပချိန်ပြင်ပ၌ ဖြစ်စေ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရရှိဘဲ သတ်မှတ်ထားသော လွှတ်တော် ပရိဝုဏ်အတွင်း ညဥ့်အိပ်ညဥ့်နေ ပြုလုပ်ပါက ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ အခန်း (၁၂) တားမြစ်ချက်နှင့် ပြစ်ဒဏ်များတွင် ပါရှိသည်။

7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

## CRIME မှုခင်းသတင်း CORNER

### ရိုးမဘဏ် ဖောက်ထွင်းသည်ဟု သံသယရှိသူအား အမှုဖွင့်

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၇**

အောင်ပန်းမြို့ ရိုးမဘဏ်အား ဖောက်ထွင်းကျူးလွန်သူဟု သံသယရှိသူ ၁၉နှစ်အရွယ် ဂျီတီစီနည်းပညာကောလိပ်ကျောင်းသားတစ်ဦးကို အောင်ပန်းမြို့ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း အောင်ပန်းမြို့ရဲစခန်းမှ ဒုရဲအုပ်ညီညီထွန်းက ပြောသည်။

အထက်ပါဖောက်ထွင်းမှု ကျူးလွန်သည်ဟုသံသယရှိသူသည်ဖေဖော်ဝါရီ ၅ ရက် နံနက် ၁ နာရီတွင် ရိုးမဘဏ်အတွင်းရှိစားပွဲအံဆွဲအတွင်းက ငွေကျပ် ၁၇၀၀၀ကျပ်ကို ခိုးယူပြီးနောက် ဘဏ်အတွင်းဆက်လက်ရှာဖွေပြီး ဘဏ်မီးခံသေတ္တာ သော့အားဖျက်ဆီးသည်။ ဖျက်ဆီး၍မရသောအခါ မီးခံသေတ္တာထားရှိသည့်နေရာမျက်နှာကြက်တွင် ဝါယာကြိုးများရှိသည်ဟုယူဆကာမျက်နှာကြက်ကိုလည်း ဖျက်ဆီးခဲ့ကြောင်းရဲမှတ်တမ်းများကဆိုသည်။

ထို့အပြင်ဘဏ်လုံခြုံရေးတာဝန်ကျသူ ဦးမြင့်ထွေးကိုလည်း ဓားဖြင့် ခြိမ်းခြောက်ကာ မီးခံသေတ္တာတောင်းယူခဲ့စဉ် ခြိမ်းခြောက်ခံရသူ က ပြန်လည်ခုခံခဲ့ကြောင်း ဒုရဲအုပ်ညီညီထွန်းကပြောသည်။

"အဲလိုလုပ်လိမ့်မယ်လို့ယုံလည်း မယုံနိုင်ဘူး။ အန်တီတို့အခြေအနေကစားရမဲ့သောက်ရမဲ့ဘဝလည်းမဟုတ်ဘူး။ အဲဒီကလေးမွေးကတည်းက အခုအချိန်ထိရန်လည်း မဖြစ်ဖူးဘူး။ အေးအေးဆေးဆေးပဲနေတက်တယ်။ သားရယ်ဘာလို့လုပ်ရတာလဲ၊ဘာလိုချင်လို့လဲမေးတော့ဘာမှမလိုဘူးလို့ပြောတယ်။ သူ့ကိုလစဉ်သူ့အဖေက ငွေလွှဲပေးနေကျ" ဟု ကျူးလွန်သူဟုသံသယ ရှိခံသူ ကျောင်းသား၏မိခင်ကပြောပြသည်။

ဖောက်ထွင်းမှုကျူးလွန်သူဟု ယူဆရသော ကျောင်းသားကိုအိမ်မှကျောင်းစရိတ်အဖြစ် ငွေကျပ်ခြောက်သောင်း လစဉ်ထောက်ပံ့ကြောင်း၊ သို့သော် ကျပ်၁၂သိန်းဝန်းကျင်တန်သော ဆိုင်ကယ်ဝယ်စီးလိုသည်ဟု အထက်ပါကျောင်းသားက ထွက်ဆိုကြောင်းကို ဒုရဲအုပ်ညီညီထွန်းကပြောသည်။

"နည်းပညာကျောင်းသားဖြစ်တော့ မဂ္ဂနစ်လည်းကျွမ်းတယ်။ သူငယ်ချင်းတွေနဲ့ အသောက်အစားလည်းရှိတော့ အဲဒီအတွက်လည်းပိုက်ဆံလိုတယ်လို့ သူကပြောတယ်"ဟု အထက်ပါဒုရဲအုပ်ကပြောသည်။

ရိုးမဘဏ်သို့ ဆက်သွယ်မေးမြန်းရာတွင် ပြောပိုင်ခွင့်မရှိသောကြောင့်ရဲစခန်းကိုသာ မေးမြန်းစေလိုကြောင်း ရိုးမဘဏ်လက်ထောက်မန်နေဂျာဒေါ်စန္ဒာကိုကပြောသည်။

ကျူးလွန်သူဟု သံသယရှိနေ သောနည်းပညာကျောင်းသားကို ရိုးမဘဏ်လက်ထောက်မန်နေဂျာဖြစ်သူ ဒေါ်စန္ဒာကိုက အောင်ပန်းရဲစခန်းတွင် (ပ)၂၆/၁၃ပြစ်မှုပုဒ်မ-၃၉၂ ဖြင့် အမှုဖွင့်ထားပြီး ရဲအုပ်အောင်မင်းဦးက စစ်ဆေးလျက်ရှိသည်။

## အဝေးပြေးကားများနှင့် လက်ဖက်ရည်ဆိုင်များတွင် ဗီဒီယိုဇာတ်ကား ပြသခွင့်ရှိ

**အေးသူစံ၊ ထွန်းခိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၇**

မြန်မာဗီဒီယိုဇာတ်ကားများကို အဝေးပြေးယာဉ်များနှင့် လက်ဖက်ရည်ဆိုင်တို့တွင် ပြသခွင့် မပြုရန် မြန်မာနိုင်ငံဗီဒီယိုအခြေခံအဖွဲ့(ဗဟို)၏ ထုတ်ပြန်ချက်မှာ တည်ဆဲရုပ်မြင်သံကြားနှင့် ဗီဒီယိုအက်ဥပဒေနှင့် ကွဲလွဲမှုများ ရှိနေကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးကပြောသည်။



*လက်ဖက်ရည်ဆိုင်တစ်ခုတွင် ရုပ်သံလိုင်းများမှလာသော ဇာတ်လမ်းကြည့်ရှုနေသူများကိုတွေ့ရစဉ်* ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေ (၂၅)(က)(ခ)အရ ဗီဒီယိုဆင်ဆာအဖွဲ့မှ ထုတ်ဝေသော ဆင်ဆာလက်မှတ်ပါရှိလျှင်မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ပြသနိုင်သည်။ ယင်းဆင်ဆာလက်မှတ်မပါရှိပါက ဗီဒီယိုဥပဒေပုဒ်မ ၃၂(ခ) အရ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပြီး အရေးယူခံရနိုင်သည်ဟု ဥပဒေတွင်ပြဌာန်းထားသည်။ မော်တော်ယာဉ်လိုင်းများ၊ လက်ဖက်ရည်ဆိုင်များတွင်ပြသသည့်ဇာတ်ကားများမှာပုဒ်မ ၂၅(က)(ခ)နှင့်ညီညွတ်ရန် သာလိုကြောင်း ဦးပိုက်ထွေးက ပြောသည်။

"အဝေးပြေးကားတွေ၊ လက်ဖက်ရည်ဆိုင်တွေမှာ ပြည်သူလူထုကို ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်အတွက် ငွေကြေးကောက်ခံမှု မပါတဲ့၊ စီးပွားရေးအလို့ငှာ ပြသခြင်းမဟုတ်ဘူးဆိုရင် ပြသနိုင်ပါတယ်။

**စာ(၁၂)သို့**

## လုပ်ငန်းရှင်များ စီမံကိန်းအကြောင်းပြ မြေအတောင်းကြမ်း

### တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းနှင့် ရာဘာစိုက်ပျိုးရန် ဧကကိုးသိန်းတောင်းသော်လည်း ဧကသုံးသိန်းခန့်သာ လက်တွေ့စိုက်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

လုပ်ငန်းရှင်များ စီမံကိန်းကို အပေါ်ယံပြပြီး မြေဧက သိန်းချီ တောင်းယူမှုများကို ကြုံတွေ့နေရကြောင်း သမ္မတရုံးဝန်ကြီးဌာန (၃) ပြည်ထောင်စု ဝန်ကြီးဦးစိုးသိန်းက သတင်းထောက်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ လားရှိုး၊ မူဆယ်မြို့ဝန်းကျင်ရှိ မြေဧက ခြောက်သိန်းကျော်ကို အပင်ခုတ်ပြီး ဘိုင်အိုဒီဇယ်ထုတ်ရန် လုပ်ငန်းရှင်တစ်ဦးက တောင်းထားသည်။

လားရှိုးမြို့ ဝန်းကျင်တွင် ဧကငါးသိန်းကျော်သာ ရှိသည့်အတွက် လက်ရှိလုပ်ငန်းရှင် တောင်းဆိုမှုကို ခွင့်ပြုပါကဒေသတစ်ခုလုံး ကုန်သွားမည်ဖြစ် ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

"လူတစ်ယောက်တည်းကို ဧကခြောက်သိန်းကျော်ပေးရရင် ကျွန်တော် အလုပ်ကထွက်ရုံပဲရှိတယ်"ဟု ဦးစိုးသိန်းက ပြောကြားသည်။

အမှန်တကယ် လုပ်ငန်းလုပ်ကိုင်သူများကို မြေချထားပေးလိုသော်လည်း လုပ်ငန်းကို သတ်မှတ်နှစ်အတွင်း မဖော်ဆောင်ဘဲထားပါက အစိုးရသို့ ပြန်အပ်သင့်ကြောင်းလည်း အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

"ကျွန်တော်တို့ လုပ်တဲ့ အလုပ်တွေထဲမှာ မြေတောင်းတာတွေ ချပေးဖို့က အခက်အခဲဆုံးပဲ" ဟု ဦးစိုးသိန်းက ဆိုသည်။

ထိုကြောင့် စီမံကိန်းပြပြီး စာချုပ်ပါ သတ်မှတ်ကာလအတွင်း အကောင်အထည် မဖော်ဆောင်သည့် မြေဦးထားမှုများကို ကြီးကြပ်ကွပ်ကဲမှုများ ပြုလုပ်မည်ဟုလည်း ဆိုသည်။ ယခင်က တနင်္သာရီတိုင်းတွင် မြေဧကကိုးသိန်းကျော် ဆီအုန်း၊ရာဘာ စသည်တို့စိုက်ပျိုးရန် အစိုးရက ချပေးခဲ့သော်လည်း ဧကသုံးသိန်းနီးပါးသာ အကောင်အထည်ဖော်ပြီး ကျန်မြေဧကများကို နေရာဦးထားသကဲ့သို့ ဖြစ်နေကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

"သူတို့က မစိုက်ဘဲ ဒီတိုင်းထားတော့ ကျွန်တော်တို့က မကောင်းဘူးဖြစ်နေတယ်" ဟု ဦးစိုးသိန်းက ပြောကြားသည်။

ထို့အပြင် အခြေခံလူတန်းစား လယ်ယာမဲ့ အိမ်ထောင်စုများအတွက် နေထိုင်ရန် မြေချပေးရန် စီစဉ်နေသည်ဟု ဆိုသည်။ လယ်ယာမဲ့များကို မိသားစုအလိုက် ဦးစွာစာရင်းကောက်ပြီး သင့်လျော်ရာတွင် လယ်မြေအပိုင် ချထားပေးရန် စီစဉ်ပေးသည်ဟု အထက်ပါ ပုဂ္ဂိုလ်က တွေ့ဆုံပွဲတွင် ပြောကြားသည်။








Apple Production Co.,Ltd. ရန်ကုန်(ရုံး)-01-570112, 09-49316408, 09-91020596. မန္တလေး - 02-5152320, 02-5152321

7 DAY NEWS JOURNAL
Vol.11, No.49 ▪ FEBRUARY 14 , 2013

# ထိုင်းရောက် မြန်မာလုပ်သားများ၏ အိမ်ပြန်ပို့ငွေ တစ်နှစ်ဒေါ်လာ သန်း ၁၀၀၀ ကျော်

**ရဲနောင်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၀**

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းလုပ်သားများသည် မြန်မာနိုင်ငံရှိ မိသားစုများထံသို့ ပြန်ပို့ငွေစုစုပေါင်းမှာ တစ်နှစ်လျှင် ဒေါ်လာသန်းတစ်ထောင်ကျော် ငွေလွှဲပေးပို့ကြကြောင်း ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ် အာရှလေ့လာရေးဌာန သုတေသနစာတမ်းတစ်စောင်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားစုစုပေါင်း၏ ထက်ဝက်ခန့်မှာ တစ်လလျှင် မြန်မာကျပ်ငွေကျပ်တစ်သိန်းခွဲမှ သုံးသိန်းအတွင်း ရရှိကြသည်။ ထို့အပြင် အလုပ်သမားများ၏ ၃၀ ရာခိုင်နှုန်းခန့်မှာ ကျပ်သုံးသိန်းကျော်ရရှိပြီး ၂၀ ရာခိုင်နှုန်းခန့်မှာ ကျပ်တစ်သိန်းခွဲအောက် လုပ်ခလစာရရှိကြသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း နှစ်သန်းကျော်ရှိမည်ဟု ခန့်မှန်းထားပြီး အများစုမှာ တက်ဖို့ဖရားခရိုင်၊ စမူစခွန်ခရိုင်နှင့် ဘန်ကောက်တို့တွင် အများဆုံးနေထိုင်ကြသည်။



*ထိုင်းရောက် မြန်မာငါးဖမ်းအလုပ်သမားအချို့*

ဓာတ်ပုံ-damir.photoshelter.com

သုတေသနစာတမ်း၏ တွက်ချက်မှုမှာ တရားဝင်စာရင်းရှိသော အလုပ်သမားများအပေါ်တွင်သာ စစ်တမ်းကောက်ယူထားခြင်းဖြစ်ပြီး တရားမဝင် အလုပ်သမားအရေအတွက်ပါ တွက်ချက်ပါက နှစ်စဉ်ငွေလွှဲဖြင့် ပေးပို့ငွေပမာဏမှာ ယခုထက် များစွာပို့နိုင်သည်ဟု အာရှလေ့လာရေးဌာနမှ သုတေသနမှူး ပရမ်ဂျိုင်းဝမ်ဆီရိပန်ဆမ်က ပြောကြားထားသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရှိလာသောကြောင့် အချို့သော မြန်မာရွှေ့ပြောင်းလုပ်သားများသည် နောင်လာမည့်လေး၊ငါးနှစ်အတွင်း မိခင်နိုင်ငံသို့ ပြန်၍လုပ်ကိုင်ကြလိမ့်မည်ဟု ထိုင်းနိုင်ငံ သုတေသနဖွံ့ဖြိုးရေးတက္ကသိုလ်မှ အလုပ်သမားရေးရာကျွမ်းကျင်သူ Yongyuth Chalemwong က ထိုင်းသတင်းစာတစ်စောင်အား ပြောကြားခဲ့သည်။

"ထိုင်းစက်ရုံတွေ ရောက်တဲ့အခါ အလုပ်သင်၊ ပညာသင်ရင်းနိုင်ငံခြားငွေရှာသူတွေလို့သဘောထားကြပါ။ တစ်ချိန် မိမိတို့နိုင်ငံမှာ ထူထောင်မည့် စက်မှုဇုန်တွေမှာ ကျွမ်းကျင်သူတွေ၊ ဆရာတွေအဖြစ်နဲ့ လုပ်ဆောင်စေချင်ပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြီးခဲ့သည့်လအတွင်း ထိုင်းနိုင်ငံ မဟာချိုင်ဒေသရှိ မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

**စာ(၁၂)သို့**

# ထိုင်းရောက် မြန်မာလုပ်သားများ မှတ်ပုံတင်ရေး အရှိန်မြှင့် ဆောင်ရွက်ရန် မြန်မာဝန်ကြီးတိုက်တွန်း

**ဘန်ကောက်၊**

**ဖေဖော်ဝါရီ-၁၀**

နောက်ဆုံးမှတ်ပုံတင်ရန် သတ်မှတ်ထားသည့် ရက်နီးကပ်လာသည်နှင့်အမျှ ထိုင်းနိုင်ငံတွင်ရှိနေသော မြန်မာလုပ်သား တစ်သန်းကျော်နှင့် ၎င်းတို့မှ မွေးဖွားသော ကလေးငယ်နှစ်သိန်းခန့်ကို နိုင်ငံသားဖြစ်မှုစစ်ဆေးမှတ်ပုံတင်ခြင်းကိစ္စ အရှိန်မြှင့်ဆောင်ရွက်သွားရန် မြန်မာအစိုးရက ထိုင်းနိုင်ငံအား တိုက်တွန်းလိုက်သည်။

မြန်မာနိုင်ငံ အလုပ်သမား အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးမြင့်သိန်းသည်လည်း ထိုင်းနိုင်ငံသို့ဖေဖော်ဝါရီ ၁၀ ရက်ကရောက်ရှိလာပြီး ရွှေ့ပြောင်းလုပ်သားများအား ထိုင်းအစိုးရက မှတ်ပုံတင်ပြုလုပ်ပေးနေမှု လုပ်ငန်းစဉ်ကို ကြည့်ရှုခဲ့သည်။ ထိုင်းနှင့် မြန်မာအာဏာပိုင်များသည် လုပ်သားများ၏ နိုင်ငံသားဖြစ်မှုကို စစ်ဆေးအတည်ပြုသည့် အထောက်အထားများ ထုတ်ပေးရန် ပူးပေါင်းလုပ်ဆောင်နေပြီး မှတ်ပုံတင် နောက်ဆုံးရက်ကို မတ်လလယ်ပိုင်းအထိ သတ်မှတ်ထားသည်။ မူလက ထုတ်ပေးထားသည့် ရွှေ့ပြောင်းလုပ်သားများအတွက် နိုင်ငံသားဖြစ်မှုစစ်ဆေးပေးမည့် နောက်ဆုံးရက်မှာ ၂၀၁၂ နှစ်ကုန်ဖြစ်သော်လည်း ထိုင်းအစိုးရက ယခုနှစ်မတ်လအထိ ထပ်မံရွှေ့ဆိုင်းပေးခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် ယခုအချိန်ထိ မြန်မာရွှေ့ပြောင်းလုပ်သား ၁ ဒသမ ၂ သန်းခန့်ကို မှတ်ပုံတင်ပေးထားပြီး နောက်ထပ်တစ်သန်းခန့်မှာ မှတ်ပုံတင်ရန်ကျန်နေသေးကြောင်း ဝန်ကြီးဦးမြင့်သိန်းက ခန့်မှန်းသည်။ ထိုင်းနိုင်ငံရှိ မြန်မာလုပ်သားများမှ မွေးဖွားသော ကလေးငယ်ဦးရေမှာ နှစ်သိန်းခန့်ရှိပြီး ယင်းမှ ထက်ဝက်ခန့်မှာ ကျောင်းနေအရွယ် အသက်ငါးနှစ်အောက် ကလေးများဖြစ်ကြောင်း သတင်းရရှိသည်။

**ကိုးကား-The Nation**



7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

# အခြားပါတီ ကိုယ်စားလှယ်တစ်ဦးအား ဒုဝန်ကြီး ခန့်အပ်ခြင်းမှာ ထူးခြား

**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၇**

အာဏာရပါတီ မဟုတ်သော အခြားပါတီတစ်ခုမှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဒုတိယဝန်ကြီး ရာထူးခန့်အပ်ခြင်းမှာ ထူးခြားမှု တစ်ခုဖြစ်ကြောင်း နိုင်ငံရေးသမားများက သုံးသပ်သည်။

နိုင်ငံတော် သမ္မတရုံးမှ ယခုလ ၅ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဒုတိယဝန်ကြီးများ ခန့်အပ်သည့် စာရင်းတွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ တင်ရွှေအား ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

“ဒီလိုခန့်အပ်မှုဟာ ထူးခြားပါတယ်။ နည်းနည်း ထူးဆန်းတယ်။ သမ္မတကြီးနဲ့ အစိုးရအဖွဲ့ဝင်တွေက ကြံ့ခိုင်ဖွံ့ဖြိုးရေးက လူတွေပဲလေ။ ကြံ့ခိုင်ရေးမှာလဲ တော်တဲ့သူတွေ အများကြီး ရှိမှာပါ။ အဲဒါကို တခြားပါတီဝင်တစ်ဦးကို ခန့်တယ်ဆိုတာ ကျွန်တော်ကတော့ ကြိုဆိုပါတယ်” ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောသည်။

ယခုဖြစ်စဉ်ကို မိမိအနေဖြင့် ကြိုဆိုပြီး အတိုက်အခံ အင်အားစုများ နေရာပေးခြင်းကို ထူးခြားမှု တစ်ခုအဖြစ် ရှုမြင်ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက ပြောသည်။

“ဒါကို အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်လို့ ဆိုတာထက် အရင်က မလုပ်ခဲ့တဲ့ အလုပ်တစ်ခုကို စလုပ်တယ် လို့ပဲ မြင်ပါတယ်”ဟု ၎င်းကဆိုသည်။

မိမိတို့ပါတီမှ ဒုတိယဝန်ကြီး တစ်ဦး အရွေးချယ်ခံရသဖြင့် ပါတီအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပြီး ပါတီအနေဖြင့် ပြည်သူများအတွက် အကျိုးရှိသော လုပ်ငန်းများကို ဆောင်ရွက်နေသည့်အတွက် အသိအမှတ်ပြုခံရသည်ဟုလည်း ထင်မြင်ပါကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြောသည်။

“ဒီအချိန်မှာ ကျွန်တော်တို့က ပါတီစုံစနစ်ကို သွားနေတာလေ။ တစ်ပါတီစနစ်ကို မသွားချင်လို့ ဒီလိုလုပ်တာလို့လည်း ထင်ပါတယ်။ အခုလို ဖြစ်စဉ်ကြောင့် တခြားပါတီတွေလည်း အုပ်ချုပ်ရေးဘက်မှာပါဝင်လာနိုင်တယ်ဆိုတာ ပြတာပါပဲ” ဟု ဦးခင်မောင်ဆွေက သုံးသပ်သည်။

ဦးခင်မောင်ဆွေက အထက်ပါအတိုင်း ဖြေကြားခဲ့သော်လည်း နိုင်ငံတကာ သတင်းအေဂျင်စီတစ်ခုဖြစ်သော AFP သို့ဖြေကြားစဉ် ယခုကဲ့သို့ ခန့်ထားခြင်းအား ပါတီနှင့် ကြိုတင်ညှိနှိုင်းထားခြင်း မရှိ၍ မသိကြောင်းနှင့် မိမိတို့ပါတီဝင်တစ်ဦး ဝန်ကြီးဖြစ်သွားသော်လည်း ပြည်သူအတွက် အကျိုးမဖြစ်ထွန်းသည့် ကိစ္စရပ်များတွင် အစိုးရအား အတိုက်အခံဆက်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိ အစိုးရအဖွဲ့အတွင်းရှိ နိုင်ငံတော်သမ္မတ အပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး ရာထူးများတွင် အာဏာရပါတီဖြစ်သည့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင်များ၊ သက်ဆိုင်ရာ ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများကိုသာ ခန့်ထားလေ့ရှိပြီး အာဏာရပါတီ မဟုတ်သည့် အခြားပါတီဝင် တစ်ဦးအား ခန့်ထားခြင်းသည် ပထမဆုံးအကြိမ် ဖြစ်သည်။



# ပြည်တာဝါကို ကြယ်ငါးပွင့်အဆင့် နိုဗိုတယ်ဟိုတယ် (ရန်ကုန်)အဖြစ် ဖွင့်လှစ်မည်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၇**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနီးရှိပြည်တာဝါကိုအခန်းပေါင်း ၃၀၀ ကျော်ပါဝင်မည့်ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တစ်လုံးအဖြစ် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမတိုင်မီ အပြီးတည်ဆောက်သွားရန် စီစဉ်နေသည်ဟု မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ အမှုဆောင်ဒါရိုက်တာ ဦးတင်မောင်ကပြောသည်။

အဆိုပါဟိုတယ်အား ကမ္ဘာကျော် ပြင်သစ်ဟိုတယ်လုပ်ငန်းအစုအဖွဲ့က Novotel Hotel (Yangon)ဟု အမည်ပေးထားပြီး ဟိုတယ်၏ Operation Management များအတွက် ပြင်သစ်နိုင်ငံအခြေစိုက် ACCOR Hospitality မှ တာဝန်ယူသွားမည်ဟု သတင်းရရှိသည်။

အဆောက်အအုံ ဒီဇိုင်းကို စင်ကာပူနိုင်ငံရှိ IIDA (International Design)မှ တာဝန်ယူရေးဆွဲပြီး မက်စ်မြန်မာမှ ပြည်တွင်း၊ ပြည်ပ အင်ဂျင်နီယာများ ကိုယ်တိုင်တည်ဆောက်လျက်ရှိသည်။ ဟိုတယ်အတွင်းပိုင်း အပြင်အဆင်အား ဗီယက်နမ်နိုင်ငံအခြေစိုက် AA Coporation မှတာဝန်ယူ၍ တည်ဆောက်ပေးလျက်ရှိကြောင်း မက်စ်မြန်မာ အင်တာနက် စာမျက်နှာတွင် ဖော်ပြထားသည်။

၁၄ထပ်ရှိသောတာဝါ(A)အဆောက်အအုံတွင် အခန်းပေါင်း ၁၅၉ ခန်းနှင့် ၁၆ ထပ်ရှိ တာဝါ(B)တွင် အခန်းပေါင်း ၂၀၇ ခန်း စုစုပေါင်း ဟိုတယ်အိပ်ခန်း ၃၆၆ ခန်း အပါအဝင် Presidential Suite တစ်ခန်း၊ Penthouse တစ်ခန်း၊ General Ball Room တစ်ခု၊ Meeting Room တစ်ခု၊ Conference Room များ၊ ကော်ဖီဘား၊ ဝိုင်ဘားနှင့် ပြင်သစ်စားသောက်ဆိုင်တစ်ခု၊ ရေကူးကန်၊ Fitness and Spa၊ Tennis Court တို့ပါဝင်မည်ဖြစ်သည်။

မက်စ်မြန်မာကုမ္ပဏီသည် လက်ရှိတွင် ချောင်းသာ၊ နေပြည်တော်နှင့် အင်းလေးဒေသတို့၌ ဟိုတယ်များ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။

# ဧရာဝတီလင်းပိုင်ကောင်ရေစာရင်း ဖေဖော်ဝါရီလကုန် ကောက်ယူမည်

**အောင်သစ်လွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

ဧရာဝတီလင်းပိုင် စာရင်းကောက်ယူခြင်းလုပ်ငန်းအား ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)တို့ ပူးတွဲ၍ ယခုလကုန်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဧရာဝတီလင်းပိုင်များ အဓိက နေထိုင်ကျက်စားရာ မန္တလေးမြို့နှင့် ဗန်းမော်မြို့နှစ်မြို့ကြား ဧရာဝတီမြစ်တစ်လျှောက် နှစ်စဉ် လင်းပိုင်ကောင်ရေ စာရင်းကောက်ယူခဲ့သော်လည်း ပြီးခဲ့သည့်နှစ်က နယ်မြေမတည်ငြိမ်မှုကြောင့် လင်းပိုင်ကောင်ရေ နှစ်ဆယ်ခန့် နေထိုင်ကျက်စားရာ ဒုတိယမြစ်ကျဉ်းနှင့် ဗန်းမော်မြို့ကြား သွားရောက်နိုင်ခဲ့ခြင်း မရှိကြောင်း သတင်းရရှိသည်။

လင်းပိုင်ထိန်းသိမ်းရေး တာဝန်ခံ ဦးဟန်ဝင်းက “ဧရာဝတီလင်းပိုင်က လူတွေနဲ့ အရမ်းနီးစပ်တဲ့ ရေနေ နို့တိုက်သတ္တဝါပါ။ ဒီနှစ်တော့ ခက်ခဲတဲ့ နေရာတွေအထိသွားပြီး စာရင်းအတိအကျရအောင် ကောက်ယူသွားမှာပါ”ဟု ဆိုသည်။

ဧရာဝတီလင်းပိုင် စာရင်းကောက်ယူခြင်းကို ၂၀၀၅ ခုနှစ်တွင် စတင်ခဲ့ပြီး ယင်းတို့ အဓိက နေထိုင်ကျက်စားရာ ဧရာဝတီမြစ်အထက်ပိုင်း မင်းကွန်းမှ ဗန်းမော်မြို့အကြား ကီလိုမီတာ ၄၄၀ ခန့်ကို အပိုင်းခြောက်ပိုင်းခွဲ၍ ဗန်းမော်မြို့အထက် မြစေတီရွာမှ ဒုတိယမြစ်ကျဉ်းအစ စင်ခန်းအထိ အပိုင်း(၁)၊ စင်ခန်းနှင့် ရွှေကူအကြား (ဒုတိယမြစ်ကျဉ်း) အပိုင်း(၂)၊ ရွှေကူမှ တကောင်းအထိ အပိုင်း(၃)၊ တကောင်းမှ မလယ်အထိ အပိုင်း(၄)၊ မလယ်မှ ကျောက်မြောင်းအထိ အပိုင်း(၅)၊ ကျောက်မြောင်းမှ မင်းကွန်းအထိ အပိုင်း(၆)ဟု ပိုင်းခြား၍ စာရင်းကောက်ယူခဲ့သည်။



ထို့အပြင် ကျောက်မြောင်းနှင့် မင်းကွန်းကြား ဧရာဝတီမြစ်တစ်လျှောက် ၇၄ ကီလိုမီတာအကွာအဝေးကို ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေအဖြစ် ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် ဧရာဝတီလင်းပိုင်ကောင်ရေခုနစ်ဆယ်ဝန်းကျင်ရှိပြီး မင်းကွန်းနှင့် ကျောက်မြောင်းကြားတွင်ရှိသော အကောင်ရေ နှစ်ဆယ်ခန့်မှာ ဒေသခံရေလုပ်သားများနှင့် ပူးပေါင်း၍ ငါးဖမ်းသော အလေ့အထရှိပြီး ယင်းအချက်မှာ ကမ္ဘာလှည့်ခရီးသွားများအားများစွာ ဆွဲဆောင်နိုင်ကြောင်း သိရသည်။

# လူကုန်ကူးပညာပေးရေးတွင် ဇာတ်သဘင်အဖွဲ့များ ပူးပေါင်းပါဝင်ကူညီမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၈**

မြန်မာ့ဇာတ်သဘင်အဖွဲ့အစည်းများ၏ နယ်လှည့်ဖျော်ဖြေရေးပွဲများတွင် လူကုန်ကူးမှုနှင့်ပတ်သက်၍ ပညာပေးအစီအစဉ်များ စတင်ထည့်သွင်း တင်ဆက်သွားမည်ဖြစ်ကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှ ဒုတိယရဲမှူးကြီးညွှန့်လှိုင်က ပြောသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက်တွင် မန္တလေးမြို့ရှိမြန်မာ့ ဇာတ်သဘင်အဖွဲ့ ၄၀ တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး လူကုန်ကူးမှုနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ဟာသပြက်လုံးများ ပါဝင်သည့်ဇာတ်လမ်းများ ဖန်တီးသွားမည်ဖြစ်သည်။ လက်ရှိလူကုန်ကူးခံရသူများသည် နယ်စပ်ဒေသ၊ ကျေးလက်တောရွာများတွင် နေထိုင်သူများ အများဆုံးဖြစ်သည်။

“မြန်မာနိုင်ငံမှ လူကုန်ကူးခံရသူတွေက ကျေးလက်မှာနေတဲ့သူ အများစုပါဝင်တယ်။ စတိတ်ရှိုးထက်စာရင် အောက်ခြေ လူတန်းစားထိ ပညာပေးသိဖို့ဆိုတာက ဇာတ်သဘင်ရဲ့ အကူအညီပါမှ ရမယ်”ဟု ဒုရဲမှူးကြီးညွှန့်လှိုင်ကပြောသည်။

လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂစီမံချက် (UNIAP)မှ စီမံချက်ညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာအိအိချောက “ပညာပေးအနေနဲ့ဆိုရင် နားထောင်ချင်ကြမှာ မဟုတ်ဘူးလေ။ NGO အဖွဲ့အစည်းတွေ ပြောပြော၊ ရဲတွေကပြောပြော၊ တီဗီထဲမှာ ဘယ်လောက်ပြောပြော နားထောင်ချင်တဲ့သူ နည်းတယ်လေ။ ဇာတ်အဖွဲ့တွေကျတော့ တောနယ်တွေကလည်း သူတို့ကို လက်ခံကြတယ်။ နောက်ပြီး ကိုယ်တွေအဖွဲ့အစည်းတွေ မရောက်နိုင်တဲ့နေရာတွေကို သူတို့က ရောက်ကြတော့ လူတွေရဲ့ရင်ထဲ၊ ဦးနှောက်ထဲကို ထိထိမိမိ ရောက်သွားလိမ့်မယ်လို့ထင်တယ်” ဟုဆိုသည်။ ၂၀၁၂ ခုနှစ်အတွင်း လူကုန်ကူးခံရမှုပေါင်း ၁၂၀ ခုဖြစ်ပွားခဲ့ပြီး ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့ကျခဲ့သော်လည်း သိသိသာသာ လျော့ကျသွားခြင်း မရှိသေးပေ။ ထို့အပြင် ၁၉၉၂ မှစ၍ ၂၀၁၂ ထိ ဆယ်စုနှစ်အတွင်း နိုင်ငံအလိုက် လူကုန်ကူးခံရသူ လွှဲပြောင်းလက်ခံရရှိသူဦးရေ စုစုပေါင်း ၁၈၀၆ ဦးရှိသည့်အနက် တရုတ်နိုင်ငံမှ ၉၈၇ ဦး၊ ထိုင်းနိုင်ငံမှ ၆၆၈ ဦး၊ မလေးရှားနိုင်ငံမှ ၆၁ ဦး ပါဝင်သည်။

“ဒီလူကုန်ကူးမှုမှာ လျော့ကျသွားလားဆိုတာတော့ ဘယ်နိုင်ငံမှ ပြောလို့မရဘူး။ ပညာရှင်အနေနဲ့ သုံးသပ်ရင်တော့ မြန်မာနိုင်ငံမှာ လူကုန်ကူးခံရမှုဖြစ်စဉ်တွေက ကျန်တဲ့နှစ်တွေနဲ့ ပုံမှန်အတိုင်းလောက်ပဲ။ ၂၀၁၁ တုန်းက ၁၃၆ မှု၊ ၂၀၁၂ မှာကျတော့ ၁၂၀ မှု၊ အမှုအရေအတွက်ကို ကြည့်ရင်တော့ ပျမ်းမျှအားဖြင့် ၁၀၀ အထက်မှာတော့ဖြစ်နေတာပေါ့”ဟု ဒေါ်ဥမ္မာအိအိချောက ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

## ၂၀၁၃ ဖေဖော်ဝါရီ ၁၃ မှ ၁၉ ရက်ထိ မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်မှာ မုန်တိုင်းဖြစ်နိုင်ချေမရှိသေးပါ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်သာ ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေ ခန့်ရှိနိုင်ပါတယ်။ မြစ်ဝကျွန်းပေါ်၊ ကမ်းရိုးတန်းနဲ့ ကမ်းလွန်ဒေသများတွင် လှိုင်းအသင့်အတင့် ရှိနိုင်ပြီး လှိုင်းအမြင့် ၂ ပေမှ ၃ ပေ ခန့်ရှိနိုင်ပါတယ်။

**ညအပူချိန်များ အခြေအနေ**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများဆီသို့ အရှေ့မြောက် လေအေးများ တိုးဝင်မှုများစွာ လျော့နည်းသွားနိုင်ပြီး၊ တစ်ပြည်လုံးတွင် အအေးပေ့ါနိုင်ပါတယ်။ ညအပူချိန်များ အနေနဲ့ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တို့တွင် ၉-၁၀ C၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကယားပြည်နယ်၊ နေပြည်တော်တိုင်း၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်၊ ၁၁-၁၅˚C ကရင်ပြည်နယ်နဲ့ ရန်ကုန်တိုင်းတို့မှာ ၁၆-၁၉ ˚C နဲ့ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ ၂၀˚C ခန့် ရှိနိုင်ပါတယ်။ uv indexတန်ဖိုးများများ နေ့ ၁၁ နာရီမှ ၁ နာရီအတွင်း အောက်မြန်မာပြည်ဒေသများနဲ့ မြန်မာနိုင်ငံအနောက်မြောက်ပိုင်း ဒေသများတွင် ၉-၁၀ အထိ မြင့်တက်နိုင်။

**မြူအခြေအနေ**

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့မှာ နံနက်ပိုင်း အချိန်ခါများမှာ မြူများ ဆက်လက် ကျဆင်းနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

တစ်ပြည်လုံးတွင် နေ့အပူချိန်များ ဖြစ်မြဲထက် ပိုမိုမြင့်တက်နေနိုင်။ အထူးသဖြင့် ကချင်ပြည်နယ်။ စစ်ကိုင်းတိုင်းနဲ့ ချင်းပြည်နယ်တို့မှာ ဖြစ်မြဲနဲ့ဖြစ်မြဲအောက် အနည်းငယ်လျော့နိုင်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနဲ့ ရခိုင်ပြည်နယ်တို့တွင် ဖြစ်မြဲခန့်ရှိနိုင်ပြီး၊ ကျန်တစ်ပြည်လုံးတွင် နေ့အပူရှိန်များ သိသိသာသာ မြင့်တက်နိုင်။ အထူးသဖြင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် သိသိသာသာမြင့်တက်နိုင်။

**မိုးတိမ်တောင်ဖြစ်ထွန်းနိုင်မှုအခြေအနေ။**

ကချင်ပြည်နယ်မြောက်ပိုင်းတွင် မိုးတိမ်တောင် အနည်းငယ် ဖြစ်ထွန်းနိုင်သည်မှအပ တစ်ပြည်လုံးတွင် မိုးတိမ်တောင်ဖြစ်ရန် အလားအလာ မရှိနိုင်ပါ။

**၂၄ နာရီအတွင်း မိုးရွာသွန်းမှု မိုးရေချိန်အခြေအနေ**

စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ကချင်ပြည်နယ် မြောက်ပိုင်းနဲ့ တနင်္သာရီတိုင်း တောင်ပိုင်းတို့မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ၂၄ နာရီအတွင်း မိုးရေချိန် ၁-၅ မီလီမီတာခန့် ၁ ရက်မှ ၂ ရက်ခန့် ရွာသွန်းနိုင်။ ရွာရန် ၄၀ ရှိ။ ကျန် တစ်ပြည်လုံးတွင် သာယာပါ့မယ်။

**ဒေါက်တာထွန်းလွင်**

# စာချဆရာတော်များ သမဂ္ဂ မန္တလေးတွင် ဖွဲ့စည်း

**ညီညီဇော်**

**မန္တလေး၊ ဖေဖော်ဝါရီ-၇**

မန္တလေးမြို့တွင် သံဃာတော်များ၏ စာမေးပွဲဆိုင်ရာ ကိစ္စရပ်များကို အထောက်အကူပြုရန်အတွက် မန္တလေးတိုင်းဒေသကြီး စာချဆရာတော်များ သမဂ္ဂအဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီ ၅ ရက်က မန္တလေးမြို့ မစိုးရိမ်တိုက် ဟောင်းတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ စာချဆရာတော်များ တွေ့ဆုံကာ ဖွဲ့စည်းလိုက်ခြင်း ဖြစ်သည်။

သံဃာစာမေးပွဲကြီးကြပ်ရေး အဖွဲ့ဝင်အဖြစ် နှစ်ပေါင်းများစွာ တာဝန်ယူဖူးပြီး ယခုလက်ရှိအချိန်တွင် သံဃာ့စာမေးပွဲကြီးကြပ်ရေး အကြီးတန်းဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသူ ချမ်းမြသာစည်မြို့နယ် မြို့နယ်သံဃာ့နာယကအဖွဲ့ဝင် ဆရာတော်တစ်ပါးက "၈၈ အရေးအခင်းနောက်ပိုင်းမှာသံဃာတွေဆူမှာပူမှာကြောက်တော့ အာဏာပိုင်တွေက ကြီးကြပ်ရေးတွေ လျှော့ပေးဖို့ အာဏာပိုင် အဖွဲ့အစည်းကနေပြီး အသိပေး လျှောက်ထားတာလေးတွေ ကြုံတွေ့နေရပါတယ်။ အဲဒါ နှစ်ပေါင်း တော်တော်ကြာပါပြီ။ အောင်တဲ့ သူတွေကတော့ များလာတယ်။ အရည်အချင်းကတော့ ပါမလာပါဘူး" ဟု စာချဆရာတော်များအစည်းအဝေးတွင် မိန့်ကြားခဲ့သည်။

ယခုလက်ရှိသံဃာ့စာမေးပွဲများကို နိုင်နင်းမှု မရှိသေးဘဲ သံဃာ့စာမေးပွဲများကို တိုင်း သံဃာ့ဝန်ဆောင်မှုအဖွဲ့က ကြီးကြပ်နေကြောင်း၊ ၎င်းအဖွဲ့နောက်တွင် ယခုသမဂ္ဂအဖွဲ့မှ ကူညီပံ့ပိုးကာ သန့်ရှင်းအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆရာတော်က ဆက်လက်မိန့်ကြားသည်။ ပြင်ပအာရုံများပြားလာခြင်းသည်လည်း စာသင်ကြားခြင်းကို ပျက်ပြားစေသောကြောင့် ကျောင်းတိုက်များ ဝန်းကျင်တွင်သံဃာများ၏ အာရုံကို ထွေပြားစေသော လုပ်ငန်းများ လုပ်ကိုင်နေခြင်းကိုလည်း ကြပ်မတ်သင့်ကြောင်းစာချဆရာတော်များက အစည်းအဝေးတွင် အကြံပြုမိန့်ကြားသည်။

# ရန်ကင်းဈေးဖျက်၍ လူနေတိုက်ခန်းပါသော အဆင့်မြင့်ဈေးဆောက်ရန် ဈေးသူ၊ ဈေးသားအများစု လက်မခံ

**ရန်မျိုးနိုင်၊ အောင်ခိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

စည်ပင်သာယာဌာနနှင့် ပုဂ္ဂလိက ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုက ရန်ကင်း မြို့မဈေးကြီးအား ဖျက်သိမ်း၍ လူနေအိမ် တိုက်ခန်းအပါအဝင် အဆင့်မြင့် ဈေးအသစ်တည်ဆောက်မည့် ကိစ္စကို လုံးဝလက်မခံနိုင်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးဖုန်းမြင့်အောင်က ပြောသည်။

"ကျွန်တော်လွှတ်တော် သက်တမ်းတည်ရှိနေသ၍ ၂၀၁၅ ထိအောင် ရန်ကင်းမြို့ ဈေးကို အထပ်မြင့်ကွန်ဒိုမီနီယမ်ဆောက်ဖို့လုံးဝလက်မခံဘူး"ဟု၎င်းက ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိရန်ကင်းမြို့မဈေးကြီးအား လူနေအိမ်တိုက်ခန်း အပါအဝင် အဆင့်မြင့်ဈေးအသစ် တည်ဆောက်ရန်အတွက် ဈေးသူ၊ ဈေးသားများကြား သဘောထားကွဲလွဲမှုများရှိနေသောကြောင့် ဆန္ဒသဘောထား ကောက်ယူခြင်းပြုလုပ်ခဲ့ရာဈေးအသစ်တည်ဆောက်ရန် သဘောမတူသူများဘက်မှ မဲအနိုင်ရရှိခဲ့သည်။

"ဘာကြောင့် ဈေးအသစ်မဆောက်ချင်ရတာလည်းဆိုတော့ ရန်ကုန်မြို့တော် စည်ပင်ဌာနကလုပ်ခဲ့တဲ့ဈေးအချို့ကြောင့် ဈေးသူ ဈေးသားတွေ ဒုက္ခရောက်နေရတယ်" ဟု ရန်ကင်းမြို့မဈေးတွင်းဆိုင်ခန်း ဖွင့်လှစ်ထားသူ ကိုကျော်ဇင်သိန်းက ပြောသည်။



*ရန်ကင်းဈေးကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်*

ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

> မီးဘေးဆိုတာကလည်း စိုးရိမ်နေကြတယ်။ ကောလာဟာလတွေကတော့ ဘယ်နေ့လောင်မယ်။ ဘယ်နေ့ ရှို့မလဲဆိုတာကိုပဲ လူတွေက အလိုလိုလန့်နေကြတယ်

အဆင့်မြင့်ဈေးတည်ဆောက်မည့်ပုံစံကို ဈေးသူ ဈေးသားများအား ချပြရန် စီစဉ်ထားသော်လည်း အများစုသဘောမတူပါက ဆောင်ရွက်သွားမည်မဟုတ်ကြောင်း ရန်ကင်းမြို့မဈေးကို အဆင့်မြင့် တည်ဆောက်မည့် Crown Roofing ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဟင်းက 7Day News အားပြောသည်။

"ကျွန်တော်က ဈေးတာဝန်ခံဆိုတော့အောက်ခြေဝန်ထမ်းပါ။ ညွှန်ကြားချက်ရှိလာရင်တော့ညွှန်ကြားချက်အတိုင်း လုပ်ရမှာပါ"ဟု ရန်ကင်းမြို့မဈေး တာဝန်ခံဦးမျိုးသန်းကပြောသည်။

၁၉၈၇ ခုနှစ်တွင် ရန်ကင်းမြို့မဈေးကို စတင်ဖွင့်လှစ်ခဲ့ရာ ၁ ဒသမ ၃၈၉ ဧက ကျယ်ဝန်းပြီး ဈေးဆိုင်ခန်းပေါင်း ၇၆၀ ခန်းရှိသော ဈေးကြီးဖြစ်သည်။

"ဆိုင်ခန်းကိုရောင်းချချင်တဲ့ သူတွေရှိတယ်။ သူတို့က ဈေးတက်အောင် လုပ်ချင်ကြတာ၊ အဲဒီတော့ မီးဘေးဆိုတာကလည်း စိုးရိမ်နေကြတယ်။ ကောလာဟာလတွေကတော့ ဘယ်နေ့လောင်မယ်။ ဘယ်နေ့ ရှို့မလဲဆိုတာကိုပဲ လူတွေက အလိုလိုလန့်နေကြတယ်"ဟု ဈေးဆိုင်ခန်း ဖွင့်လှစ်ထားသူတစ်ဦးက ပြောသည်။

# တရားမဝင် တည်ဆောက်သော ကန်ထရိုက်တိုက်များ တရားစွဲဆိုမှု ကြန့်ကြာနေ

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

တရားဝင် ခွင့်ပြုမိန့် မရရှိခြင်းကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တရားစွဲဆိုထားသည့် ရာနှင့်ချီသော ကန်ထရိုက်တိုက်များတွင် အချို့သော အမှုသည်များ တရားရုံးသို့ လာရောက်ဖြေရှင်းမှုမရှိသောကြောင့် ကြန့်ကြာနေပြီး ဒဏ်ကြေးပေးဆောင်ရန်လည်း အများအပြားကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

"ကန်ထရိုက်လည်း မလာဘူး။ မြေရှင်လည်း မလာဘူး။ တရားရုံးမှာ တရားခံတွေ မပါဘဲ အမှုစစ်နေရတယ်"ဟု စည်ပင်တရားရုံးတစ်ခုမှ တရားသူကြီးက ပြောသည်။

အမှုလာရောက် မဖြေရှင်းသည့် ကန်ထရိုက်နှင့် မြေရှင်များကို တရားရုံးမှ ဖမ်းဝရမ်းထုတ်ပေးသော်လည်း မြို့နယ်ရဲစခန်းများက ဆောင်ရွက်ပေးမှု အားနည်းနေကြောင်း အထက်ပါ တရားသူကြီးက ပြောသည်။

ထိုကန်ထရိုက်နှင့် မြေရှင်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သုံးကြိမ်သတိပေးလျက် ထုတ်ပြန်ပြီး လာရောက်ဖြေရှင်းခြင်း မရှိပါက အမှုအဖြစ် စွဲချက်တင်ကာ တရားရုံးမှ သမ္မန်စာထုတ်ပေးရာ သုံးကြိမ်မြောက် မလာပါက အဆိုပါတရားရုံးမှ ဖမ်းဝရမ်းထုတ် အမှုရင်ဆိုင်ရမည်ဖြစ်သည်။ ယင်းကော်မတီမှ ကန်ထရိုက်နှင့် မြေရှင်နှစ်ဦး သဘောတူချုပ်ဆိုထားသည့် စာချုပ်စာတမ်း အခိုင်အမာ တင်ပြပါက နှစ်ဦးစလုံးကိုတရားစွဲဆိုခြင်းဖြစ်ပြီး အခိုင်အမာ မရှိပါက မြေရှင်ကိုသာ တရားစွဲဆိုရခြင်းဖြစ်သည်။

"ကန်ထရိုက်တွေက လူလည်လုပ်ပြီးတော့ စာချုပ်ကို မြေရှင်လက်ထဲကို မပေးဘူး။ မပေးဘဲနဲ့ တရားစွဲခံတော့လည်း သူတို့က တရားစွဲခံတယ်။ ဒဏ်ဆောင်တော့လည်းကန်ထရိုက်ကဆောင်တယ်။ ပြီးရင် ပါမစ်ရအောင် မလုပ်ဘဲနဲ့ အခန်းတွေကိုလက်ညှိုးထိုးရောင်းပြီးတာနဲ့ပြေးသွားရော။နောက်ဆုံးကျတော့ အိမ်ရှင်နဲ့အမှုနဲ့ကျန်နေတာ"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အရာရှိတစ်ဦးက ပြောသည်။

ဒဏ်ကြေးပေးဆောင်ရာတွင်လည်း တစ်ရက်လျှင် ကျပ်တစ်သောင်းဖြစ်ခြင်းကြောင့် မဆောင်နိုင်သည့် အမှုသည်များပြားနေသည်ဟု စည်ပင်တရားရုံးများမှ သတင်းရရှိသည်။

"တစ်နေ့ တစ်သောင်းကို ၄၄၃ ရက်စပေးရမှာ။ မဆောင်ရသေးဘူး" ဟု အမှုရင်ဆိုင်နေရသည့် မြေရှင်ဦးမောင်မောင်က ပြောသည်။

တရားစွဲဆိုထားသည့် အမှုတစ်ရာကျော်တွင် ဒဏ်ကြေး မဆောင်ရသေးသည့် ကန်ထရိုက်တိုက် ၆၀ ကျော်ရှိပြီး စာ(၁၂)သို့

# Life

7 DAY NEWS JOURNAL

Vol.11, No.49 • FEBRUARY 14 , 2013




လမ်းမများထက်က

**ယာဉ်ထိန်းရဲမေများ**

ဆောင်းပါး-စာ(၁၀)သို့



ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

ရုံးဆင်းချိန်သူနာပြုအချို့ကို တွေ့ရစဉ်

# မျှော်တလင့်လင့်

သီဟ

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက ၂၀၁၂-၁၃ ဘတ်ဂျက်နှစ်တွင် အစိုးရဝန်ထမ်းများ၏လစာအား မဖြစ်မနေ တိုးမြှင့်ပေးရန် စတုတ္ထအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။**

သူရဦးရွှေမန်း တင်သွင်းစဉ်ကလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကိုယ်တိုင်တင်သွင်းသည့် အဆိုဖြစ်သဖြင့် ဝန်ထမ်းအများစုမှာ ၂၀၁၀ပြည့်နှစ်နောက်ပိုင်းမှစ၍ တိုးမြှင့်ခြင်း မရှိတော့သည့် ယင်းတို့၏ လစာအပေါ် မျှော်လင့်ချက်ရောင်ခြည်များ သန်းလာခဲ့ကြရသည်။

သို့သော် ၂၀၁၂ ခုနှစ် မတ်လ ၂ ရက်က ပြောကြားခဲ့သည့် နိုင်ငံတော်သမ္မတ၏ တာဝန်ထမ်းဆောင်ခြင်း တစ်နှစ်ပြည့် မိန့်ခွန်းတွင် ဝန်ထမ်းများအား လောလောဆယ်တွင် လစများတိုးမြှင့်ပေးရန် မဖြစ်နိုင်သေးကြောင်း ပါရှိခဲ့သဖြင့် နိုင်ငံဝန်ထမ်းများ၏ မျှော်လင့်ချက်များ ပျက်သုဉ်းခဲ့ရသည်။

နိုင်ငံတော်မှပေးသည့် အပိုထောက်ပံ့ကြေးကျပ်သုံးသောင်းနှင့်ပင်ဝန်ထမ်းများကျေနပ်ခဲ့ရသည်။ ထိုစဉ်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကတော့ လာမည့် ဘတ် ဂျက်နှစ်တွင် နိုင်ငံဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးနိုင်ရန် စီစဉ်ပေးမည်ဟုပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့၍ ဝန်ထမ်းများ၏ မျှော်လင့်ချက်များသည် ၂၀၁၃-၁၄ ဘတ်ဂျက်နှစ်များဆီသို့ ရွှေ့လျားသွားခဲ့ကြသည်။

ဝန်ထမ်းများ၏ မျှော်လင့်ချက်များမှာလည်း ၂၀၁၃-၁၄ ဘတ်ဂျက်နှစ်နီးလာသည်နှင့်အမျှ ပို၍ အရောင်တောက်လာခဲ့သည်။

သို့သော် ဘဏ္ဍာ၊ အခွန် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ဝန်ထမ်းများ လစာတိုးရန်အတွက် ယခုဘတ်ဂျက်နှစ်တွင် ပါဝင်ခြင်းမရှိသေးကြောင်း သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၏ အမေးကိုပြန်လည်ဖြေကြားလိုက်သည်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအကြား လှုပ်လှုပ်ရွရွဖြစ်သွားခဲ့ရသည်။

"ဒီနှစ်လစာ တိုးမယ်ဆိုလို့ မျှော်နေတာလေ အခုတော့ မတိုးဘူး ဆိုပြီးဖြစ်ပြန်ပြီ ဘယ်ဟာကို ယုံရမှာလဲ"ဟုကမာရွတ်မြို့နယ်မှ အလယ်တန်းပြ ဆရာမတစ်ဦးက ပြောသည်။

လက်ရှိပြင်ပတွင် ဖြစ်ပေါ်နေသောကုန်ဈေးနှုန်းနှင့်ဝန်ထမ်းများ အမှန်တကယ် ရရှိသော လစာမှာ လောက်ငမှု မရှိသည်ကို လွှတ်တော်ကိုယ်စားလှယ်များနှင့် လက်ရှိ ဌာနတွင်း တာဝန်ထမ်းဆောင်နေကြသည့် အဆင့်မြင့်အရာရှိကြီးများပင် လက်ခံထားကြသည်။

"ကျွန်တော့်မိန်းမက အပြင်မှာစီးပွားရေးလုပ်တယ်။ နောက်ပြီး ကျွန်တော်တို့ပိုင်တဲ့ တိုက်ခန်းလေးကိုငှားထားတယ်။ ကျွန်တော့်ကိုပေးထားတဲ့ စက်သုံးဆီလေး ပိုရင်ရောင်းတယ် ဒီလိုပဲလည်ပတ်နေပါတယ်"ဟု အစိုးရဌာနတစ်ခုမှ ဒုတိယဝန်ကြီးအဆင့်ရှိ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောသည်။

ယခုကဲ့သို့ ထိပ်ပိုင်းအရာရှိကြီးများပင် လောက်ငြခြင်း မရှိသည့်အတွက် လစာများတိုးပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တကွ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များကနိုင်ငံဝန်ထမ်းများအား လစာတိုးပေးရန် ပြီးခဲ့သည့်နှစ်က ပြည်ထောင်စု လွှတ်တော်တွင်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

သို့သော် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတွင် အစိုးရဝန်ထမ်းအရေအတွက်မှာ တစ်နိုင်ငံလုံးလူဦးရေ၏ ၃ဒသမ၃ရာခိုင်နှုန်းသာရှိပြီး လစာတိုးပေးရေး ဆွေးနွေးမှုကြောင့် အရပ်ရပ်ကုန်ဈေးနှုန်းများတက်လာသဖြင့် ကျန်ပြည်သူ ၉၆ဒသမ၇ ရာခိုင်နှုန်းအားငဲ့ကွက်ရန်လိုအပ်ကြောင်း တာဝန်ထမ်းဆောင်ခြင်း တစ်နှစ်ပြည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားသည်။

လစာများတိုးမြှင့်လိုက်ပါက ကုန်ဈေးနှုန်းများမြင့်တက်လာမည်ဟူသည့် သမ္မတကြီး၏အကြောင်းပြချက်မှာ ရေတိုအားဖြင့် မှန်ကန်ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ်စီမံခန့်ခွဲမှုပညာဌာနမှ အငြိမ်းစားပါမောက္ခ ဒေါ်လှမြင့်ကပြောသည်။


"လစာတိုးလိုက်လို့စီးပွားရေးသမားတွေရဲ့ ဝိသမလောဘကြောင့် ကုန်ဈေးနှုန်းတက်တာလည်းပါသလိုဝယ်လိုအားနဲ့ရောင်းလိုအားမမျှတော့လို့ ကုန်ဈေးနှုန်းတွေတက်လာတာလည်းပါတယ်။ အဲဒီအခါ ထုတ်ကုန်ကိုတိုးထုတ်နိုင်မယ်ဆိုရင် ကုန်ဈေးနှုန်းကို ထိန်းနိုင်မှာပါ"ဟု ဒေါ်လှမြင့်က ပြောသည်။

စာ(၁၁)သို့



## ချက်ကြရအောင်

## နို့ပျစ်ချက်



ဒီတစ်ပတ်တော့ ဝိုက်ဖီက အညာစာလေးချက်ထားပါတယ်။

ကိုင်းခရမ်းချဉ်သီးနဲ့ နွားနို့ ၁၀ကျပ်သားပဲလိုပါတယ်။ ဒါကတော့ ဓာတ်ပုံမှာ ပြထားတဲ့အတိုင်းတစ်ပွဲစာအတွက်ဖြစ်ပါတယ်။

ပထမဆုံး ကိုင်းခရမ်းချဉ်သီးနှစ်လုံးနဲ့ ကြက်သွန်နီတစ်လုံးကို ပါးပါးလှီးပါ။ ဒယ်အိုးထဲကိုဆီနည်းနည်းထည့်ပြီး ကြက်သွန်နီအရင်ထည့်ပါ။ ကြက်သွန်နီနွမ်းသွားမှ ခရမ်းချဉ်သီးထည့်ပါမယ်။ ကိုင်းခရမ်းချဉ်သီးလေးတွေလိပ်သွားပြီဆိုရင် နွားနို့ ၁၀သားကို ထည့်ပြီးမွှေပါ။ ကပ်မသွားအောင် မပြတ်မွှေပေးရပါမယ်။

ကြက်ဥခရမ်းချဉ်သီးမွှေကြော်လေးကို ပျစ်တဲ့အထိ မွှေပေးရပါမယ်။ အနှစ်ပျစ်ပျစ်လေးနဲ့ ဆီပြန်ပြီဆိုရင်ချလို့ရပါပြီ။ အရသာအတွက်တော့ မွှေနေတုန်းမှာ ဆားပါချင်ရင်ထည့်လို့ရပါတယ်။

အညာသူ၊ အညာသားတွေအကြိုက်နွားနို့ခဲချက်နဲ့ အရသာသိပ်မကွာလှပေမယ့် ခပ်ဆိမ့်ဆိမ့်လေးနဲ့ခံတွင်းတွေ့စေမယ့်ဟင်းတစ်ခွက်လည်းဖြစ်ပါတယ်။


ILBC (Junction Square)

International Language and Business Centre

Professional Training and Testing Division

ကျောင်းသား / ကျောင်းသူများအတွက် အမေရိကန်ဆရာနှင့် အင်္ဂလိပ်ဆရာများသင်မည့် အထူးသီးသန့်နွေရာသီ အင်္ဂလိပ်စာသင်တန်း



Building No. 11, Junction Square, Pyay Road, Kamayut Township, Yangon.

For more information, please contact : 09 73032970

7 DAY NEWS JOURNAL
Vol.11, No.49 ▪ FEBRUARY 14 , 2013

# လမ်းမများထက်က
# ယာဉ်ထိန်းရဲမေများ

ဥက္ကာကိုကို၊ သိမ့်သိမ့်စိုး



*တာဝန်ထမ်းဆောင်နေသော ရဲမေတစ်ဦး*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"ဘဲဥတွေကို သတိထား"ဟု လိုင်းကားပေါ်မှ လှမ်းအော်သွားသော အသံတစ်သံကြောင့် မြေနီကုန်းမျဉ်းကျားတစ်ခုမှာ တာဝန်ကျနေသည့် အမျိုးသမီးယာဉ်ထိန်းတပ်ကြပ် ဒေါ်စန်းစန်းမြတ် တစ်ယောက်အတော်ပင်စိတ်မကောင်းဖြစ်ရသည်။

ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရန် နေပူပူထဲ တာဝန်ထမ်းဆောင်နေရချိန်တွင် သူတို့အပေါ် အထင်အမြင်သေးပြီး မချေမငံဆက်ဆံလိုသူများကြောင့် ဒေါ်စန်းစန်းမြတ်ရင်ထဲဝမ်းနည်းမိသည်မှာလည်း ခဏခဏ။ သူမလိုပင်တခြားအမျိုးသမီးယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေလည်း ကားသမားတို့၏ မကျေနပ်မှုပေါင်းစုံကို ကြုံတွေ့ကြရသည်ပဲဖြစ်သည်။

အသက် ၄၅ နှစ်အရွယ် ဒေါ်စန်းစန်းမြတ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ထဲ ဝါသနာအလျောက်ဝင်ရောက်ခဲ့သည်မှာနှစ်နှစ်ဆယ်ကျော်ပါပြီ။ စခန်းရဲအဖြစ်၊ အထူးတပ်ဖွဲ့ဝင်ရဲအဖြစ် တာဝန်များထမ်းဆောင်လာခဲ့ပြီး ယခုအခါ အမျိုးသမီးယာဉ်ထိန်းတပ်ဖွဲ့တွင် လက်မောင်းနှစ်ရစ်နှင့် တပ်ကြပ်အဆင့်ရာထူးရရှိထားခဲ့သည်။ ထို့အတူ လမ်းများပေါ် လှုပ်ရှားသွားလာနေကြသည့် လူပေါင်းစုံ၊ အလွှာပေါင်းစုံတို့နှင့် ဆက်ဆံကူညီရသည့်အလုပ်ကိုလည်း လုပ်ကိုင်နေရပြီဖြစ်သည်။

ကားအစီးရေနှစ်သိန်းခွဲကျော်ရှိသောရန်ကုန်မြို့တွင် ကြီးမဲ့ကြေးနန်း နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ယာဉ်ထိန်းရဲအင်အား ၇၀၀ ခန့်သာရှိပြီး ၁၄၀၀ ကျော်ဖြစ်အောင် ထပ်မံတိုးချဲ့သွားတော့မည်ဖြစ်သည်။ ယာဉ်ထိန်းရဲများသည် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးကို အဓိကဆောင်ရွက်ပြီး စည်းကမ်းမဲ့မောင်းနှင်သူများ၊ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကို ဖမ်းဆီးခြင်းနှင့် ပညာပေးခြင်းတို့ကိုလည်း ဆောင်ရွက်ကြရသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် ယာဉ်မောင်းများက ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကို အမြင်မကြည်လင်မှုများရှိသကဲ့သို့ စည်းကမ်းမဲ့လမ်းဖြတ်ကူးသူများကလည်း အမြင်စောင်းကြသည်။ ယာဉ်ထိန်းရဲများက လာဘ်ပေးလာဘ်ယူပြုလုပ်ကြသည်ဟုလည်း ထင်မှတ်ထားကြသည်။

ယာဉ်မောင်းများထံမှ မတရား ငွေကြေးတောင်းခံသော အကျင့်ပျက်ယာဉ်ထိန်းရဲများကို စုံစမ်းဖော်ထုတ်၍ တည်ဆဲဥပဒေများအပြင် ရဲကျင့်ဝတ်ချိုးဖောက်မှုနှင့်ပါ ထိရောက်စွာအရေးယူသွားရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ညွှန်ကြားထားခဲ့သည်။

လမ်းပေါ်မှာပြေးလွှားနေသော မော်တော်ယာဉ်တို့၏ ယာဉ်မောင်းအများစုမှာ အမျိုးသားများဖြစ်ကြသည့်အတွက် အမျိုးသားယာဉ်ထိန်းတို့အတွက် အခက်အခဲသိပ်မရှိသော်လည်း အမျိုးသမီးယာဉ်ထိန်းတို့အတွက်မူ အခက်အခဲအချို့ ရှိနေခဲ့သည်။

"ခဏရပ်ဦးဆို မောင်းထွက်သွားတာတွေရှိတယ်။ တချို့ ကနားလည်မှုရှိတယ်။ တချို့လိုင်းကားတွေဆို မရပ်နဲ့လို့ပြောရင် ဘာဖြစ်လဲ လူတင်နေတာမတွေ့ဘူးလားလို့တောင်ပြန်အော်တယ်။ ကိုယ်က ဘာမှလုပ်လို့မရဘူး။ စိတ်တိုရတာတစ်ခုပဲ"ဟု ဒေါ်စန်းစန်းမြတ်က ပြောသည်။

နံနက်ပိုင်းကျောင်းတက်ချိန်များတွင် အမျိုးသမီးယာဉ်ထိန်းရဲမေများသည်ရန်ကုန်မြို့တွင်းမှ ကိုယ်တာဝန်ကျရာအခြေခံပညာကျောင်းများရှေ့သို့ အသီးသီးရောက်ရှိလာကြသည်။ သူမတို့သည် ထိုနေရာများရှိ ကျောင်းသူကျောင်းသားကလေးငယ်များ၊ လမ်းသွားလမ်းလာပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် လမ်းဖြတ်ကူးရာတွင် ကူညီပေးခြင်း၊ လမ်းပေါ်မှ ကားများကို တားဆီးပေးခြင်းစသည်တို့ကို ပြုလုပ်ကြမည်ဖြစ်သည်။

သူမတို့ ရှိနေသည့်အတွက် ယာဉ်များကလည်း အရှိန်လျှော့မောင်းပေးခြင်း၊ လမ်းဖြတ်ကူးသူများကိုရပ်စောင့်ပေးခြင်းတို့ဖြင့် အဆင်ပြေပြေ လှုပ်ရှားနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

"သူတို့ရှိတော့ လုံခြုံမှုရှိသလို ခံစားရတယ်။ ကိုယ်လမ်းကူးမယ့်အချိန်မှာ ကားတွေတားပေးတာဆိုတော့ ကားတိုက်မှာ မပူရဘူး။ ကျောင်းတက်ကျောင်းဆင်းချိန်တိုင်း အမြဲရှိနေပေးရင်ကောင်းမှာပါ" ဟု ကမာရွတ်မြို့နယ်၊ ပညာရေးတက္ကသိုလ်တွင် ပထမနှစ်တက်ရောက်နေသော မဖြူဖြူက ပြောပါသည်။



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

စာ(၉)မှ

## မျှော်တလင့်လင့်

အစိုးရဝန်ထမ်းများ လစာတိုး၍ ကုန်ဈေးနှုန်းများ တက်သည့်အချိန်တွင် ပုဂ္ဂလိက ဝန်ထမ်းများဘက်တွင် ထိခိုက်မှုရှိခြင်းမရှိခြင်းနှင့်ပတ်သက်၍

“လက်ရှိအစိုးရဝန်ထမ်းတွေ လစာတိုးလိုက်လို့ ပုဂ္ဂလိဝန်ထမ်းတွေတော့ သိပ်ထိခိုက်မယ်မထင်သေးဘူး။ ပုဂ္ဂလိကဝန်ထမ်းတွေက အစိုးရဝန်ထမ်းတွေထက် လစာပိုရနေတာပဲလေ။ ဒါပေမဲ့ ကုန်ဈေးနှုန်းတွေ အရမ်းတက်သွားမယ်ဆိုရင်တော့ ပုဂ္ဂလိကဝန်ထမ်းတွေလည်း သူတို့ရပိုင်ခွင့်ကို တိုးတောင်းလာလိမ့်မယ်ထင်တယ်”ဟု အသက် ၃၅ နှစ်ဝန်းကျင် ကုမ္ပဏီမန်နေဂျာ တစ်ဦးက ပြောသည်။

“အစိုးရဝန်ထမ်းတွေကို တခြားနိုင်ငံတွေလိုပဲ သိက္ခာရှိရှိ ရပ်တည်နိုင်စေချင်ပါတယ်။ ဒါပေမယ့် သူတို့လခတိုးရင်ကုန်ဈေးနှုန်းက လိုက်တက်တော့ မထူးဘူး။ ကြားက ပုဂ္ဂလိကဝန်ထမ်းတွေပဲ ခံရတာ။ ဒါကြောင့် ကုန်ဈေးနှုန်းမတက်အောင်လုပ်ပြီးမှ လခတိုးသင့်တယ်”ဟုကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်သော ကိုဝင်းနိုင်က ပြောသည်။ လူအများစုတွင်အဓိကပူပန်နေသည်မှာလည်း ကုန်ဈေးနှုန်းပင်ဖြစ်သည်။

လက်ရှိရရှိနေသည့်ဝန်ထမ်းများ၏ လစာနှုန်းထားများကြောင့် ဝန်ထမ်းအများစုမှာ မိမိတို့ဌာနတွင်းမှ ရပေါက် ရလမ်း များအား နည်းမျိုးစုံဖြင့် ရှာဖွေနေရသော်လည်း ဝန်ထမ်းအများစုမှာ လစာလောက်ငပါက ထိုအလုပ်များကို မလုပ်ချင်ကြ။

“ကျွန်တော် ရဲစဖြစ်တော့ ချင်းပြည်နယ်မှာ တာဝန်ကျတယ် လစာထောက်ပံ့ကြေး အပါအဝင် ၁၂၀၀ ရတယ်၊ နှစ်ထောင်ပြည့်နှစ်လောက်ကပေါ့ အဲဒီတုန်းကတော့ လူပျိုလည်းဖြစ်တယ်။ အပိုသုံးဖို့လည်း မရှိတော့ လောက်ပါတယ်”ဟု ရဲဝန်ထမ်း လုပ်သက် ဆယ်နှစ်ကျော်ရှိ ရဲတပ်ကြပ်တစ်ဦးကပြောသည်။

သို့သော် သူအိမ်ထောင်ကျပြီးတွင်တော့ “ကျွန်တော်အိမ်ထောင်ကျပြီးတော့မလောက်တော့ဘူးဗျ။ အဲဒီတော့ လူကြီးတွေဆီမှာကပ်ပြီး နယ်ထိန်းဖြစ်အောင်လုပ်ရတယ်။ နယ်ထိန်းဖြစ်တော့မှာ နည်းနည်းပါးပါးလောက်တယ်။ ဒါတောင် အထက်ကိုပေးရကမ်းရတာတွေ ရှိသေးတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောပြသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကျော်က ဝန်ထမ်းများ၏ လစာမှာထောင်ကဏန်းသာရှိခဲ့သဖြင့် လောက်ငခြင်းမရှိသော်လည်း ယခုအချိန်တွင်အနိမ့်ဆုံးလစာမှာ သောင်းကဏန်းဖြစ်သော်လည်း မလောက်ငမှုဖြင့် ဆက်လက်ရင်ဆိုင် နေရဆဲဖြစ်သည်။

“ကျွန်မ အလယ်တန်းပြဆရာမလစာက ထောက်ပံ့ကြေးပါပေါင်းရင် ရှစ်သောင်းကျော်တော့ ရပါတယ်။ ဒါပေမဲ့ အခုခေတ်ကုန်ဈေးနှုန်းနဲ့ ဘယ်လိုလောက်မလဲ ကျူရှင်ကလည်း ဟုတ်တိပတ်တိမရှိဘူး ဒါတောင် ကျောင်းဆရာ၊ဆရာမတွေက ကျူရှင်တရားဝင်သင်ခွင့်ရတာမဟုတ်ဘူး”ဟု ကမာရွတ်မြို့နယ်မှ အလယ်တန်းပြဆ ရာမတစ်ဦးက ပြောသည်။

ဝန်ထမ်းအများစုမှာ ရရှိသည့်လစာ ခံစားခွင့်များဖြင့် လောက်ငခြင်းမရှိသော်လည်း ဝန်ထမ်းဘဝကို ချစ်ခင်စွာတွယ်တာနေကြခြင်းမှာ ရာထူးဂုဏ်ကြောင့် သော်လည်းကောင်း၊ ဌာနတွင်း ရပေါက်ရလမ်းများကြောင့်လည်းကောင်း ဖြစ်သည်ဟု အစိုးရဝန်ထမ်းများက ပြောသည်။

ဌာနတွင်း ရပေါက်ရလမ်းကောင်းသူများက ၎င်းတို့၏ လစာနှင့် ရပေါက်ရလမ်းများ ပေါင်းစပ်၍ ရရှိသည့် ဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြသည်။

ရာထူးဂုဏ်ကြောင့် ဝန်ထမ်းဘဝတွင် ဆက်လက် တာဝန်ထမ်း ဆောင်သူများကတော့ မိမိတို့၏ဇနီးသော်လည်းကောင်း၊ ခင်ပွန်းသော်လည်းကောင်း၊ သားသမီးများသော်လည်းကောင်း (သို့မဟုတ်) မျိုးရိုးစဉ်ဆက်ကပင် စီးပွားရေးအခြေခံ ကောင်းခဲ့သူများ ဖြစ်ကြသည်ဟု ဝန်ထမ်းများက ပြောသည်။

“ကိုယ့်ဝန်ထမ်းကို ဘယ်သူမှ ပစ်စလက်ခတ် မဖြစ်စေချင်ပါဘူး။ ရတဲ့လစာနဲ့လောက်အောင်သုံးပြီးတော့မှ အဂတိမလိုက်တဲ့သူတွေ အများကြီးပဲ” ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဟင်္သာတမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ပြော သည်။

သို့သော် ဦးဌေးဦးပြောသည့် ဝန်ထမ်းမျိုးမှာ ပင်ကိုကပင် စီးပွား ရေးအခြေခံတောင့်သူများ ဖြစ်နိုင်သည် ဟုဝန်ထမ်းများက မှတ်ချက်ပြု သည်။

“စဉ်းစားကြည့်ဗျာ ဦးစီးအရာရှိတစ်ယောက်ရဲ့ လစာမှ တစ်သိန်းနှစ်သောင်းကျော်လောက်ရတာ။ အစိုးရကနေစရာအိမ်ပေးရင်တော့ နေဖို့မပူရဘူးပေါ့။ ဒါပေမဲ့ ကလေးကျောင်းစရိတ်၊ စားဝတ်နေရေး လူမှုရေးနဲ့ဘယ်လိုလောက်မလဲ အဲဒီတော့ မိန်းမက ဈေးကလေးဘာလေး ထွက်ရင်ထွက်၊မထွက်ရင်လည်း အလုပ်တစ်ခုခုလုပ် ဒါမှတော်ကာကျမယ်”ဟု အစိုးရဌာနတစ်ခု၏ ဦးစီးအရာရှိတစ်ဦးက ပြောသည်။

အစိုးရဝန်ထမ်းများ လစာတိုးပါက ကုန်ဈေးနှုန်းများ တက်လာပြီး ငွေကြေးဖောင်းပွ လာမည်ဟုသမ္မတ၏အကြောင်းပြချက်နှင့် ပတ်သက်၍သီပေါ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက

“သန့်ရှင်းတဲ့အစိုးရတည်ဆောက်မယ်ဆိုရင် ဒါတွေကိုအလေးထားလုပ်ရမယ်။ဘာကြောင့်မလုပ်ချင်တာလဲလို့ တစ်ဖက်ကပြန်သုံးသပ်ရင်ဒါတွေတိုးပေးတိုင်းမှာ ငွေကြေးဖောင်းပွပြီးကုန်ဈေးနှုန်းတက်လာရင် တခြားပြည်သူလူထုပါထိခိုက်မှာစိုးလို့လို့ သမ္မတက အဲဒီလို ပြောတယ်။ အဲဒီလိုဆိုရင်ဒီလိုမဖြစ်အောင်ဘယ်လိုကာကွယ်မလဲ”ဟုပြောသည်။

“ဒီအကြောင်းပြချက်နဲ့ မတိုးဘူးဆိုတာတော့ မမှန်ဘူးလို့ ယူဆတယ်။ အဲဒီလိုဆိုရင် တခြားနိုင်ငံတွေမှာ ဝန်ထမ်းကို မလောက်မငထားပြီး ဝန်ထမ်းကိုအငတ်ထားပြီး ကုန်ဈေးနှုန်းကို ထိန်းသလား ပြန်စဉ်းစားရမယ်”ဟု ဦးရဲထွန်းက သမ္မတ၏ အကြောင်းပြချက်အပေါ် မှတ်ချက်ပြုသည်။

အစိုးရဝန်ထမ်းများတွင် လစာနှင့် မလောက်ငသူများမှာ မိမိတို့ဌာနမှ ရပေါက်ရလမ်းများနှင့်ရပ်တည်သူများရှိသလိုကျောင်းဆရာမတို့ကဲ့သို့ သူနာပြုဝန်ထမ်းတို့ကဲ့သို့ မိမိတို့၏ ပညာနှင့် အပိုဝင်ငွေရှာသူများလည်း ရှိသည်။

“တကယ်လို့ အစိုးရက လစာတွေတိုးပေးမယ် ကုန်ဈေးနှုန်းတွေလည်း မတက်ဘူးဆိုရင် အခုအပြင်ဆေးခန်းမှာ လုပ်နေတဲ့အချိန်ကို မိသားစုအတွက်ပေးလိုက်မယ်”ဟု အစိုးရဆေးရုံတစ်ခုမှ အထက်တန်းသူနာပြုတစ်ဦးကပြောသည်။

အစိုးရဆေးရုံမှ လစာ၊ ထောက်ပံ့ကြေး အပါအဝင် ကိုးသောင်းနီးပါးရရှိပြီးပြင်ပဆေးခန်းမှဝင်ငွေပါပေါင်းပါကရရှိနှစ်သိန်းကျော်ဖြင့်မိသားစုစားဝတ်နေရေးကိုထိန်းသိမ်းရသဖြင့် မိသားစုအတွက် အချိန်ပေးနိုင်ခြင်းမရှိကြောင်း အထက်ပါသူနာပြုဆရာမက ဆက်လက်ပြောပြသည်။

လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့်လည်း လစာတိုးမြှင့်ပေး ရန်အစပြုခဲ့ပြီးဖြစ်သဖြင့် ပြည်ထောင်စု အစိုးရသို့ လစာတိုးမြှင့်ပေးနိုင်ရန် ဆက်လက်တိုက်တွန်းလိုသော ဆန္ဒများ ရှိနေကြသည်။

“တိုးပေးချင်တယ်ဆိုတဲ့ ဆန္ဒဖြစ်ရုံလေးနဲ့မပြီးဘူး၊ တိုးပေးဖို့အစီအစဉ်ကိုချကိုချရမယ်။ လွှတ်တော်နဲ့အစိုးရအဖွဲ့ ပူးပေါင်းပြီး ဘတ်ဂျက်ပုံစံချဖို့လိုမယ်။ အဲဒီအထဲကမှ ဘယ်လောက်ကိုဝန်ထမ်းတွေအတွက် ဖယ်မယ်ဆိုတာ ပေါ်လာမယ်”ဟု အလုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က ပြောသည်။

လွှတ်တော် ကိုယ်စားလှယ်များနှင့်ပြည်သူများ တောင့်တနေသည့် ဝန်ထမ်းများ၏ အနိမ့်ဆုံးလစာမှာတစ်သိန်းမှတစ်သိန်းသုံးသောင်းဝန်းကျင်ဖြစ်ကြောင်း ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

“မှန်းထားသလောက် မတိုးနိုင်ရင် ဘယ်လောက်တိုးပေးသင့်သလဲ၊ ဘယ်လောက် တိုးပေးနိုင်သလဲဆိုတာစဉ်းစားရမယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေဆန္ဒတွေ ရှိနေတယ်။ ဒါပေမဲ့ အခြေအနေအချိန်အခါ ကြည့်ပြီးလုပ်နေရတာဖြစ်တယ်သို့သော် မူဝါဒတွေပြောတဲ့အခါ ထည့်ပြောကြမှာဖြစ်တယ်၊လစာတိုးပေးရေးအတွက် နေ့ရှိသရွေ့ စိတ်ထဲမှာ ဝန်ထမ်းတွေအတွက် လုပ်ပေးချင်တဲ့ဆန္ဒရှိနေတယ်” ဟု ဦးခိုင်မောင်ရည်က ဆက်လက်ပြောကြားသည်။

မတက်သာ၍ ဌာနတွင်း ရပေါက်ရလမ်းများမှ မိသားစုစားဝတ်နေရေးဖြေရှင်းနေရသည့် ဝန်ထမ်းများနှင့် မိမိတို့၏ကိုယ်ပိုင်အချိန်များတွင် ပြင်ပတွင် အလုပ်လုပ်ကိုင်နေရသည့် ဝန်ထမ်းများအားလုံး၏ ဆန္ဒမှာ အစိုးရကသာ လောက်လောက်ငင ပေးထားပါက မိမိတို့၏ ရာထူးဂုဏ်နှင့် ရရှိသည့် လစာဖြင့် တင့်တင့်တယ်တယ်နေလိုကြသူများပင်ဖြစ်သည်။

လက်ရှိအစိုးရသည် ပြည်သူမှ ရွေးကောက် တင်မြှောက်ထားသည့် ပြည်သူ့အစိုးရဖြစ်သည့်အတွက် ပြည်သူ့ ကိုယ်စားလှယ်များဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူပြည်သားများ ဖြစ်ကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ မျှော်လင့်ချက်များအား မျက်ကွယ်ပြုလိမ့်မည် မဟုတ်ဟု ထင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများက ယူဆလျက်ရှိနေကြသည်။

■



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



### ဗောဓိပင်နှင့်ရွှေပလ္လင် ဘယ်မှာပေါ်သလဲ

ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တယ်ဆိုတာက ပညတ်သမားပြောတာ။ ပရမတ်သမားက ပြောတော့ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ်လို့ ပြောရမယ်လို့ မှတ်ပါ။

ဘုရား ဘယ်နေရာဖြစ်တယ်ဆိုတာပေါ်ပြီ၊ ဝေဒနာနဲ့ တဏှာကြားမှာ ဗောဓိပင်နဲ့ ရွှေပလ္လင်ကို ကာမာသဝနဲ့ ဆုတောင်းယူလို့ရတာ၊ ဘုရားဖြစ်လို့ ရတာမဟုတ်ဘူး။ သဗ္ဗညုတဉာဏ်ကြောင့် ရတာမဟုတ်ဘူးနော်။ သူအဓိဋ္ဌာန်ကြည့်ပါ။ ဗောဓိပင်နဲ့ ရွှေပလ္လင်မာရ်နတ်ကြီးက လာလုတဲ့အခါ ငါဝေသန္တရာမင်းလက်ထက်က လှူထားလို့ ပေါ်လာတာကွ ပြောနေတာ။ သဗ္ဗညုတဉာဏ်ကြောင့် ရတာမဟုတ်ဘူး။ ဒီပြင်ဟာတွေများ အသာထားပါဦးကွ ဝေဿန္တရာမင်းလက်ထက်က လှူထားတဲ့ ကုသိုလ်တွေကြောင့်ရတဲ့ ပလ္လင်ပါလို့ဆိုတာ ဘုရားကိုယ်တိုင် မြေကြီးကို သစ္စာပြုလိုက်တော့ မြေကြီးက အိုးထိန်းစက်ကဲ့သို့လှုပ်ပြီး မာရ်နတ်မင်းစစ်တပ်တွေ ပြေးရတာထောက်တော့ သဗ္ဗညုတဉာဏ်နဲ့ တခြားစီ ကာမာဝစရကုသိုလ်ကြောင့်ရတာပဲ။ အဲဒီတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်အပေါ်မှာ ဘုရားဖြစ်တယ်လို့ မယူပါနဲ့တဲ့။ ခန္ဓာပဋိစ္စသမုပါဒ်ကြားထဲမှာ ဘုရားဖြစ်တာ ခန္ဓာပဋိစ္စသမုပါဒ် နောက်မဆက်ဘူး။ ခန္ဓာပဋိစ္စသမုပါဒ် နောက်တော့် တဏှာ၊ ဥပါဒါန် မဆက်ဘူး။ ဒေါသ၊ သောကမဆက်လို့ အဝိဇ္ဇာ၊ သင်္ခါရ မဆက်လို့ ဘုရားဖြစ်သွားတာဆိုတော့ ဩော်ဘုရားဖြစ်တဲ့နေရာလည်း သိပဟ။

ဝေဒနာနဲ့ တဏှာကြားမှာပါ။ ခင်ဗျားတို့ သောတာပန်တည်ချင်လည်း ဝေဒနာနဲ့ တဏှာကြားမှာပါပဲ။

**ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး**




ဝန်ထမ်းအလိုရှိသည်

1. Senior Engineer Male (5)Posts
- M.E/Mc.Sc/MISc (သို့မဟုတ်) အနည်းဆုံး B.E/B.CSc/B.Tech ဘွဲ့ရရှိသူဖြစ်ရမည်။
2. Technician Male (7)Posts
- B.E/B.CSc/B.Tech ဘွဲ့ရရှိသူဖြစ်ရမည်။
[illegible]
- IT/Telecom/Electronic/Softswitch/NGN [illegible]
- [illegible]
- [illegible]
- [illegible]
- နိုင်ငံခြား Training ပေးမည်။ Bond (၃)နှစ် ထိုးရပါမည်။
[illegible]
[illegible]

စာ(၅)မှ

### ထိုင်းရောက် မြန်မာလုပ်သားများ၏ အိမ်ပြန်ပို့ငွေ တစ်နှစ်ဒေါ်လာ သန်း ၁၀၀၀ ကျော်ရှိ

"သုံးလကို ငါးသိန်းလောက် အိမ်ကို သမီးကငွေလွှဲတယ်။ ဟိုမှာ အဆင်ပြေတယ်လို့တော့ ပြောတယ်။ ဒါပေမဲ့ ကိုယ့်နိုင်ငံမှာပဲ ဒီလောက်ရရင် ဟိုကိုသွားမလုပ်ခိုင်းဘူး"ဟု လှိုင်သာယာမြို့နေ အမျိုးသမီးတစ်ဦးက ထိုင်းနိုင်ငံ အထည်ချုပ်စက်ရုံတွင် သွားရောက်လုပ်ကိုင်နေသော သူမ၏ သမီးနှင့် ပတ်သက်၍ ပြောသည်။

သို့သော် ထိုင်းနိုင်ငံတွင် ယာယီနိုင်ငံကူးလက်မှတ်၊ သက်သေခံလက်မှတ်မရှိလျှင် ရဲဖမ်းမည်ကို စိုးရိမ်စရာများရှိနေပြီး မြန်မာများ လုပ်ကိုင်သော စက်ရုံများအား မကြာခဏ ဝင်ရောက်ဖမ်းဆီးမှုများလည်း ရှိနေ၍ လုံခြုံမှုမရှိဟု ခံစားရကြောင်း ထိုင်းနိုင်ငံတွင် သုံးနှစ်ကျော် သွားရောက်လုပ်ကိုင်ခဲ့သူ ကိုအောင်ကျော်ကပြောသည်။

၂၀၀၉ ခုနှစ်မှစတင်၍ ယခုအချိန်အထိ မြန်မာရွှေ့ပြောင်းအလုပ်သမား ဆယ့်နှစ်သိန်းကျော်ကို ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးနိုင်ခဲ့ပြီး အထောက်အထားမဲ့ လုပ်သား ရှစ်သိန်းမှ တစ်သန်းအထိ ကျန်ရှိနေသေးသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၁၇ ရက်က မြန်မာသမ္မတနှင့် ထိုင်းဝန်ကြီးချုပ်တို့ ထားဝယ်တွင် တွေ့ဆုံစဉ် အထောက်အထားမဲ့ မြန်မာလုပ်သား တစ်သန်းနီးပါးအား ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးမှုကို သုံးလသက်တမ်း တိုးမြှင့်သွားမည်ဟု ထိုင်းဝန်ကြီးချုပ်က နှုတ်ကတိပြုခဲ့သည်။

7 DAY NEWS JOURNAL

## 7 Day News ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန် အခွင့်အရေး

၁။ **သတင်းအယ်ဒီတာ** (၅)ဦး(ကျား/မ)
သတင်းနှင့် ဆောင်းပါးများ၏ အရည်အသွေးကို ကောင်းစွာအကဲဖြတ်နိုင်ပြီး ကျွမ်းကျင်စွာတည်းဖြတ်နိုင်သူ၊ ပြည်တွင်း၊ ပြည်ပရေးရာများ အထူးနှံ့စပ်သူ၊ စာအရေးအသား ကောင်းမွန်သူ၊ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်တတ်မြောက်သူ၊ သတင်းမီဒီယာလုပ်ငန်းတွင်သာ ရာသက်ပန် လုပ်ကိုင်လိုသူများလျှောက်ထားနိုင်သည်။ အတွေ့အကြုံရှိသူများကို ဦးစားပေးမည်ဖြစ်ပြီး ယခုရာထူးအတွက် ယုံကြည်မှုရှိသော အတွေ့အကြုံနည်းသူများလည်း လျှောက်ထားနိုင်ပါသည်။

၂။ **Layout Designer** (၅)ဦး(ကျား/မ)
Adobe Indesign, Adobe Photoshop, Adobe Acrobat, Adobe Illustrator, Newspaper Layout Design ကို ကောင်းမွန်စွာနားလည်တတ်ကျွမ်းရမည်ဖြစ်ပြီး ဒီဇိုင်းအမြင်ရှိရမည်။ နေ့၊ ည မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ **ဘာသာပြန်** (၅)ဦး(ကျား/မ)
အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ကျွမ်းကျင်စွာပြန်ဆိုနိုင်သူ၊ စာအရေးအသားကောင်းမွန်သူ၊ မီဒီယာလုပ်ငန်းကို စိတ်ပါဝင်စားပြီး နိုင်ငံတကာရေးရာများ အထူးစိတ်ဝင်စားသူများ လျှောက်ထားနိုင်ပါသည်။

မှတ်ချက် – အမှတ်စဉ်(၁)–(၂) လျှောက်ထားသူများသည် အသက်၃၅နှစ်အောက်ဖြစ်ရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထားမိတ္တူတို့နှင့်အတူ (၁၄. ၂. ၁၃)ရက်နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့လာရောက်လျှောက်ထားနိုင်ပါသည်။

Diamond Centre (G-12) မြေညီထပ်၊ တိုက်(B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

## တပ်မတော် ထိပ်ပိုင်းခေါင်းဆောင်နှစ်ဦးအား အစိုးရအဖွဲ့တွင် ခန့်အပ်တာဝန်ပေး

**သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၈**

မြန်မာ့တပ်မတော်မှ ထိပ်ပိုင်းခေါင်းဆောင်နှစ်ဦးဖြစ်သော ဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့အား အရပ်သားအစိုးရအဖွဲ့၏ပြည်ထောင်စုဝန်ကြီးများအဖြစ် ပြောင်းရွှေ့ခန့်အပ်ရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့သည်။

ကာကွယ်ရေး ဦးစီးချုပ် (လေ)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် အသက် (၅၇) နှစ် (၁၉၅၅ မေ ၂၇ ရက်) အရွယ်ရှိပြီး၊ ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည်လည်း အသက် (၅၇) နှစ် (၁၉၅၅ ဇူလိုင် ၂၂ ရက်)ရှိကာ ၁၉၇၉ ခုနှစ်မှစ၍ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကာ လက်ရှိတွင် စစ်ဆင်ရေးအထူးအဖွဲ့မှူး (ကစထ-၄)အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ထိပ်ပိုင်းခေါင်းဆောင်များဖြစ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

နိုင်ငံတော် သမ္မတက ဗိုလ်ချုပ်ကြီး မြတ်ဟိန်းအား ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ အမည်စာရင်း ပေးပို့ခဲ့ခြင်း ဖြစ်သည်။

လက်ရှိ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေးကိုလည်း စစ်ဘက်မူလ တာဝန်များ ပြန်လည်ထမ်းဆောင်စေရန် စီစဉ်ထားကြောင်း ဖော်ပြပါရှိသည်။

အဆိုပါစစ်ဘက်အရာရှိကြီး နှစ်ဦးအား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ယခုလ ၁၁ ရက် နောက်ဆုံးထားကာ စာရင်းပေးနိုင်ကြောင်း နာယကက ကြေညာခဲ့သည်။

မျက်နှာဖုံးမှ

### ဌာနအမည်အလွဲသုံး၍ ရေးဟောင်းပစ္စည်းများတူးဖော်နေ

"ဒီဒေသတွေမှာဌာနအမည်ကို အလွဲသုံးစားပြုလုပ်ပြီးတရားမဝင်တူးဖော်မှုတွေရှိနေတယ်လို့သတင်းပေးတာတွေရှိတယ်။ ဒါပေမယ့် လက်ပူးလက်ကြပ်တော့ မဖမ်းမိသေးဘူး" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရှေးဟောင်းပစ္စည်းများအား ထိန်းသိမ်းကာကွယ်ရန်ဒေသခံများအားအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊နိုင်ငံပိုင်သတင်းစာများတွင်သတိပေးတားမြစ်ချက်များထည့်သွင်းဖော်ပြခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။

" တစ်ခါတစ်ရံမှာနိုင်ငံခြားကိုဘုရာတစ်ဆူ၊ ရှေးဟောင်းပစ္စည်း တစ်ခုကို ယူမယ်ဆိုရင်ရှေးဟောင်းရုံးကိုလာပြီးခွင့်ပြုချက်ယူရတယ်။ရှေးဟောင်းပစ္စည်းမဟုတ်ဘူးဆိုရင် ယူခွင့်ရှိတယ်။ အဲဒီမှာမသမာသူတွေက လိမ်လည်မှုတွေ ပြုလုပ်သွားနိုင်ပါတယ်"ဟု မြန်မာနိုင်ငံယဉ်ကျေးမှုဗဟိုကော်မတီဝင် ဒေါက်တာတိုးလှကပြောသည်။

၁၉၆၂ခုနှစ်ရှေးဟောင်းဝတ္ထုပစ္စည်းများအက်ဥပဒေကိုပြင်သည့် ဥပဒေပုဒ်မ ၈ အရရှေးဟောင်းပစ္စည်းများကို ပြည်ပသို့ထုတ်ဆောင်ခြင်း၊ တူးဖော်ခြင်းများပြုလုပ်ပါက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီထောင်ဒဏ်၊ငွေဒဏ် (သို့မဟုတ်) ဒဏ်နှစ်ရပ်လုံး ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဖြစ်သည်။

စာ(၄)မှ

### အဝေးပြေးကားများနှင့် လက်ဖက်ရည်ဆိုင်များတွင် ဗီဒီယိုဇာတ်ကား ပြသခွင့်ရှိ

ဒါပေမဲ့ပြသတဲ့ခွေတွေဟာဗီဒီယိုဆင်ဆာအဖွဲ့ကထုတ်ပေးထားတဲ့ ဆင်ဆာလက်မှတ် ကပ်ထားတဲ့ အခွေတော့ဖြစ်ဖို့ လိုပါတယ်" ဟု ဒုတိယဝန်ကြီးဦးပိုက်ထွေးက ပြောသည်။

မြန်မာနိုင်ငံ ဗီဒီယိုအခြေခံအဖွဲ့၏ ယခုထုတ်ပြန်ချက်မှာ မြို့နေ လူတန်းစားများအပေါ် သက်ရောက်မှုမရှိသော်လည်း မြို့စွန် ရပ်ကွက်များနှင့် နယ်မြို့များ၊ ကျေးရွာများမှ မြန်မာဗီဒီယိုဇာတ်ကားကြည့်ရှုသည့် အခြေခံ လူတန်းစားများ၊ လက်လုပ်လက်စားများအတွက်မူ ကြီးမားသော အခက်အခဲများ သက်ရောက်နေကြောင်း သိရသည်။ "ဗီဒီယိုရုံ ယဉ်ကျေးမှုနေရာမှာ လက်ဖက်ရည်ဆိုင်မှာ ဗီဒီယိုကြည့်တဲ့ ယဉ်ကျေးမှုက အစားဝင် လာတာ။ အိမ်မှာ တီဗီဝယ်ဖို့ မပြောနဲ့။ နယ်ကလူတွေမှာ တစ်ရက်တစ်ထောင်လောက်ဝင်အောင် အနိုင်နိုင် လုပ်နေရတာ။ ဒါကိုလိုက်ပိတ်ပင်တာ မတရားဘူး" ဟု မင်းဘူးမြို့မှ ဦးသန်းစင်က ပြောသည်။ "ရွာထဲက ဆိတ်ကျောင်းတဲ့ကလေးတွေ၊ ရွာကလူတွေ ဒါပဲကြည့်စရာရှိတာ။ မကြည့်ရဘူးလို့ အခုလို ခြိမ်းခြောက်ရင် ဘာသွားကြည့်ရမလဲ" ဟု ငဖဲမြို့မှ တောင်သူတစ်ဦးက ပြောသည်။

'လက်ဖက်ရည်ဆိုင်မှာကြည့်တာက လက်ဖက်ရည်ဖိုးနဲ့ ဗီဒီယိုရုံဖိုးနှစ်ခါမကုန်ချင်လို့။ မိဘတွေက ကျပန်းအလုပ်လုပ်ပြီး အိမ်ပြန်လာ။ ကလေးတွေခေါ်ပြီး လက်ဖက်ရည်ဆိုင်မှာဟာသကားလေးကြည့်ပြီး စိတ်အပန်းဖြေကြရတာ" ဟု လှိုင်သာယာမြို့နယ်မှ ဦးကျော်သောင်းက ပြောသည်။

ဗီဒီယို အခြေခံအဖွဲ့(ဗဟို)၏ ထုတ်ပြန်ချက်အပေါ် ထုတ်လုပ်သူများ၏ မူပိုင်ခွင့်ကို ကာကွယ်နိုင်ရန် အစည်းအရုံးက မူအားဖြင့် သဘောတူကြောင်း၊ အဝေးပြေး ယာဉ်လိုင်းများ၊ လက်ဖက်ရည်ဆိုင်များ အနေဖြင့် ပြသလိုပါက ထုတ်လုပ်သူများထံ လာရောက်ညှိနှိုင်းသင့်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။ "ဥပဒေနဲ့ ကွဲလွဲနေတယ်လို့ ဆိုရင် လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေကိုလည်း ပြုပြင်ပေးပါလို့ ပြောချင်ပါတယ်" ဟု ၎င်းကပြောသည်။

"အကြောင်းတစ်ခု ရှိလာပြီဆိုရင် ဒီလိုပိတ်လိုက်မယ်၊ တားလိုက်မယ်ဆိုတဲ့ နည်းလမ်းထက် ဒီလိုမဖြစ်အောင် ဘယ်လိုကြိုတင်စီမံလုပ်ကြမယ်ဆိုတဲ့ အချက်က အရေးကြီးပါတယ်"ဟု မြန်မာ ဗီဒီယိုဇာတ်ကားများပြသမှုကို ကန့်သတ်တားမြစ်ခြင်းနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပြောသည်။

စာ(၈)မှ

### တရားမဝင် တည်ဆောက်သော ကန်ထရိုက်တိုက်များ တရားစွဲဆိုမှု ကြန့်ကြာနေ

ဖမ်းဝရမ်းထုတ်ပေးပြီး မဖမ်းဆီးပေးရသေးသည့် အမှု ၂၀ နီးပါးရှိနေသေးကြောင်း ကမာရွတ်၊ လှိုင်နှင့် မရမ်းကုန်းမြို့နယ်တို့ကို တာဝန်ယူဆောင်ရွက်နေသည့် လှိုင်မြို့နယ်စည်ပင်တရားရုံး၏ စာရင်းဇယားများအရ သိရှိရသည်။

ထိုသို့ တရားစွဲဆိုခံထားရသော ကန်ထရိုက်တိုက်မှာ ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ အဆောက်အအုံဆိုင်ရာ ဒီဇိုင်းတွက်ချက်မှု ကျွမ်းကျင်လိုင်စင် ရရှိထားသူတစ်သီး၏ လက်မှတ်နှင့် ဒဏ်ကြေးပေးဆောင်ရန် လာရောက်လျှောက်ထားပါက ပါမစ်ပြန်လည်ထုတ်ပေးမည်ဟုကြေညာခဲ့သည်။ ထိုသို့ ကြေညာရာ အားလုံးနီးပါး လာရောက်တင်ထားပြီး မဆောက်လုပ်ရသေးသည့် ကန်ထရိုက်များလည်း ပါဝင်နေခြင်းကြောင့်လက်ခံစိစစ်နေဆဲသာဖြစ်ကြောင်း အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ အရာရှိတစ်ဦးကပြောသည်။

"တင်တာတော့ အများကြီးလာတင်တယ်။ မတင်တာ မရှိသလောက်ပဲ။ ပိုတောင်ပိုနေသေးတယ်" ဟု ၎င်းကပြောသည်။

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး
မနက်ခြောက်နာရီ (နံနက်ခင်းစာ) Breakfast ရပါပြီ။ (ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး)
မြန်မာ့ရိုးရာပဲပြုတ်ထမင်းကြော် နှင့် တွဲဖက်၍ မြန်မာ့ဝက်သားဟင်း (ဝက်အာဘီ) နှင့် ဆိတ်သားဟင်း (ဆိတ်အာဘီ)
ရန်ကုန်မြို့၌ ပထမဆုံးရောင်းချသော မြန်မာ့ရိုးရာမုန့်ဟင်းခါး (ဘူဖေး)၊ "လပွတ္တာ၊ မြောင်းမြနှင့် အချိုမှုန့်လုံးဝမပါရှိသော ဝါးခယ်မ မုန့်ဟင်းခါး"
ဝက်အာဘီနှင့် ဆိတ်အာဘီဟင်းများကို နံနက်ခင်းပဲပြုတ်ထမင်းကြော်နှင့်သာ တွဲဖက်ရောင်းချမည်ဖြစ်ပြီး နေ့လည်ပိုင်းတွင် (လုံးဝ)မရရှိနိုင်ပါ။
တောင်ရောင်းချမည်ဆိုင်ခွဲလိပ်စာသတိပြုပါရန် (ပြည်လမ်းဆိုင်ခွဲ)ဟလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကျွန်းဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ရန်ကုန်။ ဖုန်း ၀၁-၅၂၆၂၀၈၊ ၀၉-၄၂၀၀၆၀၉၉

# Health

7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

## စိတ်ကျန်းမာရေး မကောင်းသူများတွင် ဆေးလိပ်သောက်သူပိုများ



အတ္တလန္တာ၊ဖေဖော်ဝါရီ-၇

စိတ်ကျန်းမာရေး မကောင်းသူများသည် သာမန်လူများထက် ဆေးလိပ်သောက်ရန် အလားအလာပိုများကြောင်း အမေရိကန် သုတေသီများကပြောကြားသည်။

အမေရိကန်နိုင်ငံ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနနှင့် မူးယစ်ဆေးသုံးစွဲမှုဌာနတို့ ပူးပေါင်းပြုလုပ်သည့် လေ့လာမှုအရ စိတ်ဝေဒနာတစ်မျိုးမျိုး ခံ စားနေရသူများကြား ဆေးလိပ်သောက်သုံးမှုသည် ယင်းသို့ရောဂါမရှိသူများထက် ၇၀ရာခိုင်နှုန်း ပိုများကြောင်း တွေ့ရှိခဲ့သည်။

ထို့အပြင် စိတ်ရောဂါဝေဒ နာသည် ၃၆ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သူများဖြစ်ပြီး ယင်းမှာ သာမန်လူထုအတွင်း ပျမ်းမျှ ၂၁ ရာခိုင်နှုန်းထက်ပိုများသည်။ စောစောပိုင်း လေ့လာမှုများအရလည်း အမေရိကန်လူကြီးငါးဦးတွင် တစ်ဦးမှာ စိတ်ဝေဒနာတစ် မျိုးမဟုတ်တစ်မျိုး ခံစားနေရသည်ဟု ဖော်ပြထားသည်။

ဆေးလိပ်သောက်သုံးမှု များပြားသော အုပ်စုများတွင် လူငယ်စိတ်ရောဂါဝေဒနာရှင်များ၊ ဆင်းရဲမှုမျဉ်းအောက် ရောက်နေသူများနှင့် အခြေခံပညာတတ်မြောက်မှုနည်းသူများ အများဆုံးပါဝင်သည်။ ထို့အပြင် ဆေးလိပ်သောက်သုံးမှု ပျမ်းမျှနှုန်းထားများမှာလည်း ပြည်နယ်တစ်ခုနှင့်တစ်ခုမတူညီကြဘဲ ယူတားပြည်နယ်တွင် ဆေးလိပ်သောက်သုံးမှု ၄၈ ဒသမ ၇ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်သည်။ —Ref: UPI

## မွေးရာပါခြေထောက်ခွင်သောကလေး တစ်နှစ် ၁၅၀၀ ခန့်မွေးဖွားနေ

ဝတ်ရည်အောင်

ရန်ကုန်၊ ဖေဖော်ဝါရီ -၈



ကလေး၁,၀၀၀တွင်တစ်ဦးနှုန်းခန့်ဖြင့် မြန်မာနိုင်ငံတွင် မွေးရာပါခြေထောက်ခွင်နေသည့် ကလေးတစ်နှစ်လျှင် ၁,၅၀၀ ခန့်မွေးဖွားနေကြောင်း လေ့လာထားချက်များအရ သိရသည်။

ရန်ကုန်ကလေးဆေးရုံကြီးသည် ထိုကဲ့သို့သောကလေးများအတွက် ပထမဆုံးသီးသန့် ကုသပေးနေသည့်နေရာဖြစ်ပြီး ဆေးကုသမှုတစ်နှစ်ကျော်အတွင်းကလေး ၁၈၅ ဦး ကုသပေးပြီးဖြစ်ကာ ကလေးအများစုသည် ရောဝတီတိုင်းဒေသကြီးမှဖြစ်ကြောင်း ရန်ကုန်ကလေးဆေးရုံကြီးမှသတင်းရရှိသည်။

ဆေးရုံသို့လာရောက်ကုသသောကလေးများအတွက် လိုအပ်သည့်ဆေးဝါးအား Walk For Life ဖောင်ဒေးရှင်းမှ ကျခံပေးနေသည်။

"အရင်ကတည်းက ဆေးရုံကြီးက ဆရာဝန်တွေက ကုသပေးနေတာ၊ မြန်မာပြည်အနှံ့မှာ ဒီလိုကလေးတွေအများကြီးရှိနေတယ်၊ လူများများသိပြီး အရွယ်ငယ်တုန်းကုသရင်ပိုပြီးလွယ်ကူပျောက်ကင်းနိုင်တယ်"ဟု ယင်းဖောင်ဒေးရှင်းမှ အဖွဲ့ဝင်ဦးဖြိုးထက်အောင်ကပြောသည်။ အချို့တွင် ခြေတစ်ဖက် (သို့မဟုတ်) ခြေနှစ်ဖက်စလုံးခွင်နေသည့်ကလေးများလည်းရှိကြောင်း သိရသည်။

နိုင်ငံတကာမှ ဆရာဝန်လေးဦးသည် ထိုကဲ့သို့သောကလေးများအားကုသနိုင်ရန် ကလေးဆေးရုံကြီးအပြင် ပြင်ပမှ ဆရာဝန် ၅၀ ဦးအား သင်တန်းပေးခဲ့သည်။

အရွယ်ရောက်ပြီးသည့် အချိန်တွင် ကုသပါက ဆေးကုသမှုခက်ခဲနိုင်ပြီး ကလေးများအား Ponseti နည်းပညာဖြင့် ရက်သတ္တပတ် အနည်းငယ် အတွင်း ကောက်နေသည့်ခြေ ထောက်အား ပြန်လည်ဆန့်သွားစေပြီး အထူးပြုလုပ်ထားသည့် ဖိနပ်ဖြင့် နှစ်အနည်းငယ် ဆက်လက်အသုံးပြုရခြင်းနည်းလမ်းဖြင့် ကုသပေးနေခြင်းဖြစ်သည်။

ရန်ကုန်ကလေးဆေးရုံကြီးတွင် ကျွမ်းကျင်ပညာရှင်များ ဦးဆောင်ခွဲစိတ်ကုသပေးနေပြီး လက်ဒန်နှင့် ဩစတြေးလျမှ ဆရာဝန်များပါ လက်ရှိတွင် ပူးပေါင်းကုသပေးနေသည်။

ရန်ကုန်ကလေးဆေးရုံကြီးတွင်သောကြာနေ့တိုင်းထိုကလေးများအတွက် ဆေးကုသမှုပေးနေပြီး လူဦးရေများပြားသည့် နေရာများ၌ ထိုကုသမှုအတွက် ဆေးခန်းများဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်းလည်း သတင်းရရှိသည်။

## အညာကျေးလက်မှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးများ အခမဲ့ကုသပေးမည်

ဝတ်ရည်အောင်

ရန်ကုန်၊ ဖေဖော်ဝါရီ -၈

မြန်မာနိုင်ငံအလယ်ပိုင်းကျေးလက်ဒေသမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများအား အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှု ဖလှယ်ရေးနှင့်ရန်ပုံငွေရှာဖွေရေးအဖွဲ့၏ ထောက်ပံ့မှုဖြင့် မန္တလေးသွားဘက်ဆိုင်ရာတက္ကသိုလ် အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုခွဲစိတ်မှုအပြင် ရန်ကုန်ဗဟို အမျိုးသမီးဆေးရုံကြီးရှိ မွေးကင်းစကလေးများ ကုသမှုအတွက်လိုအပ်သည့်စက်ပစ္စည်းများအားလှူဒါန်းရန်စီစဉ်ထားကြောင်း ထိုအဖွဲ့မှဉက္ကဋ္ဌ Vidya Seshadri မှ ထိုလှူဒါန်းမှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

လှူဒါန်းမှုများ ပြုလုပ်ရန် ယခုလ ၁၀ ရက်နေ့က အင်းလေးပိုးဖက်ရှင်ပြပွဲတစ်ခုကို ကုန်သည်ကြီးများ ဟိုတယ်တွင်ကျင်းပခဲ့ပြီး ထိုကုသမှုနှင့် စက်ပစ္စည်းများအတွက်ငွေကျပ်သိန်း ၂၀၀ခန့်ကုန်ကျမည်ဖြစ်ကြောင်း သတင်းရရှိသည်။ အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ရန်ပုံငွေရှာဖွေရေးအဖွဲ့အား မြန်မာနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်နေသည့် သံအမတ်ကြီးများ၏ ဇနီးများ၊ အမျိုးသမီးသံအမတ်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၏ ဇနီးများ၊ မြန်မာအမျိုးသမီးများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

"အခုကလေးနှစ်ယောက်ကို ကုသပြီးလို့ ဆေးရုံကတောင်ဆင်းသွားပြီ။ ဒီတစ်နှစ်အတွင်း လူနာ ၂၀ လောက် ကုသပေးနိုင်ဖို့ရည်ရွယ်ထားပါတယ်" ဟု ထိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မွေးရာပါ နှုတ်ခမ်းကွဲ အာခေါင်ကွဲကလေးများသည် မျိုးရိုးဗီဇဆိုင်ရာ ချို့ယွင်းချက်ကြောင့်ဖြစ်နိုင်ပြီး မြန်မာနိုင်ငံတွင် ကလေး ၈၀၀ မှ ၁,၀၀၀အတွင်း တစ်ဦးနှုန်း မွေးဖွားနိုင်ကြောင်း သတင်းရရှိသည်။






Regional
7Day News Journal
Vol.11, No.49 • FEBRUARY 14 , 2013

## မန္တလေးမြို့တွင် ငွေစက္ကူအတုနှင့်အစစ် လဲလှယ်နေသူများအား ဖမ်းမိ

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ-၇**

မန္တလေးမြို့တွင် ငွေစက္ကူအစစ်ကျပ်တစ်သိန်းအား အတုကျပ်တစ်သိန်းခွဲဖြင့် လဲလှယ်ပေးနေသူများကို ဖေဖော်ဝါရီ ၆ ရက်တွင် ဖမ်းဆီးရမိထားကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်တွင် ငွေစက္ကူအစစ်များအား အလိုက်ပေးကာ ငွေစက္ကူအတုများနှင့် လဲလှယ်ပေးနေသည်ဟူသော သတင်းအရ ချိန်းဆိုဖမ်းဆီးရာ ငွေစက္ကူအတုဟု ယူဆရသော ကျပ်ငါးထောင်တန်တစ်ရွက်၊ ကျပ်တစ်ထောင်တန်(၃၁၉)ရွက်နှင့် လူသုံးဦးအား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား ပြစ်မှုပုဒ်မ ၄၈၉(ခ)အရ(ပ)၈၄/၂၀၁၃၊(ပ)၇၃/၂၀၁၃တို့ဖြင့် မန္တလေးမြို့၊ အမှတ်(၉) ရဲစခန်းနှင့် အမှတ်(၅)ရဲစခန်းတို့တွင် အမှုဖွင့်အရေးယူထားသည်။

၎င်းတို့သည်ထိုင်းနိုင်ငံ နယ်စပ်တစ်နေရာမှ ငွေစက္ကူအတုများ ရရှိလာသည်ဟုယူဆရပြီးငွေစက္ကူအစစ်များနှင့်အလိုက်ပေးလဲလှယ်သုံးစွဲနေသည်ဟု ယူဆကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှရဲအရာရှိတစ်ဦးက သုံးသပ်သည်။

ငွေစက္ကူ အတုနှင့်အစစ် လဲလှယ်သုံးစွဲနေသူများထဲမှ တစ်ဦးကို ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မန္တလေးမြို့တွင် ငွေစက္ကူအတုများ မကြာခဏ ဖမ်းဆီးရမိနေပြီး လွန်ခဲ့သော ရက်များအတွင်း မန္တလေးမြို့ တံတားဦးလေဆိပ်၌ ငွေစက္ကူအတုများ သုံးစွဲနေသူတစ်ဦး ဖမ်းဆီးရမိခဲ့သလို ပြီးခဲ့သည့် ၂၀၁၂ စက်တင်ဘာလအတွင်းကလည်း မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တွင် ကျပ်တစ်သောင်းတန် ငွေစက္ကူအတုများ ပြုလုပ်သုံးစွဲနေသူသုံးဦး ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



ငွေစာရင်းဌာနတစ်ခုတွင် ကျပ်ငွေများရေတွက်နေစဉ်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## အိပ်မက်အရ ပိတ်ချင်းမြောင်ရေတံခွန်တွင် ရတနာသိုက်ရှာဖွေသူ ရေနစ်သေဆုံး

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ-၇**

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်လိုဏ်ဂူတော်အတွင်းရှိ သုံးဆင့်ရေတံခွန်တွင် ဖေဖော်ဝါရီလ ၆ ရက်က လူတစ်ဦးရေနစ်သေဆုံးခဲ့ကြောင်း မန္တလေးတိုင်း ဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

သေဆုံးသူမှာ မုံရွာမြို့မြဝတီရပ်ကွက်တွင်နေထိုင်သူ အောင်နိုင်ဝင်း(၂၀နှစ်)ဆိုင်ကယ်ဝပ်ရှော့လုပ်ငန်း လုပ်ကိုင်သူဖြစ်သည်။ ၎င်းကိုအမြင့်ပေ၈၀ခန့်ရှိပိတ်ချင်းမြောင် လိုဏ်ဂူတွင်းရှိ သုံးဆင့်ရေတံခွန်အောက်ဆုံးထပ်တွင် ခါးနှင့်လက်များ၌ နိုင်လွန်ကြိုးပတ်လျက် သေဆုံးနေခြင်းဖြစ်ကြောင်းသတင်းရရှိသည်။

အောင်နိုင်ဝင်းသည်အသက်ငါးနှစ်အရွယ်မှ ယနေ့အချိန်အထိ ပိတ်ချင်းမြောင် လိုဏ်ဂူရေတံခွန်တွင်း ရတနာသိုက်များရှိကြောင်း၊ ညအချိန်လာယူရန် အကြိမ်ကြိမ်အိပ်မက်ပေးပြောဆို၍ သေဆုံးသူ၏ဆန္ဒအရသက်တော်၄၀ အစ်ကိုကြီးဖြစ်သူ ဆရာတော် ဦးပညာဘာသ အပါအဝင် ဇော်နိုင်ဝင်း၊ အောင်နိုင်ဝင်းတို့ညီအစ်ကိုသုံးဦးတို့သည် ဖေဖော်ဝါရီ၅ရက် ည၁၁ နာရီခွဲအချိန်တွင် လိုဏ်ဂူအတွင်းသို့ သွားရောက်ခဲ့ကြောင်း၊ သေဆုံးသူမှာ ခါးတွင်ကြိုးချည်၍ ရေတံခွန်အောက်သို့ ဆင်းသွားခဲ့ပြီး အစ်ကိုလတ်က ကြိုးစကိုင်ကာ စောင့်နေခဲ့ကြောင်း၊ ရေထဲဆင်းသွားပြီး နှစ်နာရီကျော်အကြာ ကြိုးပြန်ဆွဲတင်ရာ မပေါ်လာသဖြင့် လိုဏ်ဂူ လုံခြုံရေးများ အကူအညီတောင်းရှာဖွေရာ ၎င်းမှာ ခါးနှင့်လက်များ၌ ကြိုးရစ်ပတ်၍ သေဆုံးနေသည်ကိုတွေ့ရကြောင်းသေဆုံးသူ၏ အစ်ကိုများက ထွက်ဆိုသည်ဟု မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူးရုံးမှသတင်းရရှိသည်။

သေဆုံးသူထံတွင် အတူသယ်ဆောင်လာသော ကျောပိုးအိတ်အတွင်း၌ ဂူအားဖောက်ထွင်းရန် တံစို့တူ စသည့်ပစ္စည်းအစုံအလင်ပါရှိကြောင်း ဆယ်ယူရာတွင်ပါဝင်သော ပိတ်ချင်းမြောင်ဂေါပကအဖွဲ့ဝင်တစ်ဦးကပြောသည်။

အဆိုပါ သေဆုံးမှုကို ပိတ်ချင်းမြောင်ရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ် ၂/၂၀၁၃ဖြင့် အမှုဖွင့်ကာ သေဆုံးသူအားပြင်ဦးလွင်ဆေးရုံသို့ပို့ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## မုံရွာကြေးနီစီမံကိန်း ဒေါ်လာသန်း ၁,၅၀၀ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ-၉**

ဝမ်ပေါင်ကြေးနီတူးဖော်ရေး ကုမ္ပဏီမှ မုံရွာကြေးနီစီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ရန် ဒေါ်လာသန်း ၁၅၀၀ ရင်းနှီးမြှုပ်နှံရန် စီစဉ်ထားကြောင်း ယခုလတွင် ထုတ်ပြန်လိုက်သော ၂၀၁၂ခုနှစ်မုံရွာကြေးနီ စီမံကိန်း (မြန်မာ)လူမှုပတ်ဝန်းကျင်နှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းမှတ်တမ်းစာအုပ်တွင် ဖော်ပြထားသည်။

“ဝမ်ပေါင်ကြေးနီတူးဖော်ရေးကုမ္ပဏီရဲ့ မုံရွာကြေးနီစီမံကိန်း လုပ်ကိုင်ဆောင်ရွက်ဖို့ ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာသန်း ၁၅၀၀ လျာထားပါတယ်။ မြန်မာနိုင်ငံမှာ Wanbao Mining ကုမ္ပဏီအနေနဲ့ Myanmar Wanbao Mining Copper Ltd. နှင့် Myanmar Yang Tse Copper Ltd. ဆိုပြီး တရားဝင်ကြေးနီတူးဖော်ရေးလီမိတက်အဖြစ် မှတ်ပုံတင်ထားပြီး စည်းကမ်းဥပဒေတွေကို တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိပါတယ်”ဟု မုံရွာကြေးနီစီမံကိန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မြန်မာဝမ်ပေါင်ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် မြန်မာဝမ်ပေါင်ကုမ္ပဏီမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လက်ပံတောင်းတောင်ကြေးနီတူးဖော်ရေး စီမံကိန် အတွက် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်းတစ်ထောင် လျာထားပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် Cathode Copper ကြေးနီကို နှစ်စဉ်တန်ချိန် တစ်သိန်းထုတ်လုပ်ရန် လျာထားကြောင်း သိရသည်။ စံပယ်တောင်နှင့် ကြေးစင်တောင်ကြေးနီတူးဖော်ရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၄၃၉ သန်း လျာထားသည်ဟုဆိုသည်။

၂၀၁၂ခုနှစ်အတွင်းCathode Copperကို နှစ်စဉ် တန်ချိန်တစ်သောင်းငါးထောင်ထုတ်လုပ်နိုင်ခဲ့သည်။လာမည့်၂၀၁၅ခုနှစ်အတွင်း Cathode Copper ကို နှစ်စဉ် တန်ချိန် သုံးသောင်းကိုးထောင်အထိတိုးမြှင့်ထုတ်လုပ်နိုင်ရန်မျှော်မှန်းထားကြောင်း သိရှိရသည်။

မုံရွာခရိုင်အတွင်း ကြေးနီတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော စံပယ်တောင်၊ ကြေးစင်တောင်နှင့်လက်ပံတောင်းတောင် စသည့်သတ္တုသိုက်လေးသိုက်အနက်လက်ပံတောင်းတောင်သတ္တုသိုက်သည် သတ္တုပမာဏအများဆုံးဖြစ်ပြီး သတ္တုသိုက်လေးခုပေါင်း သတ္တုပမာဏအားလုံး၏ ၇၅ရာခိုင်နှုန်း ပါဝင်နေကြောင်း ၂၀၁၂ခုနှစ် မုံရွာကြေးနီစီမံကိန်း (မြန်မာ)လူမှုဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်လုပ်ငန်းမှတ်တမ်းစာအုပ်တွင် ဖော်ပြချက်များအရသိရှိရသည်။

အဆိုပါစာအုပ်တွင် (၁) အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကဏ္ဍ (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ (၃) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်းကဏ္ဍ (၄) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု စီမံခန့်ခွဲရေးစနစ် (HSE စီမံအုပ်ချုပ်ရေးစနစ်)ကဏ္ဍ (၅) ဒေသခံများနှင့် ချစ်ခင်ရင်းနှီးမှုတည်ဆောက်ခြင်းကဏ္ဍ စသည့် ကဏ္ဍအလိုက် ရေးသားပြုစုထားသည်။



## လျှောင်သင့်ထူပါရုံစေတီတော်ကြီး မူလပုံသဏ္ဌာန်ဖြစ်အောင် အကြီးစားပြုပြင်မည်

**အောင်သစ်လွင်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၄**

လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသောစစ်ကိုင်းမြို့ရှိ သမိုင်းဝင်ထူပါရုံစေတီတော်ကြီးကို သီရိလင်္ကာနိုင်ငံရှိ ထူပါရာမစေတီတော်ကြီး၏ ပုံသဏ္ဌာန်အတိုင်းသီတဂူသဲကုန်းဆရာတော် အရှင်ဉာဏိဿရက ကြီးမှူး၍ အကြီးစားပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထူပါရုံစေတီတော်မြတ်ကြီးကို အင်းဝဘုရင် နရပတိမင်းကြီးက မြန်မာသက္ကရာဇ် ၈၀၆ခုနှစ်တွင် သီရိလင်္ကာနိုင်ငံရှိ ထူပါရာမစေတီတော်ကြီး၏ ပုံသဏ္ဌာန် အတိုင်းတည်ထားကိုးကွယ်ခဲ့သော်လည်း ခေတ်အဆက်ဆက်က လျှောင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည်ကို ပြန်လည်ပြင်ဆင်ရင်း မြန်မာမှု၊ မြန်မာဟန်သို့ ပြောင်းလဲခဲ့ပြီး မူလပုံသဏ္ဌာန်မှာ ကွယ်ပျောက်ခဲ့ရသည်။

စစ်ကိုင်းရှေးဟောင်းသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးအောင်က ထူပါရုံစေတီတော်ကြီး၏ ပုံသဏ္ဌာန်အားရှေးမူမပျက်စေရန်အထူးအလေးထားသွားမည်ဖြစ်ပြီးပြန်လည်ပြင်ဆင်ခြင်းကြောင့်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ကွယ်ခဲ့ရသော ပုဂံဘုရားများကို သင်ခန်းစာယူသွားမည်ဖြစ်ကြောင်း ပြောသည်။

ထူပါရုံစေတီတော်မြတ်ကြီးသည် သပိတ်ကျင်း လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသော စစ်ကိုင်းမြို့ပေါ်ရှိ ဘုရားစေတီများအနက် တစ်ဆူအပါအဝင်ဖြစ်ပြီး သီရိလင်္ကာနိုင်ငံမှ ထူပါရာမစေတီတော်မြတ်ကြီး၏ပုံသဏ္ဌာန်အတိုင်း ရှေးမူမပျက် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဗိသုကာပညာရှင်မတမ္ဗဝတီ ဦးဝင်းမောင်အားသီတဂူဆရာတော်ဘုရားကြီးက တာဝန်ပေးအပ်ထားကြောင်း သိရသည်။

ဆရာတော်ဘုရားကြီးက "တစ်ပါးတည်း အလှူရှင်အနေနဲ့ ဆန္ဒရှိပြီး နောက်ဆက်တွဲ လျှောင်လေးတွေကြောင့်ပြင်ဆင်ရေးပိုင်းမှာ အခက်အခဲဖြစ်မှာစိုးလို့နှစ်လပိုင်းကုန်တဲ့အထိ စောင့်ကြည့်နေခဲ့တာပါ" ဟု ဆရာတော်ကြီး၏



ဩဝါဒခံ ဆရာတော်ဦးကိတ္တိဗလက မိန့်ကြားသည်။

စစ်ကိုင်းမြို့ပေါ်တွင် ရှေးဟောင်းစေတီပေါင်း တစ်ထောင့်သုံးရာကျော်ရှိကြောင်း စစ်ကိုင်းတိုင်းခရိုင် သာသနာရေးဦးစီးဌာနက အတည်ပြုပြောကြားပြီး သပိတ်ကျင်း လျှောင်ဒဏ်ကြောင့် စေတီတော် ငါးဆယ့်ကိုးဆူမှာ အကြီးစားပြန်လည် ပြင်ဆင်ရသည်အထိ ပျက်စီးမှုရှိခဲ့ကာ သီတဂူဆရာတော် အရှင်ဉာဏိဿရက ထူပါရုံစေတီတော်အပြင် မင်္ဂလာမဟာစေတီ၊ ဆင်ဖြူများရှင်ဘုရားတို့ကို ပြုပြင်မည်ဖြစ်ပြီး ကျန်စေတီတော်များကို ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒနှင့် အလှူရှင်များက စုပေါင်း ပြင်ဆင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထူပါရုံစေတီတော်ကြီးသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၆၀ သက်တမ်းရှိပြီး သမိုင်းတစ်လျှောက်အင်အားပြင်းလျှောင်ဒဏ် ခြောက်ကြိမ် ခံခဲ့ရကာ မြန်မာသက္ကရာဇ် ၁၃၃၃ ခုနှစ်တွင် စစ်ကိုင်းတောင်ရှိ ဒီပါမြေချောင်သာသနာပြုဆရာတော် အရှင်နန္ဒသီရိမဟာထေရ်က နောက်ဆုံးအကြိမ်ပြန်လည်ပြင်ဆင်ခဲ့ဖူးကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

## မန္တလေး တံတားဦးလေဆိပ်တွင် ဆိုက်ရောက်ဗီဇာ ၂၂ နိုင်ငံ ထပ်တိုးထုတ်ပေး

**မောင်တာ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

ယခင်က ဆိုက်ရောက်ဗီဇာထုတ်ပေးခြင်းမရှိသေးသည့် ဥရောပနိုင်ငံများ၊ အစ္စရေးနှင့် ကနေဒါနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအား ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ မန္တလေးတံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဆိုက်ရောက်ဗီဇာ ထုတ်ပေးနေပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ သတင်းရရှိသည်။

အာဆီယံဒေသတွင်း နိုင်ငံများ၊ အာရှနိုင်ငံများနှင့် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံအချို့ ပါဝင်သော ၂၆ နိုင်ငံကိုပြီးခဲ့သည့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁ ရက်ကတည်းက ဆိုက်ရောက်ဗီဇာထုတ်ပေးနေခဲ့ရာ ယခုထပ်တိုးနိုင်ငံများအပါအဝင် တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ဆိုက်ရောက်ဗီဇာထုတ်ပေးသည့်နိုင်ငံ ၄၈ နိုင်ငံအထိ ရှိလာပြီဖြစ်ကြောင်း ထိုလေဆိပ်တာဝန်ခံ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးဦးသန်းဝင်းက ပြောသည်။

"စီးပွားရေး အခွင့်အလမ်းတွေ ပိုပွင့်လာအောင်၊ စီးပွားရေးသမားတွေ အခက်အခဲမရှိ လွယ်လွယ်ကူကူလျင်လျင်မြန်မြန် ဝင်လာနိုင်အောင် စီးပွားရေး သမားတွေကို အဓိကထားပြီး ဆိုက်ရောက်ဗီဇာထုတ်ပေးတာပါ" ဟု ဦးသန်းဝင်းက ပြောသည်။

ဆိုက်ရောက်ဗီဇာ (Visa on Arrival) ထုတ်ပေးရာတွင် စီးပွားရေးဗီဇာ အမျိုးအစားဖြစ်သည့် လုပ်ငန်းဗီဇာ၊ ပြည်ဝင်ဗီဇာ၊ ဖြတ်သန်း ဗီဇာတို့ကိုသာ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အလည်ပတ်ဗီဇာအတွက်မူ ခရီးသွားကုမ္ပဏီနှင့် ဟိုတယ်ခရီးဝန်ကြီးဌာနတို့ ချိတ်ဆက်ညှိနှိုင်းပြီး ဟိုတယ်ခရီးဝန်ကြီးဌာန၏ ထောက်ခံလျှာထားချက်ပေါ်မူတည်ကာ စိစစ်ထုတ်ပေးခြင်းဖြစ်ကြောင်း ဦးသန်းဝင်းက ဆိုသည်။

ဆိုက်ရောက်ဗီဇာထုတ်ပေးရာတွင် လုပ်ငန်းဗီဇာ ၇၀ ရက်အား ဝန်ဆောင်ခ အမေရိကန်ဒေါ်လာ ၅၀ ၊ ပြည်ဝင်ဗီဇာ ၂၈ ရက်အား ဒေါ်လာ ၄၀ ဖြတ်သန်းဗီဇာ ၂၄ နာရီအား အမေရိကန်ဒေါ်လာ ၂၀ ဖြင့် ထုတ်ပေးမည်ဖြစ်ပြီး ဟိုတယ်ခရီးဝန်ကြီးဌာနနှင့် ချိတ်ဆက်လျှောက်ထားသည့် အလည်ပတ်ဗီဇာ ၂၈ရက်အတွက် ဒေါ်လာ ၃၀ အဖြစ် သတ်မှတ်ကောက်ခံကြောင်း သိရသည်။

နိုဝင်ဘာ ၁ ရက်မှစတင်၍ ဆိုက်ရောက်ဗီဇာထုတ်ပေးခဲ့ရာတွင် ဖေဖော်ဝါရီ ၈ ရက်အထိ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဆိုက်ရောက်ဗီဇာ ထုတ်ယူသူ ၇၁ ဦးရှိခဲ့ပြီး အမေရိကန်၊ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ထိုင်းနိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များ အများဆုံးဖြစ်ကြောင်း၊ ခရီးသွားကုမ္ပဏီနှင့် ဟိုတယ်ခရီးဝန်ကြီးဌာနတို့ ချိတ်ဆက်လျှောက်ထားမှုဖြင့် နိုင်ငံစုံမှ အလည်ပတ်ဗီဇာ ထုတ်ယူသူ ၁၅၀ ဦးခန့်ရှိကြောင်း တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ သိရသည်။

မန္တလေးတံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ လတ်တလောတွင် တရုတ်၊ ထိုင်းနိုင်ငံတို့နှင့်သာ တိုက်ရိုက်ချိတ်ဆက်ပျံသန်းနိုင်ရန် လိုအပ်နေသည်။

တံတားဦး လေဆိပ်တွင် ဆိုက်ရောက်ဗီဇာ ထုတ်ယူနိုင်သော နိုင်ငံများမှ အာဆီယံနိုင်ငံများ၊ အီးယူအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်၊ အိန္ဒိယ၊ တိုင်ပေနှင့် အမေရိကန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ အစ္စရေး၊ ကနေဒါ စသည့် နိုင်ငံပေါင်း ၄၈ နိုင်ငံဖြစ်သည်။

## မန္တလေးသည် လူကုန်ကူးမှု တတိယအများဆုံး ဖြစ်ပွားသည့်မြို့ဟုဆို

**မောင်တာ**

**မန္တလေး၊ ဖေဖော်ဝါရီ -၉**

မန္တလေးမြို့သည် မြန်မာနိုင်ငံတွင် လူကုန်ကူးခံရမှု တတိယအများဆုံးမြို့ဖြစ်ကြောင်း မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးရေး အထူးအဖွဲ့ခေါင်းဆောင် ဒု-ရဲမှူးကြီးညွှန့်လှိုင်က ပြောသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးခံရမှု အများဆုံး ဖြစ်ပွားသော ဒေသမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဖြစ်ပြီး ဒုတိယအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ဖြစ်ပြီး တတိယအများဆုံးမှာ မန္တလေးမြို့ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

နယ်စပ်ဒေသများတွင် အသက် ၁၅ နှစ်နှင့်အထက် ဆယ်ကျော်သက် အရွယ်အမျိုးသမီးငယ်များမှာ လူကုန်ကူးခြင်း၏ သားကောင်များအဖြစ် အဖြစ်များပြီး မြန်မာနိုင်ငံအလယ်ပိုင်း မြို့၊ရွာများတွင် အသက်နှစ်ဆယ်ကျော်အရွယ်အမျိုးသမီးများအဖြစ်များကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့မှ သိရသည်။

မန္တလေးမြို့တွင်နေထိုင်ပြီး ပညာမတတ်မြောက်သူများ၊ စီးပွားရေးမပြေလည်သူများနှင့် မိသားစုအတွင်း အဆင်မပြေဖြစ်နေသူ အမျိုးသမီးများမှာ လူကုန်ကူးပွဲစားများ အဓိကပစ်မှတ်ဖြစ်နေပြီး တရုတ်နိုင်ငံသို့ အများဆုံး လူကုန်ကူးခံရခြင်းဖြစ်ကြောင်းဒုရဲမှူးကြီးညွှန့်လှိုင်က ဖေဖော်ဝါရီ ၅ ရက်တွင် သတင်းထောက်များအား ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁အတွင်းလူကုန်ကူးမှု ၁၃၆ မှု၊ ၂၀၁၂ တွင် ၁၂၀ မှုဖြစ်ပွားခဲ့ပြီး ၎င်းတို့တွင်မြန်မာအမျိုးသမီးများအား တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် တရုတ်နိုင်ငံသို့ လူကုန်ကူးမှုအများဆုံးဖြစ်ပြီး စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံပြီးလျှင် ထိုင်းနိုင်ငံသို့ကုန်ကူးမှု ၂ ရာခိုင်နှုန်း၊ ပြည်တွင်းတွင် ၁၀ ရာခိုင်နှုန်း လူကုန်ကူးခံနေရပြီး လူကုန်ကူးခံရသည့်အမျိုးသမီးများသည် တရားမဝင်လက်ထပ်ရန်၊ ပြည့်တန်ဆာအဖြစ်စေခိုင်းရန်နှင့် ပြည်တွင်းတွင်အတင်းအဓမ္မ အလုပ်ခိုင်းစေရန်လူကုန်ကူးခံရခြင်းမှာ အများဆုံးဟု ဒုရဲမှူးကြီးညွှန့်လှိုင်က ဆိုသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရာတွင် လူကုန်ကူးခြင်းမှကယ်တင်ခံရသူသည် အကြောင်းအမျိုးမျိုးကြောင့်

စာမျက်နှာ(၁၈)သို့



# နေပြည်တော် ပျဉ်းမနားတွင် သံဃာချင်း ခိုက်ရန်ဖြစ်ပွားပြီး သံဃာတော်တစ်ပါး ပျံလွန်တော်မူ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၈**

သံဃာတော်အချင်းချင်း ခိုက်ရန်ဖြစ်ပွားပြီး သံဃာတော်တစ်ပါး ပျံလွန်တော်မူခဲ့ရသော ဖြစ်စဉ်တစ်ခု ဖေဖော်ဝါရီ လ ၇ ရက်က နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားတွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာဖေဖော်ဝါရီ၇ရက် ညနေ၃နာရီခွဲခန့်ကနေပြည်တော် ကောင်စီနယ်မြေ၊ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်(၃) လမ်း၊ အ. ထ. က (၂) အနီး လမ်းကြားထဲတွင် သံဃာတော်တစ်ပါးမှာပျံလွန်တော်မူနေကြောင်း တွေ့ရ၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးရာ ယင်းမှာ ဦးဝိမလ (ခ) ဝင်းသိန်း (၂၈ နှစ်) ဖြစ်ကြောင်း သိရပြီး အလောင်းအား နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ပို့ဆောင်စစ်ဆေးခဲ့ရကြောင်း သတင်းရရှိသည်။

မှုခင်းဆေးပညာအရ စစ်ဆေးရာတွင် အလောင်းမှာ ဓမ္မတာအတိုင်း သေဆုံးခြင်း မဟုတ်ဘဲ ညာဘက်ရင်အုံတွင် တြိဂံပုံစံ စူးဝင်ဒဏ်ရာတစ်ချက်ကြောင့် သေဆုံးခြင်းဖြစ်သဖြင့် ပျံလွန်သူ ဦးဝိမလ၏ သီတင်းသုံးရာ ကျောင်းတိုက်အတွင်း စုံစမ်းစစ်ဆေးရာတွင် အတူတူ သီတင်းသုံးနေထိုင်ကြသော ဦးပဏ္ဍိတ (လူအမည် မောင်မြင့်၊ ၄၆ နှစ်) ရွှေချီရပ်ကွက်နေသူအားဦးဝိမလက အခန်းတွင်းဝင်ရောက်ကာ တုတ်ဖြင့် ရိုက်ခဲ့ကြောင်း၊ ထိုသို့ရိုက်ပြီးနောက် ဦးဝိမလက ဦးပဏ္ဍိတအား ကန်သာအေးဆေးခန်းသို့ လိုက်ပို့ပေးပြီး အပြန်လူပြတ်သောနေရာတွင်သုံးမြှောင့်တံစဉ်းဖြင့် ဦးပဏ္ဍိတက ဦးဝိမလအားထိုးခဲ့၍ပျံလွန်ခဲ့ကြောင်း သတင်းရရှိသည်။

အမှုကို နေပြည်တော် ရဲစခန်း(ပ)၇၂/၂၀၁၃ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (လူသတ်မှု) အရ အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူဟုယူဆသော ဦးပဏ္ဍိတအား လူဝတ်လဲစေကာ ဖမ်းဆီးခဲ့သည်။

# ဧရာဝတီမြစ်ရေနည်း၍ နေရာအချို့ ရေကြောင်းကြပ်



*သောင်ထွန်းနေသော ဧရာဝတီမြစ်ကြောင်းတစ်နေရာ* — ဓာတ်ပုံ-အိဖြူမွန်

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ-၁၀**

ဧရာဝတီမြစ်ရေမှာ ယခုနှစ်တွင် ယခင်နှစ်များကထက် အကျမြန်သောကြောင့် သဲသောင်များ ပေါ်လာသဖြင့် မန္တလေး-ပုဂံ၊ မန္တလေး-ဗန်းမော် ခရီးစဉ်များတွင် ရေကြောင်းကျပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း မန္တလေး-ပုဂံ ခရီးသည်တင်သင်္ဘော မာလိန်မှူးအချို့က ပြောသည်။

မန္တလေး-ပုဂံပြေးဆွဲနေသော MGRG Express မှ ဈေးကွက်မန်နေဂျာက "ဒီနှစ်ဧရာဝတီ ရေလျှာက ပါးတယ်။ ဧရာဝတီမြစ်ကူးတံတား (စစ်ကိုင်းအင်းဝတံတား) မှာဆိုရင် အရှေ့ဘက် နှစ်ခန်းလောက်ပဲ ရေရှိတော့တယ်။ ခရီးသည် သင်္ဘောတွေရော၊ ကုန်သင်္ဘောတွေရော၊ စစ်ကိုင်းမှ ပုဂံအထိ ရှေ့က ပဲ့ဒေါင်းစက်လှေနဲ့ ရေကြောင်းကို ထောက်ပြီးမှ သွားနေရတယ်။

"မြင်းမူနဲ့ စစ်ကိုင်းအကြား အဆိုးဆုံးပါပဲ။ ဧရာဝတီဟာ ဒီအတိုင်းသာ ဆိုရင် ရေစူးသုံးပေအထက် သင်္ဘောတွေ သွားရမှာမဟုတ်တော့ဘူး။ ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းရေးကို နိုင်ငံတကာ အကူအညီနဲ့ စနစ်တကျဆောင်ရွက်သင့်ပါပြီ" ဟုၡင်း၏အမြင်ကို ပြောသည်။

# တရုတ်သို့ တရားမဝင်တင်ပို့မည့် အေးခဲအမဲသား ပိဿာချိန် သောင်းချီဖမ်းမိ

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ -၉**

မန္တလေးမြို့မှ တရုတ်နိုင်ငံသို့ တရားမဝင် မှောင်ခိုတင်ပို့လျက်ရှိသော အေးခဲအမဲသားပိဿာချိန် တစ်သောင်းကျော်အား ဖေဖော်ဝါရီပထမပတ်အတွင်း က ဖမ်းဆီးရမိခဲ့ကြောင်းသတင်းရရှိသည်။

ဖေဖော်ဝါရီ ၂ရက်နေ့နံနက် ၁၁ နာရီ အချိန်က ချမ်းမြသာစည်မြို့နယ်၊ ကံရွာ အကွက်အမှတ် ၈၆၇၊ အိမ်အမှတ်××နေ ကိုနေအောင်၏ နေအိမ်အတွင်းသို့ဝင်ရောက်စစ်ဆေးရာ အနံပေ ၃၀ အလျား ၃၈ ပေ၊ အမြင့် ၁၃ ပေရှိ အအေးခန်းထဲမှ နွားထွက်ကုန်ပစ္စည်းများဖြစ်သော အမဲသား ၁၅ပိဿာ အပါအဝင်အမဲထွက်ပစ္စည်း ငါးမျိုး ၁၅ ပိဿာ(၇၁၀ အိတ်)၊ စုစုပေါင်း ပိဿာ ၁၀,၆၅၀ ကျော် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အမဲသားများကို တရုတ်နိုင်ငံသို့ နှစ်သစ်ကူးအမီပို့ပေးရမည်ဖြစ်ပြီး လိုင်စင်မဲ့ နွားထွက်ကုန်ပစ္စည်းများ ရောင်းဝယ်သူ ဦးဇော်ဝင်း(၃၁နှစ်) နှင့် ပါဝင်ပတ်သက်နေသူများအားမြို့တော်စည်ပင်အက်ဥပဒေပုဒ်မ - ၂၆ အရစည်ပင်အထူးတရားရုံးသို့တရားစွဲဆို တင်ပို့ထားကြောင်း သိရသည်။

အလားတူမန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ယောမင်းကြီးလမ်း ညာဘက်ခြမ်းရှိ အကွက်အမှတ် G-5/Bခြံဝင်းအတွင်းနေ ဦးမောင်ရွှေ(၄၈) နှစ်ထံမှ ၂၅ ကေဂျီ ၁၅ ပိဿာဝင် (၁၃၆၄အိတ်) ၂၀၄၆၀ပိဿာ၃၄ဒသမ၁တန်ကို ဇန်နဝါရီ ၂၅ ရက် ညနေ ၄နာရီခွဲက ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ၎င်းညနေ ၅ နာရီ၁၀မိနစ်ခန့်ကပြည်ကြီးတံခွန်မြို့နယ် စက်မှု (၁) ရပ်ကွက်၊ စံပြလမ်းနှင့် မင်္ဂလာလမ်း၊ ဇ ရပ်ကွက် F.7/A ခြံဝင်းအတွင်းနေဦးကျော်မျိုးဝင်း(၄၁နှစ်)ထံမှ ၂၅ကေဂျီ၁၅ ပိဿာဝင် အိတ် ၈၀၀၊ ပိဿာချိန် ၁,၂၀၀၊ တန် ၂၀ အားဖမ်းဆီးရမိခဲ့သည်။ ၎င်းအမဲသားများသည် တရုတ်နိုင်ငံ နှစ်သစ်ကူးပွဲတော်အတွက် တရုတ်နယ်စပ် ရွှေလီ၊ ရွှေလီမြို့မှ ကူမင်း၊ ကူမင်းမြို့မှ ဘေဂျင်းမြို့အထိ တင်ပို့ရောင်းချမည့် အမဲသားများဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်မြေအတွင်း၌ ၅ လခန့်အတွင်း တရုတ်နိုင်ငံသို့တရားမဝင်မှောင်ခိုပို့မည့် အေးခဲအမဲသားပိဿာ၆၉၄၀၅ရှိကြောင်း မြို့တော်စည်ပင်၏ တရားစွဲဆိုသည့်မှတ်တမ်းများအရသိရသည်။

PPH နည်းစနစ်ကိုအသုံးပြု၍ လိပ်ခေါင်းရောဂါကို တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း



အမျိုးသားများအတွက် အားဖြည့်စခန်း





ကုသမှုအကျိုးရှိရန် အာမခံချက်ပေးသည်။

ခေတ်မီ ဆေးကုခန်း ဖုန်း – ၀၉ ၄၂၁၁၈၀၈၀၀
အမှတ် (၈)၊ စဉ့်အိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

စာမျက်နှာ(၁၆)မှ

## မန္တလေးသည် လူကုန်ကူးမှု တတိယအများဆုံးဖြစ်ပွားသည့်မြို့ဟုဆို

တရားရုံးတွင် အမှန်တိုင်းမထွက်ဆို၊ မပူးပေါင်းခြင်းများကြောင့် အခက်အခဲဖြစ်ရကြောင်း ဦးညွန့်လှိုင်က ပြောသည်။

နယ်စပ်ဒေသများတွင် မြန်မာမိန်းကလေးများ တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် လူကုန်ကူးပွဲစားများက ရောင်းစားထားသည်ကို ကာယကံရှင်မိန်းကလေးနှင့် မိဘများကမသိရှိကြကြောင်း၊ တစ်အိမ်ထောင်ကလေးတစ်ယောက် နှုန်းသာမွေးဖွားခွင့်ရှိသောတရုတ်နိုင်ငံတွင်အမျိုးသမီးရှားပါးလျက်ရှိရာတရုတ်အမျိုးသားများကတရားမဝင်လက်ထပ်ထားသော မြန်မာအမျိုးသမီးငယ်များနှင့် ပေါင်းသင်းလိုမှုရှိရာ ထိုသို့လက်ထပ်ခြင်းကို ရိုးရာတစ်ခုကဲ့သို့ မှတ်ယူသူများရှိလာကြောင်း ဦးညွန့်လှိုင်က ပြောသည်။

လူကုန်ကူးမှု တားဆီးကာကွယ်ရေး နယ်စပ်ဒေသနှင့် မြို့ကြီးများတွင်လူကုန်ကူးမှုတားဆီးရေးအထူးအဖွဲ့ ၂၆ ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိပြီး အမေရိကန်အစိုးရလူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ (WalkFree)တို့နှင့်ပူးပေါင်းကာအရှိန်မြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ရဲမှူးချုပ် ဦးခင်မောင်စိုး က ပြောသည်။

ကမ္ဘာပေါ်တွင်လူကုန်ကူးပွဲစားများမှာလူကုန်ကူးခြင်းလုပ်ငန်းမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံအကျိုးအမြတ်ရရှိနေပြီး နှစ်စဉ်ကမ္ဘာ့ပြည်သူ သန်း ၂၀ မှ ၂၅ သန်းကြားမှာ လူကုန်ကူးခံရခြင်းကြောင့် အတိဒုက္ခရောက်နေကြရကြောင်း ရဲမှူးချုပ် ခင်မောင်စိုး က ဆိုသည်။

မြန်မာနိုင်ငံတွင်လူကုန်ကူးမှု ကာကွယ်တားဆီးရေးဥပဒေပြဋ္ဌာန်းနိုင်ခဲ့သည့် ၂၀၀၅နောက်ပိုင်း ၂၀၀၆ ခုနှစ်မှ ၂၀၁၂ခုနှစ်အတွင်း လူကုန်ကူးမှု ၈၃၆ မှု နှင့် လူကုန်ကူးပွဲစား ၂,၄၈၃ဦးကိုဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၁,၉၇၆ ဦးကို လူကုန်ကူးခံရခြင်းမှ ကာကွယ်တားဆီးပေးနိုင်ခဲ့ကြောင်းလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ သိရသည်။

## ကိုရီးယား သွားရောက်လုပ်ကိုင်သူများ စာချုပ်ဖောက်ဖျက်ပါက ကျပ်သိန်း ၃၀ လျော်ရမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၇**

ကိုးရီးယားသမ္မတနိုင်ငံသို့ EPS (တရားဝင်အလုပ်သမားစေလွှတ်သော စနစ်)ဖြင့် သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများသည် ခံဝန်ကတိစာချုပ်အား ဖောက်ဖျက်ပါက ကျပ်သိန်း ၃၀ ပေးလျော်ရမည်ဖြစ်ကြောင်း အစိုးရ ပြည်ပအလုပ်အကိုင်အေဂျင်စီမှ အရာရှိတစ်ဦးက ပြောသည်။

EPS စနစ်ဖြင့် သွားရောက်လုပ်ကိုင်သူများသည် ကိုရီးယားနိုင်ငံတွင်း တရားမဝင် အလုပ်သမားအဖြစ် နေထိုင်ခြင်းမရှိစေရန် မြန်မာနိုင်ငံမှ မထွက်ခွာမီ ၎င်းတို့အား ခံဝန်ကတိစာချုပ် ချုပ်ဆိုရသည်။ စာချုပ်ချုပ်ရန် အာမခံရှိရမည်ဖြစ်သည်။ ယင်းစာချုပ်အား အလုပ်သမားဘက်မှ လိုက်နာမှုမရှိပါက အစိုးရအေဂျင်စီသို့ လျော်ကြေး ကျပ်သိန်း ၃၀ ပေးလျော်ရမည်ဖြစ်သည်။

"အလုပ်သမားကနေ တရားမဝင်နေထိုင်ခဲ့ရင် အာမခံတဲ့ ပုဂ္ဂိုလ်ပေါ့၊ သူ့ရဲ့အဖေ၊ ဦးလေး စတဲ့ တာဝန်ခံတဲ့သူက လျော်ရမှာပေါ့" ဟု အထက်ပါပုဂ္ဂိုလ်က လျော်ကြေးပေးရမည့်ပုံစံကို ပြောသည်။

ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်ကာလ သက်တမ်းကျော်လွန်သော တရားမဝင်မြန်မာ အလုပ်သမားများသည် ဗီဇာသက်တမ်းကျော်လွန်ခြင်း၊ စာချုပ်ချုပ်ဆိုထားသော စက်ရုံ၊ အလုပ်ဌာနမှ ထွက်ပြေးပြီး အခြားအလုပ်သို့ တရားမဝင် သွားရောက်လုပ်ကိုင်လေ့ရှိကြောင်း သတင်းရရှိသည်။

"တရားမဝင် အလုပ်သမားဆိုရင်တော့ သူတို့သေဆုံးခဲ့ရင်၊ ထိခိုက်ခဲ့ရင်ဥပဒေအရအလုပ်သမားခံစားခွင့်လျော်ကြေးဘာမှမရဘူး။ တရားမဝင် နေထိုင်ခြင်းက နိုင်ငံရဲ့ ဂုဏ်သိက္ခာလည်း ထိခိုက်နိုင်တယ်။ MOU ကိုလည်း ထိခိုက်နိုင်တယ်" ဟု ၎င်းကပြောသည်။

၂၀၁၂ ခုနှစ်ကုန်အထိ EPS စနစ်ဖြင့် သွားရောက် လုပ်ကိုင်သူလုပ်သား ၆,၀၀၀ ကျော်ရှိခဲ့ပြီး လုပ်သား ၂၀၀ ကျော်ခန့်မှာ တရားမဝင်နေထိုင်လျက်ရှိသည်။ တရားမဝင် အလုပ်သမားများသည် လျော်ကြေးငွေပေးရမည့်အပြင် ကိုရီးယားနိုင်ငံတွင် ၎င်းတို့အား အမည်မည်းစာရင်းသွင်းထားသော ငါးနှစ်အတွင်း သွားရောက်လုပ်ကိုင်နိုင်မည်မဟုတ်ပေ။ သို့သော် ငါးနှစ်ကျော်ပါက ကိုရီးယားနိုင်ငံသို့ တရားဝင် သွားရောက်လုပ်ကိုင်နိုင်ခွင့်ရှိကြောင်း သတင်းရရှိသည်။

ကိုရီးယားနိုင်ငံသို့ အလုပ်လုပ်ရန် သွားရောက်ခဲ့သူများမှ ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ပြည်ဝင်ခွင့်မရသဖြင့် ပြန်လည်စေလွှတ်ခံရသူ ၇၀ ကျော်ရှိခဲ့သည်။ ၎င်းတို့သည် ကိုရီးယားနိုင်ငံတွင်း တရားမဝင်နေထိုင်ခဲ့ပြီးပြည်တွင်းသို့ပြန်လည်ရောက်ရှိကာ အမည်၊ မွေးသက္ကရာဇ်တို့အား ပြောင်းလဲ၍ နိုင်ငံကူးလက်မှတ်အသစ်ဖြင့် ဝင်ရောက်ခဲ့ခြင်းကြောင့် ကိုရီးယားနိုင်ငံ အင်ချွန်းလေဆိပ် လူဝင်မှုကြီးကြပ်ရေးဌာနက ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် EPS စနစ်ဖြင့် အမျိုးသမီးအလုပ်သမား စေလွှတ်မှုကို စောင့်ကြည့်လေ့လာလျက်သာရှိပြီး ပြည်ပသို့ အမျိုးသမီးအလုပ်သမား စေလွှတ်မှုကိုအလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဌာနမှ အမျိုးသမီးအလုပ်သမား ငါးဦးအထက်ရှိသော အလုပ်ဌာနများကိုသာ ခွင့်ပြုထားသည်။ အမျိုးသမီး လုပ်သားစေလွှတ်မှုတွင် အိမ်ဖော်၊ ဖျော်ဖြေရေး အလုပ်နေရာတို့တွင်လုပ်ကိုင်ခွင့်မရှိကြောင်းလည်း သတင်းရရှိသည်။

"အမျိုးသမီးအလုပ်သမားစေလွှတ်တဲ့အခါ အခြေခံမူလေးတော့ရှိတယ်။ စေလွှတ်မယ့် ဌာနမှာ အမျိုးသမီး ငါးဦးအထက်မနည်း ရှိနေရမယ်။ တစ်ကြိမ်လွှတ်ရင် နှစ်ယောက်ရှိရမယ်။ အဲဒီအပေါ်မှာ အဲဒီအတိုင်း လက်ခံပေးပါမယ်ဆိုတဲ့ ကတိမျိုးတော့ ကိုရီးယား နိုင်ငံဘက်က မရသေးဘူး။ လတ်တလော စောင့်ကြည့်လေ့လာနေရတယ်" ဟု အစိုးရပြည်ပအေဂျင်စီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းမြင့်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

## ပြည်တွင်းအလုပ်အကိုင် အေဂျင်စီများ စပေါ်ငွေဆယ်ဆ တိုးတင်ရမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၈**

လိုင်စင်ရပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအား ယခုနှစ်မှစ၍ ယခင်နှစ်များထက် စပေါ်ငွေအား ၁၀ ဆ တိုးမြှင့်သတ်မှတ်လိုက်ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

လိုင်စင်ရပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအနေဖြင့် ၎င်းတို့အေဂျင်စီမှ အလုပ်ရှာဖွေသူများ ထိခိုက်နစ်နာဆုံးရှုံးမှုများအားဖြေရှင်းပေးခြင်းမရှိပါက စပေါ်ငွေများထဲမှဖြတ်တောက်မည်ဖြစ်သည်။ လက်ရှိတွင် လိုင်စင်ရ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ(၁၃)ခုသာခွင့်ပြုထားပြီး စပေါ်ငွေအား ကျပ်သုံးသိန်းမှ သိန်း ၃၀ အထိ တိုးမြှင့်ကောက်ခံခဲ့ခြင်းဖြစ်သည်။

"အလုပ်ရှာတဲ့သူတွေကို အလုပ်ခန့်တဲ့နေရာမှာ သူတို့ပြောတဲ့ အခွင့်အရေးအတိုင်းရှာပေးရမယ် ပြောလာတဲ့လစာအတိုင်းမရတာတို့၊ အခွင့်အရေးမရတာရှိရင် အလုပ်သမားဝန်ကြီးဌာနကိုတိုက်ရိုက်တိုင်နိုင်တယ်။သူတို့ဘက်က မဖြေရှင်းပေးရင် သူတို့ထားရှိထားတဲ့ စပေါ်ငွေထဲက ပေးလျော်ရမယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့အပြင် အလုပ်ရှာသူများအနေဖြင့် အလုပ်ရှာဖွေရေးအေဂျင်စီများသို့ ဝန်ဆောင်ခကုန်ကျစရိတ်ပေးစရာမလိုဘဲ လုပ်သားလိုအပ်သည့် ကုမ္ပဏီဘက်ကသာ ဝန်ဆောင်ခပေးရမည်ဟု တရားဝင်သတ်မှတ်ထားသည်။တရားမဝင် အေဂျင်စီများတွင် ပြဿနာတစ်စုံတစ်ခု ဖြစ်ပေါ်လာပါက ၁၉၅၉ ခုနှစ် ပြည်တွင်းအလုပ်အကိုင် နေရာချထားရေး ဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

"အေဂျင်စီတစ်ခုကတော့ လုပ်ခလစာရဲ့ သုံးပုံတစ်ပုံတော့ပေးရတယ်။ အလုပ်ကလည်းအဆင်မပြေတာများပါတယ်။ နောက်ပိုင်းကိုယ့်ကိုယ်ကိုယ်ပဲ ပြောင်းလျှောက်တော့တယ်" ဟု အသက် ၂၂နှစ်အရွယ် အင်ဂျင်နီယာ ကျောင်းဆင်းတစ်ဦးက ပြောသည်။


## Free Classified

## ဝန်ထမ်းအလိုရှိသည်

### အခမဲ့ကြော်ငြာကဏ္ဍာ

**ဝန်ထမ်းအလိုရှိသည်**

အသက် (၂၀) မှ (၅၀) အတွင်း လုံခြုံရေးဝန်ထမ်း ကျား (၅၀) ဦး

Vertex Security Services Co., Ltd.

အမှတ် ၂၅၄၊ ၄ လွှာ၊ သပြေလမ်း၊ စမ်းချောင်း။ ဖုန်း-၀၁-၅၂၃၀၄၃၊ ၀၉-၄၂၅၂၉၃၄၂၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Phone Operator မ (၃) ဦး

တရုတ်စကား/အင်္ဂလိပ်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုနိုင်ရမည်။

အမှတ် ၃၃၀၊ ကမ်းနားလမ်း၊ ၄ လွှာ၊ လသာမြို့နယ်။

၀၉-၄၃၀၀၉၃၄၆၂၊ ၀၉-၂၀၅၈၄၂၀

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ ဆံပင်ညှပ်ကျွမ်းကျင် မ (၁) ဦး

၂။ ခေါင်းလျှော်/စက်ဆွဲကျွမ်းကျင် မ (၃) ဦး

တိုက် ၁၃၊ အခန်း (၁)၊ တော်ဝင်အိမ်ရာ၊ ဒဂုံမြောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၀၉-၇၃၂၃၁၃၅၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Service Engineer M (2) Posts
2. Sale Engineer M/F (3) Posts
3. Marketing F (3) Posts

အမှတ် (၃၉/၄၁)၊ စန္ဒာမြိုင်စင်တာ၊ အခန်း (၈)၊ အေ (၂)၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၁၀၃၁၁၊ ၅၀၃၃၀၇ လိုင်းခွဲ ၂၃၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်။ အမျိုးသမီးဝတ် ဖိနပ်ကျွမ်းကျင်စွာရောင်းတတ်သူဖြစ်ရမည်။

ဖုန်း-၀၉-၄၂၁၀၂၂၁၉၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Four Star Hotel တွင်တာဝန်ထမ်းဆောင်ရန်အတွက် Reservation မ(၂) ဦး

၄၃၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်။

ဖုန်း-၀၁-၅၃၅၅၃၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ကျွမ်းကျင်ဝန်ထမ်း မ (၂) ဦး

Mlle Collection

အမှတ် ၇၃၊ မြေညီထပ်၊ ရေဝတီလမ်း၊ အလုံ၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၄၉၈၅

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

1. Operation Manager ကျား/မ (၂) ဦး
2. Computer ကျွမ်းကျင် ကျား/မ (၂) ဦး
3. Accountant (စာရင်းကိုင်) ကျား/မ (၂) ဦး
4. Welder (ပြည်တွင်းနည်းပြ ဝရိန်ဆရာ) ကျား(၂) ဦး
5. Ticking/Travel&Tour Manager ကျား/မ (၂) ဦး
6. Tour/Operation Staff ကျား/မ (၂)ဦး

အမှတ် ၃၈၅/၃၈၉၊ ၃ လွှာ (ညာ)၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်း (ထောင့်)၊ Global Tower၊ ကျောက်တံတားမြို့နယ်။ ၀၁-၃၉၈၂၉၉၊၃၉၁၆၉၃၊ ၀၉-၈၆၁၀၄၆၄၊ ၀၉-၅၁၇၃၉၇၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

စာရေးမ (၂) ဦး

ဘွဲ့ရ ရုပ်ရည်သန့်ပြန့်ရမည်။ လှည်းတန်းအနီးနေထိုင်သူ ဦးစားပေးမည်။

SUPERTOP

တိုက် ၂၇၊ (ဒု-ထပ်)၊ 3A/3B ၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ ရာပြည့်စာအုပ်ဆိုင်အပေါ်ထပ်။ ၅၀၄၉၁၃၊ ၀၉-၅၀၅၈၉၃၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Toyota Corolla Fielder, 1800 cc AA Taxi (ခာတ်ဆီ) တစ်လက်ကိုင် နေ့မောင်း အလိုရှိသည်။

ဖုန်း-၀၁-၅၅၈၈၉၄၊ ၀၉-၅၁၇၃၁၉၁၊ ၀၉-၄၂၀၀၀၂၂၇၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

J.L.C Tr.Jue Language Centre

1. Assistant Teacher (English) F (1) post
2. Office Staff (General) F(1) post

အမှတ် ၂၈၄/၂၈၆၊ ပထမထပ်၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်။

ဖုန်း-၀၉-၅၅၀၃၂၀၄၊ ၀၉-၄၂၀၀၃၈၃၅

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

Architect/Project Engineer/Site Engineer/Driver

Ph : 09-49320129

E-mail:ttal12369@gmail.com

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Photoshop နှင့် ဓာတ်ပုံရိုက်ကျွမ်းကျင် အလိုရှိသည်။ ဖုန်း-၀၉-၄၉၆၆၀၅၄၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Sale Man ကျား (၅) ဦး

ယာဉ်မောင်း ကျား (၃) ဦး

အမှတ် (၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။

--------------------------------

**အလိုရှိသည်**

A သွေး အမျိုးအစား ကျောက်ကပ် အလှူရှင်လိုအပ်ပါသည်။

ဖုန်း-၀၉-၈၆၄၁၁၄၈၊ ၀၉-၅၀၉၅၀၅၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Sales & Marketing စိတ်ပါဝင်စားသူများ အလိုရှိသည်။ လခစားမဟုတ်၊ ကော်မရှင်ပေးမည်။ အလုပ်ကြိုးစားလျှင် ကြိုးစားသလောက် အကျိုးရှိစေရမည်။

ဖုန်း-၀၉-၄၉၃၁၄၇၉၉

--------------------------------

**ကိုရီးယားစကားကျွမ်းကျင်ဝန်ထမ်း အလိုရှိသည်**

အသက် ၂၅ နှစ်နှင့်အထက်၊ ဘွဲ့ရ

ဖိုးသားကြီး Travel & Tours

အမှတ် ၁၀၂၄၊ ပြည်လမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်။ ဖုန်း-၆၅၅၀၈၈

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Butchery Assistant M (1) Post
2. Butchery Trainee M (1) Post
3. Sales Assistant M/F (2) Posts
4. Customer Service Assistant (2) Posts
5. Customer Service (1) Post

Quarto Products

No.5, Bayint Naug Lane (1), Thurein Yeike Mon Housing, Ywar Ma Curve, Hlaing Tsp.

Ph : 01-530768

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ယဉ်ယဉ် Mobile Sales&Services

Phone, Software ကျွမ်းကျင်ဝန်ထမ်း (မ) ၁ ဦး အလိုရှိသည်။

L 7, M 10 - ယုဇနပလာဇာ၊ မြေညီ။

ဖုန်း- ၀၉-၇၃၀၀၂၁၁၅

--------------------------------

**အလိုရှိသည်**

၁။ Technician (For Computer) ကျား (၂) ဦး

၂။ Technician (For Mobile) ကျား (၁) ဦး

၃။ ရုံးအကူဝန်ထမ်း ကျား (၁) ဦး

၄။ အရောင်းဝန်ထမ်း ကျား/မ (၃) ဦး

အမှတ် ၂၃/၃၀၊ အောင်ဆန်းအားကစားကွင်း၊ တောင်ဘက်ခြမ်း၊ ရန်ကုန်ဘူတာကြီးရှေ့တည့်တည့်

ဖုန်း-၃၇၄၈၅၇၊ ၀၉-၇၃၁၀၅၄၁၄၊ ၀၉-၇၃၂၄၂၂၅၈

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

နဂါးပျံလက်ဖက်ခြောက်လုပ်ငန်း

၁။ Assistant Account မ (၂) ဦး

၂။ Sales Man ကျား (၅) ဦး

၃။ Sales Executive ကျား (၃) ဦး

၄။ Marketing Executive ကျား (၃) ဦး

၅။ Office Staff မ (၃) ဦး

၆။ Senior Office Staff မ (၂) ဦး

၇။ Driver ကျား (၅) ဦး

၈။ အထွေထွေလုပ်သား ကျား (၅) ဦး

အမှတ် ၄၂၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆိုင်အကူ (၁) ဦး အလိုရှိသည်။

ပညာအရည်အချင်းအနိမ့်ဆုံး ၁၀ တန်းအောင်ရမည်။ ဖုန်း-၀၉-၇၃၁၃၂၅၀၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. HR Manager M/F (2) Posts
2. Operation Manager M/F (2) Posts
3. Marketing Manager M/F (2) Posts
4. Customer Service Manager M/F (2) Posts
5. Admin Manager M/F (2) Posts
6. Senior Accountant M/F (2) Posts
7. Accountant (M/F) 2 Posts

အောင်ဇေယျအိမ်ရာ၊ ကမ်းနားလမ်းနှင့် အလုံလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်။

ဖုန်း-၂၁၄၁၄၈

--------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍာတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍာကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


ကံထူးရှင်တွေထွက်ပေါ်လာပြီ...
ဆိုင်ကယ်ကံထူးရှင်များ
ရေခဲသေတ္တာကံထူးရှင်များ
32"LCD TV ကံထူးရှင်များ
SIM Card ကံထူးရှင်များ
ဆုမဲပေါက်သူများမှတ်ပုံတင်မူရင်းနှင့်တကွလာရောက်ထုတ်ယူပါရန်။
ရင်ခုန်ပျော်ရွှင်
CAR
တစ်ဒါဇင်
AROMA GUSTO
MIKKO
3 in 1
INSTANT
COFFEEMIX
အခုဝယ် အခုပေါက်... အခုခြစ် အခုပေါက်...
ဆုမဲနောက်ဆုံးထုတ်ယူရမည့်ရက်
( ၃၁.၅.၂၀၁၃ )


Na Na Chipboard
ခမ်းနားထည်ဝါလှပ၍ ခေတ်မီဒီဇိုင်းများဖြင့် ထုတ်လုပ်ထားသော Na Na Chipboard ကြိတ်သားပရိဘောဂများသည် ပယောင်းလွှာမျက်နှာပြင်ကို အသုံးပြုထားခြင်းကြောင့် မှိုတက်ခြင်းမှ ကာကွယ်ပေးပြီး သန့်ရှင်းသပ်ရပ်စွာဖြင့် တာရှည်အသုံးပြုနိုင်ပါသည်။
01 - 535694, 205224 02 - 65938, 60810, 34021
PRODUCT BY SWEETY HOME

# Education

7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

## ကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရန်ကုန်တွင် ပထမဆုံးကျင်းပမည့် တက္ကသိုလ်ပညာရေးပွဲတော် ဖွင့်လှစ်ပေးမည်

**ရန်ကုန်၊ဖေဖော်ဝါရီ-၇**

အမေရိကန်ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အန်းစတော့ခ်သည် လူငယ်များ၊ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံရန်နှင့် အမေရိကန်ပြည်ထောင်စု၏ ပညာရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အခွင့်အလမ်းများ မြှင့်တင်ရန် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ဖေဖော်ဝါရီ ၉ မှ ၁၄ ရက်အတွင်း သွားရောက်မည် ဖြစ်သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း လက်ထောက်နိုင်ငံခြားရေးဝန်ကြီး အန်းစတော့ခ်သည် ရန်ကုန်မြို့တွင်အမေရိကန်ပညာရေး Education USA မှ ပထမဆုံး တာဝန်ခံကျင်းပသည့် တက္ကသိုလ်ပညာရေးပွဲတော်ကို ဖွင့်လှစ်ပေးမည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြား ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဖလှယ်ရေး အခွင့်အလမ်းသစ်များ ရှာဖွေဖော်ထုတ်ရေးအတွက် လူငယ်များ၊ လူမှုအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံမည်ဟု သတင်းရရှိသည်။ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံ ပညာရေးဝန်ကြီး၊ အစိုးရအရာရှိကြီးများနှင့် တွေ့ဆုံရန်အတွက် နေပြည်တော်သို့သွားရောက်မည်ဖြစ်သည်။

ထို့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကျောင်းသားဟောင်းများနှင့်တွေ့ဆုံ၍ ၎င်းတို့ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လေ့လာခဲ့သော အတွေ့အကြုံများနှင့် ၎င်းတို့ရရှိခဲ့သော အဆိုပါ ကျွမ်းကျင်မှုများ မည်သို့ပြန်လည်အသုံးချနေကြသည်ကို လေ့လာသွားမည်ဟု သတင်းရရှိသည်။



*ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမနှင့် အဓိပတိလမ်း*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ရန်ကုန်တက္ကသိုလ် ဗဟိုချုပ်ကိုင်မှု လျှော့ချရန် ကြိုးပမ်းနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေသော ရန်ကုန်တက္ကသိုလ်တွင် ဗဟိုချုပ်ကိုင်မှုစနစ်မှ လျှော့ချနိုင်ရန် ကြိုးပမ်းနေပြီး သင်ကြားရေးနှင့် သုတေသနဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပညာရေးဝန်ထမ်းများ ပါဝင်လာနိုင်ရန် ဆောင်ရွက်နေကြောင်း ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းကပြောသည်။

ရန်ကုန်တက္ကသိုလ်သည် နိုင်ငံ၏ လိုအပ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ကျေနပ်မှုပေါ် အခြေခံ၍ ရည်မှန်းချက်အသစ်၊ အမြင်သစ်၊ ပန်းတိုင်သစ်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အသိပညာခေတ်တွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများအတွက် လေ့လာသင်ယူမှု စွမ်းရည်များရရှိနိုင်မည့်ပညာရေးစနစ်ကိုတည်ထောင်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်သော အဆင့်မြင့်ပညာရေးအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ အနာဂတ်မှာ သိသာထင်ရှားတဲ့ အောင်မြင်မှုရရှိအောင် ကြိုးစားဖို့ လိုအပ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေနဲ့ ပညာရေးမှာပါဝင်တဲ့သူတွေရဲ့ စိတ်ကျေနပ်မှုရအောင် ကြိုးပမ်းဖို့ အရည်အသွေးအာမခံမှုနဲ့ နိုင်ငံတကာစံနှုန်းတွေဖြစ်လာဖို့ ကြိုးပမ်းရမှာပါ။ ဒါကတော့ ကျွန်တော်တို့ရဲ့ အနာဂတ်လုပ်ငန်းစဉ်ပါပဲ"ဟု ဒေါက်တာတင်ထွန်းက အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာကြသူများကို ပြောသည်။

လက်ရှိအချိန်တွင် ရန်ကုန်တက္ကသိုလ်၌ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဂုဏ်ထူးတန်းနှင့်ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်သင်ကြားနေပြီး နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ပြုလုပ်နေသလို ဧည့်ပါမောက္ခများလည်းခန့်အပ်ထားကြောင်း သတင်းရရှိသည်။

ရန်ကုန်တက္ကသိုလ် ပြုပြင်ပြောင်းလဲမွမ်းမံမှုများ ပြုလုပ်ရန်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် အစိုးရထံမှ အသုံးစရိတ်နှစ်ဆတိုးမြှင့်ရရှိခဲ့ပြီး အဆောက်အအုံများ ထိန်းသိမ်းရေး၊ မွမ်းမံရေး၊ သုတေသနနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအတွက် ပိုမိုသုံးစွဲခွင့်ရရှိခဲ့သည်။

ထို့အပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများမှ ဘဏ္ဍာရေးထောက်ပံ့မှု ပိုမိုရရှိလာနိုင်ပြီး အရည်အသွေးမြှင့်တင်မှုလုပ်ငန်းများအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေရှိနေကြောင်း သိရသည်။

## တက္ကသိုလ်များတွင် အရည်အသွေးအာမခံမှုစနစ် တည်ထောင်သွားမည်ဟုဆို

**နေလင်းထွန်း**

**နေပြည်တော်၊ ဖေဖော်ဝါရီ -၈**

မြန်မာနိုင်ငံရှိတက္ကသိုလ်များ၌အရည်အသွေးအာမခံမှု(Quality Assurance) စနစ်ကိုတည်ထောင်၍ ကျောင်းသားများ လိုအပ်နေသော အရည်အသွေးရှိအဆင့်မြင့် ပညာရေးကို သင်ကြားပေးရန် လိုအပ်နေကြောင်း ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်ကပြောသည်။

တက္ကသိုလ်များတွင် စိစစ်ရေးအဖွဲ့များဖွဲ့စည်းရန်နှင့် တက္ကသိုလ်အလိုက် စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းရန် တာဝန်ပေးသွားမည်ဖြစ်ပြီး ပြည်တွင်းတက္ကသိုလ်များ၏ ဒီဂရီ၊ ဒီပလိုမာနှင့် ပညာရေးလက်မှတ်များကို နိုင်ငံတကာတက္ကသိုလ်နှင့် ပညာရေးအဖွဲ့အစည်းများ၏ အသိအမှတ်ပြုမှုရရှိရန် ဆောက်ရွက်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ(EU)နှင့် ပူးပေါင်းပြုလုပ်သော အဆင့်မြင့်ပညာရေးအလုပ်ရုံဆွေးနွေးပွဲတွင် ဒုဝန်ကြီးကဆိုသည်။

"မြန်မာနိုင်ငံမှာ အရည်အသွေးအာမခံမှုစနစ်ကို တည်ထောင်သွားဖို့ လိုအပ်တယ်လို့ကျွန်တော်တို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ကျောင်းသားတွေ လိုအပ်နေတဲ့ အရည်အသွေးရှိ အဆင့်မြင့်ပညာရေးကို သင်ကြားပေးဖို့တင်မဟုတ်ဘဲ နိုင်ငံတကာတက္ကသိုလ်နဲ့ ပညာရေးအဖွဲ့အစည်းတွေ ပြည်တွင်းတက္ကသိုလ်တွေက ဒီပလိုမာ၊ ဒီဂရီနဲ့ ပညာရေးလက်မှတ်တွေကို အသိအမှတ်ပြုဖို့ဖြစ်ပါတယ်"ဟု ဒေါက်တာမျိုးမြင့်က ပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်းတက္ကသိုလ်များသည် အာဆီယံတက္ကသိုလ်ကွန်ရက်အရည်အသွေးအာမခံမှု (AUN-QA)အဖွဲ့နှင့် ချိတ်ဆက်၍ အရည်အသွေးအာမ ခံမှုစနစ်တည်ထောင်နိုင်ရန် ဆောင်ရွက်နေသည်။

အရည်အသွေးအာမခံမှုစနစ်တည်ထောင်ပြီးပါက ကျောင်းသားနှင့် ပညာရေးဝန်ထမ်းများ ဖလှယ်ရေးအစီအစဉ်များကို နိုင်ငံတကာတက္ကသိုလ်များနှင့် တိုးမြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုဝန်ကြီးကဆိုသည်။

မြန်မာကျောင်းသားများအနေဖြင့် နိုင်ငံတကာ တက္ကသိုလ်များတွင် သွားရောက်ပညာသင်ယူရာ၌ ပြည်တွင်းပညာရေးသည် အရည်အသွေးအာမခံမှုမရှိခြင်းကြောင့် နစ်နာမှုများ ရှိနေသည်။

"အင်ဂျင်နီယာတို့၊ ဆေးပညာတို့နဲ့ ဘွဲ့ရထားတဲ့ကျောင်းသားတွေလည်း နိုင်ငံခြားမှာ ပညာသွားသင်ရင် အသိအမှတ်မပြုတာရှိတော့ နစ်နာနေတယ်။ ဒီဘက်က ဘွဲ့ရထားပေမယ့်လည်း တိုက်ရိုက်အသိအမှတ်ပြုတာက မရှိဘူးဖြစ်နေတယ်" ဟု နိုင်ငံတကာပညာရေးကျွမ်းကျင်သူတစ်ဦးကပြောသည်။

အဆင့်မြင့်ပညာရေးကဏ္ဍတွင် တက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ထားသည့် ဝန်ကြီးဌာနများမှ ပညာရှင်များပါဝင်သော တရားဝင်အသိအမှတ်ပြုအဖွဲ့အစည်း (Accreditation Body) တစ်ခုကို ဖွဲ့စည်း၍ သက်ဆိုင်ရာပညာရပ်နယ်ပယ်အလိုက် သင်ကြားရေးအစီအစဉ်များ၏ အရည်အသွေးအာမခံချက်ကို စိစစ်တင်ပြသွားရန် ဆောင်ရွက်နေကြောင်းလည်း သတင်းရရှိသည်။




မော်ဒယ်မြင့်ကားများအတွက် ကွန်ပျူတာဘောက်သင်တန်း

အမှတ်စဉ် (၁၁) (၁၂) (၁၃) ပုံမှန်တန်းခွဲသစ်များကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

အကြိုမိတ်ဆက်နှစ်ရက် (အခမဲ့) သင်တန်းကိုအပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်။ ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။

Engine Doctor Engineering

No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

# Technology

7DAY NEWS JOURNAL

Vol.11, No.49 • FEBRUARY 14 , 2013


# ဆက်သွယ်ရေးဥပဒေကြမ်း အမျိုးသားလွှတ်တော်သို့တင်သွင်း

**သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ -၇**

ပြည်သူလူထု စိတ်ဝင်စားသော ဆက်သွယ်ရေးဥပဒေကြမ်းကိုဖေဖော်ဝါရီ ၇ ရက်တွင်ကျင်းပသည့် အမျိုးသားလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး၌ တင်သွင်းလိုက်ကြောင်းသိရသည်။

ယင်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကိုဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးဝင်းသန်းက အဆိုတင်သွင်းခဲ့ခြင်းဖြစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည့်အတွက် လွှတ်တော်၌ ဆွေးနွေးရန် ဆုံးဖြတ်သည်။

ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ယခုလ ၁၃ ရက် နောက်ဆုံးထား အမည်စာရင်းပေးရမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ကြေညာသည်။

ၐင်းအဆိုအား အမျိုးသားလွှတ်တော်ကဆွေးနွေးအတည်ပြုပြီးလျှင် ပြည်သူ့လွှတ်တော်သို့ ပေးပို့မည်ဖြစ်ကာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ခြင်း မပြုလျှင် လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုပြီး ဥပဒေအဖြစ် သက်ဆိုင်ရာဌာနက ထုတ်ပြန်နိုင်မည် ဖြစ်သည်။




# Black Berry ဖုန်းအသစ်များ ၂ နှစ်အတွင်း ပထမအကြိမ် စတင်ရောင်းချ

**တိုရန်တို၊ ဖေဖော်ဝါရီ-၉**

လက်ရှိခေတ်ရေစီးနှင့် လိုက်ဖက်ညီစေရန် ၎င်း၏ဖုန်းစနစ်များ OS စနစ်အသစ်များ ပြန်လည်ပြင်ဆင်ရေးအတွက်အချိန် ၂နှစ်ကျော်ကြာမြင့်ခဲ့ပြီးနောက် Research In Motion ကုမ္ပဏီသည် Black Berry ဖုန်းအသစ်နှစ်မျိုးစတင်ရောင်းချနေပြီဖြစ်သည်။

Black Berry OS 10 ကို အသုံးပြုထားသော Z 10 နှင့် Q 10 ဖုန်းများကို ဗြိတိန်နိုင်ငံတွင် ယခင်ရက်သတ္တပတ်က စတင်ရောင်းချခဲ့ရာ ရောင်းအားကောင်းကြောင်း သိရသည်။ ကနေဒါနိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်း ရောင်းချမည်ဖြစ်သည်။ သို့သော် ယင်းဖုန်းအသစ်များကို တစ်ချိန်က Black Berry ဈေးကွက်ဝေစုငါးရာခိုင်နှုန်းရှိခဲ့သော ဂျပန်နိုင်ငံတွင် ရောင်းချမည်မဟုတ်ဘဲ အမေရိကန်နိုင်ငံတွင်လည်း မတ်လလယ်ပိုင်းလောက်တွင်သာ ရရှိနိုင်မည်ဖြစ်သည်။

အမေရိကန် နိုင်ငံတွင် ရောင်းချမှု နောက်ကျခြင်းအတွက် စိတ်ပျက်မိသည်ဟု RIM စီအီးအို သော်စတန် ဟိန်းစ်က ပြောကြားသည့်အပြင် အမေရိကန်ဖုန်းကုမ္ပဏီများ၏ စမ်းသပ်မှုမှာ အလွန်တင်းကျပ်ကြောင်း ပြောကြားသည်။

Black Berry Z 10 မှာ ထိတွေ့မျက်နှာပြင် အပြည့်နှင့် ဖြစ်သော်လည်း Q 10 မှ မူလ Black Berry ၏ တစ်မူ ထူးခြားသော စာလုံးလက်ကွက်ကို ဆက်လက်ထည့်သွင်းထားသည်။

*—Ref: AFP*

# ဆိုနီကုမ္ပဏီက Play Station ဂိမ်းအသစ်များ မိတ်ဆက်မည်

**တိုကျို၊ ဖေဖော်ဝါရီ-၁၀**

ဘဏ္ဍာရေးအခြေအနေ ယိမ်းယိုင်နေခြင်းကိုပြန်လည်ကုစားနိုင်ရန်အတွက် ဂျပန်နိုင်ငံမှ အီလက်ထရွန်နစ်ကုမ္ပဏီ Sony သည်၎င်း၏ ဂိမ်းကစားစက်စီးပွားရေးကို အားကိုးနေပြီးယခုလအတွင်း Play Station ဂိမ်းပုံစံအသစ်များ ဖော်ထုတ်ပြသလိမ့်မည်ဟု ဂျပန်သတင်းများတွင် ဖော်ပြသည်။

လူအများအပြားက မျှော်လင့်နေသော ကြေညာချက်ကို ဖေဖော်ဝါရီ ၂၀ ရက် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ Play Station Meeting တွင် ပြောကြားဖွယ်ရှိသည်ဟု အဆာဟိရှင်ဘွန်းသတင်းစာနှင့် ကျိုဒိုသတင်းက ဆိုသည်။ သို့သော် ဆိုနီကုမ္ပဏီက ယင်းကိစ္စအပေါ် မှတ်ချက်မပေးပေ။

ဆိုနီကုမ္ပဏီက ယခင်ရက်သတ္တပတ်အတွင်း နယူးယောက်မြို့ အခမ်းအနားအတွက်ဖိတ်စာများဖြန့်ဝေခဲ့သည်။ သို့သော်မည်သည့် အခမ်းအနားဖြစ်ကြောင်း မဖော်ပြထားသည့်အတွက် ဆိုနီကုမ္ပဏီအနေဖြင့် Play Station 3 (PS3) ဖော်ထုတ်ပြီး ခုနစ်နှစ်

**စာမျက်နှာ(၂၄)သို့**

# ဂူးဂဲလ်ဥက္ကဋ္ဌ ရှယ်ယာများ ထုတ်ရောင်းမည်




**ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ-၁၀**

အင်တာနက်ကုမ္ပဏီ ဂူးဂဲလ်၏ အလုပ်အမှုဆောင် ဥက္ကဋ္ဌဖြစ်သူ အဲရစ်ရှမစ်သည် ရှေ့လာမည့်နှစ် အတွင်း အကြမ်းဖျင်းအားဖြင့် ၎င်း၏ရှယ်ယာ ၄၂ ရာခိုင်နှုန်းခန့်ကို ထုတ်ရောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မစ္စတာရှမစ်သည် ၎င်းပိုင်ဆိုင်သော Class A အများပိုင်ရှယ်ယာ ၃ ဒသမ ၂ သန်းကို စတော့ရှယ်ယာရောင်းချရေး အစီအစဉ်မှတစ်ဆင့် ရောင်းချသွားမည်ဖြစ်ကြောင်း အမေရိကန်အာမခံနှင့်ငွေလဲလှယ်မှု ကော်မရှင်သို့ တင်ပြသော အစီရင်ခံစာတွင် ဂူးဂဲလ်က ဖော်ပြထားသည်။

ရှယ်ယာရောင်းချခြင်း အစီအစဉ်မှနေ၍ မစ္စတာ ရှမစ်အတွက် ပိုင်ဆိုင်မှုဖြန့်ကြက်ခြင်းနှင့် ငွေသားဖော်နိုင်မှု အခွင့်အရေး ရရှိစေမည်ဖြစ်သည်ဟု ဂူးဂဲလ်က ပြောကြားသည်။

၂၀၁၁ ခုနှစ်အထိ ဂူးဂဲလ်၏ အမှုဆောင်အရာရှိချုပ်အဖြစ်တာဝန်ယူ ဆောင်ရွက်ခဲ့သူ မစ္စတာ ရှမစ်သည် လက်ရှိတွင် Class A နှင့် Class B အများပိုင် ရှယ်ယာ ၇ ဒသမ ၆ သန်းကိုပိုင်ဆိုင်သည်။ ယင်းမှတစ်ဆင့် ဂူးဂဲလ်ဥက္ကဋ္ဌသည်မဲပေးပိုင်ခွင့် ၈ ဒသမ ၂ ရာခိုင်နှုန်းကို ချုပ်ကိုင်ထားသည်။

**စာမျက်နှာ(၂၄)သို့**





**အရောင်းအဝယ်အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်**

ဆက်သွယ်ရန်ဖုန်းမှာ 01-703625, 09-73085653

# HTC Butterfly ဟန်းဆက် ပစ္စည်းပြတ်လပ်သည်အထိ ရောင်းကောင်း


**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

မကြာသေးမီလပိုင်းက ဝင်ရောက်လာခဲ့သည့် HTC Butterfly ဟန်းဆက်များသည် ပြည်တွင်းဈေးကွက်အတွင်းသို့ ရောက်ရှိပြီး ရက်သတ္တပတ်အတွင်း ပစ္စည်းများ ပြတ်လပ်သွားကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

ထိုင်ဝမ်အခြေစိုက် ကုမ္ပဏီဖြစ်သော်လည်း HTC Butterfly ၏ ကင်မရာရိုက်ကူးချက်များမှာ ကောင်းမွန်ခြင်း၊ ပေ့ါပါးပြီးပါးလွှာလွန်းသည့် ဟန်းဆက်ကိုယ်ထည်၊ Display ကောင်းမွန်ခြင်း၊ HD စနစ်ကို အပြည့်အဝရရှိခြင်းတို့ကြောင့် ဈေးနှုန်းမြင့်မားသော်လည်း ဈေးကွက်အတွင်း ပစ္စည်းများပြတ်သွားသည်အထိ လူကြိုက်များရခြင်း ဖြစ်ကြောင်း မိုဘိုင်းဟန်းဆက်ဈေးကွက်ကျွမ်းကျင်သူအချို့က ဆိုကြသည်။

"တစ်ပတ်အတွင်း ဘတ်တာဖလိုင်းတွေ ပြတ်ထွက်သွားပါတယ်။ ဒါက အဆင့်မြင့်တဲ့ နည်းပညာတွေကိုလူတွေတစ်နေ့ထက်တစ်နေ့ပိုစိတ်ဝင်စားလာကြတယ်ဆိုတာကို သက်သေပြနေတာပါပဲ။ မကြာခင်တော့ ဈေးကွက်ထဲပြန်ရောက်ပါတော့မယ်"ဟု HTC Corporation ၏ ပြည်တွင်း စီးပွားဖက်ဖြစ်သော KMD Computer လုပ်ငန်းစု၏ မန်နေဂျာကိုစိုးငွေရက ပြောသည်။



*လက်ရှိလူကြိုက်များနေသည့်* HTC Butterfly *ဖုန်းတစ်လုံး*

သို့သော် ကျပ်ခြောက်သိန်းခန့်ဈေးရှိသော HTC Butterfly အမှတ်တံဆိပ်ဟန်းဆက်ပြည်တွင်းဈေးကွက်အတွင်းသို့ဝင်ရောက်လာသော်လည်း လတ်တလောတွင် ၎င်းနှင့် Andriod OS စနစ်တူကိုရီးယားနိုင်ငံထုတ် Samsung အမှတ်တံဆိပ် ဟန်းဆက်ဈေးကွက်အပေါ် မခြိမ်းခြောက်နိုင်သေးဟု သတင်းရရှိသည်။

"အိတ်ချ်တီစီ ဘတ်တာဖလိုင်း ကျွန်တော့်တို့ဆီမှာလည်း ပစ္စည်းပြတ်သွားပါတယ်။ စိတ်ဝင်စားတဲ့သူ အရမ်းများတယ်။ ဒါပေမဲ့ ဆမ်ဆောင်းဈေးကွက်ကို ခြိမ်းခြောက်နိုင်မလားဆိုတာ ဈေးကွက်ကို ဝင်ရောက်တဲ့ အချိန်အရမ်းတိုနေသေးတော့ သက်ရောက်မှု သိပ်မရှိသေးပါဘူး။ ဒါပေမဲ့ လောလောဆယ်တော့ အရင်ဆမ်ဆောင်း ဝယ်ဖို့ အစီအစဉ် ရှိတဲ့သူက ဘတ်တာဖလိုင်းကြောင့် စဉ်းစားစရာတွေဖြစ်လာတာပေ့ါ" ဟု Mr.Fone မိုဘိုင်းဆက်စပ်ပစ္စည်းဆိုင်မှ ကိုထက်လင်းကျော်က သုံးသပ်ပြောကြားသည်။

အဆိုပါ Butterfly ဟန်းဆက်များ ယခုလမကုန်မီ အချိန်အတွင်း ပြည်တွင်းသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာမျက်နှာ(၂၃)မှ

## ဂူးဂဲလ်ဥက္ကဋ္ဌ ရှယ်ယာများ ထုတ်ရောင်းမည်

ယခု သတင်းများကြောင့် ကမ္ဘာ့အကောင်းဆုံး ကုမ္ပဏီဟု သတ်မှတ်ခံရသော ဂူးဂဲလ်၏ ရှယ်ယာဈေးနှုန်းမှာ ရှယ်ယာတစ်စုလျှင် ကန်ဒေါ်လာ ၇၈၇ ဒသမ ၃၇ မှ ကန်ဒေါ်လာ ၂ ဒသမ ၂၁ အနုတ်လက္ခဏာပြသွားခဲ့ကြောင်း သိရသည်။ —*Ref: Reuters*

စာမျက်နှာ(၂၃)မှ

## ဆိုနီကုမ္ပဏီက Play Station ဂိမ်းအသစ်များ မိတ်ဆက်မည်

အကြာ ဂိမ်းကစားနည်းပုံစံသစ်တစ်မျိုးကို ပြသမည့် ပွဲဖြစ်နိုင်သည်ဟု ကောလဟလသတင်းများ ထွက်ခဲ့သည်။

ဂျပန်နိုင်ငံတွင် လူဖတ် အများဆုံး သတင်းစာတစ်စောင်ဖြစ်သော အဆာဟိရှင်ဘွန်း သတင်းစာကမူ Play Station 4 ဂိမ်းများကို ၂၀၁၃ နှစ်ကုန်ပိုင်းတွင်မှ ဆိုနီက ဖြန့်ချိရောင်းချဖွယ်ရှိသည်ဟု ဖော်ပြပြီး ဈေးနှုန်းမှာကန်ဒေါ်လာ ၄၀၀ ကျော်ရှိနိုင်ကြောင်း အဆာဟိသတင်းကဆိုသည်။

—*Ref: AFP*



# ဂန္ဓလရာဇ် ခရီးသည် (၁၂)

ကျော်ဝင်း

သာသနာ့နယ်မြေ (၇၊ နိုဝင်ဘာ ၂၀၁၂)

## နဝဂိရိ

ထိုနေ့အစီအစဉ်မှာ ကျိုဟွာတောင် သဘာဝပသာဒ နယ်မြေသို့ သွားရောက်လည်ပတ်ကြဖို့ဖြစ်သည်။ သို့အတွက် မနက် ၈ နာရီတိတိတွင် ဟိုတယ်မှ ထွက်ခဲ့ကြသည်။ ကျိုဟွာတောင်မှာ ချီကျိုးမြို့၏ အရှေ့တောင်ဘက်တွင် ရှိသည်။ ဟိုတယ်မှ ခွာပြီး တစ်နာရီသာသာ ကြာသည်နှင့် မြေပြန့်လွင်ပြင်ကို ကျော်ကာ တောနှင့် တောင်သို့ရောက်သွားသည်။ လမ်းဘေးဝဲယာ ဘယ်မှာကြည့်ကြည့် တောင်တန်းပြာ၊ တောအစိမ်း ပြီးတော့ စိမ်းဝါရွှေ၊ မရန်းသွေးပြေးနေသော မိုးမခပင်များ။

ကျိုဟွာတောင်မှာ ယခင်က ကျိုကျစ်ဆိုသော အမည်နှင့် ထင်ရှားခဲ့သည်ဟု ဆိုသည်။ အဓိပ္ပာယ်မှာ Nine Peak ဟု ဆိုသည်။ တောင်ထွတ် ကိုးခုဆိုပါစို့။ သို့တစေ ထန်မင်းဆက် ကဗျာဆရာကြီး လီပိုင်၏ ကဗျာတစ်စကြောင့် ကျိုဟွာအမည်တွင်သွားသည်ဟု ဆိုပါသည်။ သူ့ကဗျာ -

***“တစ်နေ့သာ၊***
***ကျိုကုန်းမြစ်တစ်ကြော၊***
***ရွက်လွှင့်မျော၊***
***ဟိုအဝေးက၊***
***နှင်းဖွေးတောင်စဉ်ကိုးသွယ်၊***
***ကောင်းကင်မြစ်နှယ် ဖြာကျ၊***
***ရေလွှာစိမ်းတိုင်ချည်၊***
***နှင်းဆီသွေး ဖောက်ချည်၊***
***ဇာပန်းပန်းချီ ခေါင်ရမ်းပွင့်***
***အသရေ တင့်လှပါဘိတောင်း ”***

သည်တွင် ကျိုဟွာ(အသရေတင့်တောင်စဉ်ကိုးသွယ်) အမည်တွင် သွားခဲ့ပါတော့သည်။ တကယ်လည်း အမည်တွင်လောက်ပါသည်။ ကျိုဟွာတောင်ရှုခင်းမှာ တရုတ်ပန်းထိုးပန်းချီနှယ် အစိမ်းသွေး၊ အနီသွေးပြေးနေသည်။ စိမ်းပြာနောက်ခံထက်မှ နှင်းဆီသွေး ခေါင်ရမ်းပွင့်။ (မြန်မာတို့ မြန်မာက ခေါင်ရမ်းကို အမင်္ဂလာပန်းဟု ယူသော်လည်း သူတို့က မင်္ဂလာပန်းအဖြစ် သရုပ်ထင်သည်)

ကျွန်တော်တို့ စီးလာသော ကားလေးမှာ ဆိုခဲ့ပါ ပန်းချီကားထဲသို့ အရှိန်နှင့် တိုးဝင်လာရာ တဖြည်းဖြည်း မြင့်မှန်းမသိ မြင့်မြင့်လာသည်။ ပို၍ပို၍ မြင့်လာသည်နှင့်အမျှ ရှုခင်းက ပိုပီသလာသည်။ တောစိမ်းတောင်စိမ်းကြားတွင် နီညိုမှိုင်းရင် အမိုးကောဝတ်ကျောင်းလေးတွေ ခပ်စိပ်စိပ်တွေ့လာရသည်။ အစိမ်းရောင် ကတ္တီပါမှီအုံးကြီးထက် ရတနာ ခုနစ်သွယ်ကြဲဖြန့်ထားသည့်နှယ်။ မြန်မာပြည်ရှုခင်းမှ တောင်ပေါ်ဘုရားလေးတွေကို ဖျတ်ခနဲ သတိရလိုက်သည်။ အထူးသဖြင့် စစ်ကိုင်းတောင်။ ကျွန်တော်တို့ ရောက်ရှိလာသည်မှာ သာသနာနယ်မြေပါတကား။

တောရိပ် တောင်ရိပ်ကောင်းလျှင် ဘုရားတည်ကျောက်ဆောက်သူတော်စင်များ မွေ့လျော်တတ်ကြသည်မှာ (ထေရဝါဒဖြစ်စေ၊ မဟာယနဖြစ်စေ) ဗုဒ္ဓဘာသာဝင်တို့၏ တူညီချက်ပဲလား မသိ။ တရုတ်ပြည်တွင် ဗုဒ္ဓဘာသာစည်ပင်ထွန်းကားရာ တောင်ကြီးလေးတောင်ရှိသည်။ ရှန်ရှီပြည်နယ်မှ ဝူထိုင်တောင်၊ စီချွမ်ပြည်နယ်မှ အော်မေ့တောင် ကျန်ကျန်ပြည်နယ်မှ ဖုထော်တောင်။ စတုတ္ထတောင်တော်မှာ ယခုကျွန်တော်တို့ ရောက်ရှိနေသောကျိုဟွာတောင်ပင်ဖြစ်တော့သည်။

ကျွန်တော်တို့ ကားလေးက တစ်ခုသော တောင်ခြေတွင် ထိုးရပ်သည်။ ရှေ့ဆက် ကားလမ်းမပေါက်တော့ စစ်ကိုင်းတောင်လို မန္တလေးတောင်လို အုတ်လှေကားစောင်းတန်းလေးများဖြင့် တက်ရသည်။ လေတဖြူးဖြူး အေးတစိမ့်စိမ့်ကြားကပင် ချွေးကလေး စို့ချင်လာသည်။ သို့နှင့်တိုင် တောင်ပေါ် ရှုခင်းက ပန်းသမျှ ပြေစေပါသည်။ တောင်တစ်လုံး မဆုံးတတ်သေးမီ နောက်တောင်တစ်လုံးကို ဆင့်ရရင် စီရရီ နေရာယူလိုက်ရာ စိမ်းပြာကမ္ဗလာ၊ တောင်စဉ်တောင်တန်းလှိုင်းအိကြီးတွေလို ပြေးနေသည်။ တရုတ်သိုင်း ရုပ်ရှင်ဇာတ်ကားတွေထဲတွင်သာ မြင်ဖူးသော စိမ့်ကြီး၊ မြိုင်ကြီး ဂနိုင်ကြီးထဲသို့ တကယ်တမ်းရောက်သွား တော့သည်။



အမှန်စင်စစ် ကျိုဟွာတောင် ဒေသတွင်တောင်ထွတ်ပေါင်း ၉၉ ခုရှိသည်ဟု ဆိုသည်။ အဆိုပါ ၉၉ ခုထဲ ရှိဝမ်တောင်ထွတ်၊ ပဒုမ္မာတောင်ထွတ် အစရှိသော တောင်ထွတ် ကိုးခုမှာ အထူးထင်ရှားသည်။ သို့အတွက် စာရေးသူက ကျိုဟွာ (သို့မဟုတ်) ကျိုကျစ်ကို နဝဂိရိ ဟု စိတ်ထဲက မြန်မာမှုပြုလိုက်မိခြင်း ဖြစ်သည်။

ယခု ကျွန်တော်တို့ တက်နေသည်က ပဒုမ္မာ တောင်ထွတ်။ အဝေးမှကြည့်လျှင် ပဒုမ္မာကြာဖွင့်ကြီးနှင့် တူသောကြောင့် ဤအမည်တွင်သည်ဟု ဆိုသည်။ ကြာပွင့်ထိပ်တွင် နေရာယူထားသည်ကား။ ဟွာချန်းကျောင်းတော် ဟွာချန်းကျောင်းတော်၏ နောက်ခံရှုခင်းမှာ မှင်တက်မိလောက်အောင် ဆွဲဆောင်ဖမ်းစားအား ကောင်းလှသည်။ တောင်ခိုးတွေဝေမြူခြေတွေ ဆိုင်းနေသော တောင်စဉ်လှိုင်းများ ရောင်စဉ်ပြိုးပြက်မိုးမခတော့။ ဘယ်မှာ တောင်ဆုံး၍ ဘယ်မှာ တိမ်စသည်ကို ခွဲလို့မရ။ ရေဆေးအကြည်လို အရောင်တွေ ရောယှက် စီးမျောနေသည်။ ဟွာချန်ကျောင်းတော်၏ ဗိသုကာဟန်မှာလည်း ရင်သပ်ရှုမောလောက်အောင် လှပဆန်းကြွယ်သည်။ ဟသ်ာပြဒါးနီညို မှိုင်းရင့် အမိုးကော့။ ကျောက်ဖြူသား လှေကားထစ်။ ပြီး ရွှေရောင်ဝင်းပ အာရုံခံဂန္ဓကုဋီတွင်းမှ ရုပ်ပွားတော်များ။

ဟွာချန်း ကျောင်းတော် ပရဝဏ်တစ်ခုလုံး အမွှေးတိုင်ရနံ့ သင်းပျံ့နေသလို ဘုရားဖူးတို့၏ ဓမ္မတေးသံ၊ ဝတ်ပြုဆုတောင်းသံများဖြင့် အသက်ဝင်ဝေစည်လျက်ရှိသည်။ ကျွန်တော်မှာ အဆိုပါ အသံများကိုကျော်ပြီး စကားပြန်ကြီး ရှင်းပြနေသော ကျိုဟွာတောင်သမိုင်းကို မနည်းနားစွင့်နေရသည်။ ဒီတစ်ခါ ထည့်ပေးလိုက်သော စကားပြန်ကြီးမှာ ခါတိုင်းလို လူငယ်လူရွယ် မဟုတ်။ အသက်ကြီးကြီး။ ဗုဒ္ဓဘာသာဝင်ဟုလည်း သိရသည်။ သူက သမိုင်းကို ပုံပြင်တစ်ပုဒ်ကို လှလှပပ ပြောတတ်သည်။ သူပြောပြသော ကျိုဟွာတောင် သမိုင်းမှာ ယခုလို။

“အချိန်မှာ အေဒီ ၇၁၉ ခုနှစ် ယနေ့ ကိုရီးယား ထိုစဉ်က ဂျိုဆုနိုင်ငံမှ ရှင်းလုံဘုရင်၏ သားတော်ကင်(မ)ချောင်ချွဲတစ်ယောက် ကျိုဟွာတောင်သို့ ရောက်လာသည်။ နန်းစည်းစိမ်ကို စွန့်ပြီး ဘဝ၏ လွတ်မြောက်ရာကို ရှာဖို့ဖြစ်သည်။ ဤတွင် ဒေသခံ တရုတ်ဘုန်းတော်ကြီးများက သိကျန်ဗုဒ္ဓဝင်စားသူအဖြစ် ယုံကြည်ကာ သူ ကို ဝမ်းပန်းတသာ ကြိုဆိုကြသည်။ သူကလည်း သိကျန်ကိုယ်တော်နှင့် ရုပ်ရည်လက္ခဏာ၊ အမူအရာသာမက အကျင့်သီလပါတူသည်။ ကျိုဟွာတောင်မှာပင် ၇၅ နှစ်လုံးလုံး တရားအလုပ်ကို လုပ်သွားပြီး သက်တော် ၉၉ နှစ်တွင် ပျံလွန်တော်မူသွားပါသည်။

သူပျံလွန်တော်မူပါမှ သူ့ဂုဏ်သတင်းမှာ ပိုကြီးသွားသည်။ သူ့အလောင်းတော်မှာ မပုပ်မသိုး ပကတိရွှေအဆင်းအတိုင်း ရှိနေသည်ဟု ဆိုသည်။ သည်တွင် တရုတ်ပြည်တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင်တွေ ဖူးလာမစဲ တသဲသဲ ရှိတော့သည်။ သည်လိုနှင့် ကျိုဟွာတောင်မှာလည်း သိကျန် ဗုဒ္ဓဂိုဏ်း၏ သာသနာနယ်မြေဖြစ်လာခဲ့တော့သည်။ မင်နှင့် ချင်မင်းဆက် လက်ထက်များကဆိုလျှင် ဝတ်ကျောင်းတော်ပေါင်း ၃၆၀ မျှရှိပြီး ရဟန်းသံဃာနှင့် သီလရှင်ပေါင်း ၄,၀၀၀ မှ ၅,၀၀၀ အထိ သီတင်းသုံးခဲ့ကြသည်ဟု ဆိုပါသည်။

နောက်ပိုင်းတွင်တော့ ကိုရီးယားဘုန်းတော်ကြီး၏ အလောင်းတော်မှာ သူ့အလိုလို ကွယ်သွားသည်ဟု ဆိုပါသည်။ အချို့ကလည်း သူ့တပည့်ရင်း တစ်ဦးက သူ့မှာကြားချက်အတိုင်း တိတ်တဆိတ် မီးသဂြိုဟ်လိုက်သည်ဟု ဆိုသည်။ ကျွန်တော်တို့ရောက်တော့ သူ့အလောင်းတော်ကို ဖူးခွင့်မရတော့ပါ။ သို့နှင့်တိုင် သူ့ဂုဏ်သတင်းနှင့် သူကျန်ရစ်ခဲ့သော ဓမ္မအမွေကိုမူ အထင်အရှားတွေ့နေရဆဲဖြစ်ပါသည်။ ဟွာချောင်ကျောင်းတော်တွင် ကိုရီးယား၊ ဂျပန် စသည်တို့မှ ဗုဒ္ဓဘာသာရဟန်းတော်တွေကို တော်တော်များများ တွေ့ခဲ့ရသည်။ အာရှဒေသ ဘုရားဖူးတွေကိုလည်း မနည်းမနော တွေ့ရသည်။ ယခုအခါ ကျိုဟွာတောင်မှာ တရုတ်ပြည်အတွက်သာမက အရှေ့အာရှသိကျန်း ဗုဒ္ဓဘာသာဂိုဏ်း၏ အထွတ်အမြတ် နယ်မြေဖြစ်နေပါပြီ။

## ရဟန္တာဂူ

ဟွာချန်း ကျောင်းတော်မှ မပြန်မီ ကျောင်းထိုင်ဆရာတော်ကို ဝင်ဖူးခဲ့ကြသေးသည်။ ကျွန်တော်တို့က တတ်စွမ်းသမျှဖြင့် ဝတ္ထုငွေ ကပ်လှူကြရာ ဆရာတော်က ပုတီးတစ်ကုံးစီ ပြန်စွန့်သည်။ ကျွန်တော့်အတွက် တော့ အိမ်သူအတွက် အိမ်ပြန်လက်ဆောင်ပေ့ါ။

ထို့နောက် တောင်ခြေဟိုတယ်တွင် ခေတ္တနားသည်။ ဘုရားဖူးများအတွက် သီးသန့်ဆောက်လုပ်ထားသော တည်းခိုရိပ်သာဖြစ်ဟန် ရှိပါသည်။ သို့တစေ ခေတ်မီသည်။ သန့်ရှင်းသပ်ရပ်သည်။ ဝန်းကျင်ရှုခင်းက အထူးလှသည်။ တောရိပ် တောင်ရိပ် ထင်ဟပ်နေသော ရေကန်စိမ်းလဲ့။ ဂန္ဓလရာဇ်ဟန်၊ တံတားခုံးဖြူဖြူ မိုးမခငိုက်ထိရေစပ်။ သဘာဝတောတောင်ရေမြေ အလှတွင် ဘုရားရိပ် ကျောင်းရိပ်က အားဖြည့်ထားသည်မို့ သာသောင့်သာယာရှိရုံမျှမက အေးချမ်းငြိမ်ဆိတ်သည်။

“သည်လိုနေရာမျိုး အေးအေးဆေးဆေး စာရေးစာဖတ် လုပ်ခွင့်ရရင်ဘယ်လောက်ကောင်းလိုက်မလဲ”

မနေ့က ရောက်ခဲ့သော ဝူရှီးဟိုတယ်တွင် တစ်ကြိမ်၊ ယခုတည်းခိုရိပ်သာလေးတွင် တစ်ကြိမ်၊ အဆိုပါ စိတ်ချဉ်ခြင်းမျိုး၊ နင့်နင့်နဲနဲ ရခဲ့သည်။ သို့တိုင်အောင် အခုထိတော့ စာရေးသူ ကံမကောင်းသေးပါ။ ရန်ကုန်တိုက်ခန်း ကျဉ်းကျဉ်းကျပ်ကျပ်မှာပင် ကားသံ၊ လူသံ၊ အလှူခံသံ(တစ်ခါတစ်ရံ) လင်မယားရန်ဖြစ်သံ၊ နာခံရင်း စာရေးစာဖတ် လုပ်နေရဆဲ။ “အေးလေး ကုသိုလ်ပေ့ါ”

စာရေးသူတို့ ခရီးမှာ မဆုံးသေးပါ။ ရဟန္တာဂူသို့ ခရီးဆက်ကြရဦးမည် ဖြစ်သည်။ အမှန်စင်စစ် ‘ရဟန္တာဂူ’ဆိုသည်မှာ စာရေးသူ ကိုယ့်ဖာသာပေးထားသော အမည်ဖြစ်သည်။ အစီအစဉ်စာရွက်တွင် ဖော်ပြထားသည်က “Corporeal Body Hall” တရားထိုင်ရင်း ပျံလွန်တော်မူခဲ့ရာမှ မပုပ်မသိုး ကျန်ရစ်သော ဗုဒ္ဓဘာသာရဟန်းတစ်ပါး၏ ရုပ်ကလပ်ရှိရာ ကျောင်းတော်ဖြစ်၍ ရဟန္တာဂူက စိတ်ထဲက မှတ်ထားလိုက်ခြင်းဖြစ်သည်။

ခရီးဆက်ကြတော့မည်ဆိုပါမှ မိုးလေးဖွဲဖွဲ ကျလာသည်နှင့် ဟိုတယ်တာဝန်ခံများက ထီးတစ်ချောင်းစီ ထုတ်ပေးသည်။ အဝါရောင်(တရုတ်သာသနာအရောင်) ထီးလေးတွေ ကိုယ်စီဖြင့် စာရေးသူတို့လူစုထွက်ခဲ့ကြသည်။ ရဟန္တာဂူမှာလည်း တောင်ထွတ်တစ်ခုတွင် ရှိသည်ဖြစ်ရာ သည်တစ်ကြိမ်တော့ကောင်းကင်ရထားနှင့် တက်ရမည်ဖြစ်သည်။ ရထားဂိတ်က ဟိုတယ်နှင့်အနီးလေး။ ရထားလမ်းမှာ မတ်စောက်သော တောင်စောင်းတစ်လျှောက် မတ်မတ်ကြီးတက်သွားရာ အသည်းတအေးအေး ရင်တဖိုဖို။ အသည်းအေးရင် ဖိုကြားမှပင် ပြုံးချင်စရာကြုံရသေးသည်။

ရထားစီးရင်း ဆရာနေက “လက္ခဏာကြည့်တတ်တယ်နော်။ စိတ်ဝင်စားတဲ့သူ မေးကြ” ဟု ခပ်တည်တည်ဆိုတော့ အမျိုးသမီးအုပ်စု အလုအယက်မေးကြသည်။ သူတို့ထဲတွင် ကျန်းယင်းဟွာ(မီမီဝင်းဖေ)တို့ ရှီသုန်းမေ(သက်မွှန်မြင့်)တို့လည်း ပါသည်။ တစ်မြန်တစ်နေ့ကပင် ကျွန်တော်ကို ကွန်မြူနစ်တရားဟောကြားခဲ့သောအနီမလေး ကျန်းတစ်ယောက် အလုအယက် လက်ဝါးထိုးပြနေသည်ကို တွေ့တော့ ကျွန်တော့်မှာ မပြုံးဘဲ မနေနိုင်။ ကွန်မြူနစ်ဝါဒနှင့် လက္ခဏာဗေဒင် အတွဲအစပ်။

တောင်ထိပ် ရောက်သည်နှင့် ပထမဆုံး တွေ့ရသည်မှာ ကျယ်ဝန်းသော ခန်းမကြီးတစ်ခု။ Longevily Hall ဆိုတော့ သက်တော်ရှည်ခန်းမဟု ဘာသာပြန်ရမည်လား မသိ။ ငုဝါရောင်လွင်လွင် (ပိတောက်ခြောက်ရောင် မဟုတ်) သက်န်းများဖြင့် သံဃာတော်များကိုလည်း တစ်စုတစ်ဝေး တွေ့ရသည်။ သူတို့တတွေ ဆွမ်းစာချိန်။ ဆွမ်းဟင်းရနံ့က မွှေးပျံ့နေသည်။ ကိုယ်တော်တွေက အားပါးတရ ဘုန်းပေးနေကြသည်။ သူတို့အားလုံးမှာ ဝဝစိုစို၊ ဝါဝါဝင်းဝင်း။ ကျန်းမာရွှင်လန်းနေကြသည့်ပုံမျိုး။ အသက်ဓာတ်ကို ပေးသော ဆွမ်းစားဆောင်မို့ သက်ရှည်ခန်းမ အမည်ပေးထားသည်လား တွေးမိသည်။

ကပ်လျက်ခန်းမကတော့ တစ်မျိုးတစ်ဖုံ။ တောင်ကမ်းပါးယံကြီးကိုထွင်းထုထားသည်ကျောက်ဂူတစ်ခုပင်။ အလင်းရောင် မှိန်မှိန်အောက်တွင် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက်။ စာဟောပုရပိုက်ဗေဒင်မေးသူများ၏ ဖလားလှုပ်သံတချောက်ချောက်မှလွဲ၍ ဘာသံမှ မကြား။

စာဟောဗေဒင်ဆိုသည်မှာ ငွေဖလားတစ်လုံးတွင် ပရပိုက်တွေ ထည့်ထားသည်ကို ဗေဒင်မေးလိုသူက အဓိဋ္ဌာန်ဖြင့် လှုပ်ရသည်။ ကျလာသော ပုရပိုက်ပါ စာသည်ပင် သူ့အတွက် ဟောစာတမ်း။ ဟောစာတမ်းကိုတရုတ်ဂန္ထဝင် ကဗျာဟန်နှင့် ရေးထားရာ ဘုန်းကြီးတစ်ပါးက ဘာသာပြန်ပေးရသည်။ ကျွန်တော်တို့ မြန်မာအဖွဲ့တွေ တော်တော်များများ မေးကြသည်။ တရုတ်ကွန်မြူနစ်မလေးတွေလည်း ပါသပေ့ါ။

စာဟောဗေဒင်ခန်းကိုကျော်တော့မှ ရဟန္တာကိုယ်တော်ကြီး၏ ရုပ်ကလာပ်ရှိရာသို့ ရောက်သည်။ ထက်ဝက်ဖွဲ့ခွေ၊ ဦးခေါင်းငုံ့လျှိုး ပကတိတရားထိုင်နေသည့် အလား။ တစ်ကိုယ်လုံးကိုတော့ ရွှေပိန်းချထားပြီး မှန်သေတ္တာနှင့် ထည့်ထားသည်။ တကယ့်ရွှေစင်ရုပ်ထုကြီးအတိုင်းပင်။

**စာမျက်နှာ(၄၀)သို့**

ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.49 ▪ FEBRUARY 14 , 2013



*ရန်ကုန်မြို့ ပြည်လမ်းနှင့်အင်းလျားလမ်းထောင့်ကို ဖေဖော်ဝါရီလပထမပတ်ကတွေ့ရစဉ်*　　ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ရန်ကုန်မြို့တော် ယာဉ်ပိတ်ဆို့မှုပြဿနာအတွက် P များ

သော်အိန်မင်း

ရန်ကုန်စက်မှုတက္ကသိုလ် B.E ကျောင်းသား ဘဝတုန်းက လမ်းတွေပေါ်က ယာဉ်စီးရေကို စာရင်းကောက် မြားပြဒိုင်ယာဂရမ်တွေဆွဲ ဝါစိမ်းနီ မီးပွိုင့်အချိန်တွေတွက်၊ ကားဘရိတ်ဖမ်းရမည့် အကွာအဝေးတွေတွက် စသည်ဖြင့်ပရောဂျက်လေးလုပ်ခဲ့ရသည်။

ယခုရန်ကုန်မှာလုပ်နေသော ယာဉ်ထိန်းအင်အားတိုးခြင်း P (Police volume)၊ ပလက်ဖောင်းဧရိယာနှင့်ဝန်ဆောင်မှုတိုးမြှင့်ခြင်း P (Platform Service)၊ ကားရပ်ကွင်းများ ဖန်တီးခြင်း P (Parking Space)၊ လမ်းများချဲ့၊ ခုံးကျော်တံတားများဆောက်ခြင်း P (Push for LOS-Level of Service) များသည် ကောင်းမွန်သော အစီအမံများ၊ လုပ်သင့်သည်များ ဖြစ်ပါသည်။ သို့သော် စစ်မှန်သော၊ သုတေသန ပြုထားသော Peak Volume ယာဉ်အသွားအလာအများဆုံးအချိန်နှင့် Peak Duration ယာဉ်အရေအတွက် အများဆုံး ပမာဏကို အခြေခံမှ ထိရောက်ပါလိမ့်မည်။ သို့မဟုတ်ပါက မလိုအပ်သော၊ ရပ်မည့်ကားမရှိသော တစ္ဆေကား ပါကင်များဆောက်မိခြင်း၊ လျှောက်မည့် သူမရှိသော ပလက်ဖောင်းများ ချဲ့မိခြင်း၊ ထိရောက်မှုနည်းသော ခုံးကျော်တံတားများ ရွေးချယ်မိခြင်းများ ဖြစ်တတ်ပါသည်။ Peak Volume အမှန်ကို အခြေခံ ပြင်ဆင်နေသည်ဟုလည်း ယုံကြည်ပါသည်။ ယခုအဓိက ဆွေးနွေးလိုသည်မှာ ရေရှည်အတွက် မဖြစ်မနေ၊ အမြဲလုပ်နေရမည့် နောက်ထပ် "P" များ ဖြစ်ပါသည်။

ကျွန်တော်တို့မြို့တော်၏ အမြင့်ဆုံး အကျပ်အတည်း Peak ကို သိပြီဆိုပါက ဘာ့ကြောင့်လူတွေ ဒီနေရာတွေကို သွားနေရသလဲ ပြန်စဉ်းစားရတော့မည်။ ဘန်ကောက်တက္ကသိုလ် M.E တန်းမှာ သင်တာက Upstream thinking အထက်ကိုခြေရာကောက်၊ ဆန်ပြီး တွေးခြင်းဟု ဆီလျော်အောင် ပြန်ရမည်ထင်သည်။ ကမ္ဘာ့မြို့ကြီးများလိုပဲ ဆိုရပါမည်။ အလုပ်လုပ်ဖို့၊ ပိုက်ဆံ/အလုပ်/ပညာရှာဖို့၊ ရုံးတက်ဖို့၊ လူတွေ မြို့ထဲ တိုးဝင်နေသည်။ အဲဒီလူတွေမြို့ထဲမသွားဘဲ သူတို့လိုအင်ပြည့်အောင် ဆောင်ရွက်ပေးခြင်းသည် အထိရောက်ဆုံး ဖြေရှင်းနည်းဖြစ်ပါသည်။ စာထဲမှာ ယင်းဖြေရှင်းနည်းများကို Pull and Push Factors ဆွဲဆောင် ရွှေ့ပြောင်းနိုင်မှုကိန်းများဟု ခေါ်ပါသည်။ လူအများစု တိုးဝင်ရာ မြို့လယ်များသည် ရုံးနှင့် ဝန်ဆောင်မှုလုပ်ငန်းများရှိရာ စီးပွားရေးစင်တာများ ဖြစ်နေတတ်ပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အချက် သုံးချက်ကြောင့် လူများရှိ သင့်သည်ထက် စုပုံတိုးဝှေ့နေတတ်သည်။ ပထမက ကြိုးနီစနစ်ဖြစ်သည်။ ကိစ္စအရေးကြီးကြီး၊ မကြီးကြီး လူကိုယ်တိုင်လာ၊ အပြောင်းအလဲ၊ အလျှော့အတင်းမရှိသော ရုံးလုပ်ငန်းအတိုင်း လာလုပ်ဆိုသောပြဿနာ။ ဒုတိယက နည်းပညာအားနည်းမှု။ အွန်လိုင်းအခြေခံ ဝန်ဆောင်မှုများ မအောင်မြင်သရွေ့ လူတွေတစ်နေရာပြီး တစ်နေရာ မလိုအပ်ဘဲ သွားနေရသည့် ပြဿနာ။ တတိယက မြို့လယ်၏ ဝန်ဆောင်မှုစွမ်းအားကို အမှန်တိုင်း မသိမှု။ ကားပါကင် ဘယ်နှစ်နေရာ ပေးနိုင်မှန်းမသိ၊ ဓာတ်လှေကားစနစ်ဘယ်လောက် ပေးနိုင်မှန်းမသိ၊ လမ်းနှင့်ပလက်ဖောင်းများ၏ ဝန်ဆောင်မှုရေချိန် LOS (Level of Service) ကိုမသိ၊ အရန် အဆောက်အအုံ အကျယ်နှင့် လူထုဧရိယာများကို တွက်ချက်မထားမှု စသည့် မသိခြင်း ပြဿနာများဖြစ်ပါသည်။

ဥပမာတစ်ခု ဆိုပါမည်။ လွန်ခဲ့သော ၂ နှစ်လောက်ထိ ဆူးစေတီတော်နားက ဆက်သွယ်ရေးရုံးမှာ တန်းစီနေသော လူတန်းရှည်ကြီးကြားမှာ ကျွန်တော်တို့ တစ်လ နှစ်ကြိမ်လောက် ညပ်နေတတ်သည်။ ဘာမှကြီးကြီး ကျယ်ကျယ်မဟုတ် ဖုန်းဘီလ်ဆောင်ဖို့ သက်သက်။ ယခုအဲဒီလို လူတန်းရှည်ကြီးတွေ မရှိတော့ ငွေဖြည့်ကတ်ကနေ ဖုန်းဘီလ်ဆောင်သော နည်းပညာက ပြဿနာကို ရှင်းထုတ်လိုက်ပြီ။ ဒီလို အွန်လိုင်း ဝန်ဆောင်မှုတွေ ဘဏ်ကြားခံဆောင်ရွက်မှုစနစ်တွေ ATM ကတ်တွေက လူတွေမလိုအပ်ဘဲ သွားလာနေရမှုတွေကို လျော့ကျစေပါလိမ့်မည်။ လက်ရှိရန်ကုန်မြို့လယ်က အစိုးရနှင့် ပုဂ္ဂလိကရုံးများ၊ ဘဏ်များ၊ စီးပွားရေးလုပ်ငန်းများ၏ ၅၀ ရာခိုင်နှုန်းလောက်သာ အွန်လိုင်းဝန်ဆောင်မှု ဆောင်ရွက်နိုင်ဦး၊ မြို့လယ်က လူနှင့်ကားတစ်ဝက် မကလျော့သွားပါလိမ့်မည်။ အရေးအကြီးဆုံးဖြစ်သလို အင်ဂျင်နီယာများ အမြဲစဉ်းစားတွက်ချက်နေရမည့် အချိုးတစ်ခု ရှိပါသေးသည်။ လူနေအိမ်ယာနှင့် စီးပွားရေးလုပ်ငန်းဧရိယာအချိုးကျမှုဖြစ်ပါသည်။ အဲဒီ P ကိုပီအကြီးဟုကျွန်တော်တို့ ခေါ်ပါသည်။

သူဘယ်လို အရေးပါသလဲ မပြောခင် နေ့လယ်ဘက်မှာ ကားရပ်စရာလုံးဝမရှိသော မြို့တော်ခန်းမတစ်ဝိုက်၊ ပန်းဆိုးတန်းတစ်ဝိုက်ကို ညရှစ်နာရီလောက်မှာ တစ်ချက် ကြည့်စေချင်ပါသည်။ သရဲခြောက်မတတ် လူရှင်းနေပါလိမ့်မည်။ အဲဒီအချိန်မှာ တစ်နေကုန်ကားမရှိသော လူနေရပ်ကွက်တွေထဲက အိမ်ရှေ့လမ်းဘေး နေရာလေးတွေမှာ ကားတွေလုရပ်ရင်း စကားများနေကြပါပြီ။ မြို့စွန်ကိုပြန်ရသူတွေ ညစာမစားရသေးဘဲ ဘတ်စ်ကားစီးတုန်း နွမ်းလျနေတုန်းဖြစ်ပါလိမ့်မည်။ ချစ်စရာကောင်းသော ကျွန်တော်တို့ရန်ကုန်မြို့တော်ကြီးမှာ မြို့သူမြို့သားတွေကို စနစ်တကျနေရာချထားပေးနိုင်သော လူနေခန်းနှင့် စီးပွားရေး (ရုံးခန်း) အချိုးတိကျစွာ ချမှတ်ထားမှုမရှိသေးပါ။ ကိုယ့်ကိစ္စကိုယ်ရှင်း၊ မတတ်နိုင်သူ မြို့ပြင်ထွက် ကြေးဖြစ်နေတုန်းဖြစ်ပါသည်။ ဂျပန်နိုင်ငံ အိုဆာကာနှင့် ဖူကူအိုကာမှာ ခဏနေခဲ့တုန်းက တည်းသည့် အိမ်ရှင်အပြောအရ လုံးချင်းအိမ်မဟုတ်ဘဲ တိုက်ခန်းမှာနေသရွေ့ မြို့ပြင်၊ မြို့တွင်းနေသူများမှာ လူတန်းစား သိပ်မကွာလှ။ အလုပ်နှင့်နီးရာမှာ အဆင်ပြေရာနေကြသည့် သဘော။ ကျွန်တော်တို့ ရန်ကုန်စီးပွားရေး ရပ်ကွက်များ၏ လူနေ၊ ရုံးခန်းအချိုးကို ကျွန်တော်တို့ တွက်ချက် ထိန်းသိမ်းရပါမည်။ အဲဒီအချိုးနှင့်လမ်းတွေ၊ ကားရပ်ကွင်းတွေ၏ ဝန်ဆောင်မှု အဆင့်ဆင့် ချိတ်ဆက်မြှင့်တင်တည်ဆောက်ရပါမည်။ ဧရိယာတစ်ခုမှာ နေရာလွတ် ဖန်တီးနိုင်မှု ကုန်သွားပါက နေရာလွတ်ဖန်တီးနိုင်သော ဧရိယာကို ရွှေ့ယူရပါမည်။ လူနေ အဆောက်အအုံများ စီးပွားရေးလုပ်ငန်းများကို ရွှေ့ရမည်ဟု မဆိုလိုပါ။ မသိမသာ လိမ္မာပါးနပ်စွာ ရွှေ့ယူနိုင်သော စနစ်များ ရှိပါသည်။

ကျွန်တော်တို့မှာ အခွင့်အလမ်းများစွာရှိပါသည်။ ဥပမာ-သက်တမ်းကုန် အဆောက်အအုံဟောင်းတစ်လုံးကို ဖျက်ဆောက်ဖို့အခွင့်ကြုံလာချိန်မှာ ကျွန်တော်တို့ ကြိုတင်တွက်ချက်ထားသော အချိုးအတိုင်းဝင်အောင် Plan ချခြင်း၊ ကြေညာထုတ်ပြန်ခြင်း Publication များ လုပ်နိုင်ပါသည်။ ဆရာ ဒေါက်တာ ကျော်လတ် စိတ်ပူသလို ရုပ်ဆိုးပန်းဆိုး ကွန်ဒိုတိုက်များ (Ugly Condos) မဖြစ်လာအောင်၊ ဆရာဒေါက်တာသန့်မြင့်ဦး စိုးရိမ်သလို ၁၈/၁၉ ရာစုမှ အလှတရားများကို ဖျက်ဆီးပစ်သလို မဖြစ်အောင်တော့ သတိကြီးကြီး ထားရပါလိမ့်မည်။ ကျွန်တော်နဲ့ နှစ်ချီခင်မင်လာသော နိုင်ငံခြားသား မြို့ပြပညာရှင်တစ်ယောက်က ရန်ကုန်ကို မိုးမျှော်တိုက်တို့ကင်းစင်ရာ လှပသော၊ ဗုဒ္ဓဘာသာထွန်းကားသော မှတ်တိုင်နိုင်ငံ (သူ့သဘောက ရွှေတိဂုံစေတီတော်ကို ဘက်ပေါင်းစုံက နေဖူးတွေ့ရတာကို ဆိုလိုပါသည်) ဥရောပနှင့် အာရှဇိသုကာလက်ရာများ ရောယှက်ရာ ယဉ်ကျေးမှုစုံသော၊ လူဦးရေမတန်တဆများ မလာအောင် ထိန်းထားနိုင်သော သာယာသော မြို့တော်သာ ဖြစ်စေချင်သည် ဆိုပါသည်။ ကျွန်တော်တို့အတွက် အတွေးပွားစရာ အချက်များဖြစ်ပါသည်။

ကျွန်တော် ယခုဆောင်းပါးကို ရန်ကုန်မြို့တော် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာအတွက်လို့ ခေါင်းစဉ်တပ်ခဲ့သည်။ ဒါပေသိ လူနှင့် အဆောက်အအုံများအကြောင်းများကိုသာ ဇောင်းပေးတင်ပြပါသည်။ ဘာကြောင့်လဲဆိုတော့ ယာဉ်ကြောပိတ်မှု ပြဿနာ၏ ရင်းမြစ်များ ဖြစ်လို့ဖြစ်ပါသည်။ ခေါင်းစဉ်၏ P ဖြစ်သော မော်တော်ကား တင်သွင်းမှု၊ အသုံးပြုခွင့်ပေးမှု Policy ကို အခုမှပြောပါမည်။ အကြောင်းအမျိုးမျိုးကြောင့် အတိတ်က ကားတင်သွင်းမှု ထိန်းချုပ်ခဲ့သည်။ ယာဉ်ပိတ်ဆို့မှုတော့ မရှိ (ပိတ်စရာ ကားမှ မရှိဘဲကိုး)၊ ပြဿနာ နှစ်ခု တက်သည်။ တစ်ခုက ကမ္ဘာ့ဈေးအကြီးဆုံးကားအစုတ် ဈေးတန်းကြီးပေါ်လာသည်။ သည်ထက်ဆိုးတာက တက်ရိပ်သာရှိသော အဲဒီကားဈေးကွက်ကို ယုံမှတ်စရာ ငွေမာစီးပွားရေးအဖြစ် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံကြ၊ စုဆောင်းကြသည်။ ကားသည် စီးစရာ ယာဉ်မဟုတ်တော့။ စုဆောင်းငွေများ၊ အိုစာမင်းစာများ၊ ထမင်းအိုးများ၊ မိသားစု အာမခံချက်များဟူသော ယုံကြည်ချက်ကို ဆယ်စုနှစ်များစွာ တစ်ပြည်လုံး ယုံကြည်ခဲ့သည်။ အဲသည်လိုကနေ ဖြန်းခနဲ ကားဈေးကွက်ပျက်သွားသည်။ တကယ်တော့ ကားဈေးကွက်ပျက်တာ မဟုတ်၊ လူတချို့၏ စုဆောင်းငွေများ ပျောက်ရှပြီး အရင်းပျောက်၊ ဘဝပျက်ကုန်တာဖြစ်သည်။ ငွေမည်းကြေညာသလို လူတန်းစားအားလုံး မထိခိုက်ပေမယ့် ပျောက်ဆုံးမျိုးသုဉ်းလုလူတန်းစားတကယ် မျိုးကန်းသွားခြင်း ဖြစ်ပါသည်။

လူများစု ကားပိုင်ရေးအတွက် စေတနာမှန်သော အစီအမံ ဖြစ်၍ ရှိစေတော့။ ယခုပြည်ပကနေ ကြားနေရသည်က လမ်းပိတ်တာကို ထောက်ပြပြီး ကားပါမစ်တွေ ထိန်းချုပ်ဖို့ တချို့က ကြိုးစားလာကြပြီ။ (လုံးဝ) မလုပ်သင့်ပါ။ လုပ်သည့်နေ့ ကားဈေးပြန်တက်ပါမည်။ ဒီတစ်ခါ တန်ဖိုးလျော့ပစ္စည်းဆိုတာကို မေ့ပြီး လူတချို့ မရှိရှိတာ ဘေးချိတ်(ထုခွဲပြီး) ကားတွေ ဖွတ်ဝယ်ကြပါဦးမည်။ ရန်ကုန်ယာဉ်ကြောကိုထိန်းနိုင်သောနေ့ ပါမစ်ပြန်ဖွင့်သောနေ့မှာ လူတွေ ငွေကြေး ထပ်ဆုံးရှုံးပါလိမ့်မည်။ ၂၀၀၂ မှာစသော ထိုင်းက လူစီးကား (လုပ်ငန်းသုံးကားမပါ) ကားပေါ်လစီကို အကျဉ်းမျှ မိတ်ဆက်ပါရစေ။ မိသားစု တစ်စုအတွက် ပထမဆုံး ဝယ်သောကားကို ဘတ်တစ်သိန်း လျှော့ပေးသည်။ (ဆိုလိုတာက မိသားစု သန်းခေါင်စာရင်းတစ်ခု ကားတစ်စီးပဲ ရှိရမည်) ကားဟောင်းရှိနေလျှင် လျှော့မပေး။ နှစ်စီးမြောက်ကား ဝယ်ယူသည်ဟု သတ်မှတ်ပြီး အခွန်တိုးကောက်သည်။ ဒီအခွင့်အရေးသည် ခုမှ ကားပိုင်ဆိုင်ခွင့် ရလာသော အဆင်ပြေစ မိသားစုများအတွက် မင်္ဂလာ အစီအမံ။ တကယ်လို့ ရှိတဲ့ကားအဟောင်းရောင်းပြီး မိသားစုထဲမှာ ကားတစ်စီးတည်းပဲ ဝယ်စီးသုံးမယ်ဆိုသော မိသားစုများအတွက်ကျ ဝယ်သောကားတန်ဖိုး အမျိုးအစားအလိုက် ဈေးလျှော့ပေးမည်။ ဘာဖြစ်ဖြစ် ကားနှစ်စီး၊ သုံးစီးထားစီးရင်တော့ အပိုကားများအတွက် ဆောင်ပေတော့အခွန်။ သူများအိမ်ထောင်စုငှားပြီး ကားဝယ်လို့ စစ်ဆေးတွေ့ရှိပါက အခွန်ရှောင်မှုအဖြစ် ပြင်းထန်စွာ အရေးယူမည်။ တချို့တက္ကသိုလ်ကြီးတွေ၊ ဈေးဝယ်စင်တာတွေက (ဒီကားက ကျွန်တော်တို့မိသားစုရဲ့ တစ်စီးတည်းသောကားပါ)လို့အဓိပ္ပာယ်ရသောစတစ်ကာကပ်ထားသည့် ကားတွေကို ပါကင်ဦးစားပေးသည်။ လူတွေ၏ အတွေးအခေါ် Mind Set ကို ပြောင်းနိုင်ဖို့ဝိုင်းကူပေးတာမျိုးဖြစ်သည်။

လက်ရှိ ပြဿနာတက်နေသော ရန်ကုန်ဧရိယာတစ်ခုတည်းတင် တစ်အိမ်ထောင်လူစီးကား တစ်စီး (လုပ်ငန်းသုံးကားမပါ) ပေါ်လစီကို ကျင့်သုံးကြည့်ပါ။ VIP မပါကြေး၊ တင်းကျပ်စွာ ကိုင်တွယ်ကြည့်ပါ။ ပြိုင်ကားများ လိုက်ဖမ်းနေရသော ဒုက္ခ၊ ကားပါကင်ဖန်တီးနေရသော ဒုက္ခ၊ ကားလမ်းကျပ်မှုဒုက္ခများ သိသိသာသာ လျော့နည်းသွားပါလိမ့်မည်။ မဖြစ်မနေလိုအပ်သူများ တတ်နိုင်သူများက သတ်မှတ်အခွန်ကို ထမ်းပြီး နှစ်စီးမြောက်၊ သုံးစီးမြောက်ကားများ မှတ်ပုံတင် စီးပါလိမ့်မည်။ အခွန်လည်း တိုးရလာပါမည်။ နိဂုံးချုပ် P ကို ဆိုပါရစေ။ ကျွန်တော်တို့ မျိုးဆက်လိုက် ခက်ခက်ခဲခဲ ဆည်းပူးလာသော အတတ်ပညာများ၊ အတွေးအခေါ်များ၊ အစီအမံများ၊ ဥပဒေသများ၏ ဖြည့်ဆည်းအရောင်တင်မှု P (Polish) သည် လူနည်းစု ပိုက်ဆံဝါလားများ၊ အာဏာရှင်များ၊ အခွင့်ထူးခံများအတွက် သီးသန့် အကျိုးမဆောင်ရာ။ ကျွန်တော်တို့ လူမျိုး၊ ပြည်သူအားလုံးနှင့် မွေးဖွားရာ (မြှုပ်နှံရာ) အမိနိုင်ငံအတွက်သာ ဖြစ်ရာသည်ဟု ခိုင်မာစွာယုံကြည်ပါသည်။ ။

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.49 • FEBRUARY 14 , 2013

# နိုင်ငံရေး အကျဉ်းသားအားလုံး လွတ်မြောက်ရန် ကော်မတီတစ်ခု ဖွဲ့စည်း

## အစိုးရကိုယ်တိုင်က နိုင်ငံရေးအကျဉ်းသားဟု ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ် သုံးနှုန်း

**အိဖြူလွင်၊ ထွန်းနိုင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ - ၇**

အစိုးရနှင့် အတိုက်အခံတို့ အကြားကာလရှည်ကြာ အငြင်းပွားခဲ့သော 'နိုင်ငံရေးအကျဉ်းသား' ဟူသော အသုံးအနှုန်းကို အစိုးရဘက်မှ တရားဝင်သုံးနှုန်းပြီး ၎င်းတို့ လွတ်မြောက်ရေးအတွက် ကော်မတီတစ်ခု ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

အစိုးရသစ်လက်ထက်တွင် လွတ်ငြိမ်းချမ်းသာခွင့် ခုနစ်ကြိမ်ပေးခဲ့ပြီး နိုင်ငံရေး အကျဉ်းသားများအပါအဝင် အကျဉ်းသား သုံးသောင်းကျော်ကို လွှတ်ပေးခဲ့သည်။

ထိုသို့ အကျဉ်းသားများ လွှတ်ပေးရာတွင် နိုင်ငံရေး အကျဉ်းသားများကို အစိုးရဘက်မှ 'ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ' ဟုသာ သုံးနှုန်းခဲ့ပြီး ထိုမတိုင်မီက နိုင်ငံရေးအကျဉ်းသား မရှိဟုပင် ဆိုခဲ့ကြရာမှ ယခုတစ်ခေါက်တွင် "နိုင်ငံရေးအကျဉ်းသား" ဟု စတင်သုံးနှုန်းခဲ့ခြင်း ဖြစ်သည်။

အစိုးရဘက်မှ "နိုင်ငံရေးအကျဉ်းသား" ဟု သုံးနှုန်းခဲ့ခြင်းနှင့် အကျဉ်းထောင်များအတွင်း ၎င်းတို့ ကျန်ရှိခြင်းရှိ၊ မရှိကို စိစစ်မည့်အရေးကို နိုင်ငံရေး အကျဉ်းသားဟောင်းများက ကြိုဆိုလိုက်ကြသည်။

"နိုင်ငံရေး အကျဉ်းသားရှိတယ်လို့ ထုတ်ပြောတာ ဒါပထမဆုံးပါပဲ။ အစိုးရ အဆက်ဆက်မပြောခဲ့ဘူး။ ဒီအစိုးရလက်ထက်မှ ဒါပထမ ထုတ်ပြောလာတာကို ကြိုဆိုပါတယ်" ဟု နိုင်ငံရေး အကျဉ်းသားဟောင်းများ အဖွဲ့ချုပ်မှ ဦးမြင့်ဝင်းမောင်က ပြောသည်။

"အရင်ကတည်းက ရှိတာကို အမှန်အတိုင်း ဖွင့်ဖော်ပြီး မသုံးစွဲတာ၊ လက်ရှိကို လက်မခံရာရောက်တာပေါ့။ အသေးအဖွဲက အစ အမှန်အတိုင်းဖြစ်မှ ပြည်သူရော ကမ္ဘာရော လက်ခံမှာပါ" ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းလိတ်က နိုင်ငံပိုင်မီဒီယာ၏ ပထမဆုံးအသုံးအနှုန်းနှင့် ပတ်သက်၍ မှတ်ချက်ပေးပြောကြားသည်။

ယခုကဲ့သို့ နိုင်ငံရေးအကျဉ်းသားများ အရေးထုတ်ဖော်ပြောဆိုခဲ့ခြင်းမှာ အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမှန်တကယ်လိုလားကြောင်း ပြသလိုက်ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း ဦးမြင့်ဝင်းမောင်က ပြောသည်။

"သဘောထားကြီးကြီးနဲ့ အမှန်ကို အမှန်အတိုင်း ရပ်တည်ပြီး ရဲရဲတင်းတင်း ဆုံးဖြတ်လက်ခံတာဟာ ရေရှည်လက်တွဲ လုပ်ဆောင်ဖို့အတွက် အများကြီး အထောက်အကူ ဖြစ်နိုင်တယ်" ဟု ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့မှ ကိုပြုံးချိုက ပြောသည်။

နိုင်ငံရေးက အကျဉ်းသားဟူသော သတ်မှတ်ချက်သည် လူထုကသာ ဆုံးဖြတ်မည်ဖြစ်ပြီး မည်သည့် ပုဒ်မနှင့်ဖမ်းသည် ဖြစ်စေ အစိုးရက သူပုန်ဟု ပြောသည်ဖြစ်စေ လူထုတွေကြားတွင် ဖြစ်ပွားခဲ့သည်များကို လူထုက အမှန်အတိုင်း သိနိုင်ပါသည်ဟု မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးနိုင်ငွေသိမ်းက ပြောကြားသည်။

အခြားနိုင်ငံများတွင် နိုင်ငံရေး အကျဉ်းသား သတ်မှတ်ချက်ကို လက်ရှိအစိုးရနှင့် သဘောထားချင်း မတိုက်ဆိုင်သူများ၊ အတိုက်အခံ ပြုလုပ်သူများဟု သတ်မှတ်သော်လည်း မြန်မာနိုင်ငံတွင်မူ ထိုသို့ မဟုတ်ဘဲ ပုဒ်မအမျိုးမျိုးနှင့် ဖမ်းဆီး၍ တရားစွဲခြင်းများရှိခဲ့သည်ဟု ဦးစိုင်းလိတ်က ဆိုသည်။

"အုပ်ချုပ်သူရဲ့ စိတ်အလို မကျရင် မကျသလိုဖြစ်မှုမြောက်နေတဲ့ အခါကျတော့ ဒါကပြောဖို့ခက်နေပြီ။ ဘယ်ဟာနိုင်ငံရေး အကျဉ်းသားလည်းဆိုတာ ပုဒ်မပေါ်မှာ ခွဲခြားနိုင်ဖို့ ခက်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ကျန်နိုင်ငံရေး အကျဉ်းသားများ ပြန်လွှတ်ပေးနိုင်ရေးအတွက် စိစစ်ရေးကော်မတီကို နိုင်ငံတော် သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အစိုးရဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီအချို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်ကြောင်း နိုင်ငံတော် သမ္မတရုံးမှ ယနေ့သတင်းထုတ်ပြန်သည်။

ကော်မတီက နိုင်ငံရေး အကျဉ်းသား အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ လွတ်လပ်ခွင့်ပြုခြင်းဆိုင်ရာ သတ်မှတ်ချက်များ ညှိနှိုင်းရေးဆွဲခြင်း၊ လက်ရှိ နိုင်ငံရေး အကျဉ်းသားများအားစိစစ်၍ လွှတ်ပေးသင့်သူများအား လွှတ်ပေးရေးညှိနှိုင်း၍ စိစစ်တွေ့ရှိခြင်းများကို နိုင်ငံရေး သမ္မတထံ တင်ပြရမည်ဖြစ်သည်။

ကော်မတီတွင် ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ရန် ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့နှင့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) တို့သို့ ကော်မတီဥက္ကဋ္ဌက စာပေးပို့ထားကြောင်း သိရသည်။



*နာမည်ကျော်နိုင်ငံရေးအကျဉ်းသား ကိုမင်းကိုနိုင် လွတ်မြောက်လာစဉ်က*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

---

# ပြည်ထောင်စုဝန်ကြီးတာဝန် လက်ခံခဲ့ရသော်လည်း စိတ်မကောင်းဟု ဦးဆန်းဆင့်ဆို

**မင်းဟိန်းကျော်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၇**

ပြည်သူများ၏ ဆန္ဒကို အလေးထားသည့်အတွက်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ တာဝန်ကိုသာ ဆက်လက်ထမ်းဆောင်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း သာသနာရေး ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခံရသူ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်က ပြောသည်။

"ကျွန်တော်လည်း ပြည်သူ့ဆန္ဒအရ ဒီမှာပဲ ဆက်လုပ်ဖို့ သမ္မတကြီးဆီကို စာတင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ခန့်အပ်တဲ့ အမိန့်က ထွက်လာပါတယ်။ ကျွန်တော်တို့လွှတ်တော်က တကယ့်ကို ပြည်သူတွေကို ကိုယ်စားပြုတဲ့ လွှတ်တော်ဖြစ်မှန်း သိသာလာပါပြီ။ အဲဒါကြောင့် ကျွန်တော်မသွားချင်တာ။ အခုလိုဖြစ်တော့ အရမ်းစိတ်မကောင်းဖြစ်မိပါတယ်" ဟု ဦးဆန်းဆင့်က ပြောသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ (ဈ)တွင် ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးခံရသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားသည်။

အဆိုပါ ဥပဒေပြဋ္ဌာန်းချက်အရ သမ္မတရုံးမှ အမိန့်ထုတ်ပြန်သည့်နေ့တွင် မိမိအနေဖြင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ရာထူးမှ အလိုအလျောက်နုတ်ထွက်လိုက်ရပြီဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း သာသနာရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတော့မည် ဖြစ်ကြောင်း ဦးဆန်းဆင့်က ဆိုသည်။

ပြည်သူများအနေဖြင့် မိမိတို့ လွှတ်တော်အပေါ် ယုံကြည်မှု နည်းပါးနေသည်ဟု ယူဆသဖြင့် မိမိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များမှ လုပ်ဆောင်စရာရှိသည့် ကိစ္စရပ်များကို ကြိုးစားလုပ်ဆောင်ခဲ့သဖြင့် တိုးတက်မှုကိုလည်း ရရှိခဲ့ကြောင်း၊ ယခုအခါ တိုင်းဒေသကြီး တစ်ခုလုံးနီးပါး၏ ဆန္ဒများ အဖြေထွက်ထားသည့်အတွက်ပြည်သူများကိုကိုယ်စားပြုသည့် လွှတ်တော် တစ်ရပ်အဖြစ် ရောက်ရှိလာပြီဟု ခံစားရကြောင်း ၎င်းက ပြောသည်။

ဦးဆန်းဆင့်အား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်နိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်မှ ဇန်နဝါရီ ၃၁ ရက်တွင် အတည်ပြုခဲ့ပြီးနောက် ဦးဆန်းဆင့်က မိမိအား မူလတာဝန်ကိုသာ ထမ်းဆောင်ခွင့်ပြုပါရန် နိုင်ငံတော် သမ္မတထံသို့ ဖေဖော်ဝါရီလ ၃ ရက်တွင် တင်ပြခဲ့သည်။

အဆိုပါ တင်ပြမှုကို နိုင်ငံတော်သမ္မတက လက်ခံခြင်းမရှိဘဲ ယခုလ ၅ ရက်တွင် ဦးဆန်းဆင့်အား သာသနာရေးပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။

---

# ကရင်တိုင်းရင်းသားများညီလာခံ ကျင်းပရန်ပြင်ဆင်

**ရန်မျိုးနိုင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၁၁**

ကရင်တိုင်းရင်းသားအားလုံး ပါဝင်သောညီလာခံကျင်းပရေးအတွက် ပြန့်ကြဲနေသော ကရင်လူမျိုးများကို စည်းရုံးရန် ဦးစွာလုပ်ဆောင်ရမည်ဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU) မှ တွဲဖက်အတွင်းရေးမှူး(၂) ဖဒိုမန်းမန်းကပြောသည်။

"ညီလာခံနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့အချိန်ယူရမယ်။ အမျိုးသားညီလာခံ တစ်ခု ကျင်းပဖို့ဆိုတာ အချက်အလက်တွေရယ်၊ အခြေခံ အကြောင်းရင်းရယ်၊ စုဖွဲ့မှုရယ်လိုတယ်" ဟု ၎င်းကဆိုသည်။

ကရင်တိုင်းရင်းသားလူမျိုးများသည် ကရင်ပြည်နယ်တွင်သာမက ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပါ နေထိုင်ကြသောကြောင့် ကရင်လူမျိုးများကြား စုစည်းမှု ပိုမိုရရှိရေးအတွက် ယင်းအရပ်ဒေသများတွင် နှီးနှောဖလှယ်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း ဖဒိုမန်းမန်းက ပြောသည်။

ပြီးခဲ့သည့် လပိုင်းအတွင်းက ရှမ်းတိုင်းရင်းသားများ စည်းရုံးရန်အတွက် ရှမ်းတိုင်းရင်းသားညီလာခံတစ်ရပ် ကျင်းပသွားသကဲ့သို့ ကရင်အမျိုးသားများ စည်းရုံးမှုပိုမိုအားကောင်းလာစေရေးအတွက် ညီလာခံတစ်ခု ကျင်းပစေလိုကြောင်း ဇန်နဝါရီ ၂၇ ရက်၌ ကျင်းပခဲ့သော အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မီဒီယာများကို ပြောသည်။

"အောက်ခြေကနေစပြီး အရင်စည်းရုံးရမယ်။ အမြင်ချင်းဖလှယ်ရမှာပေါ့လေ။ ညီလာခံတစ်ခု ကျင်းပဖို့ အောက်ခြေကနေ စရမယ်" ဟု ကရင်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစောသန်းကျော်ဦးက ပြောသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU)မှ တာဝန်ရှိသူများသည် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကရင်လူမျိုးများနှင့် တွေ့ဆုံပွဲတစ်ရပ်ကို ပန်းတနော်မြို့၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

နှစ်ပေါင်း ၆၀ ကျော်လက်နက်ကိုင် တိုက်ပွဲဝင်ခဲ့သော ကရင်အမျိုးသားအစည်းအရုံး (KNU)သည် မြန်မာအစိုးရနှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ အတွင်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

# လူမဆန်သူများ၏
# ပစ်မှတ်ဖြစ်လာသော ကလေးငယ်များ


*ကလေးသူငယ်များ လိင်အလွဲသုံးစားပြုလုပ်ခံနေရသည်ကို သတိပေးရန် ရိုက်ကူးထားသော သရုပ်ဖော်ဓာတ်ပုံ*

ဓာတ်ပုံ - အယ်လ်ဂျာဇီးရား

## "၂၅ နာရီလျှင် ကလေးသူငယ်တစ်ဦး မုဒိမ်းကျင့်ခံနေရ"

**ငြိမ်းငြိမ်းနိုင်**

ကျောင်းဆင်းခေါင်းလောင်း ထိုးလိုက်သည်နှင့် မူလတန်းအရွယ် ကျောင်းသူ၊ကျောင်းသားလေးများ ကျောင်းတံခါးပေါက်ဆီ အော်ဟစ်ခုန်ပေါက်ပြိုဆင်းလာကြသည်။ ထိုကလေးများအကြား သနပ်ခါးပါးကွက်ကြားလေးနှင့် အဖြူအစိမ်းဝတ်ကျောင်းသူကလေးက ထူးထူးခြားခြားရှိနေ၏။

ရှေ့နဖူးပေါ် ဝဲကျနေသည့် ဆံယဉ်စအောက် မျက်လုံးအစုံက ကျောင်းတံခါးပေါက်ဆီ လှမ်းမျှော်ငေးကြည့်ရင်း မလှုပ်မယှက် တစ်လှမ်းချင်း ခပ်မှန်မှန် လမ်းလျှောက်နေသည်။

ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှ ထိုကျောင်းသူလေးသည် လွန်ခဲ့သည့် ၁၂ ရက်(ဇန်နဝါရီ ၂၈ ရက်) က အသိမိတ်ဆွေ ဆွေမျိုးသားချင်းမဟုတ်သည့် အသက် ၁၈ နှစ်အရွယ် အမျိုးသားတစ်ဦး၏ လှည့်ဖြားခေါ်ဆောင်ကာ သားမယား ပြုကျင့်ခံရသော ရှစ်နှစ်အရွယ်သာရှိသေးသည့် ဒုတိယတန်းကျောင်းသူလေး တစ်ဦးဖြစ်သည်။

မြန်မာနိုင်ငံတွင် ဒုတိယ အများဆုံးမှုခင်းဖြစ်သည့် အလိုမတူဘဲကာမစပ်ယှက်ခံရသောမုဒိမ်းမှုများထဲမှ ထက်ဝက်နီးပါးမှာ ၁၆ နှစ်အောက် ကလေးသူငယ်များဖြစ်ပြီး အသက် ၁၄ နှစ်မှ ၂၅ နှစ်အရွယ်မှာ သားမယားပြုကျင့်မှု အများဆုံးခံရသော အုပ်စုတွင် ပါဝင်နေသည်။ အကြမ်းဖျင်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် ၂၅ နာရီလျှင် ကလေးသူငယ်တစ်ဦး အဓမ္မပြုကျင့်ခံနေရသည်။

ကျူးလွန်သူကို တစ်သက်တစ်ကျွန်းဒဏ် (နှစ် ၂၀) ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်နိုင်သည့် မြန်မာနိုင်ငံတွင်ယင်းကဲ့သို့ မုဒိမ်းမှုများ မြင့်တက်နေခြင်းမှာ အခြေခံကျသော ပညာပေး လုပ်ငန်းများကို လူထုအဖွဲ့အစည်း အလွှာအသီးသီး ပါဝင်ဆောင်ရွက်တပ်လှန့်ရမည့် အရေးကြီးဆုံး အချိန်ဖြစ်ကြောင်း သတိပေးခေါင်းလောင်းသံပင် ဖြစ်သည်။

"ဒီကလေးတွေကိစ္စက တော်တော်စိုးရိမ်စရာကောင်းနေပြီ။ ပြီးတော့ ဒါဟာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွက် ဘယ်လိုမှ မကောင်းနိုင်တဲ့ ကိစ္စဖြစ်တယ်။ လူ့ဘောင် အဖွဲ့အစည်းအနေနဲ့ကို ကန့်ကွက်တားဆီးပညာပေးနိုင်ဖို့ လုပ်ဆောင်ရတော့မယ်" ဟု ရှေ့နေများကွန်ရက်မှ တရားလွှတ်တော်ရှေ့နေဦးကိုနီကပြောသည်။

၂၀၁၁ ခုနှစ်အတွင်း မုဒိမ်းမှုပေါင်း ၆၀၅ မှုဖြစ်ပွားခဲ့ရာတွင် ကလေးသူငယ်အမှုမှာ ၃၅၉ မှုဖြစ်ပွားခဲ့ကာ ၂၀၁၂ ခုနှစ်တွင် မုဒိမ်းမှုပေါင်း ၆၅၄ မှုတွင် ကလေးသူငယ်အမှုမှာ ၃၁၈ မှုပါဝင်ခဲ့သည်။

"ယောကျ်ားတစ်ယောက်အတွက် ဒီလိုစိတ်တွေဖြေဖျောက်ဖို့ အပြင်မှာ လွယ်လွယ်ကူကူတွေ ရှိရက်နဲ့ ဘာကြောင့်ကလေးလေးတွေကို ဒီလိုစမ်းသပ်ကြရတာလဲ။ လက်တည့်စမ်းချင်ရတာလဲ။ ဒီလိုကိစ္စတွေကို လုံးဝလက်ခံလို့ မရဘူး။ လက်ခံနေလို့မဖြစ်ဘူး" ဟု ရန်ကုန်ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်နေသူ အမျိုးသမီးတစ်ဦးက ပြောသည်။

စာ(၂၉)သို့






စာ(၂၈)မှအဆက်

ယဉ်ကျေးသော လူ့အဖွဲ့အစည်းအဖြစ် ဆက်လက်ရပ်တည်နိုင်ရန် အပြစ်ပေး အရေးယူသည့်အပိုင်းထက် ကြိုတင်ကာကွယ်မှုကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်က ဆိုသည်။

"ဥပဒေကတော့ နောက်ဆုံးအဆင့်ပေါ့လေ။ ကြိုတင်ကာကွယ်တဲ့ အပိုင်းက အရေးကြီးတယ်။ သမီးမိန်းကလေးမိဘတွေအတွက် ဟောပြောပွဲတွေ လုပ်ပြီး ဟောပြောရမယ်။ နောက်ပြီး ယောကျ်ားလေးတွေအတွက်ကိုလည်း ဒါမျိုးတွေကို ဒီလူ့အဖွဲ့အစည်းက လက်မခံဘူးဆိုတာကို ပညာပေးရမယ်" ဟု ဒေါ်ခင်ဝိုင်းကြည်က ဆိုသည်။

မြန်မာနိုင်ငံတွင် ကလေးငယ်များအား အခြေခံ၊ အလယ်တန်း၊ အထက်တန်းအဆင့်များတွင်သာမက တက္ကသိုလ်များတွင်ပင် လိင်ပိုင်းဆိုင်ရာ ပညာပေးမှုများမရှိသည့်အတွက် မိန်းကလေးငယ်များ၏ လိင်ပိုင်းဆိုင်ရာ အသိပညာအားနည်းမှုများကလည်း မုဒိမ်းမှုကျူးလွန်သူများအတွက်(သို့မဟုတ်)လိင်ပိုင်းဆိုင်ရာအလွဲသုံးစားလုပ်လိုသူများအတွက် အခွင့်ကောင်းဖြစ်နေသည်။

"တက္ကသိုလ်တွေမှာ တစ်နှစ်တစ်ကြိမ်လာပြီးတော့ ကျောင်းသားနှင့်ဆရာသပ်သပ်၊ ဆရာမနှင့်ကျောင်းသူသပ်သပ်လိင်ပညာပေးလာလုပ်တာမျိုးတော့ ရှိပါတယ်။ ပုံမှန်သင်ကြားပေးတာမျိုးတော့မရှိဘူး" ဟု တက္ကသိုလ်ကထိကဆရာတစ်ဦးက ဆိုသည်။

အလားတူ ပညာသင်ကြားမှုအပိုင်းတွင် လူ့ကျင့်ဝတ် လူ့စည်းကမ်းပိုင်းဆိုင်ရာ အခြေခံ သင်ကြားပေးနိုင်သည့် အခြေအနေများကလည်း နည်းပါးနေသည်။ ပညာရေးဘက်တွင်အားနည်းချက်ရှိရုံသာမက စာပေ၊ အနုပညာ အပိုင်းတွင်လည်း နူးညံ့သိမ်မွေ့စေသည့် လူအချင်းချင်း မြတ်နိုးတွယ်တာစေသော စာပေအနုပညာမျိုးလည်းရှားပါးလာသည်။

"မြန်မာလူမျိုးတွေက ပိုက်ဆံဆင်းရဲသွားတာတင်မဟုတ်ဘူး။ စိတ်ပိုင်းဆိုင်ရာပါ အကုန်လုံး ကျဆင်းနိမ့်ကျသွားတာ။ လူရိုင်းတွေသာသာပဲရှိတော့တဲ့အတွက် စာပေအနုပညာနဲ့ပဲ ဒါတွေကို ပြန်ထိန်းရပါမယ်" ဟု စာရေးဆရာမောင်သာချိုက သုံးသပ်သည်။

ထို့အပြင် ဆင်ခြေဖုံးရပ်ကွက်များရှိ လူနေထိုင်မှုစနစ်၊ ကျပ်သောင်းဂဏန်းတန် အမ်ပီဖိုးမှစ၍ မိုဘိုင်းဖုန်းဟန်းဆက် အမျိုးမျိုးကနေ အလွယ်တကူ ကူးယူကြည့်ရှုနိုင်သည့် ညစ်ညမ်းဗီဒီယိုအပိုင်းအစများ၏ ပျံ့နှံ့မှုလွယ်ကူလာခြင်း၊ လူတစ်ဦးချင်းစီ၏ ကျင့်ဝတ်နှင့် အကျင့်သိက္ခာစောင့်စည်းမှုပိုင်း အားနည်းလာမှု စသည်တို့ကလည်း ယခုကဲ့သို့ ကလေးသူငယ် အမှုများဖြစ်ပွားလာရခြင်း၏ အဓိက အခြေခံအကြောင်းအရင်းများဖြစ်သည်။

"ကျွန်တော်တို့ဆီမှာက ကိုယ့်သမီးလေးက ကလေးလေး ဆိုတော့ ဒါမျိုးတွေဖြစ်မယ်ဆိုတာတောင် မတွေးမိကြဘူး။ မိဘတွေက။ ဒါကြောင့် အခုချိန်ကစပြီး ကြီးကြီးငယ်ငယ် ကိုယ့်သားသမီးကို ပြောပြထားရတော့မယ်။ သိသင့်သလောက်လေး ပညာပေးထားရတော့မယ်။ ကျောင်းတွေမှာလည်း ပညာပေးဖို့လိုလာပါပြီ" ဟု ဦးကိုနီက အကြံပြုစကားဆိုသည်။

ကလေးနှစ်ယောက်တွင် တစ်ယောက် လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှုခံနေရသည့် အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၁၂ နှစ်ကုန်ပိုင်းက အသက် ၂၃ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအားအုပ်စုဖွဲ့ မုဒိမ်းပြုကျင့်ခံခဲ့ရပြီး သေဆုံးသွားခဲ့သည့် နောက်ဆက်တွဲအဖြစ် အိန္ဒိယ သမ္မတက အဓမ္မပြုကျင့်သူများကို သေဒဏ်စီရင်နိုင်သော ဥပဒေသစ်တစ်ရပ် ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်သို့ ပေးပို့ခဲ့သည်။ အိန္ဒိယ၏ လက်ရှိဥပဒေအရကျူးလွန်သူကိုထောင်ဒဏ် ၇ နှစ်မှ ၁၀ နှစ်အထိသာ ချမှတ်နိုင်သည်။

လက်ရှိမြန်မာနိုင်ငံ၌ လုံလောက်သည့်ဥပဒေများရှိပြီးသားဖြစ်ပြီး ဥပဒေ အကောင်အထည်ဖော်သည့်တရားရုံးများရှိတရားသူကြီးများက မုဒိမ်းမှု ကျူးလွန်သူများအား များသောအားဖြင့် သက်ညှာလေ့မရှိကြောင်း တရားရေးအသိုင်းအဝိုင်းက ဆိုသည်။

"ကျွန်မ လိုက်ဖူးတဲ့ အမှုတော်တော်များများမှာတော့ အပြစ်ပေးတာ ထောင်ဒဏ် ခုနစ်နှစ်ဝန်းကျင်အများစု တွေ့ရတယ်။ ဒါပေမဲ့ အမှုတစ်ခုမှ အောက်ရုံး(မြို့နယ် တရားသူကြီးရုံး) က ဘယ်လောက်လိုက်လိုက် ငါးနှစ်ကို မလျှော့ပေမယ့် အပေါ်ခရိုင်ရုံး အယူခံဝင်တော့တစ်နှစ်ဖြစ်သွားတာမျိုးလည်း ရှိဖူးတယ်" ဟု မုဒိမ်းမှုများတွင် အများဆုံး လိုက်ပါဆောင်ရွက်ပေးနေသည့် အထက်တန်းရှေ့နေ ဒေါ်မြတ်စုထွေးက ပြောသည်။

အပျိုစင်ဘဝကို တန်ဖိုးထားမှုမြင့်မားသည့် အစဉ်အလာကြီးမားသော မြန်မာနိုင်ငံအတွင်းမှ သမီးရှင်များအဖို့၊ မိသားစု ပတ်ဝန်းကျင် အသိုင်းအဝိုင်းအဖို့ အရွယ်မရောက်သေးသည့် သမီးမိန်းကလေးတစ်ယောက် အဓမ္မ စော်ကားပြုကျင့်ခံရခြင်းက ၎င်းတို့အတွက် အကြီးမားဆုံးသော အိပ်မက်ဆိုးကြီး ဖြစ်သည်။

ဒုတိယတန်းကျောင်းသူလေးနည်းတူ ယဉ်ကျေးသော လူ့အဖွဲ့အစည်းအတွက် လုံးဝ လက်မခံနိုင်သော နောက်ဖြစ်ရပ်တစ်ခုကလည်း ပြီးခဲ့သည့်နှစ်လခန့်ကပင် ဖြစ်ပွားခဲ့သေးသည်။

လမ်းပင်မလျှောက်နိုင်သည့် ၁၂ နှစ်အရွယ် မသန်စွမ်းကလေးငယ်တစ်ဦးအား စော်ကားပြုကျင့်ခဲ့သည့် ဖြစ်ရပ်ဖြစ်သည်။ သမီးဖြစ်သူအတွက်ယူကျုံးမရဖြစ်နေသည့် ဖခင် ဦးတင်ထွန်း(အမည်လွှဲ) က ထိုခါးသီးလွန်းတဲ့အဖြစ်အပျက်ကို ယနေ့အထိ နည်းနည်းမျှ မမေ့နိုင်။

"ကျွန်တော့် သမီးလေးက လမ်းတောင်မလျှောက်နိုင်တဲ့ မသန်စွမ်းလေးပါဗျာ။ သိပ်လိမ္မာပါတယ်။ ခုတော့ သမီးလေးရော၊ မိသားစုပါ တစ်ရွာလုံး အရှက်တကွဲအကျိုးနည်းဖြစ်ကုန်ပါပြီ" ဟု ဦးတင်ထွန်းက မခံမရပ်နိုင် စကားဆိုသည်။

သမီးဖြစ်သူက မိဘနှစ်ပါးကို မျက်စိအောက်က အပျောက်မခံနိုင်တော့လောက်အောင် ကြောက်လန့်မှု ခံစားနေရခြင်းကို ဦးတင်ထွန်းရင်ထဲတွင် မချိ။

"သမီးက အိမ်မှာနေခဲ့ရမှာကြောက်တယ်ပဲ ပြောနေတာ။ ကိုယ့်အိမ်ကိုယ့်ရွာမှာတောင် ကလေးထားပြီး အလုပ်သွားလို့ အဆင်မပြေဘူး။ သူ့ကို မထားခဲ့ပါနဲ့ ကြောက်တယ်ပဲ ပြောနေတာ" ဟု ဆိုသည်။

ကလေးငယ်များအတွက် လူမှုဘဝတွင် အရိပ်မည်းကြီးတစ်ခု၊ အမည်းစက်ကြီးတစ်ခုအဖြစ် ထင်ကျန်ရှိနေခြင်းထက် စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှု စိုးရိမ်ကြောက်လန့်မှုတို့က ပို၍ ကြီးမားသည်။

"ပတ်ဝန်းကျင် ပြောင်းလဲလိုက်ရင်တောင်မိသားစုနဲ့ကလေးအတွက် အရိပ်မည်းအောက်က လွတ်မြောက်နိုင်ပေမယ့်ကလေးရဲ့ စိတ်ထဲက စိတ်ဒဏ်ရာက ပျောက်ဖို့မလွယ်ကူပါဘူး" ဟု ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စေတနာဝန်ထမ်းအဖြစ် ဆောင်ရွက်နေသူ အမျိုးသမီးက သူ့အတွေ့အကြုံကို မျှဝေသည်။

စာ(၃၀)သို့



# Current Affairs

7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

စာ(၁၀)မှ

## လမ်းမများထက်က ယာဉ်ထိန်းရဲမေများ

"အမျိုးသမီးတွေ ခန့်ရတဲ့ ရည်ရွယ်ချက်က ကျောင်းတွေမှာ လူကူးမျဉ်းကျားတွေမှာ သက်ကြီးရွယ်အိုတွေ ကလေးတွေကို ကူညီပေးဖို့အတွက်ပါ။ ကျောင်းတက် ကျောင်းဆင်းချိန်တွေမှာ ကလေးတွေ လုံခြုံမှုရှိအောင်ရယ်၊ ယာဉ်မောင်းတွေကို ထိန်းသိမ်းဖို့ အတွက်ရယ်၊ လူကူးမျဉ်းကျားတွေမှာ လမ်းလျှောက်တဲ့ လူတွေ အဆင်ပြေအောင်ရယ်၊ အမျိုးသမီး ယာဉ်မောင်းတွေနဲ့ ဆက်ဆံတဲ့အခါမှာ အမျိုးသားယာဉ်ထိန်းတွေထက် ပိုအဆင်ပြေအောင် ခန့်ဖြစ်တာပါ" ဟု နေပြည်တော်ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှရဲမှူးကြီးက ရှင်းပြသည်။

အမျိုးသမီး ယာဉ်ထိန်းရဲမေများကို ယခုအခါတွင် အခြေခံပညာကျောင်းများ ရှေ့ရှိမျဉ်းကျားများ၌ တာဝန်ချထားပေးပြီး နောင်တွင် လမ်းဆုံလမ်းခွ၊ မီးပွိုင့်များတွင်ပါ တာဝန်ပေးအပ်သွားရန် ရှိသည်ဟု သိရသည်။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းအပြီးတွင် မီးပွိုင့်များ ပျက်စီးသွားသည့်အတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီးမကျန် လမ်းဆုံလမ်းခွများသို့ ထွက်ခဲ့ကြရသေးသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့လက်အောက်ရှိ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တွင် ဖွဲ့စည်းပုံအရ တစ်နိုင်ငံလုံးတွင် ယာဉ်ထိန်းရဲပေါင်း ၃၄၀၀ ဦး ရှိရမည်ဖြစ်သော်လည်း ယခုလက်ရှိမြေပြင်၌ တာဝန်ထမ်းဆောင်နေကြသည့် ယာဉ်ထိန်းရဲအင်အားမှာ ၁,၈၀၀ ခန့်သာရှိသည်။ အမျိုးသမီး ရဲမေများကို တာဝန်ပေးအပ်ရန် ၁၉၈၀ ပြည့်နှစ်တွင် အပတ်စဉ် (၁) ကို စတင်ခေါ်ယူခဲ့သည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် တပ်သားသစ်အဖြစ်ခြောက်လ သင်တန်းတက်ရောက်ပြီးပါက ပြည်နယ်နှင့်တိုင်းရဲတပ်ဖွဲ့အသီးသီးတွင် စတင်တာဝန်ထမ်းဆောင်ကြရသည်။ ယခုအစိုးရသစ်လက်ထက်တွင် ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားချက်အရ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်း နှစ်လ တက်ရောက်စေပြီး တာဝန်ထမ်းဆောင်စေသည်။

အမျိုးသား ယာဉ်ထိန်းရဲများနည်းတူ ရဲမေများသည်လည်း အထက်မှ ပေးအပ်သည့် တာဝန်ကို ပြည့်ပြည့်ဝဝ ထမ်းဆောင်ရမည် ဟူသည့် စိတ်ဖြင့် လှုပ်ရှားနေကြသည်။ သို့သော် သူတို့သည်လည်း လူသားတစ်ဦး ဖြစ်သည်နှင့် အညီ ကားသမားများနှင့် အချေအတင်ဖြစ်ကြချိန်တွင်စိတ်တိုဒေါသထွက်ရသည်များလည်း ရှိစမြဲဖြစ်သည်။

"တစ်ခါတလေ ငါဒီအလုပ်လုပ်မိတာ မှားပါလားလို့ အလုပ်ထွက်ချင်စိတ် ဖြစ်မိတယ်။ ဒါပေမဲ့ ဒီအလုပ်ကိုဝင် ကတည်းက ဒီလို လုပ်ရမယ်။ ဒီလိုကြုံရမယ်ဆိုတာ သိတယ်။ ပင်စင်ရတဲ့အထိ လုပ်သွားမှာပေါ့" ဟု ရဲလုပ်သက် ၂၃ နှစ်ရှိ အမျိုးသမီး ယာဉ်ထိန်းရဲမေတစ်ဦးက ပြောသည်။

လုပ်သက် လေးနှစ်သာရှိသေးသည့် အသက် ၂၀ ကျော်အရွယ် ဒုတပ်ကြပ် မမေကြူဖြိုးကလည်း "ဆဲတာမျိုးတွေ၊ စည်းကမ်း မလိုက်နာကြတာမျိုးတွေ ကြုံတဲ့အခါမျိုးတော့ စိတ်တိုတာပေါ့" ဟု ဆိုသည်။ သူမက ပြည်လမ်း၊ စိုက်ပျိုးရေးမှတ်တိုင် ရှေ့မျဉ်းကျားတွင် ကျောင်းတက်ကျောင်းဆင်းချိန် လမ်းရှင်းပေးရသူတစ်ဦး ဖြစ်သည်။

ယာဉ်ထိန်းရဲမေများသည်လည်း မိန်းမသားများဖြစ်ကြသည့်အတွက် အလှအပကို မြတ်နိုးကြသူချည်းပဲ ဖြစ်သည်။ နေပူ မိုးရွာမရှောင် အချိန်ကြာမြင့်စွာ လမ်းပေါ် ရပ်၍ တာဝန်ထမ်းဆောင်ကြရသည့်အတွက် မျက်နှာ အသားအရေ ပျက်စီးမည်ကို စိုးကြောက်မိကြသည်ပဲ ဖြစ်သည်။



"အလှအပကတော့ မိန်းကလေးတိုင်း မက်ပါတယ်။ ညဘက်တွေတိုင်း သနပ်ခါးတွေလိမ်းပြီး ပြန်လုပ်ရတယ်" ဟု တပ်ကြပ်ဒေါ်စန်းစန်းမြတ်က ဆိုသည်။

"ဒီအလုပ်က မိုးတွေ၊ နေတွေ ကြောက်လို့ မရဘူး" ဟု ဗိုလ်တထောင်(အထက-၅) ရှေ့တွင် တာဝန်ကျသည့်ရဲလုပ်သက်၁၀နှစ်ရှိသော ဒုတပ်ကြပ် မဇာဇာဝင်းက သုံးသပ်သည်။

သူမတို့အနေဖြင့် လမ်းပေါ်တွင် တာဝန်ထမ်းဆောင်ရာ၌ အလှပေါင်းစုံ၊ လူပေါင်းစုံနှင့် ပြောဆိုဆက်ဆံကြရာတွင် သည်းခံစိတ်မွေး၍ တာဝန်ကျေအောင် ဆောင်ရွက်ကြရခြင်း ဖြစ်သည်။

ကားပေါ်မှမချေမငံ ပြောဆိုသွားခြင်း၊ ဆဲဆိုသွားခြင်း၊ စနောက်သွားခြင်းတို့ကို အမျိုးသမီးယာဉ်ထိန်းများအနေဖြင့် ပိုမိုကြုံတွေ့ရလေ့ရှိပြီး ယခုအခါ အရာရှိဖြစ်နေသည့် အမျိုးသမီး ယာဉ်ထိန်းတစ်ဦးဆိုလျှင် ကားပေါ်မှ ကွမ်းတံတွေးဖြင့် လှမ်းထွေးသွားသောကြောင့် ယူနီဖောင်း အင်္ကျီအဖြူတစ်ခုလုံး ကွမ်းသွေးများ ရဲသွားခဲ့သည်အထိ ကြုံတွေ့ရဖူးသည်။

"စည်းကမ်း မရှိတာကတော့ တက္ကစီနဲ့ လိုင်းကားသမားတွေ များတယ်။ ကားသမားက ယာဉ်ထိန်းရဲကို မြင်တဲ့အမြင်ကလည်း မတူဘူး။ အခု ယာဉ်ထိန်းတွေ ထပ်တိုးခဲ့တော့မယ်၊ မိန်းကလေးတွေကိုပါ တိုးခဲ့ခန့်ထားမယ်ဆိုရင် သူတို့က ဘယ်လိုစည်းကမ်းတွေနဲ့ ထပ်ထိန်းချုပ်မှာလဲပေါ့။ အရင်ပုံစံအတိုင်း ဆက်ထိန်းချုပ်သွားမယ်ဆိုရင် ကားသမားတွေ အမြင်က အရင်အတိုင်းပဲ ဖြစ်နေမှာပဲ" ကိုယ်ပိုင်ယာဉ်မောင်းတစ်ဦးဖြစ်သည့် ကိုဘိုဘိုက ပြောသည်။

တပ်ကြပ် ဒေါ်စန်းစန်းမြတ်ကလည်း လူကူးမျဉ်းကျားဖမ်းတဲ့ စီမံချက်တုန်းက ပြည်သူတွေက ကျွန်မတို့ကို အထင်လွဲကြတယ်။ မချေမငံတွေ ပြောခံရတယ်။ ကိုယ်က စေတနာထားပြီး စည်းကမ်းတကျ လမ်းကူးဖို့၊ ယာဉ်အန္တရာယ်ကင်းဖို့လုပ်ကြတာ။ အမြင်မကြည်တဲ့ပုံနဲ့ အပြောခံရရင် တော်တော်ဝမ်းနည်းရတယ်" ဟု သူမ၏ အတွေ့အကြုံနှင့် ခံစားချက်ကို ဖွင့်ဟသည်။

စိတ်ထိခိုက်ရသည့် အဖြစ်အပျက်များရှိသလို ပီတိကြုံရသည့် အဖြစ်အပျက်များလည်း ရှိသည်ပဲ ဖြစ်သည်။ ထိုပီတိများက အမျိုးသမီး ယာဉ်ထိန်းရဲမေတို့အဖို့ သောမနဿပီတိ ဂွမ်းဆီထိရသည်။ အလုပ်ခွင်တွင် ပျော်ရွှင်စိတ်ဖြစ်ရသည်။ သူတို့ပျော်ရွှင်နေခြင်းကလည်း လမ်းသွားလမ်းလာပြည်သူအပေါင်းကိုစိတ်ချမ်းသာစေမည် ဖြစ်သည်။

ကလေးငယ်များ၊ သက်ကြီးရွယ်အိုလူကြီးသူမများကို လမ်းဖြတ်ကူးရာတွင် ယာဉ်အန္တရာယ်မှ ကင်းရှင်းစေရန် ကူညီပေးသည့်အတွက် ကျန်းမာပါစေ၊ ချမ်းသာပါစေ ဟူသည့် မေတ္တာဆုတောင်းစကားကို သူမတို့ရရှိကြသည်။

"အဲ့ဒီလိုပြောတော့ ပျော်တယ်။ ပြည့်ပါစေလို့ပြန်ပြောတယ်" ဟုဗိုလ်တထောင် အထက-၅ရှေ့တွင် တာဝန်ယူရသည့် အသက် ၄၄ နှစ်အရွယ် တပ်ကြပ်ဒေါ်မေစန်းရီက ဆိုသည်။

ဖေဖော်ဝါရီ ၈ ရက် နေ့လယ် ၂ နာရီခွဲတွင် ကမာရွတ်မြို့နယ်၊ ပညာရေးတက္ကသိုလ်နှင့် တီတီစီကျောင်းတို့မှ ကျောင်းသားကျောင်းသူ ကလေးငယ်များ၊ မိဘများ၊ ဆရာ၊ ဆရာမများသည်ပြည်လမ်းကို ဖြတ်ကူးရန် မျဉ်းကျားရှိရာသို့ တစ်သုတ်ပြီး တစ်သုတ်ရောက်ရှိလာကြသည်။

လမ်းလယ် ပလက်ဖောင်းကျွန်းပေါ်မှာ ရပ်နေသည့် တပ်ကြပ်ဒေါ်စန်းစန်းမြတ်သည် ခရာကို ပါးစပ်တွင် တပ်လိုက်ကာ ညာဘက်လက်ကိုမြှောက်၍ မောင်းနှင်လာကြသော မော်တော်ယာဉ်များကိုရပ်ခိုင်းလိုက်သည်။ ခရာသံ တရှီရှီနှင့် အတူ ကားများ ရပ်သွားပြီး လမ်းဖြတ်ကူးသူများကို စောင့်ဆိုင်းပေးကြသည်။

လမ်းအလယ်သို့ရောက်လာကြသည့် လမ်းဖြတ်ကူးသူများကို တစ်ဖက်ယာဉ်ကြောတွင် ရပ်နေသည့် ဒုတပ်ကြပ် မေကြူဖြိုးက ခရာသံမှတ်လျက် ကူညီခေါ်ဆောင်ပေးလျက်ရှိသည်။ ထိုနေရာမှ ကျောင်းသား၊ ကျောင်းသူများ လမ်းကူးသူများ နည်းသွားလျှင် နောက်ထပ် ကျောင်းတစ်ကျောင်းသို့ သူမတို့ သွားကြရဦးမည်။ ထိုကျောင်းရှေ့တွင် ကျောင်းဆင်းလာကြသည့် ကလေးငယ်တို့ ယာဉ်အန္တရာယ်မဖြစ်စေရန် ကူညီပေးကြဦးမည် ဖြစ်သည်။

ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များသည် စတိုင်ကျသော အရာရှိဦးထုပ်များကို ဆောင်းထားကြသည်။ ယခင် ဦးထုပ်အဖြူများမရှိတော့ပါ။ ဒေါ်စန်းစန်းမြတ်သည်လည်း "ဘဲဥတွေကို သတိထား" ဆိုသည့် သူမတို့တပ်ဖွဲ့ဝင် ရဲဘော်ရဲဘက်များ အပေါ် လှောင်ပြောင်သံကို မကြားရတော့ပါ။ ။

စာမျက်နှာ(၃၁)မှ

## အယ်ဒီတာထံပေးစာ

စားဖို့တောင် အနိုင်နိုင်ဘဝမှာဘာနဲ့ သွားလျော်ရမှာလဲရှင်။ စားဝတ်နေရေးသုံးရပ်ထဲမှာ စားရေး(ဝမ်းရေး)က အဓိကပါ၊ တောင်သူတွေလို အလုပ်ကြမ်းကြမ်းလုပ်နေတဲ့ သူတွေအဖို့ထမင်းတစ်နပ်ဟာလည်းအသက်တမျှ အရေးကြီးပါတယ်။ အခုလို အကြံဉာဏ်ပေးခဲ့တဲ့ဝန်ကြီးအနေနဲ့လည်း တစ်ရက်လောက် လယ်ထဲဆင်းပြီး အလုပ်လုပ်ကြည့်စေချင်ပါတယ်ရှင်။ ကျွန်မတို့နိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကထားတဲ့ နိုင်ငံမို့လို့သာပေါ့ရှင်။ နို့မို့ဆိုရင်တောင်သူတွေရဲ့ဘဝဟာ ရင်လေးစရာပါ။

**စာကြွင်း။ ။ဝန်ကြီးရဲ့ "ထမင်းတစ်နပ်လျှော့စားရေး" အစီအစဉ်ကို မြန်မာနိုင်ငံ တတ်သိပညာရှင်အပေါင်းမှဝိုင်းဝန်းဆွေးနွေးစေလိုပါတယ်ရှင်။**

**အေးသူထွန်း၊ ရွှေဘို(ဆင်အင်း)**

စာ(၂၉)မှ

## လူမဆန်သူများ၏ ပစ်မှတ်ဖြစ်လာသော ကလေးငယ်များ

တကယ်တော့ အဓမ္မပြုကျင့်မှုအဆင့်ထိ ရောက်မသွားဘဲ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုများစွာလည်းရှိနေနိုင်သေးသည်။

ညီအစ်ကိုမောင်နှမဝမ်းကွဲ၊ ဦးလေး၊ အဘိုး၊ ပထွေး၊ အဖေ၊ မကျန် အိမ်နီးချင်း ပတ်ဝန်းကျင်ရှိ အမျိုးသားများက လိင်ပိုင်းဆိုင်ရာ စိတ်ပြေပျောက်မှုအတွက် ကလေးငယ်များကို အသုံးချခြင်းများကလည်း ရှိနေသည်။ ထို့ထက်လွန်သည့် အမှုအခင်းများကလည်း လေး၊ ငါးနှစ်အတွင်း မကြားဝံ့မနာသာထွက်ပေါ်လာခဲ့ပြီးဖြစ်သည်။

"ခုဆိုဘယ်သူနဲ့မှ စိတ်ချလို့မရဘူး။ အမှုတွေကြားရရင် စိတ်မချမ်းသာစရာချည်းပဲ။ သမီးတွေကိုစိတ်ပူရတာနဲ့ စီးပွားရှာရတာနဲ့ မိဘတွေလည်းမလွယ်ဘူး" ဟု သမီး နှစ်ယောက်ကို စောင့်ရှောက်နေသည့် မိခင်တစ်ဦးက စိတ်မသက်မသာ စကားဆိုသည်။

မြန်မာနိုင်ငံ တစ်ဝန်းတွင် ရုံးရှောင် ဂတ်ရှောင်ကြရင်း ရဲမှတ်တမ်းများ၊ အဖွဲ့အစည်းများ၏ မှတ်တမ်းများအတွင်း ဝင်မသွားသည့် အမှုများစွာကလည်း ရှိနိုင်သည်။ တစ်ရှက်က နှစ်ရှက် မဖြစ်ရအောင် တိတ်တိတ်ဆိတ်ဆိတ်နှင့်ပင် ပြီးသွားသည့် အမှုတွေကလည်း မည်မျှရှိ နေမှန်းမသိနိုင်။

ကိုယ့်ရပ်ကွက်၊ ကိုယ့်ကျောင်းဝန်းကျင်မှာပင် လွတ်လွတ်လပ်လပ် ပြေးလွှားဆော့ကစားဖို့ စိုးရွံ့နေရသည့်ဒုတိယတန်းကျောင်းသူမလေးလို စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုခံစားနေရသည့်ကလေးငယ်တွေ မည်မျှရှိနေသည်ကိုလည်း မသိနိုင်ပေ။ ထို့ကြောင့် အကြမ်းဖျင်းတွက်ချက်မှုအရ ၂၅ နာရီလျှင် တစ်ယောက် အဓမ္မပြုကျင့်ခြင်းခံနေရခြင်းသည် အစိုးရနှင့်မြန်မာ့လူ့အဖွဲ့ အစည်းပေါင်းစုံ ပူးပေါင်းအဖြေထုတ်မည့် အရေးကြီးသော ပြဿနာ တစ်ရပ်ပင် ဖြစ်တော့သည်။ ။

## နာမည်ကျော်ဂျပန်ကုမ္ပဏီကြီးများ ရင်းနှီးမြှုပ်နှံရန် လာရောက်လေ့လာ

**အိမ္ဗန်ကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၇**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေထွက်ရှိပြီး ၅ ရက်အကြာတွင် ဂျပန်နိုင်ငံမှ နာမည်ကျော်ကုမ္ပဏီများ အပါအဝင်ဂျပန်စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ကျော်ပါဝင်သော အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍လေ့လာမှုများ ပြုလုပ်ခဲ့သည်။

Toyota ကားကော်ပိုရေးရှင်း၊ Mitsubishi ကော်ပိုရေးရှင်း၊ Panasonic ကော်ပိုရေးရှင်း၊ ဒိုင်ဝါအုပ်စု၊ All Nippon လေကြောင်းလိုင်း၊JX Nippon Oil & Gasကော်ပိုရေးရှင်းစသောကုမ္ပဏီကြီးများ ကော်ပိုရေးရှင်းများ မှ ထိပ်တန်းအရာရှိများ အပါအဝင် ဂျပန်စီးပွားရေးလုပ်ငန်းရှင် ၁၅၃ ဦး ပါဝင်သော ဂျပန်နိုင်ငံတို ကျိုမြို့၊ အခြေစိုက် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ အသင်းချုပ် (KEIDANREN)အဖွဲ့သည်မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် လာရောက်လေ့လာခဲ့သည်။

ယင်းကုမ္ပဏီများမှာ ရန်ကုန်ဆိပ်ကမ်းပြည်တွင်းရေကြောင်း အခြေခံ အဆောက်အအုံ မြှင့်တင်ရေးလေ့လာရေးစီမံချက်၊ ရန်ကုန်မြို့တော် ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များပြင်ဆင်ရေးလေ့လာမှုစီမံချက်နှင့်သီလဝါအထူးစီးပွားရေး ဇုန်နှင့် ဆက်စပ်ပတ်သက်သောအခြေခံအဆောက်အအုံ များနှင့် Smart Communityတည်ဆောက်ရေးအတွက်လေ့လာရေး စီမံချက်များလုပ်ဆောင်ရန်လာရောက်လေ့လာခဲ့ခြင်းဖြစ် သည်။

KEIDANRENအဖွဲ့နှင့်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့ ပူးပေါင်း၍ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ရန်အတွက် သဘောတူစာချွန်လွှာရေးထိုးခဲ့သည်။

"ဂျပန်က အဓိကကျတဲ့ ကုမ္ပဏီတွေ လာရောက်လေ့လာတဲ့သဘောပါ။ မြန်မာနိုင်ငံကို ရင်းနှီးမြှုပ်နှံမယ့်လူတွေထဲမှာ ဂျပန်က စိတ်ပါဝင်စားဆုံးနဲ့ အကောင်းဆုံးပါပဲ" ဟု ဖေဖော်ဝါရီ ၇ ရက်တွင် ပြုလုပ်သော မြန်မာ-ဂျပန်စီးပွားရေးဆိုင်ရာတွေ့ဆုံပွဲ သို့တက်ရောက်ခဲ့သော MAPCO မှ ဦးရဲမင်းအောင်က ပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် KEIDANREN အဖွဲ့တို့သည်ဖေဖော်ဝါရီ ၅ ရက်က နေပြည်တော်၌တွေ့ဆုံစဉ်မြန်မာနိုင်ငံတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကဏ္ဍပေါင်းစုံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်ဆွေးနွေးခဲ့သည်။



# ကြယ်ရောင် လရောင်သို့ အကြွေးများ

မောင်သာချို

(တစ်)

တစ်နေ့မိတ်ဆွေတစ်ဦး၏ အိမ်သို့အသွား သားရေးသမီးရေးနှင့်ပတ်သက်၍ ပူညံပူညံဖြစ်နေသည့် အသံဗလံကလေးတချို့ကို ကြားလိုက်ရပါသည်။ ပြဿနာက ညညမအိပ်သည့်ပြဿနာ။ ဟုတ်ပါသည်။ သူတို့ကလေးတွေ သန်းခေါင်သန်းလွဲအထိ ရုပ်မြင်သံကြားရှေ့မှာထိုင်ကြ၊ ကွန်ပျူတာရှေ့မှာထိုင်ကြ၊ စာကြည့်စားပွဲမှာ ထိုင်ကြနှင့် ညအခါ တော်တော်နှင့် အိပ်သည်မရှိကြဘဲ ကာလတော်တော်ကြီး ကျူးတော့မှအိပ်ရာထဲသို့ဝင်၊ မနက်လင်းတော့အိပ်ရာမှမထဘဲနေ့တစ်ဝက်ကျိုးသည်အထိနေမင်း၏ အလင်းရောင်အောက်၌အိပ်စက်၍နေစသည်စသည်ဖြင့်လူနှင့်အချိန်တို့မတော်မတည့်ဖြစ်၍နေသည်ကို အလိုမကျဖြစ်ကာ အိမ်ရှင်မက မြည်တွန်တောက်တီးနေခြင်းပင်ဖြစ်ပါသည်။

ဟုတ်ပါသည်။ ကလေးတွေ အထူးသဖြင့် မြို့ပြက ကလေးတွေအားလုံးလိုလို သည်တိုင်းပဲ ဖြစ်ပါသည်။ ညဥ့်နက်မှ အိပ်ရာဝင်၊ နေမြင့်မှ အိပ်ရာထ။ စာသင်ခန်းတွေထဲမှာ အိပ်ငိုက်နေသူ အိပ်ချင်မူးတူး ဖြစ်နေသူတွေက ဟိုနားမှာ တစ်ယောက်၊ သည်နားမှာ တစ်ယောက်။ ဆရာ၊ဆရာမတို့ ငေါက်ကြငမ်းကြရသည်က အကြိမ်ကြိမ်အခါခါ။

ကျွန်တော့်စိတ်ထဲ အိပ်ခြင်း၊ မအိပ်ခြင်းနှင့် ပတ်သက်သည့် သတင်းအတိုအထွာတွေ၊ ဖတ်သမျှမှတ်သမျှစာတွေက အကုန်လုံး စုပြုံတိုးဝင်၍ လာကြပါတော့သည်။

(နှစ်)

သက်ရှိသတ္တဝါမှန်လျှင် အိပ်စက်နားနေကြရန် လိုအပ်ကြစမြဲမို့ လူသည်လည်း အိပ်ဖို့ရာ လိုအပ်ပါသည်။

ဦးနှောက်ပိုင်းဆိုင်ရာ ပညာရှင်တို့က ဦးနှောက်ကို မောင်းနှင်သည့် လောင်စာကို ဂလိုင်ကိုဂျင် (Glycogen) ဟု ခေါ်ပါသည်။ လူတို့နိုးထလာချိန်၌ ထိုဦးနှောက်လောင်စာဂလိုင်ကိုဂျင်တို့ကုန်ဆုံးသွားကြစမြဲဟု ဆိုပါသည်။ ယင်းကို ပြန်လည်ဖြည့်တင်းရန် လူသည် အိပ်စက်ဖို့ လိုအပ်သည်ဟုလည်း ဆိုပါသည်။ ထိုသို့ အိပ်စက်ရာတွင်လည်း လူ၏ အသက်ဇီဝစွမ်းအင် မကုန်ဆုံးရလေအောင် အမှောင်ထဲ၌သာ အိပ်သင့်သည်ဟု အကြံပြုကြပါသည်။ ၂၄ နာရီတွင် တစ်ပတ်လည်နေသည့် ကမ္ဘာဂြိုဟ်ကြီး၏ နေ့များညများ၊ အလင်းများ၊ အမှောင်များတို့သည် လူ၏ စိတ်ပိုင်းဆိုင်ရာ ဇီဝကမ္မစက်ဝန်းနှင့် ဆက်စပ်မှုရှိနေသဖြင့် လူတို့အမှောင်ထဲ၌သာ အိပ်သင့်ကြောင်းလည်း ထပ်ဆင့် အကြံပြုကြပါသေးသည်။ ဒါကိုနေ့အလင်းရောင်အောက်မှာ အိပ်နေခြင်းသည် ထင်သလောက် အကျိုးမရှိဆိုသည့် သဘောပဲပေါ့။

ကမ္ဘာပေါ်၌ အကြွေးအမျိုးမျိုးရှိကြရာ အိပ်ခြင်း၌လည်း အကြွေးရှိသည်ဟု ဆိုပါသည်။ အင်္ဂလိပ်ဘာသာဖြင့် Sleep Debt တဲ့။ အမေရိကန်တို့သည် ရမ္မက်အမျိုးမျိုးနောက်သို့ လိုက်ကြရင်း အအိပ်ကြွေးများ တင်နေကြကြောင်း ဒေါက်တာဝီလျမ်ဒီမန် ဦးဆောင်သည့် အမေရိကန်စုံစမ်းစစ်ဆေးရေးကော်မရှင်က ထုတ်ပြန်ထားခဲ့ဖူးပါသည်။

ကျွန်တော်တို့ဆီက မြို့ပြလူသား ကလေးတွေ လူကြီးတွေ ဘယ်နှယောက်များ အအိပ်ကြွေး တင်နေခဲ့ကြပါလိမ့်။

(သုံး)

ဗမာအစဟု ပညာရှင်တချို့ ယူဆခဲ့ကြရာ တကောင်းရာဇဝင်ထဲတွင်ကား မောင်ပေါက်ကျိုင်းက မအိပ်မနေ အသက်ရှည်ဟူသည့်မူကို ကိုင်စွဲခဲ့သူဖြစ်ပါသည်။ မဟာရာမဇာတ်တော်ကြီး ဝတ္ထုထဲက ဒဿဂီရိ၏ ညီတော်အလတ် ဂုမ္ဘိကဏ္ဏကမူ တစ်ခါအိပ်လျှင် ၁၂ နှစ်ကြာမှ နိုးထရပါစေသားဟု ဆုတောင်းခဲ့လေသတဲ့။

ခေတ်သစ်ကမ္ဘာတွင်မူ ပိုလန်နိုင်ငံသား ဂျန်ဂါဇက်စကီက ထင်ရှားပါသည်။ သူက မီးရထားအလုပ်သမား။ ရထားလမ်းပေါ်၌ အလုပ်လုပ်နေစဉ် ကားရထားက သူ့ကိုဝင်တိုက်ရာ Coma ရောဂါဝင်ပြီး အိပ်ပျော်သွားခဲ့ပါသည်။ သူစပြီးအိပ်ပျော်တာက ၁၉၈၈။ သူပြန်လည် နိုးထလာတာက ၂၀၀၇ ခုနှစ် ဧပြီလ ၁၂ ရက်။ ဩော်. . . အိပ်ပျော်နေလိုက်တာ အနှစ် ၂၀ နီးပါးကြီး။ ထိုပိုလန်နိုင်ငံသား ဂျန်ဂါဇက်စကီ အိပ်ပျော်နေခဲ့စဉ် ဆိုဗီယက်နှင့် အမေရိကန်ကြားက စစ်ဆေးတိုက်ပွဲကြီး ပြီးဆုံးသွားခဲ့ပါသည်။ ပိုလန်တွင်လည်း ကွန်မြူနစ်စနစ် ချုပ်ငြိမ်းသွားပါသည်။ ယခင် ခြောက်သွေ့နေသော ပိုလန်က အညွန့်တလူလူဖြစ်လို့တဲ့။ လက်ဖက်ခြောက်နှင့် ဗင်နီကာမျှသာ ရှိခဲ့ဖူးသော ပိုလန်ဈေးတွေထဲမှာ ပစ္စည်းမျိုးစုံ ပုံလို့တဲ့။ သူအိပ်ပျော်နေခဲ့ပုံက ခပ်ကောင်းကောင်းဟုများ ဆိုရလေမလား မပြောတတ်။

ပင်ဆယ်ဗေးနီးယားကလာသော သတင်းကတော့ နီကိုးဒယ်လီယန်ဆိုသည့် ၁၇ နှစ်အရွယ် မိန်းမပျို၏ သတင်း။ သူက ၆၄ ရက်တိတိ အိပ်ပျော်နေခဲ့သူ။ ၂၀၁၂ ကျေးဇူးတော်နေ့က စတင်ကာ ၂၀၁၃ ဇန်နဝါရီလထဲသို့ ရောက်သည်အထိ ၆၄ ရက်တိုင်တိုင် အိပ်ပျော်နေခဲ့ပါလေသတဲ့။ ဆေးပညာက Kleine-levin syndrome(သို့မဟုတ်)sleeping beauty syndrome ဟု ခေါ်သော ရောဂါ။ ကမ္ဘာပေါ်၌ ထိုသို့ အိပ်စက်ခြင်းရောဂါဖြစ်သူ ၁၀၀၀ ခန့်ရှိသည်ဟု Daily Mail သတင်းစာက ဆိုပါသည်။

၁၉၉၉ ခုအောက်တိုဘာ ၂၁ မြန်မာ့အလင်းသတင်းစာ တစ်နေရာတွင်ကား အိပ်မပျော်သူတစ်ယောက်အကြောင်းကို ဖော်ပြထားခဲ့ဖူးပါသည်။ ငုယင်သီတူတဲ့။ ဗီယက်နမ်အမျိုးသမီးကြီး။ ပထမ အိမ်ထောင်က ငယ်ငယ်ကပင် အနိစ္စရောက်။ ၁၉၆၇ တွင်ကား ဓားပြအတိုက်ခံရ။ ထို့နောက် ဒုတိယအိမ်ထောင်ပြုရာ ထိုအိမ်ထောင်ကလည်း ထပ်မံကွယ်လွန်၍သွား။

သို့ဖြင့် နောက်ပိုင်း၌ စိတ်ငြိမ်ဆေးများသောက်လိုက်၊ တိုင်းရင်းဆေးများသောက်လိုက်နှင့် ၃၂ နှစ်တိုင်တိုင် အိပ်မပျော်ဘဲ ရှိခဲ့သည်ဟု ဆိုရာ ကျွန်တော် အံ့ဩသွားမိပါသည်။

(လေး)

ဘာပဲဖြစ်ဖြစ် လူဆိုသည်မှာ တကယ် အိပ်ဖို့တော့ လိုအပ်ပါသည်။ ဆေးပညာရှင်တို့က Rem sleep နှင့် Non Rem sleep တဲ့။ Rem sleep က မျက်လုံးမှိတ်ထားသော်လည်း တကယ်အိပ်မပျော်သည့် အိပ်ခြင်းမျိုး။ Non Rem sleep က စိတ်ရောလူရောနှစ်နှစ်ခြိုက်ခြိုက် အိပ်သည့်အအိပ်။ လူတို့ Non Rem sleep နှင့် အိပ်ဖို့ လိုပါသည်။

ဗြိတိသျှဝန်ကြီးချုပ် ဝင်စတန်ချာချီက ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းမှာပင် နေ့ခင်းဘက်၌ တစ်ရေးမေးသည်ဟု ဆိုပါသည်။ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်ကလည်း နေ့လယ်နေ့ခင်းမှာ နာရီဝက်လောက် အိပ်လေသတဲ့။ ပြင်သစ်စစ်ဗိုလ်ချုပ် နပိုလီယံ၊ သမ္မတဟောင်း ဂျွန်ကနေဒီ၊ လင်ဒန်ဂျွန်ဆင်စသူတို့ နေ့လယ်ခင်းမှာ ခဏအိပ်ကြမြဲတဲ့။

ဥရောပနိုင်ငံတချို့ကမူ သူတို့၏ ဝန်ထမ်းများ စွမ်းဆောင်ရည်တိုးတက်ရန် အလို့ငှာ နေ့ခင်း၌ ခေတ္တအိပ်စက်ခွင့်ပေးသည်ဟု ဆိုပါသည်။

မူကြိုကျောင်း တော်တော်များများကမူ ကလေးတို့ကို နေ့ခင်းဘက်၌ အိပ်စက်စေခြင်းဖြင့် အနားယူစေပါသည်။

သည်ဘက်ခေတ် ကျွန်တော်တို့နိုင်ငံ၌ လူများ၊ အထူးသဖြင့် မြို့ပြနေလူများ၊ ပို၍ အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူများ မအိပ်မနေ ရှန်းကန်ကြ၊ ကြိုးစားကြ၊ လုပ်လာသည်ကို တွေ့နိုင်ပါသည်။ သို့မဟုတ်လျှင်လည်း ရုပ်မြင်သံကြားကြောင့်၊ ကွန်ပျူတာကြောင့်၊ အင်တာနက်ကြောင့် အအိပ်အနေနည်းသူနည်း၊ နေ့နှင့်ညလွဲများကာ အိပ်စက်သူအိပ်စက်နှင့် ခန္ဓာဗေဒနာရီခေါ် Biological clock တို့ အချိန်မမှန်ဖြစ်လာသည်ကို တွေ့နိုင်ပါသည်။

ပါးချောင် နားချောင်ကျ၊ မျက်တွင်း ဟောက်ပက်၊ တသမ်းသမ်း တဝေဝေ၊ ငိုက်ငိုက်မျည်းမျည်း၊ အိပ်ချင်မူးတူးနှင့် လူတွေကို တွေ့နိုင်ပါသည်။ အအိပ်ကြွေးတွေ ဘယ်လောက်များ တင်နေသလဲ မသိ။

ပိုက်ဆံအကြွေးက လျော်ပစ်၍ ရပါသည်။ အအိပ်ကြွေးက လျော်ပစ်၍မရပါ။ ပိုက်ဆံအကြွေးက လူ့အသက်ဇီဝကို ထိုးနှက်ပါသည်။

ကြယ်ရောင်လရောင်အောက်မှာ အကြွေးကင်းကင်းနဲ့ အိပ်စက်နိုင်ကြပါစေသား။ ။

## ဟယ်ဒီတာထံ ပေးစာ



### မျက်ရည်နဲ့ရေးတဲ့စာ

ကျွန်မကတော့ ရွှေဘိုခရိုင်အတွင်းမှာရှိတဲ့ကျေးရွာသူတစ်ဦးပါ။မိဘများကလည်း တောင်သူလယ်သမားများဖြစ်ကြပါတယ်။ အခုလိုလည်း တစ်ခါမှ မရေးဖူး၊ မပို့ဖူးပါဘူး။ ဒီစာကို ရေးရတာကလည်း ရင်နာလွန်းလို့ ရေးလိုက်ရတာပါ။ 7 Day ဂျာနယ် အတွဲ(၁၁)၊ အမှတ်(၄၇) ဇန်နဝါရီ(၃၁) ရက်နေ့ထုတ်မှာပါတဲ့သတင်းတစ်ပုဒ်ကြောင့်ပါ။ လယ်/ဆည်ဝန်ကြီးဦးမြင့်လှိုင်က "တောင်သူတွေ အကြွေးကျေဖို့ ထမင်းတစ်နပ်လျှော့စားပါ"လို့ အကြံပြုတယ်တဲ့၊ပြောရက်လိုက်တာရှင်။ နိုင်ငံရဲ့အကြီးအကဲ(မိဘ) အနေနဲ့ဒီလိုစကားမျိုးပြောထွက်ရက်တာဟာ လယ်သမားတွေရဲ့ဘဝကို တကယ်ပဲမသိတာလား၊သိရဲ့သားနဲ့ မစာနာတာလားရှင်။ တောင်သူတွေဟာ နဖူးကချွေးခြေမ မကျပါဘူး။ အဝီစိရောက်အောင်လုပ်မှ ထမင်းစားရတာပါ။ ဝန်ကြီးတို့လို ထမင်းဘယ်ကရလဲလို့ မေးရင် ထမင်းပေါင်းအိုးထဲကရတာပါလို့ ဖြေရအောင် တောင်သူတွေရဲ့ဘဝဟာ ထမင်းတစ်စေ့ (ဆန်တစ်စေ့) အလွယ်မဖြစ်ခဲ့ပါဘူး ။စပါးတစ်နှံအောင်ဖို့အရေး ထယ်ထိုး၊ ထယ်ထွန်၊ အမှိုက်ကောက်၊ ပျိုးထောင်၊ ပျိုးနုတ်၊ ကောက်စိုက်၊ ပေါင်းနုတ်၊မြေဩဇာကျွေး စသည်ဖြင့်အဆင့်ဆင့် လုပ်ဆောင်ရပါတယ်။ ဒီကြားထဲ မိုးလေဝသမှန်ကန်ဖို့ကျကင်း၊ ကြွက်ကိုက်ကင်းမှ အထွက်နှုန်းကောင်းပါတယ်။ ရင့်မှည့်လာလို့ ရိတ်သိမ်းချိန်တန်ရင်လည်း ရိတ်သိမ်းခြွေလှေ့ပြီး စပါးကျီထဲရောက်မှ စိတ်အေးရပါတယ်။ စပါးကျီထဲရောက်တော့လည်း စပါးဈေးကောင်းဖို့ မျှော်ရပါတယ်။ ကျွန်မတို့ ဆင်အင်းရွာဟာ အိမ်ခြေ(၁၀၀၀) ကျော်ရှိပါတယ်။ရွာမှာနေတဲ့ရွာသူ/ရွာသားတွေကလည်း မိရိုးဖလာတောင်သူတွေ များပါတယ်။ ဒါပေမဲ့ ရွာမှာတောင်သူတိုင်း စပါးခြွေစက်၊ ထွန်စက်မရှိပါဘူး။အငှားထွန်၊ အငှားခြွေရပါတယ်။စပါးရိတ်ခက တစ်ဧကကို (၂၅,၀၀၀)နှုန်း ရှိပါတယ်။

ဒါကြောင့် လယ်တစ်ဧကရဲ့ စိုက်ပျိုးစရိတ်ဟာ နှစ်သိန်းမလောက်ပါဘူး။ ပြီးခဲ့တဲ့နှစ်ကဘဏ်တွေက ငွေထုတ်ချေးတာ တစ်ဧကကို (၅၀,၀၀၀) ကျပ်ပါ။ အဲဒီတော့ လိုတဲ့ငွေ တစ်သိန်းခွဲလောက်ကို ဘယ်လိုရှာမလဲ။ အိမ်ကအရင်းအနှီးရှိရင် ထုတ်ပေါ့။မရှိရင်တော့ စပါးကြိုပေး (ကြိုဝယ်တဲ့လူ) တွေဆီမှာစပါးကြိုရောင်းရပါတယ်။ စပါးကြိုဝယ်ကလည်းမနှစ်ကပေါက်ခဲ့တဲ့ ဈေးရဲ့တစ်ဝက်ဈေးနဲ့နှိမ်ပြီး ဝယ်တယ်။( ဥပမာ- မနှစ်ကစပါး တင်းတစ်ရာ ငါးသိန်းပေါက်ဈေးဆိုရင် ဒီနှစ်နှစ်သိန်းခွဲပဲပေးပါတယ်)။ အဲလိုသွင်းအားစုအတွက်ငွေလို၊ ငွေလိုတော့ကြိုရောင်းဆိုတော့နစ်နာစရာရှိ တောင်သူတွေပဲနစ်နာခဲ့ရတာပါရှင်။ အရင်းမရှိလို့ မစိုက်ပြန်ရင်လည်းဘာနဲ့သွားစားမလဲ။ ဒီတော့ တလင်းပေါ်(စပါးပေါ်)ချိန်ကြတော့ အရပ်ကြွေး၊အစိုးရကြွေးတွေနဲ့ တောင်သူတွေမှာ လုံးလည်ချာလည် လိုက်ခဲ့ရပြန်ပါတယ်။ ဒီလိုသံသရာလည်နေရတဲ့တောင်သူတွေရဲ့ဘဝတွေကို မစာနာပဲ"အကြွေးမကျေရင်နောင်ဘဝကျွန်ဖြစ်လိမ့်မယ်"ဟု ပြောထွက်ရက်သေးတဲ့လယ်/ဆည်ဝန်ကြီးရဲ့ နှလုံးသားကိုလည်း အံ့ဩပြီး ရင်ထုမနာဖြစ်ရပါတယ်ရှင်။ တောင်သူလယ်သမားတွေဟာ တစ်နိုင်ငံလုံးရဲ့ ကျေးဇူးရှင်တွေပါ။ ကျေးဇူးရှင်တွေကို ဦးမြင့်လှိုင် (လယ်/ဆည်ဝန်ကြီး) အနေနဲ့ အမှန်တကယ်သနားတယ်ဆိုရင် တောင်သူတွေရဲ့ နေ့စဉ်ဘဝ အစစ်အမှန်တွေကို သိအောင်လေ့လာပေးစေချင်ပါတယ်။ ထိုသို့သိပြီး ထပ်တူနားလည်ခံစားပေးစေချင်ပါတယ်"အခုဆိုရင် ဝန်ကြီးရဲ့စကားတစ်ခွန်းကြောင့် တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူတွေဟာ သူတို့ကိုယ်တိုင် စိုက်ပျိုးတဲ့ဆန်(ထမင်း)ကိုတောင် ဝအောင်မစားရဲတဲ့အခြေအနေကိုရောက်နေပါပြီ။ "အကြွေးကျေဖို့ဆိုရင်ဆန်ပြုတ်တောင်သောက်နိုင်ပါတယ်ဆိုတဲ့ ဦးသိန်းအောင်ရဲ့ စကားတစ်ခွန်းဟာ တောင်သူတွေအတွက်ပါမက ပြည်သူတွေအားလုံးအတွက် မျက်ရည်မဆည်နိုင်အောင် ခံစားရပါတယ်။ ဒီလို အကြွေးကြောက်တဲ့ တောင်သူတွေကိုတောင် ဝန်ကြီးက "စားစရာမရှိ လျော်စရာရှိရမယ်"ဟု ထပ်ပြောရက်ခဲ့ပါတယ်။

**စာမျက်နှာ(၃၀)သို့**

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည့်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညက် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ထက်ပိုင်ဖြိုး(ဇဝန)၊ ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006

ဇန်နဝါရီ ၁၈ ရက်ထုတ် Bi Weekly Eleven ဂျာနယ်မှာပါတဲ့ မောင်တင်ဦး(မြောင်းမြ)ရဲ့ "လူငယ်တွေ ဒီနေ့ပဲ ခေါင်းဆောင်ပါ" ဆောင်းပါးကို ဖတ်မိရာက ပြောစရာလေးတွေရှိလာလို့ ဤစာစုကိုရေးရခြင်းဖြစ်ပါသည်။

# လူငယ်တွေ ခေါင်းဆောင်ဖြစ်ဖို့

မင်းသန်းထိုက် (ဒေးဒရဲ)



ဆောင်းပါးရှင်က သူတို့ငယ်စဉ်လူငယ်ဘဝ မဆလခေတ်ထဲမှာ လူကြီးတွေ ပြောလေ့ရှိကြတဲ့ အမှာလိုလို၊ လမ်းညွှန်လိုလို စကား "ယနေ့ လူငယ်တွေဟာ အနာဂတ်ရဲ့ ခေါင်းဆောင်များ ဖြစ်တယ်။ ဒါကြောင့် ပညာကို ကြိုးစားသင်။ နိုင်ငံရေးနဲ့ကင်းကင်းနေ" ဆိုတာကို အခု ပြန်စဉ်းစားကြည့်တော့မှ လူငယ်တွေအတွက် နေရာမပေးသေး၊ ပေးစရာနေရာလည်း မရှိသေး။ သူတို့လူကြီးတွေ မရှိမှ လူငယ်တွေ နေရာရမယ်လို့ ပြောတာပါလားလို့ တွေးမိပါသတဲ့။

ကျွန်တော်တို့ ကိုယ်တိုင်လည်း ငယ်စဉ်က လမ်းစဉ်လူငယ် သင်တန်းဖွင့်ပွဲတွေ၊ သင်တန်းဆင်းပွဲတွေမှာ သာမက ကျောင်းခန်းထဲမှာပါ တစ်ခါတစ်ရံ ဆရာ၊ ဆရာများဆီက သည်လိုမျိုး အလားတူ ဆုံးမစကားတွေ ကြားရတတ်တော့ ခေါင်းဆောင်သည့် အလုပ်သည် လူကြီးများ၏ အလုပ်၊ လူငယ်၏အလုပ်သည် လူကြီးများ၏ ခေါင်းဆောင်မှုနောက်က လိုက်ရသည့်အလုပ်ဟု သည်လိုပဲ မှတ်ယူခဲ့မိသည်။ အမှန်တော့ ကြီးသူကို နေရာပေးတတ်ကြသည့် ကျွန်တော်တို့၏ မြန်မာ့လူမှုဓလေ့တွေအကြား စိတ်ဓာတ်တွေ ခေါက်ရိုးကျိုးခဲ့ခြင်းသာ ဖြစ်ပါသည်။ ရပ်ထဲရွာထဲက သာရေး၊ နာရေး၊ လူမှုရေးကိစ္စတွေမှာ ကြီးသူကို ရိုသေသည့်စိတ်ဖြင့် နေရာပေးခြင်းမှာ ပြဿနာ မဟုတ်သော်လည်း အဖွဲ့အစည်း၊ အသင်းအပင်းတွေ၊ နိုင်ငံရေးကိစ္စတွေမှာ ဦးဆောင်နိုင်စွမ်း မရှိသည့် လူကြီးများကို နေရာပေးမိလျှင်ဖြင့် ထိုအဖွဲ့အစည်း၊ အသင်းအပင်းများအတွက် အကျိုးစီးပွားဆုတ်ယုတ်တတ်ကြောင်း သတိချပ်သင့်လှပါသည်။

ဆောင်းပါးရှင်က ဗိုလ်ချုပ်အောင်ဆန်း တိုင်းပြည်ခေါင်းဆောင်စဖြစ်ချိန်မှာ အသက် ၂၀ ခန့်သာရှိသေးကြောင်း၊ နောင်ကျမှ ခေါင်းဆောင်လုပ်မယ်လို့ စိတ်ကူးရှိပုံမရကြောင်း၊ တိုင်းပြည်ရဲ့ လိုအပ်ချက်အရ အသက်ကြီးရင့်သည်အထိ စောင့်မနေဘဲ လူငယ်ဘဝနှင့်ပင် တိုင်းပြည်ကို ဦးဆောင်ခဲ့ကြောင်း၊ ယနေ့လူငယ်များ တွန့်ဆုတ်ကြောက်ရွံ့မနေဘဲ တိုင်းရေးပြည်ရေးတွေမှာ တာဝန်ယူနိုင်ကြောင်း လက်တွေ့ပြလိုက်စမ်းပါဟု လူငယ်များကို တိုက်တွန်းရေးသားထားသည်။

ဆောင်းပါးရှင် မောင်တင်ဦး (မြောင်းမြ)နှင့်ကျွန်တော်တို့အတွေးချင်း တူပါသည်။ လူငယ်သည် ဖျတ်လတ်သည်။ သွက်လက်သည်။ အတွေးရဲ အလုပ်ရဲသည်။ တွန့်ဆုတ်တွေဝေမနေတတ်။ လူကြီးကတော့ သဘာဝအရကိုက နှေးကွေးသည်။ တစ်ခုခု လုပ်တော့မည်ဆိုလျှင် စဉ်းစားနေတာ၊ တွေဝေနေတာနှင့် အချိန်ကုန်တတ်သည်။ ခေတ်အဆက်ဆက်အပြောင်းအလဲများကို ကြည့်လျှင်လည်း ဦးဆောင်ခဲ့ကြသူများမှာ လူငယ်တွေက အများစု ဖြစ်သည်။ လူကြီးတွေကတော့ ထိန်းကျောင်းပေးရုံ အနည်းငယ်မျှသာ။ ၁၉၂၀ ပထမကျောင်းသားသပိတ်ကို ဦးဆောင်ခဲ့ကြသည့် ရန်ကုန်ကောလိပ်၊ ယုဒသန်ကောလိပ်မှ ကိုဘရှင်၊ ကိုဘခင်၊ ကိုဖိုးကွန်း၊ ကိုဖိုးကျား၊ ကိုဖိုးလတ် စသူတို့မှာ အသက် ၃၀ ဝန်းကျင်အရွယ် လူငယ်များသာ ဖြစ်ကြသည်။ ထိုအရွယ်တွေမှာဉာဏ်ရည်ဉာဏ်သွေးကအစ ခွန်အားဗလအဆုံး စိတ်သွားတိုင်း ကိုယ်ပါနိုင်သမို့ ကျွန်တော့်အလို ဆန္ဒအရဆိုလျှင်လည်း တိုင်းရေး ပြည်ရေး၊ နိုင်ငံရေးကိစ္စတွေမှာ လူငယ်တွေ ဦးဆောင်တာကိုမြင်ချင်ပါသည်။ အထိန်းအကွပ်အနေဖြင့် ပညာ၊ သမ္ဘာပြည့်ဝပြီး စိတ်ကောင်း၊ နှလုံးကောင်းရှိသည့် လူကြီးများလည်း ပါရမည်ပေါ့။

သို့သော် ၂၀၀၈ ခုနှစ် နာဂစ်ပြီးခါစ မေလတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူအားလုံး၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံအတည်ပြုပေးလိုက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၌ နိုင်ငံတော်သမ္မတ၏ အရည်အချင်းမှစ၍ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းများအထိ အသေးစိတ်ပြဋ္ဌာန်းထားသည်။

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူသည် အနည်းဆုံး အသက် ၄၅ နှစ် ပြည့်ပြီးသူ ဖြစ်ရပါမည်။ ဒုတိယဝန်ကြီးသည် အသက် ၃၅ နှစ် ပြည့်ပြီးသူဖြစ်ရပါမည်။ ပြည်ထောင်စုရှေ့နေချုပ်သည် အသက် ၄၅ နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ ဒုတိယရှေ့နေချုပ်သည် အသက် ၄၀ နှစ် ပြည့်ပြီးသူ ဖြစ်ရပါမည်။ ပြည်ထောင်စု စာရင်းစစ်ချုပ်သည် အသက် ၄၅ နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။ ဒုတိယ စာရင်းစစ်ချုပ်သည် အသက် ၄၀ နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အသက် ၅၀ နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် အသက် ၃၅ နှစ်ပြည့်ပြီးသူဖြစ်ရပါမည်။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် အသက် ၄၀ နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် အသက် ၃၅ နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် အသက် ၅၀ ထက်မငယ်၊ အသက် ၇၀ နှစ်ထက်မကြီးရပါ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် အသက် ၄၅ နှစ်ထက် မငယ်၊ အသက် ၆၅ နှစ်ထက် မကြီးရပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များသည် အသက် ၅၀ နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များသည် အသက် ၅၀ နှစ် ပြည့်ပြီးသူ ဖြစ်ရပါမည်။

ဤအသက်ကန့်သတ်ချက်များအရဆိုလျှင် ကျွန်တော်တို့ နိုင်ငံ၏ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှတစ်ပါး ဒုတိယဝန်ကြီးပင် ဖြစ်ခွင့်မရှိတော့ပါ။ သို့သော် ဗိုလ်ချုပ်သည် ဖ. ဆ. ပ. လ ကြားဖြတ်အစိုးရအဖွဲ့အတွင်း မိမိထက် အသက်ကြီးသူများကို ဦးဆောင်ထိန်းကျောင်းကာ မြန်မာပြည်ကို လွတ်လပ်ရေးလမ်းကြောင်းပေါ်သို့ အရောက်တင်ပေးနိုင်ခဲ့သည်။ ဤသည်ကိုကြည့်လျှင် အသက်ငယ်သော်လည်း ဉာဏ်အမြော်အမြင်ကြီးမားလျှင် တိုင်းပြည်ကို ဦးဆောင်နိုင်ကြောင်း ထင်ရှားပါသည်။ အသက် ၄၅ နှစ် ပြည့်ပြီးမှသာ တိုင်းပြည်ကို ဦးဆောင်ခွင့်ရှိသည်ဟု ကန့်သတ်ခြင်းသည် လူငယ်တို့၏ ဉာဏ်ပညာအရည်အချင်းနှင့် တိုင်းပြည်ချစ်စိတ်ကို ပစ်ပယ်ရာရောက်သည်ဟု ထင်ပါသည်။

ဉာဏ်ပညာအမြော်အမြင်ချင်း၊ ဦးဆောင်နိုင်တာချင်းတူခဲ့လျှင် ဖျတ်လတ်တက်ကြွခြင်း၌ လူငယ်က လူကြီးထက်သာမည် ပင်။ မဆလ၊ နဝတ၊ နအဖခေတ်များတွင် တိုင်းပြည်ကိုဦးဆောင်မောင်းနှင်သည့် အစိုးရအဖွဲ့အတွင်း ဖျတ်လတ်တက်ကြွ၍ ခေတ်နှင့်အမီ တွေးခေါ် လုပ်ကိုင်နိုင်စွမ်းသော အရည်အချင်းရှိ လူငယ်တို့ကို လက်တွဲမခေါ်ခဲ့သဖြင့် တိုင်းပြည်လည်း နောက်ကျကျန်ရစ်ခဲ့ရသလို အများစု လူငယ်တို့မှာလည်း "နိုင်ငံရေး ဝေးဝေးနေ" ဘဝကို ရောက်ခဲ့ရပါသည်။ သတိချပ်သင့်လှပါ၏။

လူကြီးသည် မည်မျှပင် လူငယ်ကို နားလည်နိုင်သည်ဆိုစေကာမူ လူကြီးလိုပဲ တွေးပါလိမ့်မည်။ လူငယ်တွေတွေးသလိုမျိုး တွေးခေါ်နိုင်မည်မဟုတ်ပါ။ ကိုယ်လူငယ်ဘဝက အကောင်းဆုံးဟု သတ်မှတ်ထားသည့် အရာများကိုပဲ လူကြီးဖြစ်သည့်တိုင် အကောင်းဆုံးဟု သတ်မှတ်ထားတတ်ကြပါသည်။ လူငယ်တွေကြိုက်သည့် အရာကိုလူကြီးတွေ လိုက်မကြိုက်နိုင်ကြပါ။

ဥပမာအားဖြင့် လူငယ်တွေက မျိုးကြီးတို့၊ ဘန်နီဖြိုးတို့ကို အသည်းစွဲ ဖြစ်နေကြချိန်၌ ကျွန်တော်တို့က စိုင်းထီးဆိုင်မှ စိုင်းထီးဆိုင် ဖြစ်နေတတ်သလိုမျိုးပါ။ လူကြီးသည် အတိတ်ထဲမှာ ကျန်နေခဲ့တတ်ပါသည်။

နိုင်ငံတကာကို ကြည့်လျှင်လည်း တိုင်းပြည်ကိုဦးဆောင်မောင်းနှင်သည့် အစိုးရအဖွဲ့များအတွင်း လူငယ်တွေကို လေးလေးစားစား နေရာပေးလာတာ တွေ့ရပါသည်။ ထိုင်းဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ် ကျွန်တော်တို့ နိုင်ငံလာစဉ်က သမ္မတကြီးနှင့် လက်ဆွဲနှုတ်ဆက်နေပုံတွေ သတင်းစာထဲမှာ တွေ့လိုက်ရသည်။ ဩော်. . . တကယ့်ကိုသားအဖအရွယ်ပါလားဟု စိတ်ထဲက မှတ်ချက်ချမိ၏။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းက "မှာတော်ပုံ" ဝတ္ထုကြီးထဲတွင် ဗားကရာလူထွက်ဆရာကြီး ဦးကျော်ဒွေးက သူ့တပည့် မောင်ဘုန်းခင်အား ပြောကြားသည့် ဇာတ်ဝင်ခန်းဖြင့် တိုင်းပြည်အကျိုးအတွက် လူကြီးနှင့်လူငယ်ပူးပေါင်းလုပ်ဆောင်သင့်ကြောင်းကို "နွားနှစ်ကောင်ညီညာရုန်းကြမှ၊ တစ်ပြည်လုံးနောက်ကချွတ်တာ၊ ပျောက်ပ လွတ်ကွာ။ အောက်ကျတဲ့ ဝဋ်ကြမ္မာကို၊ လွတ်စရာခဲကြမှလေး" ဟု သတိပေးခဲ့ဖူးပါသည်။ တိုင်းပြည်၏ ဦးစီးခေါင်းကိုင်ဖြစ်သော အစိုးရအဖွဲ့အတွင်း အရည်အချင်းရှိသည့် လူငယ်တွေ ပါဝင်လာအောင် အသက်မပြည့်မချင်း ထိုင်စောင့်နေရမည့် ကန့်သတ်ချက်များကို ပယ်ဖျက်သင့်သည်ဟု ထင်မြင်ယူဆမိပါသည်။ ။

Business
7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

# ပုဂံဟိုတယ်ဇုန်သစ် မြေကွက်ယူထားသော လုပ်ငန်းရှင်များ လုပ်ငန်းမလုပ်ပါက ပြန်သိမ်းမည်

**ငြိမ်းချမ်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၇**

ပုဂံဇုန် (၄)အတွင်း ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ချထားပေးသော မြေကွက်ပိုင်ရှင်များကို ယခုနှစ်အတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက သက်ဆိုင်ရာ မြေကွက်များအားဥပဒေနှင့်အညီ သိမ်းဆည်းမည်ဖြစ်ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ထွန်းဝင်းက ပြောသည်။

"သူတို့ကို နိုင်ငံတော်က ဟိုတယ်လုပ်ငန်းလုပ်ဖို့ ချထားပေးတာပါ။ အခုထိ ဘာမှမလုပ်သေးဘူး" ဟု ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထွန်းဝင်းက ပြောကြားသည်။

ဟိုတယ်ဇုန် (၄)အတွင်း မြေကွက်နေရာရရှိထားသူများကို ဟိုတယ်လုပ်ငန်းလုပ်ဆောင်ရန်အတွက်သာ မြေနေရာချထားပေးခြင်းဖြစ်ပြီး အခြားမည်သည့်လုပ်ငန်းများကို လုပ်ဆောင်ခွင့်မပြုကြောင်း ညောင်ဦးအထွေထွေအုပ်ချုပ်ရေးမှူးက ပြောသည်။

"မတ်လအတွင်းကို လူကိုယ်တိုင်လာရောက်ဆက်သွယ်ရမယ်။ မြေနေရာကလည်း ချထားပေးကတည်းက ဟိုတယ်လုပ်ငန်းလုပ်ဖို့ ပေးထားတာပါ"ဟုမြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးက ပြောသည်။ နှစ်လအတွင်း လာရောက်ဆက်သွယ်သော်လည်း ဟိုတယ်လုပ်ငန်းမလုပ်ပါက မြေကွက်အားပြန်လည်သိမ်းမည်ဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် ဧက ၃၀၀ ကျယ်ဝန်းသော မြေကွက်များကို ဟိုတယ်လုပ်ငန်းရှင် ၃၉ ဦးအား ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် ချထားပေးခဲ့သည်။

"ဇုန်(၄)မှာဟိုတယ်ဆောက်ဖို့ သိပ်ပြီးမလွယ်ဘူး။ ပုဂံနဲ့လည်းဝေးတယ်" ဟု ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်မှ အဆိုပါမြေကွက် ဝယ်ယူထားသော လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဇုန် (၄) တွင် ဟိုတယ်လုပ်ငန်းရှင်တစ်ဦးလျှင် မြေကွက် သုံး၊ လေးကွက်အထိ ဝယ်ယူထားပြီး လက်ရှိတွင် ဟိုတယ် နှစ်လုံးသာ တည်ဆောက်ပြီးစီးသေးကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောသည်။ အဆိုပါ ဟိုတယ်ဇုန် (၄) အတွက် သိမ်းယူထားသော မြေကွက်များမှာ ဒေသခံ တောင်သူလယ်သမားများ တောင်ယာစိုက်ပျိုးသော မြေယာများဖြစ်ကြောင်း ဒေသခံများက ဆိုသည်။

"အဲဒီမြေတွေက ကျွန်တော်တို့ လယ်ယာစိုက်ပျိုးတဲ့ မြေကောင်းတွေပါ။ တစ်ဧကကို ကိုးသောင်းပဲရတယ်" ဟု ဒေသခံ ကိုအောင်ငြိမ်းက ဆိုသည်။

အဆိုပါ ဇုန် (၄) မှာ ချောက်-ညောင်ဦးကားလမ်းမပေါ်တွင် တည်ရှိပြီး ပုဂံမြို့နှင့် လေးမိုင် ကွာဝေးသည်။

## လယ်သမားများကို ကူညီရန် ကမ္ဘာ့ဘဏ်စီစဉ်နေ

**ပြည်သိမ်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၇**

လမ်းပန်းဆက်သွယ်ရေး အပါအဝင် လယ်သမားများအတွက် အခြေခံလိုအပ်ချက်များ ထောက်ပံ့မှုပေးရန် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ တောင်သူလယ်သမား အသင်းနှင့် ဆွေးနွေးနေကြောင်း သတင်းရရှိသည်။

"သူတို့က ငွေရေးကြေးရေးပဲ အဓိကကူညီပေးမှာ။ အစိုးရကိုပဲပေးမှာလား၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေတစ်ဆင့် ပြန်လာမလားတော့မသိသေးဘူး"ဟုမြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းဥက္ကဋ္ဌ ဒေါက်တာ စိုးထွန်းက ဆိုသည်။

လယ်သမားများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့်

**စာမျက်နှာ(၃၄)သို့**



*ကြိမ်ထည်များ ပြုလုပ်နေစဉ်*

ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

## ကြိမ်ကုန်ကြမ်းများ တရုတ်သို့ မှောင်ခိုပို့နေ၍ ကြိမ်အချောထည်ပြည်ပတင်ပို့မှု ထက်ဝက်လျော့

**နိုင်ချို**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၇**

ကြိမ်ကုန်ကြမ်းများအား တရုတ်နိုင်ငံသို့ မှောင်ခိုတင်ပို့ ရောင်းချခြင်းကြောင့် ပြည်ပပို့ကုန်ဖြစ်သည့် ကြိမ်အချောထည်များ၏ နိုင်ငံတကာသို့ တင်ပို့မှုနှုန်း ထက်ဝက်ခန့် လျော့ကျလာကြောင်း ကြိမ်အချောထည်လုပ်ငန်းများမှ သတင်းရရှိသည်။

"ကြိမ်ကုန်ကြမ်းတွေကိုပြည်တွင်းထွက်ကုန်ဖြစ်ရဲ့သားနဲ့ပြည်ပပို့ကုန်ဈေးအတိုင်း ပြိုင်ဝယ်ရတယ်။ အိတ်စပို့အတွက်ကို အစိုးရရဲ့ လုပ်ထုံးလုပ်နည်းတွေ မပြောင်းလဲပေးဘူး။ လက်မှုပညာကိုသစ်တော ထွက်အနေနဲ့ ပို့နေရတယ်"ဟု Beautiful Island ကုမ္ပဏီမှ ဒါရိုက်တာဒေါ်အိအိထွေးက ပြောသည်။

**စာမျက်နှာ(၃၄)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၂ | ၆၉၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၄၁ | ၁၁၅၁ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉ | ၂၉. ၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၇. ၃၄ | ၁၃၈ | ကျပ် |

၂၀၁၃ ဖေဖော်ဝါရီ ၉ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၃၂၉ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၈၁ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၂. ၇၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၃၂၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၃. ၅၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၇၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၉၅. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၉၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၇၇ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၆၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၆၆ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၃ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၈၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၅၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၂၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၁၆၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၆၇. ၇၀ |
| ရေနံစိမ်း | စည် | ၁၁၈. ၈၆ |
| ငွေ | ၁ အောင်စ | ၃၁. ၄၀ |
| ကြေးနီ | ပေါင် | ၃၇၅. ၃၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၂၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဖေဖော်ဝါရီ ၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

# မွေးမြူရေးအစာရှားပါးမှုကြောင့် ငါးမွေးမြူသူများ အခက်ကြုံ

**သန်းဌေး**
**ရန်ကုန်၊ဖေဖော်ဝါရီ-၇**

မွေးမြူရေးအစာကုန်ကြမ်း ရှားပါးကာ ဈေးနှုန်းကြီးမြင့်လာသောကြောင့် ငါးမွေးမြူသူများ အခက်အခဲအကြီးမားဆုံး အချိန်နှင့် ရင်ဆိုင်နေရကြောင်း သတင်းရရှိသည်။

ယခုအခါပြည်ပနိုင်ငံ ပေါင်းစုံမှ စားအုန်းဆီများ ရေကြောင်းနှင့် နယ်စပ်များမှ ဝင်ရောက်လာခြင်း၊ မြေပဲလုံးဆန်များ တရုတ်နှင့် ထိုင်းနယ်စပ်တို့မှ ဈေးကြီးပေးဝယ်သောကြောင့် ဆီစက်များတွင် ကြိတ်ခွဲရန် ကုန်ကြမ်းမရှိတော့ဘဲ မွေးမြူရေးအတွက် အစာကုန်ကြမ်း ရှားပါးလာကြောင်း မြန်မာနိုင်ငံ ငါး/ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများ အသင်း ဥက္ကဋ္ဌ ဦးအုန်းလွင်က ပြော သည်။

"မွေးမြူရေးလုပ်ငန်းအတွက် အစာကုန်ကြမ်းရှားပါးပြီး အခု အခြေအနေဆိုးနဲ့ ကြုံတွေ့နေရတယ်။ မွေးမြူရေး အစာကုန်ကြမ်းတွေဝယ်လို့မရလောက်အောင်ရှားလာပြီး ဈေးအလွန်ကြီးလာတာကြောင့် မွေးမြူရေး လုပ်ငန်းတွေ အရှုံးနဲ့ ရင်ဆိုင် လာရပြီ" ဟု ၎င်းက ပြောသည်။

အဆိုပါ အခက်အခဲကို ပြေလည်စေရန် စိုက်ပျိုးသီးနှံ ပိုမိုထွက်ရှိစေမည့် နည်းပညာ၊ ငွေကြေးအကူအညီနှင့် ဈေးနှုန်း အာမခံသော စနစ်တစ်ရပ်ထားရှိစေပြီး ပြည်တွင်းတွင် ကြိတ်ခွဲ၍ ဘေးထွက်ပစ္စည်း အား မွေးမြူရေးအစာအတွက် အလုံအလောက် သုံးစွဲစေသင့်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဒေါက်တာမျိုးသန့်က ပြောသည်။

"ဒီထက်ပိုတဲ့ အစာ အမျိုးအမည်အသစ်တွေ ရှာဖွေရင် အစာကုန်ကြမ်းရှားပါးမှုကိုပြေလည်စေမယ်လို့ ယုံကြည်ပါတယ်" ဟု ၎င်းက ပြောသည်။

ထို့ကြောင့် မွေးမြူရေး လုပ်ငန်း လက်တွေ့ လုပ်ဆောင်နေသော ထုတ်လုပ်သူများအား စွမ်းဆောင်ရည်ကောင်းစေရန် အစာကုန်ကြမ်း ထုတ်လုပ်နည်းပညာ သင်ကြားတတ်မြောက်စေမှသာ ရေရှည်ရပ်တည်လာနိုင်မည်ဟု အစာပညာရှင် ဒေါက်တာဖေတင်က ပြောသည်။

မွေးမြူရေး ငါးကန် ၂၂၀,၁၇၁ ဧကအတွက် အစာကုန်ကြမ်းဖြစ်သော မြေပဲ၊ နှမ်း၊ ပဲပုတ်၊ ဖွဲနု၊ ပုစွန်ဖွဲ့ ၁,၆၅၁,၂၈၂ တန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ငါးစာကုန်ကြမ်းများ၏ လက်ရှိအနေအထားအပေါ် သုံး သပ်ချက် စာတမ်းတွင် ဖော်ပြထားသည်။




စာမျက်နှာ(၃၃)မှ

## လယ်သမားများကို ကူညီရန် ကမ္ဘာ့ဘဏ်စီစဉ်နေ

အခြေခံ အဆောက်အအုံ ဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လယ်မြေများ ရေရရှိရေး၊ မြေပြုပြင်ရေး စသည်တို့ အပါအဝင် စက်မှုလယ်ယာ ထူထောင်ရေးကို ကူညီပေးရန် ကမ္ဘာ့ဘဏ်က အသေးစိတ် စိစစ်ဆွေးနွေးနေကြောင်း သတင်းရရှိသည်။

ထို့အပြင်လယ်သမားများအနေဖြင့် သတင်းအချက်အလက် အလွယ်တကူရရှိရေးနှင့် ရိတ်သိမ်းချိန်လွန် လေလွင့် ဆုံးရှုံးမှုများ ကာကွယ်မှုများနှင့် ပတ်သက်၍လည်း ကူညီပေးရန်ရှိကြောင်း သတင်းရရှိ သည်။

ကမ္ဘာ့ဘဏ်သည် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ကူညီပေးရန် တောင်သူလယ်သမားအသင်းနှင့် ဆွေးနွေးနေသည်မှာ သုံးကြိမ်ရှိပြီဖြစ်ကြောင်း ဒေါက်တာစိုးထွန်းက ပြောကြားသည်။

စာမျက်နှာ(၃၃)မှ

## ကြိမ်ကုန်ကြမ်းများ တရုတ်သို့တင်ပို့နေ၍ ကြိမ်အချောထည် ပြည်ပတင်ပို့မှု ထက်ဝက်လျော့

ကြိမ်ကုန်ကြမ်း အများစုမှာ ဗန်းမော်၊ မြစ်ကြီးနား၊ ခန္တီး စသည့် ဒေသများအပြင် ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ ကသာ၊ ရှမ်းပြည်မြောက်ပိုင်းဒေသများမှလည်း ထွက်ရှိသည့် အထူးသဖြင့် ကချင်ပြည်နယ်မှ အများ ထွက်ရှိသည်ဟု ကြိမ်အချောထည် လုပ်ငန်းများမှ သိရသည်။

"ကချင်က ကုန်ကြမ်းတွေကို တရုတ်က အများဆုံးဝယ်တယ်။ ကချင်စစ်ပွဲကြောင့်လည်း ကုန်ကြမ်း တင်ပို့မှုက ကြန့်ကြာမှုတွေ ရှိတယ်။ တရုတ်နိုင်ငံက ကြိမ်ကုန်ကြမ်းကို အင်ဒိုနီးရှားက ဝယ်တယ်။ အခု အင် ဒိုနီးရှားက မရောင်းတော့ဘူး။ မြန်မာနိုင်ငံက အများဆုံးဝယ်တော့တယ်" ဟု မြန်မာနိုင်ငံ ကြိမ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်သူကပြောသည်။

လွန်ခဲ့သော နှစ်များက ကြိမ်အချောထည် တင်ပို့မှုမှာ တစ်နှစ်လျှင် နိုင်ငံခြားဝင်ငွေသန်း ၂၀-၃၀ ဝန်းကျင်မှ ယခုအခါ နိုင်ငံခြားဝင်ငွေ ငါးသန်းဝန်းကျင်သို့ လျော့ကျသွားကြောင်း မြန်မာနိုင်ငံ ကြိမ်လုပ်ငန်းရှင်များ အသင်းမှ သတင်းရရှိသည်။

ကြိမ်ကုန်ကြမ်းဝယ်ယူမှုခက်ခဲခြင်း၊ ကုန်ကြမ်းဈေး သုံးဆခန့် မြင့်တက်ခြင်း၊ ပြည်ပဝယ်လိုအားကျဆင်းလာခြင်း၊ ကြိမ်အချောထည်တွင် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အား မယှဉ်နိုင်သဖြင့် ကြိမ်အချောထည်လုပ်ငန်း၊ ပြည်ပကြိမ်တင်ပို့မှု လုပ်ငန်းများမှာ အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း သတင်းရရှိသည်။

"ကုန်ကြမ်းဈေးက တော်တော် တက်သွားတယ်။ ဈေးမြင့်လာတော့ အချောထည်လုပ်ရာမှာ မကိုက်တော့ဘူး။ နောက်တစ်ခုက လုပ်သားရှားပါးမှု ပြဿနာဖြစ်လာတယ်" ဟု ရေကြည်မြို့ ကြိမ်အသင်း ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက ပြော သည်။

ကြိမ်အချောထည်များမှာ ရေကြည်မြို့မှ ၈၀ ရာခိုင်နှုန်းထိ ထွက်ရှိ ပြီး ယခုအခါ ကြိမ်ကုန်ကြမ်းဈေးမြင့်တက်မှုကြောင့် အချောထည် ထုတ်လုပ်မှု လျော့နည်းလာခြင်းကြောင့် ပြည်ပတင်ပို့မှု ၅၀ ရာခိုင်နှုန်းမက ကျဆင်းလာသည်။ ထို့အပြင် နိုင်ငံခြားဝင်ငွေမှာလည်း သိသိသာသာ လျော့နည်းသွားသည်ဟု ကြိမ်အချောထည် ပြည်ပသို့ တင်ပို့သော လုပ်ငန်းများမှ သိရသည်။

ကြိမ်အချောထည်ပြည်ပသို့ တင်ပို့ပါက ယခင်လျှင် ပုံမှန်အားဖြင့်ကွန်တိန်နာ ဆယ်လုံးတင်ပို့နေရာမှ ယခုအခါ နှစ်လုံးသာ တင်ပို့နိုင်သည်ဟု မြန်မာနိုင်ငံ ကြိမ်လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

မြန်မာနိုင်ငံမှ ဥရောပနိုင်ငံများ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် နော်ဝေးနိုင်ငံများသို့ ကြိမ်အချောထည် တင်ပို့လျက်ရှိပြီး ယခုအခါ ပြည်ပဈေးကွက်တွင် တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့က ဈေးကွက်အများဆုံးရထားသည်။

7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013



# ပလောင်လက်ဖက် စိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့မည်

**နိုင်ချို၊ အိမွန်ကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၆**

ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ဘိန်းစိုက်ပျိုးမှု လျော့နည်းစေရန်အတွက် ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း ဖွဲ့စည်း၍ လက်ဖက်စိုက်ပျိုးမှုမြှင့်တင်သွားမည်ဟုသတင်းရရှိသည်။

"တောင်ပေါ်တောင်တန်းဒေသတွေမှာ အကျင့်စာရိတ္တပျက်စေတဲ့ ဘိန်းကိုစိုက်ပျိုးတာ များလာတယ်။ အများစုက လက်ဖက်စိုက်ခင်းအစား ဘိန်းကို စိုက်လာကြတယ်" ဟု နမ့်ဆန်မြို့မှ လက်ဖက်စိုက်ပျိုးသူ ဦးစိုးမောင်က ပြောသည်။

ပလောင်လူမျိုးများ၏ အသက်မွေးဝမ်းကျောင်းဖြစ်သော လက်ဖက်စိုက်ပျိုးမှုနှင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် ရည်ရွယ်၍ အသင်းဖွဲ့စည်းခြင်းဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးထွန်းမြိုင်က ပြောသည်။

လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုမှာ ယခုအခါ ပြည်ပမှ တရားမဝင်ဝင်ရောက်လာသော လက်ဖက်တင်သွင်းလာမှုများကြောင့် ၇၅ ရာခိုင်နှုန်းခန့် ပျက်သုဉ်းလုဖြစ်နေပြီဖြစ်ကြောင်း လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများက ပြောသည်။

ထို့အပြင် လက်ဖက်စိုက်ပျိုးရာတွင် ခေတ်မီသော နည်းစနစ်ကို အသုံးပြု၍ စိုက်ပျိုးရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၎င်းတို့အား ငွေကြေးထောက်ပံ့စေလိုကြောင်း ဦးစိုးအောင်က ဆက်လက်ပြောသည်။

ယခုအသင်းကို တရားဝင်မှတ်ပုံတင်သွားမည်ဖြစ်ပြီး အလုပ်အမှုဆောင်အဖွဲ့အား ဒီမိုကရေစီနည်း ကျကျ ရွေးချယ်သွားမည်ဟု ဦးထွန်းမြိုင်က ပြောသည်။

ပလောင်လူမျိုးအများစုမှာ နမ့်ဆန်၊ ကျောက်မဲ၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ကလော၊ ရပ်စောက်၊ မိုင်းရှူး၊ မိုင်းတုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့တောင်တန်းများတွင် နေထိုင်ကြသည်။

ခန့်မှန်းလူဦးရေမှာ ငါးသိန်းခန့်ရှိ၍ အများစုမှာ လက်ဖက်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

# နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လာရန် Standard Chartered ဘဏ်မှ ဦးစားပေး လုပ်ကိုင်သွားမည်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၇**

တတိယအကြိမ်မြောက် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသော Standard Chartered ဘဏ်က နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံကို ဝင်ရောက်လာရန် ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သော မစ္စတာ ပီတာစတန်းစ်က ပြောသည်။

ယင်းဘဏ်သည် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ခေါ်လာခြင်း အတွေ့အကြုံများရှိပြီး ၎င်းတို့ကျွမ်းကျင်သည့် လုပ်ငန်းများဖြစ်သည့်အတွက် ထိုလုပ်ငန်း ဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးကဏ္ဍများတွင်လည်း လုပ်ပိုင်ခွင့်ရသည့် အခွင့်အရေး ပေါ်မူတည်ကာ ဝင်ရောက် လုပ်ကိုင်သွားမည် ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

Standard Chartered ဘဏ်သည် မြန်မာနိုင်ငံ၌ ဘဏ်ရုံးခွဲဖွင့်ခွင့်သာရရှိထားပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ပိုင်ခွင့်မရရှိသေးသော်လည်း နောင်တွင်ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရမည်ဆိုပါက ဘဏ်ဝန်ဆောင်မှုများ အပြည့်အဝ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

Standard Chartered ဘဏ်သည် မြန်မာနိုင်ငံတွင် ၁၈၆၂ ခုနှစ်က ပထမဆုံးဘဏ်ခွဲ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပေါင်း ၇၀ ကျော်တွင် ဘဏ်ခွဲပေါင်း ၁,၇၀၀ ကျော် ဖွင့်လှစ်ထားနိုင်သော နိုင်ငံတကာဘဏ်ကြီးတစ်ခုလည်းဖြစ်သည်။

၁၉၆၃ ခုနှစ်တွင် ဘဏ်လုပ်ငန်းများ ပြည်သူပိုင် သိမ်းခဲ့ပြီးနောက် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ပြီး ၁၉၉၅ မှ ၂၀၀၄ ခုနှစ်အတွင်း ကိုယ်စားလှယ်ရုံးခန်းများ ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 352,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 535,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| EXPLORER | 114,000 |
| Desire C | 170,000 |
| Desire One V | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 740,000 |
| iPhone 4S (64 GB) | 605,000 |
| iPhone 4S (32 GB) | 585,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8600 | 76,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| U 8950 D | 162,000 |
| Ascend P1 | 270,000 |

ဖေဖော်ဝါရီ (၉)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 215,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 240,000 |
| Sony (LED) | 32EX33 | 290,000 |
| **DVD** | | |
| EVD(Sony) | DVK75 | 18,000 |
| I-MAX | DVD-SR81220XDM2 | 25,000 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 155,000 |
| Samsung | RT2ASHMG | 220,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 135,000 |
| Samsung | WT8J | 160,000 |
| **Aircon** | | |
| Chigo | 1.0HP | 180,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 175,000 |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၈ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၅ |
| အုတ်(၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၉၀ |
| အုတ်(၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၉)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၁၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး(ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၅,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၅၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၃၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဖေဖော်ဝါရီ(၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Feb(3) | 814 | 860 | 870 | 880 |
| Feb(4) | 814 | 860 | 870 | 880 |
| Feb(5) | 814 | 860 | 870 | 880 |
| Feb(6) | 814 | 860 | 870 | 880 |
| Feb(7) | 814 | 860 | 870 | 880 |
| Feb(8) | 814 | 860 | 870 | 880 |
| Feb(9) | 814 | 860 | 870 | 880 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Lenovo** | |
| Intel Core i3 1.2 GHz, 2GB DDR3, 500GB HDD, 11.6" | 428,000 |
| Intel Core i5 1.7 GHz, 4GB DDR3, 128GB SSD, 13" | 909,000 |
| Intel Core i3 2.3 GHz, 4GB DDR3,500GB HDD,2GB VGA,14" | 548,000 |
| Intel Core i5 1.7 GHz, 4GB DDR3,750GB HDD,1GB VGA,14" | 600,000 |
| **Acer** | |
| Intel Core i3 1.9 GHz, 4GB DDR3, 500GB HDD, 14" | 518,000 |
| IntelCore i7 2.4 GHz, 4GB DDR3, 750GB HDD, 14" | 686,000 |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD, 14" | 467,000 |
| Intel Core i5 1.7 GHz, 4GB DDR3, 500GB HDD, 14" | 557,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 15.6" | 505,000 |
| Intel Core i5 2.5 GHz, 2GB DDR3,500GB HDD,1GB VGA,14" | 561,000 |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, HD, 14" | 437,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB (7200 RPM), 15.6" | 987,000 |

7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013



# ယနေ့အာရှနှင့် ပထမကမ္ဘာစစ်မတိုင်မီက ဥရောပ

**ကြည်နေဝင်းမင်း**

အာရှတွင် ပဋိပက္ခဖြစ်ခြင်းကိုမည်သူကမျှ မမြင်တွေ့လိုသော်လည်း အပျက်သဘော ဟောကိန်းထုတ်သူများနှင့် စိုးရိမ်သောကရောက်သူများ တစ်နေ့တခြား ပိုများလာပါသည်။ အာရှတိုက်အား ခြောက်လှန့်နေသော အကြောင်းအရာမှာ ပထဝီဝင်နိုင်ငံရေးအရ တရုတ်နိုင်ငံမြင့်တက်လာမှုဖြစ်သည်။ ၁၉၄၅ ခုနှစ်မှစ၍ တည်ရှိနေခဲ့သော အမေရိကန်အင်အား လွှမ်းမိုးမှုကို မသိမသာ စိန်ခေါ်ရင်း ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံတွင် တွန်းတွန်းတိုက်တိုက် ပါဝင်လာသည့် ဒီမိုကရက်တစ်မဟုတ်သည့် စူပါပါဝါအဖြစ် အားယူနေသော နိုင်ငံအား နီးနီးဝေးဝေး အစိုးရများက ကြောင့်ကြစွာ စောင့်ကြည့်နေကြသည်။

အချို့သော နိုင်ငံများမှာ ဘေဂျင်းနှင့် အငြင်းပွားမှုတွင် ပါဝင်ပတ်သက်နေကြပြီဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်း တရုတ်နိုင်ငံ တောင်ဘက်နှင့် အရှေ့ဘက်ရှိ လွင်တီးခေါင်ကျွန်းများနှင့် ပတ်သက်၍ အာရှဒေသ ပင်လယ်ပြင်မှာ ဂယက်ရိုက်ခဲ့သည်။ အကျိုးဆက်အဖြစ် တရုတ်နိုင်ငံနှင့် ဗီယက်နမ်၊ ဂျပန်၊ ဖိလစ်ပိုင်နိုင်ငံတို့၏ ဆက်ဆံရေးများ ဆိုးရွားသွားခဲ့သည်။

တင်းမာမှုများ တစ်နေ့တခြား မြင့်တက်လာခဲ့ခြင်းကြောင့် ယင်းအခြေအနေကို လွန်ခဲ့သော နှစ်ပေါင်းတစ်ရာက အန္တရာယ်ပြွမ်းခဲ့သော အချိန်အခါနှင့်ပင် နှိုင်းယှဉ်ပြောဆိုလာကြသည်။ ယခုရက်သတ္တပတ်အတွင်း မတူညီသော ထင်မြင်ချက်ကဏ္ဍနှစ်ခုတွင် အာရှမှ နိုင်ငံခြားရေးဝန်ကြီးဟောင်းနှစ်ဦးက ယနေ့ အာရှအခြေအနေများအား ပထမကမ္ဘာစစ်မတိုင်မီ ဥရောပနှင့်ဆင်တူကြောင်း ပြောကြားကြသည်။ ထိုအချိန်က ဥရောပမှာ ပဒေသရာဇ်ရန်သူများ၊ မဟာမိတ်ဖွဲ့မှုများနှင့် ရှုပ်ထွေးနေခဲ့ချိန်ဖြစ်ပါသည်။

တရုတ်နိုင်ငံက 'ကုန်းတွင်းရေကန်'လို သဘောထားပြီး အိမ်နီးချင်းနိုင်ငံများအား အမျက်ဒေါသဖြစ်စေသည့် မဟာဗျူဟာမြောက် အချက်အခြာကျရေပြင်ဖြစ်သော တောင်တရုတ်ပင်လယ်မှာ လွန်ခဲ့သောနှစ်တစ်ရာက ဘော်လ်ကန်ဒေသကဲ့သို့ ဖြစ်နေပါသည်။ တင်းပြည့်ကျပ်ပြည့်စစ်ပွဲကြီး မဟုတ်လျှင်သော်မှ ကျယ်ပြန့်သော ဒေသအများအပြားကို လောင်ကျွမ်းစေနိုင်သော မီးထတောက်နိုင်သည့် ခါတ်ဆီပုံးကဲ့သို့ပင်၊ ဩစတြေးလျဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ကီဗင်ရပ်ဒ်က ယခုလိုဆိုပါသည်။

'လက်ယှက်ထိုးထားသော မဟာမိတ်ဖွဲ့မှုများ၊ သစ္စာခံမှုများ၊ မုန်းတီးမှုများကြောင့် အကွဲကွဲအပြားပြား ဖြစ်ခဲ့သော ဘော်လ်တန်နိုင်ငံများကဲ့သို့ပင် အရှေ့အာရှ၏ မဟာဗျူဟာ ပတ်ဝန်းကျင်မှာ ရှုပ်ထွေးလှသည်။ အနည်းဆုံးနိုင်ငံခြောက်နိုင်ငံ (သို့မဟုတ်) နိုင်ငံရေးဒေသခြောက်ခုမှာ တရုတ်နိုင်ငံနှင့် နယ်မြေအငြင်းပွားမှုများတွင် ပါဝင်ပတ်သက်နေသည်။ ယင်းတို့ထဲမှ သုံးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စု၏ မဟာဗျူဟာလက်တွဲဖော်များ ဖြစ်သည်။'

ဝါရှင်တန်၏ လျော့ပါးလာသည်ဟု ထင်ရသော ပစိဖိတ်ဩဇာလွှမ်းမိုးမှု (အနည်းဆုံး တရုတ်နိုင်ငံ၏ ကြီးထွားလာသော အင်အားနှင့် နှိုင်းယှဉ်လျှင်)မှာ နယ်မြေအငြင်းပွားမှု အားလုံး၏ နောက်ခံအဖြစ် ပါဝင်သည်။

ယင်းဒေသတွင် ကစားပွဲဥပဒေသများ ပြောင်းလဲလာနေပြီး ယင်းမှ ထွက်ပေါ်လာသော မသေချာ၊ မရေရာမှုက ထိပ်တိုက်ရင်ဆိုင်မှုအန္တရာယ်တစ်ရပ် ထွက်ပေါ်လာစေသည်။ တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဟောင်း ယွန်ယန်ကွမ်က ၂၀ ရာစုအစောပိုင်း နှိုင်းယှဉ်ချက်ကို ယခုလို ထောက်ပြသည်။

'ထိုစဉ်က ဂရိတ်ဗြိတိန်၏ အင်အားမှာ ယခင်ကထက်စာလျှင် ကျဆင်းလာသည်။ သို့သော် ဂျာမနီနိုင်ငံမှာ ၁၈၇၁ ခုနှစ် ပေါင်းစည်းမှုလုပ်ပြီးကတည်းက အင်အားကြီးလာသည်။ အလားတူပင် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့မှာ တရုတ်နိုင်ငံနှင့် နှိုင်းယှဉ်ပါက (အနည်းဆုံး) စီးပွားရေးစွမ်းရည်တွင် စတင်ကျဆင်းလာသည်။ အင်အားချိန်ခွင်လျှာ ကြီးကြီးမားမား ပြောင်းလဲချိန်များတွင် အရေးပါသော နိုင်ငံရေးခေါင်းဆောင်များမှာ နိုင်ငံခြားရေးပေါ်လစီ အမှားအယွင်း ကြီးကြီးမားမား ကျူးလွန်သောခေတ်များ ဖြစ်နေတတ်သည်။ ယင်းသို့ ကျဉ်းထဲကျပ်ထဲ အခြေအနေများတွင် နိုင်ငံတကာ ဆက်ဆံရေး စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းမှ စစ်ပွဲကြီးများဆီသို့ ဦးတည်သွားတတ်ပါသည်။'

ဖရန်စစ်ဖာဒီနန်အမည်ရ ဗီယက်နမ်ငါးဖမ်းသင်္ဘော၊ ဆာရာဂျေဗိုဟုခေါ်သော ရေတိမ်ကျောက်ဆောင်ဟူ၍တော့မကြားမိသေးပါ။ သံခင်းတမန်ခင်းကလည်း တကျွိကျွိနှင့် လိုက်ပါလာပါသည်။ ယခင်ရက်သတ္တပတ်အတွင်း ဂျပန်ဝန်ကြီးချုပ်ထံမှ စာတစ်စောင်ကို တရုတ်ခေါင်းဆောင်စီကျင်ပင်းထံသို့ကိုယ်တိုင်ကိုယ်ကျ ပေးအပ်ရန် တိုကျိုက အထူးကိုယ်စားလှယ်တစ်ဦး စေလွှတ်လိုက်ပါသည်။ နယ်မြေအငြင်းပွားမှုနှင့်ပတ်သက်၍ ထိပ်သီးတွေ့ဆုံမှုပြုရေး စဉ်းစားရန် မစ္စတာစီကျင်ပင်းက သဘောတူလိုက်ပါသည်။

စစ်အကြောင်း ပြောဆိုခြင်းမှာ အထိတ်တလန့် နိုင်လှသော်လည်း ပူပန်စရာအခြင်းအရာများ ထင်ထင်ရှားရှား ရှိနေပါသည်။ အဓိကကျသော အခြင်းအရာတစ်ခုမှာ အာရှဒေသတစ်ခုလုံးတွင် အမျိုးသားရေးစိတ်ဓာတ်များ မာကျောလာခြင်းဖြစ်သည်။ ဂျပန်မှ အိန္ဒိယအထိ နေရာတိုင်းလိုလိုတွင် မာမာတင်းတင်း ပြောဆိုမှုများ မြင့်တက်လာသည်။ တရုတ်နိုင်ငံ၏ခေါင်းဆောင်သစ်မစ္စတာစီကျင်ပင်းက အငြင်းပွားနယ်မြေများနှင့် ပတ်သက်၍ အလျှော့အတင်းရှိမည်မဟုတ်ဟု ကတိပေးထားသည်။ သဘောထားတင်းမာသော တရုတ်စစ်ဘက်အရာရှိအချို့ကလည်း စစ်ရေးအကြောင်းများ ပြောနိုင်လာသည်။

ယင်းသို့ ရှုန်းကွလာသော ယုံကြည်မှုများတွင် ၁၉ ရာစု ဂျာမနီနိုင်ငံ၏ ပဲ့တင်သံများ ကြားနိုင်ပါသည်။ သမိုင်းပညာရှင်များက တရုတ်နိုင်ငံ၏ အလုံးစုံအာဏာရှိနိုင်ငံစနစ်နှင့် ဂျာမနီနိုင်ငံ၏ ဗိသုကာ အော်တိုဗွန်ဘစ်စမာ့ခ် တည်ဆောက်ခဲ့သော နိုင်ငံပုံစံကို ဆက်စပ်ပြကြပြီးဖြစ်သည်။ ကိုင်ဇာဝီလျံ(၂)၏ အမျိုးသားရေးဝါဒမှာလည်း ခေတ်သစ်တရုတ်နိုင်ငံတွင် နေရာမရဖြစ်နေခြင်းမဟုတ်ပေ။

မည်သို့ပင်ဖြစ်စေကာမူတရုတ်နိုင်ငံ၏ အဓိကအကြောင်းအရာမှာ ပြည်တွင်းနှင့်ဆိုင်သောကိစ္စဖြစ်သည်။ တရုတ်နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရနေခြင်းကို ဆက်လက်ထိန်းသိမ်းထားရန် ကြီးမားသောဖိအားများ ရင်ဆိုင်နေရသည်။ ထို့အတူ ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းရေး၊ နိုင်ငံရေးပွင့်လင်းမှု ပိုမိုရရှိရေး တောင်းဆိုမှုများကိုလည်း ကိုယ်တွယ်နေရသည်။ နိုင်ငံခြားရေးရာတွင် ကြွက်သားများ ထုတ်ပြခြင်းက ပြည်တွင်းတင်းမာမှုများကို ထွက်ပေါက်ပေးခြင်း ဖြစ်နိုင်ပါသည်။

ယခင်ရက်သတ္တပတ် တိုင်းမ်မဂ္ဂဇင်း အင်တာဗျူးကောက်နုတ်ချက်တွင် စင်ကာပူဝန်ကြီးချုပ်ဟောင်းနှင့် အာရှမှ လူရိုသေ၊ ရှင်ရိုသေ ခေါင်းဆောင် မစ္စတာလီကွမ်ယုက တရုတ်ပြည်သူများအကြား ကိုယ်ကြမ္မာကိုယ်ဖန်တီးရေး အသိတရားနိုးထလာမှုအကြောင်းနှင့် ယင်းကို မစ္စတာလီက အားလုံးလွှမ်းခြုံအင်အားစုဟု သဘောထားပုံတို့ကို ပြောကြားပါသည်။ မစ္စတာလီက ဆက်လက်ပြောပြပါသည်။

"စက်မှုဖွံ့ဖြိုးပြီး အင်အားကြီးလာတဲ့ တရုတ်နိုင်ငံဟာ ၁၉၄၅ ခုနှစ်နောက်ပိုင်းကတည်းက အမေရိကန်နိုင်ငံလို အရှေ့တောင်အာရှအပေါ် ကြင်နာညင်သာပါ့မလား။ စင်ကာပူကတော့ မသေချာဘူး။ (အိမ်နီးချင်းနိုင်ငံတွေကတော့) တရုတ်နိုင်ငံဟာ စောစောပိုင်း ရာစုနှစ်တွေတုန်းကလိုပဲ ပဒေသရာဇ်ရပ်တည်မှုမျိုးပြန်လည်ရယူချင်မှာကို စိတ်မသက်မသာ ဖြစ်နေကြပါတယ်"ဟူ၍. . .

ယင်းမှာ တရုတ်နိုင်ငံ၏ မည်သည့်အိမ်နီးချင်းနိုင်ငံကမျှ တစ်ကျော့ပြန်လာမှာကို မလိုလားသည့် သမိုင်းအစိတ်အပိုင်းပင်ဖြစ်ပါသည်။

*—Ref: A Sea of Troubles: Asia Today Compared to Europe Before World War I; By Ishaan Tharoor*


SOLO® COLLECTION
Happy Valentine's Day
BUY Couple Wear
GET Chocolate Box
Available @
SOLO Fashion Shop F - 21 , 22 ( Yuzana Plaza ), G - 046 ( Diamond Plaza ) & All Supermarket.
WHEREVER YOU GO SOLO WILL FOLLOW


ORIENT
JAPAN
FUND9003WO
FQB2Z003WO
Available at: CHERRY OO
Inquiry Ph : 09-73150210, 01-381751, 01-242452, 067-23107, 02-72992

7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

# 7DAY BOOK REVIEW




## သင်လူတစ်ယောက်ဖြစ်ပြီလား (မေတ္တာရှင်–ရွှေပြည်သာ)

မကြာမီကာလတွင် ကျောင်းသား၊ ကျောင်းသူလေးများ အတန်းတင်စာမေးပွဲကြီး ဖြေဆိုပြီးနောက် နွေရာသီကျောင်းပိတ်ရက် ကာလရှည်ရောက်ရှိလာတော့မည်ဖြစ်ပါသည်။ ထိုအချိန်အခါမျိုးတွင် ပေါ်ထွက်လာသော ဆရာတော်မေတ္တာရှင်(ရွှေပြည်သာ)၏ယခုစာအုပ်၌ အသားမှန်သမျှအဆိပ်၊ အသီးအရွက်မှန်သမျှဆေးဟု အမည်ပေးထားပြီး အစားအသောက်နှင့်ပတ်သက်၍ ချင့်ချိန်တိုင်းတာတတ်ရန် အသိပေးရေးသားထားသည်။ အထူးသဖြင့် အသားစားကြူးသူများ၊ အသားမှ အသားဖြစ်နေသူများအတွက်ယခုစာအုပ်တွင် ဗုဒ္ဓဘုရားရှင်လက်ထက်နှင့် နိပါတ်ဇာတ်တော်လာပုံဝတ္ထုများမှ အဖြစ်အပျက်များ၊ မျက်မှောက်ခေတ်တွင် အသားစားကြူးခြင်းကြောင့် အရှင်လတ်လတ်ပြိတ္တာဘဝသို့ ရောက်ရပုံတို့ကို သရုပ်ဖော်ရုပ်ပုံများဖြင့် စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရပါမည်။ စာအုပ်တွင် အသားမစားခင်ကဖြစ်သော ရောဂါသုံးမျိုး၊ ရောဂါများခြင်း အသက်တိုရခြင်း အကြောင်း၊ ညောင်စောင့်နတ်မင်းပူဇော်ရသောမင်းသမီး၊ တစ်ကြိမ်သတ်၍ လေးကြိမ်ပြန်သေရသူ၊ သူ့အကြွေးရှိလျှင်ဆပ်ရသည်၊ ဇာတ်တော်ထဲက လူ့ပြိတ္တာ၊ ကြောက်စရာ့နွားပြိတ္တာ၊ဝက်ပြိတ္တာတရုတ်မကြီး၊ ကာမိုင်းမှလူ့ပြိတ္တာကြီးဦးမွတ်တား၊ အပယ်တံခါးပိတ်သွားသူ စသည့် ခေါင်းစဉ်လေးများဖြင့် ဘုရားဟောသုတ္တန်လာ အဖြစ်အပျက်များ၊ မျက်မှောက်ခေတ်ဖြစ်ရပ်မှန်များကို သာဓကပြု၍ အသားစားခြင်းနှင့် ပတ်သက်၍ ဆင်ခြင်နိုင်ကြရန် အသိပညာပေးရေးဆွဲထားသည်။ ကျောင်းသားလူငယ်များသာမက လူကြီးပိုင်းများပါ ဖတ်သင့်သော ပုံပြစာအုပ်ဖြစ်ပြီး ရွှေပြည်သာ စာပေက တန်ဖိုး ၄,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။




## ဆရာတင်မိုး အမှတ်တရ (၁၉၃၃–၂၀၀၇)

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်တွင် အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့၌ ကွယ်လွန်ခဲ့သော ကဗျာဆရာကြီးတင်မိုးအား ရည်စူး၍ ကွယ်လွန်ပြီး ခြောက်နှစ်ကြာမှ ထွက်ရှိလာသည့် အမှတ်တရစာအုပ်ဖြစ်ကာ ပဥ္စရူပစာအုပ်တိုက်က စာအုပ်အပြင်အဆင် သေသပ်စွာ၊ တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ဖြန့်ချိခြင်းဖြစ်သည် ။

စာအုပ်တွင် ကဗျာဆရာကြီး တင်မိုး၏ တစ်ပိုင်းတစ်စရုပ်ပုံလွှာ၊ တရားဝင် ပုံနှိပ်ဖော်ပြခွင့် မရရှိခဲ့သောကဗျာများ၊ မိသားစု၏ အလွမ်းစာနှင့်ကဗျာ၊ ရေးဖော်ရေးဖက်များ၏ အမှတ်ရချက်များ၊ ဒေါ်အောင်ဆန်းစုကြည်ပြောတဲ့ ဆရာတင်မိုးအကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အတွက် ရေးဖွဲ့ခဲ့သော ကဗျာများ၊ လက်ရေးမူ၊ စာညွှန့်၊ ရသစာတမ်း၊ ဆောင်းပါး၊ ပေးစာ၊ အင်တာဗျူးများနှင့် သမိုင်းဝင် ဓာတ်ပုံများကို ထည့်သွင်းဖော်ပြထားသည်။

ထို့အပြင် ဆရာတင်မိုး ရေးသားခဲ့သော စာစုစာရင်း၊ ဈာပနအခမ်းအနား ဗီစီဒီအခွေတို့ပါ ထည့်သွင်းရောညှပ်ထား၍ အမှတ်တရအဖြစ် ပီပြင်စေသည့်စာအုပ်ဖြစ်သည်။

ဘဝတစ်လျှောက်လုံး ရိုးသားဖြူစင်စွာ နေထိုင်ခဲ့ပြီး ခံစားမှုများကိုခံစားရသလိုကဗျာ ရေးဖွဲ့ခဲ့သော ဆရာတင်မိုးသည် စာနယ်ဇင်းများထက် ကလောင်အမည်ပုံနှိပ်ဖော်ပြမှု ပိတ်ပင်ခြင်းခံရလေသောအခါ သူချစ်သောမြန်မာပြည်ကြီးကိုစွန့်ခွာ၍ ရေခြား၊ မြေခြား၌ သွားရောက်နေထိုင်ခဲ့ပါသည်။ သို့ပါသော်လည်းမြန်မာပြည်ကြီးကိုသာ တအောက်မေ့မေ့ဖြစ်နေခြင်းကို ယခု စာအုပ်ပါကဗျာများ၌ ဖတ်ရှုရမည်ဖြစ်ပါသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာကျော် ဆွစ်ဇာလန်နိုင်ငံထုတ် ရှေးအကျဆုံးနာရီ ဘယ်လောက်တန်နေပြီလဲ

ဆွစ်ဇာလန်နိုင်ငံထုတ်နာရီများသည် ကမ္ဘာတွင် အကောင်းဆုံးဟု ဆိုစမှတ်ပြုကာ တန်ဖိုးကြီးသည့် လက်ရာပစ္စည်းများအဖြစ်လည်း သတ်မှတ်ခံရသည်။ ဆွစ်နာရီများ ကမ္ဘာတွင်ပေါ် ပေါက်လာသည်မှာ နှစ်ပေါင်းသုံးရာခန့်ရှိပြီဟု ပြောနိုင်သည်။ ကမ္ဘာတွင် သက်တမ်းအရင့်ဆုံး ဆွစ်နာရီအမှတ်တံဆိပ်မှာ 'ဗက်ချာရွန်ကွန်စတန်တင်/ Vacheron Constantin' ဖြစ်ပြီး ၁၇၅၅ ခုနှစ်တွင် ဂျီနီဗာမြို့တော်၌ စတင်ထုတ်လုပ်ရောင်းချခဲ့သည်။ ကုမ္ပဏီတည်ထောင်သူ ယန်းမာ့က်ဗက်ချာရွန်သည် နာရီများကိုပုံစံမျိုးစုံတီထွင်ထုတ်လုပ်ရောင်းချခဲ့ပြီးနောက်ပိုင်း ဖရန်ဆွာကွန်စတန်တင်နှင့်ပူးပေါင်းကာ 'ဗက်ချာရွန်ကွန်စတန်တင်' အမှတ်တံဆိပ်ဟူ၍ ပေါ် ထွက်လာသည်။ ကုမ္ပဏီမှ ထုတ်သော ကမ္ဘာ့တန်ဖိုးအကြီးဆုံး လက်ပတ်နာရီတစ်မျိုးမှာ ၁၉၇၉ တွင် ဈေးကွက်တင်ခဲ့သည့် (ထိုစဉ်က တန်ကြေး) ဒေါ်လာ၄၊ သန်းရှိသော 'ကယ်လစ်စတာ' လက်ပတ်နာရီဖြစ်သည်။ ယင်းနာရီမှာ ယခုအခါတွင် တန်ကြေးနှစ်ဆခန့် မြင့်တက်ကာ ဒေါ်လာ ၁၀ သန်းကျော်ပေါက်ဈေးရှိသည်။ နာရီကို ရွှေ၊ စိန်တို့ဖြင့် ပြုလုပ်ထားပြီး စိန်လုံးရေ ၁၄၁ လုံး (အလေးချိန် ၁၈၇၄ ကာရက်)ရှိသည်။ လက်ပတ်နာရီကို တပ်ဆင်ရန် အချိန်နာရီပေါင်း ၆,၀၀၀ ကြာမြင့်ခဲ့ရပြီး နာရီတွင် ပါဝင်သည့် စိန်ရွှေရတနာများကို အလှဆင်တပ်ရန်လပေါင်း ၂၀ ခန့် အချိန်ယူရသည်ဟုသိရသည်။

—Ref: timekeepforum/Wiki

# တစ်ပတ်တာကံကြမ္မာ

ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ

စံဇာကိုဘို

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အလုပ်အကြံအောင်မြင်မည်။ငွေကြေးနှင့် ပတ်သက်သောကံကောင်းသော အနေအထားရှိသည်။ဥင်းရက်များတွင်စတင်လိုက်သော ကိစ္စများသည် ထူးထူးခြားခြားအောင်မြင်အဆင်ပြေမှုများရရှိမည်။အတိုက်အခံများကို ကျော်လွှားနိုင်မည်။အမှားအယွင်းရှိတတ်သည်။အနှောင့်အယှက် တွေ့တတ်သည်။အရာရာသတိနှင့်ဆောင်ရွက်ပါ။ရင်းနှီးသူများနှင့် စကားများရတတ်သည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

မပြီးမပြတ်ကြန့်ကြာနေသောအလုပ်များ ပြီးမြောက်အောင်ဆောင်ရွက်နိုင်မည်။မိသားစုအတွင်း ကျန်းမာရေးအညံ့များရှိနေသည်။ ငွေကြေးနှင့်ပတ်သက်၍ အခါတိုင်းထက်ပို၍ဝင်ကိန်းရှိသည်။ စီးပွားကံကောင်းမည်။ သို့သော်အရင်းအနှီးများလွန်းသောလုပ်ငန်းများ စတင်ရန်မသင့်ပါ။အရဲစွန့်ပြီးလုပ်ရသောကိစ္စများ ရှောင်ပါ။အရာရာကိုပုံမှန်အေးချမ်းစွာဆောင်ရွက်ရမည့်ကာလဖြစ်ပါသည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

စိတ်ချမ်းမြေ့ဖွယ်ရက်များဖြစ်သည်။ ခရီးကိစ္စဆောင်ရွက်အဆင်ပြေမည်။စာရွက်စာတမ်းကိစ္စကြားဝင်တာဝန်ယူခြင်းအာမခံခြင်းတတ်အားသမျှရှောင်ပါ။ လူမှုရေးတွင်အတိုက်အခံများမည်။ ရန်များမည် ။အထင်အမြင်လွဲမှားမှုများဖြေရှင်းရတတ်သည်။ အိမ်တွင်း၌စကားများရခြင်း၊ လုပ်ငန်းတွင်လည်းအနှောင့်အယှက်များကိုထိပ်တိုက်ရင်ဆိုင်ရခြင်းကြုံမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အလွန်ကောင်းသည်။ ထူးထူးခြားခြားအောင်မြင်မှုများကို ဖန်တီးဆောင်ရွက်နိုင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးသည်။ အတားအဆီး၊ အခက်အခဲများကို ကျော်လွှားနိုင်မည်။ မိတ်ဆွေအကြီးအကဲထံမှ အထောက်အကူရမည်။ အညံ့ရက်မရှိ။ ကျန်းမာရေးအနည်းငယ်ချူချာသည်မှ အပအလုံးစုံကောင်းသောရက်ကို ဖြတ်သန်းရမည်။ ငွေကြေးကိစ္စစကားပြောပါ။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အခက်အခဲကြားမှ အောင်မြင်ခြင်းရှိမည်။ ရန်အနှောင့်အယှက်များကို ကျော်လွှားနိုင်မည်။ ငွေကြေးစုဆောင်းရန်ခက်ခဲမည်။ ကိုယ့်ကိစ္စထက် သူတစ်ပါးအတွက် အလုပ်လုပ်နေရမည်။ အရွေးရခက်သော အခွင့်အရေးနှစ်မျိုးတစ်ပြိုင်တည်းကြုံမည်။ ပေါ်လာသောပြဿနာများ ချက်ချင်းဖြေရှင်းပါ။ ဘာမဟုတ်သည့်အသေးအဖွဲကိစ္စမှ ကြီးမားသောပြဿနာအထိဖြစ်လာတတ်သည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ဆန့်ကျင်ဝေဖန်သူများနှင့် ထိပ်တိုက်တွေ့မည်။ ဆန္ဒရှိသည်များကိုလက်တွေ့ဆောင်ရွက်ရန် နှောင့်နှေးခက်ခဲခြင်းများရှိနေမည်။ အလိုက်မသိ၊ အပြောအဆိုရိုင်းစိုင်းမောက်မာသူများနှင့်တွေ့တတ်သည်။စိတ်ရှည်သည်းခံ၍မိမိစိတ်ဓာတ်မြင့်မြတ်ကြောင်းပြရန်အခါကောင်းဖြစ်သည်။ပေါ်လာသောအခြေအနေကိုသုံးသပ်ပြီးလိုရာဆောင်ရွက်ပါ။ လူချစ်လူခင်ပေါမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရန်အနှောင့်အယှက်များမည်။ အရာရာ ကိုယ့်ခြေကိုယ့်လက်နှင့် ဆောင်ရွက်ပါ။ သူတစ်ပါးအား ယုံကြည်၍မရ။ အမှားအမှန် မချင့်ချိန်ဘဲ စိတ်လိုက်မာန်ပါ လုပ်လိုစိတ် ပြင်းထန်နေမည်။ ငွေကြေးများစွာ မြှုပ်နှံပြီးလုပ်သော ကိစ္စများ ရှောင်ပါ။ လုပ်ချင်ရာ မလုပ်ရ၍ စိတ်တိုမည်။ မိသားစုတွင် လက်ဖွာအကျိုးမဲ့ ငွေဖြုန်းသော သူကြောင့် စိတ်ရှုပ်ရမည်။ ကျန်းမာရေး မပေ့ါအပ်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အရာရာတလွဲတချော်ဖြစ်ပြီးနောက် အလုံးစုံအဆင်ပြေမည်။ ရုတ်ခြည်းဆုံးဖြတ်ပြီးချက်ချင်းလုပ်၍ အဆင်ချောမည်။ အပြောင်းအလဲကောင်းများဖြစ်မည်။ မိသားစုတွင်မူလလုပ်ငန်းအပြင်အလုပ်သစ်များ စတင်မည်။နေအိမ်၊ နေရာထိုင်ခင်းပြုပြင်ပြောင်းလဲခြင်းအတွက် ဆောင်ရွက်နိုင်မည်။ အတွေ့အကြုံသစ်များ ရနိုင်သောကာလဖြစ်သည်။ ရန်အတိုက်အခံများမည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကောင်းသောပြောင်းလဲမှုနှင့် တိုးတက်မှုရှိမည်။ ရည်ရွယ်စိတ်ကူးထားသည်များ ဆောင်ရွက်ရန် အခါကောင်းသည်။လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးသည်။ အခြေအနေအားလုံးကို အနိုင်ရနိုင်သည့် ကာလဖြစ်သည်။ အခက်အခဲများ၊ အနှောင့်အယှက်မည်မျှရှိစေ တည်တည်ငြိမ်ငြိမ်နှင့် ဖွဲ့ကြီးစွာဆောင်ရွက်က အထူးအောင်မြင်မည့်ကာလဖြစ်သည်။ အနှောင့်အယှက်များမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ရွေးချယ်ရန်လမ်းကြောင်းနှစ်မျိုးနှစ်ခွပေါ်မည်။ ကိုယ်တိုင်လည်း အရာရာချီတုံချတုံဖြစ်နေမည်။ အလွယ်တကူရခြင်းမရှိ။ ကြန့်ကြာနေသည်များ ပြန်ရမည်။ ခရီးကိစ္စအဆင်ပြေမည်။ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောင်းလဲလှုပ်ရှားလွယ်မည်။ မိသားစုအတွင်း မကြာခဏ စကားအတိုက်အခံများပြောဆိုရတတ်သည် ။ လက်လွှန်ထားသည်များ ပြန်ရမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အေးချမ်းခြင်း၊ ပျော်ရွှင်ခြင်းများနှင့် အဆင်ပြေမှုများတစ်ခုပြီးတစ်ခုကြုံမည်။ သူတစ်ပါးမနိုင်နင်းသောကိစ္စများလုပ်ရန်မဖြစ်နိုင်သည့် ကိစ္စများ မိမိဆောင်ရွက်ပါက အလွယ်တကူအဆင်ပြေမည်။ သံယောဇဉ်အရှိဆုံးသူ၏ အထင်လွဲမှုကို ဖြေရှင်းအဆင်ပြေမည်။ စေတနာထက်သန်ခြင်း၊ ကူညီလိုခြင်းတို့သည် မိမိအားကောင်းသောစေတနာ ရောင်ပြန်ဟပ်စေမည့် အနေအထားရှိသည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အလုံးစုံအဆင်ပြေမည်။ ဘဝတိုးတက်မည်။ ရည်မှန်းချက်အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ သူတစ်ပါးကြောင့်ဖြစ်သောပြဿနာများဖြေရှင်းအဆင်ပြေမည်။ အိမ်တွင်လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ လုပ်ငန်းရှိသူ တိုးတက်မည်။ ပညာနှင့်လုပ်ငန်းပူးတွဲ၍ အကျိုးပေးသောကံပေါ်ထွန်းသည်။ မိတ်ဆွေအကြီးအကဲတစ်ဦးထံမှ အထောက်အကူရမည်။

စာမျက်နှာ(၂၅)မှ

## ဂန္ဓလရာဇ်ခရီးသည်(၁၂)

"ကျွန်တော်တို့ မြန်မာပြည်မှာလဲ အခုလို မပုပ်မသိုး ကျန်ရစ်တဲ့ ရုပ်ကလာပ်တော်တွေ အများကြီး ရှိတယ်။ ရဟန္တာလို ဗုဒ္ဓဘာသာဝင်တွေက ယုံကြည်လက်ခံထားကြတဲ့ ဆရာတော်ကြီးတွေပေါ့"

ဆရာဦးကိုကိုလှိုင်က တရုတ်မိတ်ဆွေတွေကို ပြောပြနေသည်။ ဆရာပြောသော ရဟန္တာရုပ်ကလာပ်တော်များကို ကျွန်တော်လည်း နှစ်ခါဖူးမြော်ဖူးသည်။ တစ်ကြိမ်က ရွှေဘိုမူးသုံးခွအနီး။ ယခုမြင်နေရသော တရုတ်ကိုယ်တော်ကို ရွှေပိန်းချ မထား။ ပကတိအသားအရေအတိုင်း မပျက်မယွင်း ရှိနေသည်။ နောက်တစ်ကြိမ်က ရောဝတီအတိုင်း ကွင်းကောက်အနီး ရဟန္တာဂူ။ ရဟန္တာသုံးပါး၏ ရုပ်ကလပ်များ ရှိသည်။ တစ်စိတ်တစ်ပိုင်း ရွှေချထားသည်။

ကျွန်တော့်မှာ သာမန်အသိဉာဏ်ဖြင့် လိုက်မမီသော ဘာသာရေးနွယ် ဖြစ်ရပ်ဆန်းများအကြောင်းတွေးနေမိသည်။ အင်းစိန်ဓမ္မတက္ကသိုလ်(MIT)မှ ပါမောက္ခဒေါက်တာလှိုင်ဘွား၏ စကားကိုလည်း ဖျက်ခနဲ သတိရလိုက်သည်။ "ဘာသာရေးဆိုတာက စိတ်ဝိညာဉ်ပိုင်းနဲ့လည်း ဆက်စပ်နေတာမို့ အခါခပ်သိမ်း ရုပ်ပိုင်းနဲ့ သက်သေထူလို့ ရချင်မှ ရမှာပေါ့ဗျာ။ ကျိုးကြောင်း ဆက်စပ်ကြည့်တဲ့ ဒဿနသဘောထက် ကိုယ်ပိုင်ကျင့်ကြံအားထုတ်လို့ရတဲ့ အတွေ့အကြုံနဲ့ ချဉ်းကပ်ဖို့လို လိမ့်မယ် စသဖြင့်။ စာရေးသူတို့ ဗုဒ္ဓဘာသာ တရားဂုဏ်တော်တွင်လည်း 'လာလှည့်၊ ကျင့်ကြံအားထုတ်လှည့်'(ဧဟိပဿိကော)ဆိုသော စိန်ခေါ် ချက်ရှိသည်။ ကိုယ်တိုင်ကျင့်ကြံအား မဟုတ်ဘဲ ဘာသာရေးနွယ် ဖြစ်ရပ်ဆန်းကြယ်တွေကို မဝေဖန်ထိုက်ဟု သဘောရပါသည်။

အသက်ဝိညာဉ် ကင်းနေပြီ ဖြစ်သော ရဟန္တာရုပ်ကာလပ်တော်ကို လက်အုပ်ချီဂါရဝပြုနေသော ကျန်းမိန်းကလေးကိုမြင်တော့ သည်တစ်ခါ မပြုံးမိတော့ပါ။ လေးစား၍ပင် သွားပါသည်။ ကျွန်တော်လည်း ရိုရိုသေသေ ထိုင်ပြီး လေးလေးစားစား ဦးသုံးကြိမ်ချလိုက်ပါသည်။

**နှုတ်ဆက်ကြိုဆို**

ရဟန္တာဂူမှ ပြန်တော့ တည်းခိုဟိုတယ် ပြန်၊ နေလယ်စာ စားသည်။ ချီကျိုးကို နှုတ်ဆက်ဖို့အချိန်ရောက်လာပြီ။ ကျွန်တော်တို့ ခရီးဆက်ရဦးမည်လေ။ နောက်စခန်းထောက်ကား တရုတ်ပြည်ခရီးစဉ်၏နောက်ဆုံးမြို့ ဟယ်ဖေ။


ချီကျိုးမှ မိတ်ဆွေများက ဟယ်ဖေးမှ လာကြိုသော ကားနှင့်ဆုံသည်အထိ လိုက်ပို့သည်။ ကားချင်းဆုံ၊ ကားပြောင်းစီး၊ နှုတ်ဆက်ကြ။ ချီကျိုးမြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန် အမျိုးသမီး နှစ်ယောက်လက်ပြကျန်ရစ်ခဲ့သည်။

တစ်နေကုန် တောင်တက်ခဲ့ရလို့လား မသိ။ ဟယ်ဖေးခရီးစဉ်တွင်တော့ လမ်းဘေးဝဲယာပင် မငေးမိလိုက်ပါ။ တဖြည်းဖြည်း ငိုက်မြည်းလာရာမှ လုံးဝပင် အိပ်ပျော်သွားခဲ့သည်။ အိပ်ရာမှ နိုးတော့ ဟယ်ဖေးတည်းခို ဟိုတယ်ရောက်နေပြီ။ ထုံးစံအတိုင်း ဟယ်ဖေးမှ မိတ်ဆွေများက ညစာစားပွဲကြီးနှင့် ကြိုနှင့်သည်။

ဒီတစ်ခါ ညစာစားပွဲက ထူးသည်။ ခါတိုင်းလို နှစ်ဝိုင်း သုံးဝိုင်း မခွဲ။ စားပွဲအကြီးကြီးတွင် အားလုံးဝိုင်းထိုင်၊ မိန့်ခွန်းတွေ အရှည်ကြီး မခြွေ။ ကမ်းပေ့ကတော့ ခပ်စိပ်စိပ်လာသည်။ အားရပါးရ စား၊ အားရပါးရ သောက်၊ အားရပါးရ ပြော။ ပိုရင်းနှီးသည်၊ ပိုနွေးထွေးသည်။ ပိုပျော်စရာကောင်းသည်။

ပေကျင်းမှ ထွက်လာကတည်းက ထုံးတန်းစဉ်လာတွေ လျှော့လိုက်လာသည်။ ရင်းနှီးပွင့်လင်းမှုက ပိုလာသည်။ အာဏာနှင့် ဝေးလေ အသည်းနှလုံးနှင့် နီးလေဆိုသော ငယ်ငယ်က ကြားခဲ့ဖူးသည့် စကားပုံလေးကို အမှတ်ရနေမိသည်။ ရယ်သံသောသောကြားမှာပင် တရုတ်ဝိုင်ချို တစ်ခွက် ကမ်းပေးလိုက်သည်။ ရင်ထဲမှာ နွေးခနဲ။ ။

*(ဆက်လက်ဖော်ပြပါမည်)*



JOKE

### အလိုအလျောက်စနစ်

ဂျွန်တစ်ယောက် ကားဝယ်ရန် အရောင်းပြခန်းတစ်ခုတွင် လှည့်ပတ်ကြည့်ရှုနေသည်။ ထိုအချိန်မှာပင် မတော်တဆဖြစ်လာသော ကားတစ်စီးအား ဆွဲလာသည်ကို တွေ့ရသည်။ ကားအရှေ့ပိုင်းမှာ လုံးဝပျက်စီးနေပြီး တွန့်လိမ်ကောက်ကွေးနေသည်။ "ဘယ်လိုဖြစ်တာလဲ" ဟု ဂျွန်က မန်နေဂျာဖြစ်သူအား မေးမြန်းရာ မန်နေဂျာက "အဲဒီကားမောင်းတဲ့သူက ကားကို အလိုအလျောက် အရှိန်ထိန်းစနစ် နှိပ်ထားပြီး ကားနောက်ခန်းမှာ ဆေးလိပ်ဘူးသွားယူရင်း အခုလိုဖြစ်တာပဲ"ဟု ဆိုပါသည်။

### အရေးပေါ်ဆင်းမယ်

ခရီးသည်တင်လေယာဉ်တစ်စီး ပင်လယ်တစ်ခုပေါ် ပျံသန်းနေစဉ်လေယာဉ်မှာ မတည်မငြိမ်ဖြစ်လာသည်။ ထိုအချိန်မှာပင် လေယာဉ်မှူး၏အသံ ပေါ်ထွက်လာပြီး "ခရီးသည်များခင်ဗျာ။ လုံခြုံရေးခါးပတ်များ ပတ်ထားကြပါ။ ကျွန်တော်တို့ လေယာဉ်အင်ဂျင်နှစ်လုံးစလုံး ပျက်သွားပါပြီ။ ဒါပေမဲ့ ကျွန်တော်လေယာဉ်ကို ရေပြင်ပေါ် အညင်သာဆုံး ဆင်းသက်ပါမယ်"ဟု ပြောပါသည်။

ထိုအချိန်မှာပင် အမျိုးသမီးကြီးတစ်ဦးက လေယာဉ်မယ်အား"လေယာဉ်မယ်လေး အဲဒီ ပင်လယ်ထဲမှာ ငမန်းတွေမရှိဘူးလား"ဟု မေးရာ"ဟုတ်ကဲ့၊ ငမန်းတချို့ရှိမယ် ထင်တယ်ရှင့်။ ဒါပေမဲ့စိတ်မပူပါနဲ့။ အန်တီရဲ့ ထိုင်ခုံဘေးမှာ ဒီလိုအရေးပေါ် အခြေအနေတွေမှာသုံးဖို့ အထူးဂျယ်လီပုလင်းလေး ထားရှိပါတယ်။ အဲဒီဂျယ်တွေကို ကိုယ့်ရဲ့တစ်ကိုယ်လုံး သုတ်လိမ်းထားလိုက်ရုံပါပဲရှင့်"ဟု လေယာဉ်မယ်လေးက ပြန်ပြောသည်။

ဤတွင် အမျိုးသမီးကြီးက "ဒါဆို ငမန်းတွေက ငါတို့ကို မစားတော့ဘူးပေါ့"ဟု ပြန်မေးရာ လေယာဉ်မယ်လေးက "စားတော့စားမှာပေါ့ရှင်။ ဒါပေမဲ့ သူတို့သိပ်ခံတွင်းတွေ့မှာ မဟုတ်တော့ပါဘူး"ဟု ဆိုပါတော့သည်။

တစ်ကြိမ်တည်းဖြင့် လိပ်ခေါင်းရောဂါကို အမြစ်ပြတ်အထူးကုသပေးခြင်း

[illegible]

ဆီးချိုရောဂါအမြစ်ပြတ်ကုသပေးခြင်း

[illegible]

ကုသမှုအကျိုးရှိရန် အာမခံချက်ပေးသည်။

ဆေးခန်းဖွင့်ချိန် – နံနက် ၈ နာရီမှ ည ၈ နာရီထိ

ပိတ်ရက်မရှိ

နယူးဟောင်ကောင်ဆေးကုခန်း

အမှတ် (၂၇၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၈၆၁၀၅၁၀

နီလာ

မခေအး ခေအး ခေမာ်ဦးစီး ခေသာ နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

[illegible]

Shopping

[illegible]

JOB VACANCY

**Web Developer** **M/F (5) posts**

**Responsibilities**
- Create web applications/portals using primarily PHP
- Participate in each activity of development life cycle

**Requirements**
- B.S. or M.S. Computer Science or related field
- Experience working with web technologies (HTML, CSS, PHP, JavaScript)
- Knowledge of relational databases and SQL, mainly MySQL
- Minimum 1-2 years of relevant working experience.
- Experience working with PHP & MySQL based CMS would be an advantage
- Experience developing for mobile interface website would be an advantage
- Self-starter with strong self-management skills
- Excellent problem solving, critical thinking, and communication skills
- Able to work under pressure

**Please submit your CV to:**
Information Matrix
Room No. G-12, Ground Floor, Building (B), Diamond Centre,
Pyay Road, Kamaryut Township, Yangon.
Tel:+95-1 512887, 513515~519 Fax: +95-1 513519

# Environment

7DAY NEWS JOURNAL

Vol.11, No.49 • FEBRUARY 14 , 2013


## မြစ်ကြီးများ၏ ရေဝေရေလဲဒေသနှင့် ဇီဝမျိုးစုံထိန်းသိမ်းရေးမြန်မာ-နော်ဝေး ပူးပေါင်းဆောင်ရွက်မည်

**အိဖြူမွန်**

**နေပြည်တော်၊ ဖေဖော်ဝါရီ-၂**

မြစ်ကြီးများ၏ ရေဝေရေလဲဒေသများတွင် ရေအရင်းမြစ်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် မြန်မာနှင့် နော်ဝေးနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှသတင်းရရှိသည်။

“မတ်လထဲမှာ အသေးစိတ်ဆွေးနွေးဖို့ရှိတယ်။ နိုင်ငံတော်သမ္မတနဲ့ဒုဝန်ကြီးတို့နော်ဝေးနိုင်ငံကို သွားဖို့ ရှိတယ်။ ငွေကြေးဘယ်လောက်ထောက်ပံ့မယ်လို့ အတိအကျမပြောသေးဘူး။ သမ္မတကြီးသွားပြီးရင်တော့ သိရမယ်ထင်တယ်” ဟုဝန်ကြီးဌာနစီမံကိန်းနှင့်စာရင်းအင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧရာဝတီ၊ စစ်တောင်း၊ ချင်းတွင်းမြစ်များနှင့် အင်းလေးကန်တို့၏ ရေဝေရေလဲ ဒေသများ ထိန်းသိမ်းရာတွင် ဆက်စပ်သည့် သစ်တောများ ထိန်းသိမ်းခြင်း၊ မြစ်ကြောင်းများတွင် စွန့်ပစ်အမှိုက်များ စနစ်တကျ စီမံခန့်ခွဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း လုပ်ငန်းများကို သုံးနှစ်စီမံကိန်းချမှတ်ပြီး ကူညီထောက်ပံ့ပေးမည်ဖြစ်သည်။

ပြည်တွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းစတင်မည်ဆိုပါက ပြည်တွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများကို လျှောက်ထားနိုင်ရန်လျှောက်လွှာခေါ်ယူရေးအတွက် ဆွေးနွေးမှုများပြုလုပ်နေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ရေဝေရေလဲဒေသများထိန်းသိမ်းရေးလုပ်ငန်းများ ဆွေးနွေးရန်အတွက် နော်ဝေးနိုင်ငံက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ရေဝေရေလဲဒေသ ထိန်းသိမ်းရေး ပညာရှင်များ၊ သုတေသနပညာရှင်များ၊ အစိုးရ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သက်ဆိုင်ရာဦးစီးဌာနများ၊ပြည်တွင်းလူမှုအဖွဲ့အစည်းများ ဇန်နဝါရီတတိယပတ်အတွင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် နော်ဝေးနိုင်ငံက အမေရိကန် ဒေါ်လာ ဆယ့်ငါးသန်းနှင့် သန်းနှစ်ဆယ်အကြား ကူညီထောက်ပံ့ရန် သဘောတူညီမှုရရှိခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ၂၀၁၂ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် 7Day News ဂျာနယ်အား ပြောကြားခဲ့သည်။

## ဧရာဝတီမြစ်နှင့်ပတ်သက်သော လုပ်ငန်းများ ခွင့်မပြုမီ မဲခေါင်မြစ်ကော်မရှင်နှင့် ပူးပေါင်းကာ ဆန်းစစ်မှုများပြုလုပ်သင့်

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

မြန်မာနိုင်ငံအနေဖြင့် ဧရာဝတီမြစ်အခြေခံပြီး လုပ်ဆောင်သောမည်သည့်စီးပွားရေးလုပ်ငန်းများကို ခွင့်မပြုမီ မဲခေါင်မြစ် ကော်မရှင်နှင့် ပူးပေါင်းကာ ဧရာဝတီမြစ်စီးပွားရေးနှင့် လူမှုစီးပွားရေးထိခိုက်မှု ဆန်းစစ်ခြင်းများ ပြုလုပ်သင့်ကြောင်း နိုင်ငံတော်သမ္မတအကြံပေးဦးမြင့်က ပြောသည်။

“လေ့လာပြီးမှ မည်သည့်လုပ်ငန်းကို လုပ်သင့်၊ မလုပ်သင့် စဉ်းစားပါလို့ ပြောချင်ပါတယ်” ဟု ဧရာဝတီမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးမှုအစွန့်ရှည်ရေးဆိုင်ရာ သုတေသနအဖွဲ့၏ လူထုအကြံပြု အစည်းအဝေးတွင် အထက်ပါ ပုဂ္ဂိုလ်က ပြောကြားခဲ့သည်။



မန္တလေးမြို့အနီးမှ ဧရာဝတီမြစ်ကို ဝေဟင်မှ မြင်တွေ့ရစဉ်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေမှာပြုပြင်ပြောင်းလဲရေးကို ဦးတည်နေသော ကာလဖြစ်သောကြောင့် ပြောင်းလဲရေးကာလအတွင်း ဖိအားများကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့် တန်ဖိုးထားရမည့် အရာသုံးခုရှိကြောင်း၊ ၎င်းတို့မှာ ဧရာဝတီမြစ်၊ ရန်ကုန်တက္ကသိုလ်နှင့် သဘာဝသယံဇာတများ ဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ပြောသည်။

ယခုလက်ရှိ အခြေအနေတွင် ဘယ်လဂျီယံနိုင်ငံမှ ယူရီ ဧ နှင့် နည်းပညာအကူအညီဖြင့် ရန္တပိုဒေသအနီး ဧရာဝတီမြစ်ကြောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကောင်ထည်ဖော်ရန် အတွက် စမ်းသပ်စစ်ဆေးမှုများပြုလုပ်ရန် နိုင် ငံတော်အစိုးရက ခွင့်ပြုလိုက်သည်။ ယခင်က တရုတ်နိုင်ငံနှင့် ဧရာဝတီမြစ်ဆုံ အပါအဝင် ရေအားလျှပ်စစ်ထုတ်ယူရန် ဆည်စီမံကိန်းခုနစ်ခုကို ခွင့်ပြုထားသော်လည်း မြစ်ဆုံ ဆည်တည်ဆောက်ခြင်းကိုနိုင်ငံတော်သမ္မတ ဦးသိန်းစိန် သက်တမ်းငါးနှစ်တာအတွင်း ရပ်ဆိုင်းရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ဧရာဝတီမြစ်အခြေအနေကို ကောင်းမွန်စွာ သိရှိနားလည်ထားခြင်းမရှိဘဲ မြစ်ကြီးပေါ်တွင် ဆည်တည်ဆောက်ခြင်းများ အစိုးရအနေဖြင့် ပြင်ဆင်စဉ်းစားသင့်ကြောင်း ယနေ့ပြုလုပ်သောပွဲတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူများက ပြောသည်။

“သုတေသနက မပြီးသေးဘူး။ ဒါပေမဲ့ ဆည်ဆောက်တာကို စခဲ့ပါတယ်။ အဲဒါကြောင့် ပြဿနာတက်ခဲ့တယ်။ ဆည်မပြောနဲ့ မြစ်ကြီးပေါ်ကို တံတားဆောက်ခဲ့ရင်တောင် ရေလယ်တိုင်တွေ မထားဖို့တောင် အကြံပေးခဲ့ပါတယ်” ဟု မြစ်ဆုံဆည်တည်မဆောက်မီ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းလေ့လာခြင်း အဖွဲ့တွင် ပါဝင်ခဲ့သူ ဦးညိုမောင်က ပြောသည်။

ထို့အတူ ဧရာဝတီမြစ်ပေါ်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းနှင့်ပတ်သက်ပြီးမေးခွန်းကြီးနှစ်ဆယ်ထုတ်ခဲ့သူ ဦးဝင်းမျိုးသူက မြစ်တို့၏မာယာကိုကောင်းစွာ သိရှိနားလည်ခြင်းမရှိဘဲ ဆည်ဆောက်မည့်ကိစ္စများသည် မြစ်ကြီးစဉ်မပြတ်စီးဆင်းရန်အတွက် ပြဿနာများစွာကို ဖြေရှင်းခြင်းမဟုတ်ကြောင်း ပြောကြားသည်။

## ဧရာဝတီမြစ် ထိန်းသိမ်းရေး သုတေသန လုပ်မည့်သူများကို ကူညီထောက်ပံ့မည်

**အိဖြူမွန်၊ ခိုင်ခိုင်စိုး**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ -၉**

ဧရာဝတီမြစ်ကို သုတေသနပြုမည့်သုတေသနပညာရှင်များအား ကူညီ ထောက်ပံ့မည်ဖြစ်သောကြောင့် မည်သူမဆို ဧရာဝတီမြစ်ဝှမ်းဒေသဖွံ့ဖြိုးမှု အစွန့်ရှည်ရေးဆိုင်ရာ သုတေသနကိုစိတ်ကြိုက်ရွေးချယ်ပြီး လျှောက်လွှာလျှောက်ထားနိုင်ကြောင်း အဖွဲ့တာဝန်ခံ ဒေါ်ခင်နီနီသိန်းက ပြောသည်။

“လျှောက်ထားတဲ့သူ မည်သူကိုမဆို ကူညီသွားဖို့ရှိပါတယ်။ လောလောဆယ်ဆယ်တော့ ရန်ပုံငွေအတွက် လှူဒါန်းသူ လေးဦးလောက်ရှိနေပါပြီ။ သုတေသနလုပ်မယ့်သူကိုပထမဆုံးသင်တန်းပေးမယ်။ နောက်ထောက်ပံ့သွားဖို့ရှိပါတယ်” ဟု ဒေါက်တာခင်နီနီသိန်းက တော်ဝင်နှင်းဆီတွင် ဖေဖော်ဝါရီ ၉ ရက်က ပြုလုပ်သောအဖွဲ့၏ လူထုအကြံပြုဆွေးနွေးပွဲ၌ ပြောကြားသည်။

သုတေသန ပြုလုပ်မည့်လုပ်ငန်းများသည် ဧရာဝတီမြစ်ကြောင်းပြောင်းလဲခြင်း ၊ သောင်ထွန်းခြင်းများနှင့်မြစ်ကြောင်းအမှီပြုနေထိုင်ကြသော ပြည်သူလူထု၏လူမှုစီးပွားရေးများကို လေ့လာမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိချက်များကို သမ္မတအကြံပေး အဖွဲ့နှင့် သမ္မတထံ တင်ပြမည်ဖြစ်ကြောင်း ဒေါက်တာခင်နီနီသိန်းက ပြောသည်။

“အစိုးရမူဝါဒလုပ်ဆောင်သူများနှင့်ဥပဒေလုပ်ထုံးလုပ်နည်းများ လုပ်ကိုင်ဆောင်ရွက်နေသော သူများကိုလည်း အကြံပြုသွားမယ်” ဟု ဧရာဝတီမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးမှုအစွန့်ရှည်ရေးဆိုင်ရာသုတေသနအဖွဲ့ဥက္ကဌ ဒေါ်ဆွေဆွေအေးက ပြောသည်။

ယင်းအဖွဲ့ကို ရေပညာရှင်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသောပညာရှင်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ ရေနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများတွင် အမြင့်ဆုံးလုပ်သက် ၅၀ နှစ် အတွေ့အကြုံရှိအစိုးရအကြီးတန်းအငြိမ်းစားဝန်ထမ်းများဖြင့် ၂၀၁၂ ခုနှစ် မေလတွင် တရားဝင် ဖွဲ့စည်းခဲ့ကြောင်း အဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဧရာဝတီမြစ် သုတေသနလုပ်ငန်းများ လုပ်ချင်သည့် ဆန္ဒရှိသော တစ်ကိုယ်တော် သုတေသနပညာရှင်များအနေဖြင့် ယင်းအဖွဲ့တည်ရှိရာ အမှတ် (၇၄)၊ ရတနာမဥ္ဇူလမ်း၊ ဆ/ကရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်းနံပါတ် ၀၉-၅၁၁၁၈၈၀၊ ၀၉-၄၃၁၅၄၆၆၇ သို့ ဆက်သွယ်နိုင်သည်။




# Tourism

7DAY NEWS JOURNAL

Vol.11, No.49 • FEBRUARY 14 , 2013


## ဥရောပသားများ ဆင်စခန်းများသို့ ပိုမိုလာရောက်

**နိုင်ချို**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၆**

ပြည်တွင်း ဆင်စခန်းများသို့ဥရောပသားများလာရောက်လည်ပတ်မှုမှာ ယခုနှစ် ခရီးသွားရာသီတွင် ပိုမိုများပြားလာကြောင်း သတင်းရရှိသည်။

၂၀၁၂ နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံအား စီးပွားရေး ဖြေလျှော့မှုများရှိလာပြီးနောက်ပိုင်း ၂၀၁၂-၂၀၁၃ ခရီးသွားရာသီတွင် ပြည်တွင်းဆင်စခန်းများသို့သဘာဝအခြေခံခရီးသွားများပိုမိုလာရောက်ကြကြောင်း အဆိုပါ ဆင်စခန်းများမှ တာဝန်ရှိသူများက ပြောသည်။

"ကျွန်တော်တို့ ဆင်စခန်းကို ဆောင်းရာသီ အစကစပြီးဧည့်အဝင်များလာတယ်။ လာတဲ့ထဲမှာ ပြင်သစ်က အများဆုံးပဲ။ စပိန်၊ ဗြိတိသျှ၊ ဩစတြေးလျနဲ့ အမေရိကန်လူမျိုးတွေလည်း အလာများတယ်"ဟု ဖိုးကျားဆင်စခန်းမှ မန်နေဂျာဦးမြတ်မင်းက ပြောသည်။

သဘာဝအခြေခံ ခရီးသွား (Eco Tourist)အများစုမှာဖိုးကျားဆင်စခန်းနှင့် မြိုင်ဟေဝန် ဆင်စခန်းများသို့ ပိုမိုသွားရောက်ကြသည်။ ၎င်းဆင်စခန်းများတွင် ဆင်တို့၏ အလေ့အထများအပြင် တောတောင်ရေမြေ သဘာဝရှုခင်းနှင့် ဆင်ဦးစီးတို့၏ ဘဝပုံရိပ်တို့ကိုလည်း လေ့လာနိုင်သည်ဟု ဧည့်လမ်းညွှန်အချို့က ပြောသည်။

"ကျွန်တော်တို့ဆီက ဖိုးကျားဆင်စခန်းကိုပို့တာများတယ်။ မြိုင်ဟေဝန်က နီးပေမယ့် နိုင်ငံခြားသားဧည့်သည် တည်းခိုလို့ရတာမရှိဘူး။ ဖိုးကျားကိုတော့ နှစ်ညအိပ်သုံးရက်ခရီး ပို့ပေးတာများတယ်။ အဓိက အမေရိကန်နဲ့ဗြိတိသျှတွေ သွား တာများတယ်" ဟု SST ခရီးသွားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ကိုစိုးမင်းက ပြောသည်။

ဆင်စခန်းများတွင် ဆင်စီးကာ တောလည်ထွက်ခြင်း၊ ဆင်များကို ရေချိုးပေးခြင်း၊ ဆင်စွမ်းရည်သရုပ်ပြပွဲများပြသခြင်း၊ ဆင်မပါဘဲ တောလည်ထွက်ခြင်း၊ ချောင်းရိုးတစ်လျှောက် လမ်းလျှောက်ခြင်း စသည့်ဝန်ဆောင်မှုများအပြင် သဘာဝကျွန်းတောများ၊ သစ်မျိုးစိတ်အမျိုးမျိုး၊ ဝါး၊ ကြိမ်တန်း၊ ဥရင်ကောက်ပင်နှင့် ဆေးဘက်ဝင်အပင်များကိုလည်း လေ့လာနိုင်သည်။

မြန်မာနိုင်ငံ၏ သဘာဝအခြေခံခရီးသွားလုပ်ငန်း ယခုထက်ပိုမိုအောင်မြင်ရန် ၎င်းဆင်စခန်းများသို့ သွားရောက်ရန်အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေရန်လိုအပ်ပြီး ကမ္ဘာတွင် နာမည်ရသည့် မြန်မာဆင်များ အားလွယ်ကူစွာ ပြသနိုင်ရန် လိုအပ်သည်ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းမှ ပြန်ကြားရေးတာဝန်ခံ ကိုအောင်ထွန်းလင်းက ပြောသည်။

ဖိုးကျားဆင်စခန်းတွင် ၂၀၁၂ ခရီးသွားရာသီ မတိုင်မီအချိန်ထိ ပြည်တွင်းခရီးသွား ၅၁၉ ဦးနှင့် ပြည်ပ ခရီးသွား ၄၁၆ ဦး လာရောက်ခဲ့သည်။

ဖိုးကျားဆင်စခန်းသည် ပဲခူးတိုင်းဒေသကြီးရေတာရှည်မြို့နယ်တွင် တည်ရှိပြီး ဧက ၂၀ ကျယ်ဝန်း၍ ၂၀၁၂ ခုနှစ်တွင် အသစ်ပြန်လည်မွမ်းမံဖွင့်လှစ်ထားခြင်းဖြစ်သည်။

နေပြည်တော်မှ မိုင် ၇၀၊ ရန်ကုန်မြို့မှ ၂၁၅ မိုင်၊ မန္တလေးမြို့မှ မိုင် ၂၆၀ ကွာဝေး၍ ရထားဖြင့်လည်းကောင်း၊ ကားဖြင့်လည်းကောင်းသွားနိုင်သည်။

မြိုင်ဟေဝန်ဆင်စခန်းသည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင်တည်ရှိပြီး သုည ဒသမ ၀၂စတုရန်းမိုင်ကျယ်ဝန်း၍ ၁၉၈၆ ခုနှစ်က တည်ထောင်ခဲ့သည်။

နေပြည်တော်မှ ၃၂၃မိုင်၊ ရန်ကုန်မြို့မှ ၇၃ မိုင်အကွာတွင် တည်ရှိပြီး ကားဖြင့်သွားလာနိုင်သည်။

## ပြည်တွင်းခရီးများ စရိတ်မြင့်မားလာ၍ ပြည်ပသို့သွားရောက်လည်ပတ်မှုများလာ



*ပြည်ပသို့သွားရောက်လည်ပတ်သော ပြည်တွင်းခရီးသည်တစ်ဦးကို လေဆိပ်တွင်တွေ့ရစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**နိုင်ချို**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၇**

ပြည်တွင်း ခရီးသွားလာရေးတွင် ကုန်ကျစရိတ် မြင့်မားလာသောကြောင့် ပြည်တွင်းမှ ခရီးသွားသူများမှာ ညီမျှသောစရိတ်ကုန်ကျသည့် ပြည်ပခရီးစဉ်များကိုပိုမိုသွားရောက်ကြကြောင်း ခရီးသွားလုပ်ငန်းများမှ သတင်းရရှိသည်။

"ကုန်ကျစရိတ်က သိပ်မကွာဘူး။ အများစုက ထိုင်းနိုင်ငံကိုသွားကြတယ်။ မန္တလေး - ပုဂံသွားရင်လည်းငါးသိန်းလောက်ကုန်တယ် ထိုင်းသွားရင်လည်း ငါးသိန်းငါးသိန်းခွဲလောက်ပဲကုန်တော့ အများစုက ပြည်ပပဲ သွားတော့တယ်" ဟု ထွန်းမြန်မာခရီးသွားလုပ်ငန်းမှ သိရသည်။

သို့သော်ပြည်ပခရီးစဉ်(Out BoundTour) များအား ဝန်ကြီးဌာနမှ တရားဝင်လိုင်စင်ဖြင့် ခွင့်ပြုထားခြင်းမရှိသေးဘဲ နားလည်မှုဖြင့် လုပ်ကိုင်နေခြင်းဖြစ်သည်ဟု ခရီးသွားလုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။

ဗုဒ္ဓဂါယာကိုမူ သီးသန့်လိုင်စင်ထုတ်ပေးထားသော်လည်း အခြား နိုင်ငံများကိုမူ တရားဝင်လိုင်စင် ထုတ်ထားပေးခြင်း မရှိသေးပေ။

"ကုန်ကျမယ့်စရိတ်။ ငွေကြေးကြောင့်လို့တော့ မထင်ဘူး။ ပြည်တွင်းခရီးစဉ်ထက်ပြည်ပခရီးစဉ်ကိုအခုနောက်ပိုင်းပိုသွားကြတယ်။ အထူးသဖြင့် ထိုင်းပေါ့။ အခုဆိုရင် အမေရိကန်နိုင်ငံကိုတောင် ပြည်ပခရီးစဉ် သွားလို့ရနေပြီ" ဟု All Asia Exclusive ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အသက် ၂၈နှစ်အရွယ်အမျိုးသားတစ်ဦးက "ကျွန်တော် သွားတုန်းက ထိုင်းနိုင်ငံကို ငါးသိန်းခွဲပေးရတယ်။ ၅ ညအိပ် ၆ ရက်ခရီး။ ပြည်တွင်း ခရီးစဉ်တွေကို သွားမယ့် ကုန်ကျစရိတ်က အတူတူပဲဆိုတော့ Over Sea ပဲသွားတော့တာပေါ့" ဟု ပြောသည်။

၎င်းကပင်ဆက်လက်၍ပြည်တွင်း၌အဆင့်မြင့်ဟိုတယ်များ၏ တည်းခိုခများကြောင့် ပြည်ပခရီးစဉ်အား ရွေးချယ်သွားရခြင်းဖြစ်သည်ဟု ဆိုသည်။

"ထိုင်းသွားရင် ငါးသိန်းခွဲ၊ ခြောက်သိန်းလောက်ပဲ ကုန်တယ်။ ဥရောပ ခရီးစဉ်တွေကတော့ ဈေးမြင့်တယ်။ သိန်း ၅၀၊ ၁၀၀ ဝန်းကျင်ဆိုသွားလို့ရတယ်။ ဒါကလည်းလူတန်းစားတစ်ရပ်အတွက်ပဲ" ဟု ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဦးထွန်းမြတ်ကပြောသည်။

ယခုအခါ မြန်မာနိုင်ငံသားများမှာ ပြည်ပခရီးစဉ်ကိုပိုမိုစိတ်ဝင်စားနေကြပြီး ပြည်တွင်းသွားရောက်သူများနှင့်ယှဉ်လျှင်ထက်ဝက်ခန့်ရှိသည်။ သို့ရာတွင် ပြည်ပခရီးစဉ် (Out Bound) များမှာ တရားဝင်လုပ်ကိုင်ခွင့်လိုင်စင်ပေးထားခြင်းမရှိဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးထံမှသိရသည်။

## MAI က မန္တလေးနှင့် ဘန်ကောက် တိုက်ရိုက်ပျံသန်းမည်

**နိုင်ချို**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၇**

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI)က မတ်လ ၃၁ ရက်မှစ၍ မန္တလေးမြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ နေ့စဉ်စတင်ပျံသန်းမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ ဈေးကွက်မန်နေဂျာဒေါ်အေးမရသာက ပြောသည်။

ခရီးသည် ၁၈၀ စီးနိုင်သော Air Bus A320နှင့် ပျံသန်းမည်ဖြစ်ပြီး ဘန်ကောက်မြို့မှ နံနက် ၆ နာရီ ၃၀ မိနစ်တွင် စတင်ထွက်ခွာကာ မန္တလေးမြို့သို့ ၈ နာရီဝန်းကျင် ရောက်ရှိမည်ဖြစ်ကာ မန္တလေးမြို့မှ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ပြန်လည်ထွက်ခွာရန် စီစဉ်ထားကြောင်း ဒေါ်အေးမရသာက ပြောကြားသည်။

မန္တလေး-ရန်ကုန်ခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခမှာ အမေရိကန်ဒေါ်လာ ၂၅၀ ခန့်ကျသင့်မည်ဖြစ်ပြီး လက်ရှိပြေးဆွဲနေသော ဘန်ကောက်-ရန်ကုန် လေယာဉ်လက်မှတ်ခမှာ အမေရိကန်ဒေါ်လာ ၂၃၀ ခန့်ရှိသည်။

အဲအေးရှားလေကြောင်းလိုင်းကလည်း မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှု မြင့်တက်လာပြီးနောက် ၂၀၁၂ အောက်တိုဘာလ ၄ ရက်မှစ၍ ဘန်ကောက်-မန္တလေးခရီးစဉ် စတင်ပျံသန်းခဲ့သည်။


MAI သည် Airbus A 320 အသစ်ရှစ်စီးဖြင့် လက်ရှိ ရန်ကုန်နှင့် မန္တလေးတို့မှ ဘန်ကောက်၊ စင်ကာပူ၊ ကွမ်ကျိုး၊ ကွာလာလမ်ပူ၊ ဂါယာ၊ စသောမြို့များသို့ အသွားအပြန် ချိတ်ဆက်ပျံသန်းပေးနေသည်။































7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013



Photo - AFP

*ဖေဖော်ဝါရီ ၉ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ မန်ရှီဂန်ဒေသတွင် ကူးတို့သင်္ဘောမတော်တဆမှုကြောင့် ရေနစ်သေဆုံးခဲ့သော ကလေးငယ်တစ်ဦး၏အလောင်းကို မီးသတ်သမားတစ်ဦးက ချီမထားပုံ။ မြစ်အတွင်း သွားလာသော ကူးတို့သင်္ဘောပေါ်တွင် လူပေါင်း ၁၀၀ ခန့်လိုက်ပါခဲ့ပြီး ယခုအခါ လူပေါင်းများစွာ ပျောက်ဆုံးနေသည်။*

# ဒါကာမြို့တော်အနီး ကူးတို့လှေနစ်မြုပ်မှု သေဆုံးသူ ၁၄ ဦးအထိ ရှိလာ

**ဒါကာ၊ ဖေဖော်ဝါရီ-၉**

ဘင်္ဂလားဒေ့ရှ်မြို့တော် ဒါကာအနီး ကူးတို့လှေနစ်မြုပ်မှုတွင် ရေနစ်ခဲ့သောလူများ၏ ရုပ်အလောင်း ၁၂ ခုကိုရေငုပ်သမားများက ထပ်မံဆယ်ယူရရှိခဲ့ရာ ယခုနောက်ဆုံးအချိန်ထိ သေဆုံးသူစုစုပေါင်း ၁၄ ဦးအထိ ရှိလာပြီဖြစ်သည်။

လူပေါင်း ၁၀၀ ခန့်လိုက်ပါသွားသော ထိုလှေငယ်သည် ဂါဇာရီယာမြို့ အနီးရှိ မက်ဂနာမြစ်ပေါ်တွင်ဖြတ်ကူးစဉ် ဆောက်လုပ်ရေးအတွက်သုံးသော ဇက်သင်္ဘောတစ်ခုနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။

ထိုသို့ တိုက်မိစဉ် ခရီးသည်အချို့မှာ ရေကူးလွတ်မြောက်သွားကြသော်လည်း အချို့မှာ ပြင်ဆင်ချိန်မရဘဲ ရေနစ်မြုပ်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ခရီးသည်များအတွက် လုံခြုံရေးဆိုင်ရာ စံသတ်မှတ်ချက်များ ပြဋ္ဌာန်းမှုအားနည်းပြီး လှေမတော်တဆ နစ်မြုပ်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကာ ၂၀၁၂ မတ်လကလည်း မက်ဂနာမြစ်အတွင်း ခရီးသည်တင်သင်္ဘောတစ်စီးနှင့် ကုန်တင်သင်္ဘောတစ်စီးတို့ တိုက်မိကာ လူပေါင်း ၁၄၇ ဦးသေဆုံးခဲ့ရသည်။

မြေမျက်နှာပြင်နိမ့်၍ ရေလွှမ်းမိုးမှုများသော ယင်းနိုင်ငံတွင် ကူးတို့သင်္ဘောများသည် သယ်ယူပို့ဆောင်ရေးအတွက် အဓိကယာဉ်များဖြစ်နေသည်။

—Ref: AFP

## ကန်တပ်ဖွဲ့များကြောင့် အာဖဂန်ကလေးငယ် ရာချီသေဆုံးရဟု ကုလဖော်ပြချက် နိုင်ငံတကာတပ်ဖွဲ့ ငြင်းဆို

**ကဘူးလ်၊ ဖေဖော်ဝါရီ-၉**

အာဖဂန်ရှိ အမေရိကန်ဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (ISAF) သည် ကုလသမဂ္ဂ၏ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီက ထုတ်ပြန်သော အစီရင်ခံစာတွင် ပြီးခဲ့သည့် လေးနှစ်အတွင်း အမေရိကန်တပ်များ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်ကလေးငယ်ရာနှင့်ချီ သေဆုံးခဲ့ရကြောင်း ဖော်ပြချက်များကို ငြင်းဆန်လိုက်ကြောင်း သိရသည်။

ဂျီနီဗာအခြေစိုက်ယင်းကုလကလေးသူငယ်အခွင့်အရေးကော်မတီက အစီရင်ခံစာထုတ်ပြန်ပြီး နောက်တစ်နေ့မှာပင် ISAF က အဆိုပါ အစီရင်ခံစာများမှာ မဟုတ်မှန်ကြောင်း ပယ်ချခဲ့ခြင်းဖြစ်သည်။ ကုလကော်မတီ၏ အစီရင်ခံစာတွင် ကလေးသူငယ်များ သေဆုံးရမှုမှာ ကြိုတင်သတိပေးတားမြစ်မှုများ အားနည်းခြင်းနှင့် အင်အားကို ပြင်းထန်စွာ အသုံးပြုခြင်းတို့ကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် ယင်းတပ်ပေါင်းစု အထောက်အကူပြုအဖွဲ့က ၎င်းတို့သည် စစ်ဆင်ရေးများတွင် အရပ်သားများ သေဆုံးမှုမရှိအောင် အထူးဂရုစိုက်ခဲ့ကြောင်း၊ ၂၀၁၁ ကထက်စာလျှင် ၂၀၁၂ ၌ လေကြောင်းစစ်ဆင်ရေးများကြောင့် သေဆုံးဒဏ်ရာရသူကလေးငယ်ဦးရေမှာ ၄၀ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂသည် ၂၀၀၈ မှ စ၍ ပထမဆုံးအကြိမ်အဖြစ် ကလေးငယ်များအပေါ် သက်ရောက်သော အမေရိကန်မူဝါဒများကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်ခဲ့ရာတွင် ယခုတစ်ကြိမ်မှာ ဝါရှင်တန်၌ အာဖဂန်နစ္စတန်တွင် မောင်းသူမဲ့လေယာဉ်များ၊ လေကြောင်းတိုက်ခိုက်မှုများကြောင့် မရည်ရွယ်ဘဲဖြစ်ရသည့် ထိခိုက်သေဆုံးမှုများအကြောင်း ငြင်းခုံမှုများ ဖြစ်ပေါ်နေချိန်နှင့် တိုက်ဆိုင်နေခဲ့သည်။

—Ref: AP

## အစုလိုက်အပြုံလိုက် သတ်မှုတွင် ပါဝင်ခဲ့သည့် သံသယတရားခံတစ်ဦးကို ဖိလစ်ပိုင်ရဲတပ်ဖွဲ့ အသေဖမ်းမိ

**ကိုတာဘာတို၊ ဖေဖော်ဝါရီ-၉**

ဖိလစ်ပိုင်ရဲတပ်ဖွဲ့သည် ၂၀၀၉ ခုနှစ်တွင် လူပေါင်း ၅၇ ဦးအား သတ်ဖြတ်မှု၌ ပါဝင်သည်ဟု သံသယရှိဖွယ် တရားခံတစ်ဦးကို အသေပစ်ခတ် ဖမ်းဆီးခဲ့သည်။

နိုင်ငံတောင်ပိုင်း မဂူအင်ဒါနာအိုပြည်နယ်တွင် ရဲတပ်ဖွဲ့က ဖမ်းဆီးရန် ကြိုးစားရာ၌ သံသယတရားခံ မာဂွစ်အမ်မီလ်သည် ဖမ်းဆီးခံရန် ငြင်းဆန်ခဲ့ပြီး ပြန်လှန်ခုခံခဲ့သည်။ ထို့အပြင် ၎င်းသည် လောင်ချာသေနတ်၊ ပစ္စတိုသေနတ်တို့ဖြင့် ရဲများအား ပြန်လည်ပစ်ခတ်ခဲ့ခြင်းကြောင့် အသေပစ်ခတ် ဖမ်းဆီးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

ရဲတပ်ဖွဲ့၏ ဖမ်းဆီးမှုတွင် မဂူအင်ဒါနာအိုပြည်နယ်အတွင်း အခြားနေရာတစ်ခုတွင် နောက်ထပ် သံသယတရားခံတစ်ဦးဖြစ်သူ နက်ဆာဂူအီရာကို ဖမ်းမိခြင်းလည်း ပါဝင်ခဲ့သည်။ သံသယတရားခံ ဂူအီရာနှင့် အမ်မီလ်တို့နှစ်ဦးသည် ၂၀၀၉ ခုနှစ်က ယင်းပြည်နယ်တွင် အမ်ပါတူအန်လူမျိုးစုကိုယ်ပိုင်တပ်က ပြိုင်ဘက်နိုင်ငံရေးအုပ်စု၏ ယာဉ်တန်းကို ဟန့်တားကာ လူပေါင်း ၅၇ ဦးအား တောင်ကုန်းတစ်ခုသို့ခေါ်ဆောင်သွားကာ သတ်ဖြတ်ပစ်ခဲ့ခြင်းတွင် ပါဝင်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ အဆိုပါအဖွဲ့မှာ ၂၀၁၀ မေလတွင် ကျင်းပမည့် ပြည်နယ်ရွေးကောက်ပွဲများ၌ အမ်ပါတူအန်လူမျိုးစုဘက်မှ အနိုင်ရအောင် ပြိုင်ဘက်လူမျိုးစု ခေါင်းဆောင်များအား အစုလိုက်အပြုံလိုက် လုပ်ကြံခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်တစ်နိုင်ငံလုံးကို တုန်လှုပ်စေခဲ့သည်။ ယခုအခါ သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်သူများကို ရှာဖွေဖမ်းဆီးထားပြီး သံသယရှိသူ ၇၅ ဦးခန့်ကို တရားရုံးတွင် စစ်ဆေးလျက်ရှိသည်။

—Ref: AFP

## ဩစတြေးလျသို့ ဝင်ရောက်လာသော နိုင်ငံရေးခိုလှုံသူ ၁၅၀ ခန့် နယူးဇီလန် နှစ်စဉ် လက်ခံသွားမည်

**ဝယ်လင်တန်၊ ဖေဖော်ဝါရီ-၉**

နယူးဇီလန်အစိုးရသည် ဩစတြေးလျမှ နိုင်ငံရေးခိုလှုံသူ ဒုက္ခသည် ၁၅၀ ခန့်ကို နှစ်စဉ်လက်ခံပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျွန်ကေးက ပြောကြားလိုက်သည်။ ဝန်ကြီးချုပ်ဂျွန်ကေးသည် နယူးဇီလန်သို့ အလည်အပတ်ရောက်ရှိနေသော ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂီးလာ့ဒ်နှင့် တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် ဤသို့ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ဩစတြေးလျအစိုးရသည် ယမန်နှစ်က စံချိန်တင်အရေအတွက်အဖြစ် နိုင်ငံသို့ ခိုလှုံလာသော လှေဖြင့်ထွက်ပြေးလာသည့် ဒုက္ခသည် ၁၇,၀၀၀ ခန့်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

"လူတွေ ခိုးဝင်လာမှုဟာ ဝမ်းနည်းဖွယ်ရာအကျိုးဆက်တွေပါ။ ဒါဟာ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်နေတဲ့ ဒေသဆိုင်ရာ ပြဿနာပါပဲ"ဟု နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကေးက ပြောသည်။

ဩစတြေးလျဝန်ကြီးချုပ်ကလည်း ယခုကဲ့သို့ နယူးဇီလန်၏ကူညီမှုကို လှေဖြင့်ခိုးဝင်လာသူများအတွက် အားပေးသည့် သတင်းကောင်းအဖြစ် မမှတ်ယူစေသင့်ကြောင်း၊ ဩစတြေးလျသည် ၎င်း၏ရေပိုင်နက်ကို တင်းကျပ်စွာ စောင့်ကြပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဩစတြေးလျနိုင်ငံသို့ ခိုးဝင်လာသူများသည် အင်ဒိုနီးရှားနိုင်ငံမှတစ်ဆင့် လူမှောင်ခိုသွင်းသူများကို ငွေပေးကာ ရောက်ရှိလာကြခြင်းဖြစ်သည်။ ယခု နယူးဇီလန်က လက်ခံမည့် ဒုက္ခသည် ၁၅၀ ခန့်မှာ ဩစတြေးလျကမ်းလွန်ရှိ နော်ရူးကျွန်းနှင့် ပါပူအာနယူးဂီနီပိုင် မနုစ်ကျွန်းတို့တွင် လက်ခံထိန်းသိမ်းထားသော ခိုလှုံသူများမှ နိုင်ငံရေးခိုလှုံသူဒုက္ခသည်အဖြစ် အသိအမှတ်ပြုခံရသူများ ဖြစ်ကြသည်။ နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကေးက ထိုလူများမှာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် နှစ်စဉ်ဒုက္ခသည်ဦးရေ ၇၅၀ လက်ခံပေးသွားရန် သဘောတူညီထားမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ဆိုသည်။

—Ref: AFP



## ပြုံယမ်းသို့ တရားမဝင် သွားလည်သော တောင်ကိုရီးယား တက်ကြွလှုပ်ရှားသူတစ်ဦး ထောင်ဒဏ်လေးနှစ် ချမှတ်ခံရ

**ဆိုးလ်၊ ဖေဖော်ဝါရီ-၉**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်မှ မြို့လယ်ခရိုင်တရားရုံးသည် မြောက်ကိုရီးယားလိုလားသည့် တက်ကြွလှုပ်ရှားသူတစ်ဦးကို ဥပဒေချိုးဖောက်ကာ ပြုံယမ်းသို့ တရားမဝင် သွားလည်မှုဖြင့် ထောင်ဒဏ်လေးနှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

နိုဆူဟီဟုခေါ်သည့် ယင်းတက်ကြွလှုပ်ရှားသူသည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအီလ် ကွယ်လွန်သည့် ရက် ၁၀၀ ပြည့်ပွဲတက်ရန် တရုတ်နိုင်ငံမှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံသို့ ၂၀၁၂ က သွားရောက်ခြင်းသည် တရားမဝင်ဟု သတ်မှတ်ထားပြီး ထောင်ဒဏ် ၁၀ နှစ်အထိ ပြစ်ဒဏ်ပေးနိုင်သည်။ ယခုအခါ ကိုရီးယားကျွန်းဆွယ်တွင် ပြုံယမ်းဘက်မှ တတိယအကြိမ် နျူစမ်းသပ်ရန် ပြင်ဆင်နေမှုကြောင့် တောင်နှင့်မြောက် နှစ်နိုင်ငံကြား ဆက်ဆံရေးများ အတင်းမာဆုံးအချိန် ရောက်ရှိနေသည်။

—Ref: AP



# Leader's Profile

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ

ရဲမင်း

မစ္စတာဂျွန်ဖို့ဘ်စ်ကယ်ရီသည် အမေရိကန်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး အမေရိကန်နိုင်ငံ၏(၆၈)ဦးမြောက်နှင့် လက်ရှိ နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်။ ၁၉၈၅ မှ ၂၀၁၃ ခုနှစ်အထိ မက်ဆာချူးဆက်ပြည်နယ် အထက်လွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း အမည်စာရင်း တင်သွင်းခံခဲ့ရသော်လည်း ထိုစဉ်က လက်ရှိသမ္မတ ဂျော့ချ်ဒဗလျူဘုရှ်အား ရှုံးနိမ့်ခဲ့သည်။

မစ္စတာကယ်ရီကို လေတပ်အရာရှိဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိ ဖခင်နှင့် ချမ်းသာကြွယ်ဝသော ဖော့ဘ်စ်မိသားစုနွယ်ဝင် မိခင်တို့မှ ၁၉၄၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကိုလိုရာဒိုပြည်နယ်၊ အော်ရိုရာဒေသ၌ မွေးဖွားခဲ့သည်။ မက်ဆာချူးဆက်ပြည်နယ်နှင့် နယူးဟမ်ရှိုင်းယားပြည်နယ်တို့တွင် ကျောင်းအိပ်ကျောင်းစား ကျောင်းတက်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ယေးလ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ အထူးပြုဖြင့် ဘွဲ့ရရှိခဲ့သည်။

ယင်းနှစ်မှာပင် ရေတပ်အရန်တပ်ဖွဲ့သို့ ဝင်ရောက်ခဲ့သော မစ္စတာကယ်ရီသည် ၁၉၆၈-၆၉ ခုနှစ် ဗီယက်နမ်စစ်ပွဲ ကာလအတွင်း တောင်ဗီယက်နမ်ရှိကမ်းရိုးတမ်းနှင့် မြစ်ထဲသုံး အငယ်စားစစ်ရေယာဉ်မှူးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းအတွက် မစ္စတာကယ်ရီမှာ Silver Star အပါအဝင် တိုက်ခိုက်ရေးထူးချွန်ဆုသုံးဆု ရရှိခဲ့သည်။

မစ္စတာဂျွန်ကယ်ရီသည် ဗီယက်နမ်စစ်ပွဲမှ စောစီးစွာအိမ်ပြန်ခွင့် ရရှိခဲ့ပြီးနောက် ဗီယက်နမ်စစ်ပွဲကိုဆန့်ကျင်သောဗီယက်နမ်စစ်ပြန်များအဖွဲ့တွင် ပါဝင်လာခဲ့ကာ ယင်းအဖွဲ့တွင် တစ်နိုင်ငံလုံးအသိအမှတ်ပြု ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်လာခဲ့ပြီး ဗီယက်နမ်စစ်ပွဲကိုပေါ်ပေါ်ထင်ထင် ဆန့်ကျင်ခဲ့သည်။ အမေရိကန်၏ ဗီယက်နမ်စစ်ပွဲပေါ်လစီမှာ စစ်အတွင်း ပြစ်မှုကျူးလွန်မှုများ၏ အခြေခံအကြောင်းရင်းဟူသော သဘောထားအတွက် အထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီရှေ့မှောက် ရောက်ရှိခဲ့သည်။

ယင်းနောက်ပိုင်းတွင် မစ္စတာဂျွန်ကယ်ရီသည် ဘော်စတွန်ဥပဒေကျောင်း၌ တက်ရောက်ခဲ့ပြီး ခရိုင်လက်ထောက်ရှေ့နေအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ အတိုင်ပင်ခံရှေ့နေ ကုမ္ပဏီတစ်ခုပူးတွဲထူထောင်ခဲ့သည်။ ၁၉၈၃ မှ ၁၉၈၅ ခုနှစ်အထိ မက်ဆာချူးဆက်ပြည်နယ်၏ လက်ထောက်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် အမေရိကန်အထက်လွှတ်တော်အမတ် နေရာအတွက် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ပြီး ၁၉၈၅ တွင် ဒီမိုကရက်တစ်ပါတီ ကိုယ်စားပြုအထက်လွှတ်တော်အမတ် ဖြစ်လာသည်။ မကြာသေးမီမှာပင် မစ္စတာကယ်ရီသည် အထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီတွင် ပါဝင်လာခဲ့ပြီး ၁၉၈၇ မှ ၁၉၈၉ ခုနှစ်အတွင်း အီရန်ကွန်ထရာ အရှုပ်တော်ပုံစစ်ဆေးကြားနာမှုများတွင် ဦးဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ် အီရတ်နိုင်ငံ ကျူးကျော်မှုအား ပထမပိုင်းတွင် ထောက်ခံခဲ့သော်လည်း နောက်ဆက်တွဲ စစ်ပွဲကိုမူ ဆန့်ကျင်ခဲ့သည်။

၂၀၀၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်လည်း အီရတ်စစ်ပွဲအား ဆန့်ကျင်သော ပေါ်လစီဖြင့် မဲဆွယ်ခဲ့သည်။ သို့သော် ထိုစဉ်က လက်ရှိသမ္မတ ဂျော့ချ်ဒဗလျူဘုရှ်အား ကပ်ရှုံးခဲ့သည်။ ထို့နောက်ပိုင်း အထက်လွှတ်တော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရင်း ၂၀၀၉ ခုနှစ်တွင် အထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည်။ ၂၀၁၁ ခုနှစ် အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်ပေါင်းဘတ်ဂျက်လိုငွေ လျှော့ချရေး ပူးတွဲကော်မတီတွင် ပါဝင်လာခဲ့သည်။

အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအဖြစ်မစ္စစ်ကလင်တန်အား ဆက်ခံနိုင်ရန် သမ္မတဘားရက်အိုဘားမားက ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် အမည်စာရင်းတင်သွင်းခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် လွှတ်တော်က အတည်ပြုချက် ကြားနာမှုအား ဇန်နဝါရီ ၂၉ ရက်တွင် မဲခွဲဆုံးဖြတ် (ထောက်ခံမဲ ၉၄ မဲ၊ ကန့်ကွက်မဲ ၃ မဲ)ဖြင့် အတည်ပြုခဲ့သည်။ ၂၀၁၃ ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မစ္စတာ ဂျွန်ကယ်ရီသည် အိမ်ထောင်နှစ်ဆက်ကျခဲ့ပြီး သားသမီးငါးဦးရှိသူ ဖြစ်သည်။

—*Ref: Wikipedia*

## မာလီနိုင်ငံမြောက်ပိုင်းတွင် သူပုန်များ တစ်ကျော့ပြန် တိုက်ခိုက်မှုကြောင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွား

**ဂါအိုဖေဖော်ဝါရီ-၁၁**

မာလီနိုင်ငံ မြောက်ပိုင်းတွင် ပြင်သစ်နှင့် မာလီတပ်ဖွဲ့များ ပြန်လည်သိမ်းပိုက်ထားသော ဂိုအာမြို့တွင် အစ္စလာမ်မစ်သူပုန်များက အမှတ်မထင် အလစ်အငိုက် စီးနင်းတိုက်ခိုက်မှုတစ်ရပ် စတင်လိုက်ကြောင်း သိရသည်။

သဲမြေလမ်းများနှင့် အုတ်ညှပ်ရွှံ့အိမ်များအကြား ပြေးလွှားတိုက်ခိုက်မှုများနှင့် သေနတ်သံများ ထွက်ပေါ်လျက်ရှိရာ ဒေသခံများမှာ ၎င်းတို့၏ နေအိမ်များအတွင်း ပုန်းအောင်းနေရသည်။

အစ္စလာမ်မစ်သူပုန်များသည် ဂိုအာမြို့လယ် စျေးနေရာနှင့် ရဲစခန်းတစ်ခုအား ထိုးဖောက်ဝင်ရောက် နေရာယူထားကြပြီး အေကေ-၄၇ သေနတ်များ၊ ပခုံးတင်လောင်ချာများ ကိုင်ဆောင်ထားကြောင်းနှင့် ပြင်သစ်ရဟတ်ယာဉ်များက ယင်းသူပုန်များအား တိုက်ခိုက်နေကြောင်း မာလီနှင့် ပြင်သစ်အရာရှိများက ပြောကြားသည်။

ဂိုအာမြို့အား ပြီးခဲ့သည့်လအတွင်း ပြင်သစ်နိုင်ငံက ဦးဆောင်ထိုးစစ်ဆင်၍ အစ္စလာမ်မစ်သူပုန်များလက်မှ ပြန်လည်သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းမြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပေါ်လာ၍ ပြင်သစ်ထိုးစစ်မှ ရှောင်တိမ်းခဲ့သော အစ္စလာမ်မစ်များသည် ပြောက်ကျားတိုက်ခိုက်မှုများ၊ အသေခံဗုံးခွဲမှုများနှင့် ပြန်လည်တိုက်ခိုက်လာမည်လားဟု စိုးရိမ်မှုများ မြင့်တက်လာစေသည်။

ပြင်သစ်တပ်ဖွဲ့များမှ နိုင်ငံမြောက်ပိုင်း အဓိကမြို့များဖြစ်သော တင်ဘွတ်ကုနှင့် ဂါအိုမြို့များမှ သူပုန်အများစုအား တိုက်ထုတ်ခဲ့ပြီးနောက် မာလီနိုင်ငံ အရှေ့မြောက်ဖျားစွန်းရှိ အက်ဒဒါဒက်စ်၊ အီဖိုဂါ တောင်တန်းများပေါ်ရှိစခန်းများတွင် ခိုအောင်းနေသော သူပုန်များအား ရှာဖွေတိုက်ခိုက်နေသည်။

အင်အားချည့်နဲ့သော မာလီတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက်ထားသော မြို့များအား လုံခြုံမှုရရှိရန် မလုပ်ဆောင်နိုင်ခြင်းနှင့် အာဖရိကတပ်ဖွဲ့များ ချထားရေးမှာလည်း နှောင့်နှေးမှုများ ဖြစ်ပေါ်လျက်ရှိရာ ပြင်သစ်ရှေ့တန်းတပ်ဖွဲ့များ၏နောက်ကွယ် ကျယ်ပြန့်သောဧရိယာမှာ ပြောက်ကျားလှုပ်ရှားမှု ကြုံတွေ့နိုင်သည့် အန္တရာယ် ရှိနေသည်။

—*Ref: Reuters*

## အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့အကြီးအကဲအဖြစ် ကန်ဗိုလ်ချုပ်ကြီး ခန့်အပ်ခံရ

**ကဘူးလ်၊ဖေဖော်ဝါရီ-၁၁**



၂၀၁၄ နှစ်ကုန်ပိုင်းတွင် အာဖဂန်နစ္စတန်မှ နိုင်ငံခြားတပ်ဖွဲ့အများစု ရုပ်သိမ်းချိန်တွင် တပ်ဖွဲ့များကို ကြီးကြပ်မည်ဟု မျှော်လင့်ထားသော နေတိုးတပ်ဖွဲ့အတွက် အမေရိကန် ရေတပ်ဗိုလ်ချုပ်ကြီး ဂျိုးဆက်ဒန်းဖို့ဒ်အား တပ်မှူးသစ်အဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

ဗိုလ်ချုပ်ကြီးဒန်းဖို့ဒ်သည် ဗိုလ်ချုပ်ကြီးဂျွန်အလန်ထံမှ အာဖဂန်နစ္စတန် တာဝန်များကို လွှဲပြောင်းရယူမည်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးအလန်မှာ ၁၁ နှစ် ကြာမြင့်ခဲ့ပြီဖြစ်သော အာဖဂန်နစ္စတန်စစ်ပွဲတွင် ၁၉ လကြာ တာဝန်ယူခဲ့သည်။

"ဒီနေ့ဟာ အပြောင်းအလဲလုပ်တာမဟုတ်ပါဘူး။ ရှေ့နောက်ချိတ်ဆက်လိုက်တာပါ။ ဒီအတွက် မဟာမိတ်တပ်ပေါင်းစုရဲ့ စိတ်ဓာတ်အင်အားကို ပြောင်းလဲသွားစေမှာ မဟုတ်ပါဘူး"ဟု နိုင်ငံတကာလုံခြုံရေး အကူအညီပေးရေးတပ်ဖွဲ့ (ISAF)ဌာနချုပ်တွင် ဗိုလ်ချုပ်ကြီးဒန်းဖို့ဒ်က ပြောကြားသည်။

အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်းမှာ ISAF ၏ ဖိတ်ကြားမှုကို လက်ခံရရှိခဲ့သော်လည်း တပ်မှူးချုပ် အပြောင်းအလဲ အခမ်းအနားသို့ တက်ရောက်ခြင်းမရှိသလို ၎င်း၏ပြောခွင့်ရပုဂ္ဂိုလ်ကလည်း မှတ်ချက်ပေးရန် ငြင်းဆိုခဲ့သည်။

ဗိုလ်ချုပ်ကြီးအလန် လက်ထက်တွင် အာဖဂန်နိုင်ငံ၏ လုံခြုံရေးကိစ္စအများစုကို အာဖဂန်စစ်တပ်နှင့် ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးခဲ့ပြီး အာဖဂန်နစ္စတန်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုကိုလည်း ၎င်းက အလေးထား ပြောကြားသွားခဲ့သည်။ ယင်းကိစ္စမှာ အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် အနောက်နိုင်ငံများအကြား ဆက်ဆံရေး မပြေလည်ခြင်း၏ အကြောင်းရင်းဖြစ်သည်။

—*Ref: Reuters*

နောက်ကျောဖုံး မှ

## လူသတ်မှုများ ကျူးလွန်ခဲ့သော လော့စ်အိန်ဂျလိစ် ရဲအရာရှိဟောင်းအား ဒေါ်လာတစ်သန်း ဆုငွေထုတ်ထား

လက်စားချေခြင်းအားဖြင့် လော့စ်အိန်ဂျလိစ်ရဲတပ်ဖွဲ့များနှင့် ၎င်းတို့၏ မိသားစုဝင်များကို အထူးပစ်မှတ်ထားနေသည်ဟု သံသယရှိကြသည်။

ခရစ်တိုဖာ၏ မီးလောင်ကျွမ်းထားသော ပစ်ကပ်ထရပ်ကားကို တွေ့ရှိပြီးနောက် လော့စ်အိန်ဂျလိစ်မြို့ အရှေ့ဘက် မိုင် ၈၀ အကွာ Big Bear ဒေသ၌ အထူးတပ်ဖွဲ့များသည် ရဲခွေးများ၊ ရဟတ်ယာဉ်များ ပံ့ပိုးကူညီမှုဖြင့် လက်နက်များနှင့်အတူ ထွက်ပြေးတိမ်းရှောင်နေသည့် ၎င်းအား ရှာဖွေမှုများ လုပ်ဆောင်နေသည်။

ရဲအရာရှိ ၂၅ ဦးနှင့် ရဟတ်ယာဉ်တစ်စီးမှာလည်း ဆီးနှင်းများ ဖုံးလွှမ်းနေသော ဆန်ဘာနန်ဒိုတောင်တန်းဒေသ လူနေထိုင်ရာ စခန်းများ၌ အခန်းတစ်ခန်းချင်းစီ လိုက်လံရှာဖွေမှုများ လုပ်ဆောင်နေသည်။

ခရစ်တိုဖာသည် ဖေဖော်ဝါရီ ၃ ရက်က အာဗင်းဒေသတိုက်ခန်း ကားရပ်နားရာနေရာတွင် စုံတွဲတစ်တွဲကို သတ်ဖြတ်ခဲ့ပြီး အသတ်ခံရသည့် ထိုအမျိုးသမီးမှာ ၂၀၀၈ ခုနှစ်က ခရစ်တိုဖာ အလုပ်မှ ထုတ်ပယ်ရေး ကြားနာစစ်ဆေးမှုတွင် ပါဝင်ခဲ့သော ရဲအရာရှိကြီး၏သမီးငယ် ဖြစ်သည်။

ယင်းနောက်ပိုင်းတွင် ခရစ်တိုဖာသည် ကိုရိုနာဒေသ၌ ရဲအရာရှိတစ်ဦးအား ပစ်ခတ်မှုနှင့် ရစ်ဗားဆိုက်ဒေသ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ပစ်ခတ်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ယုံကြည်ရသည်။ ကိုရိုနာရဲအရာရှိမှာ သေနတ်ရှပ်မှန်ခဲ့ပြီး ရစ်ဗားဆိုက် ရဲအရာရှိနှစ်ဦးအနက် တစ်ဦးသေဆုံးပြီး တစ်ဦးမှာ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

—*Ref: BBC/CBS*

နောက်ကျောဖုံး မှ

## ဂင်္ဂါမြစ်အတွင်း ရေဆင်းချိုးသည့် အိန္ဒိယဘာသာရေးပွဲတော်တွင် လူနင်းခံရမှုကြောင့် ၃၆ ဦး သေဆုံး

လူနင်းခံရမှုဖြစ်စဉ် ပေါ်ပေါက်ပြီးနောက် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက အထူးဝမ်းနည်းကြေကွဲရကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ရထားဝန်ကြီး ပါဝန်ကူးမားဘန်ဆယ်သည်လည်း အယ်လာဟာဘတ်မြို့သို့စစ်ဆေးရန် သွားရောက်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် အကြီးဆုံးဘာသာရေးပွဲတော်ဖြစ်သည့် ကမ်ဘာမီလာ ရေချိုးပွဲတော်မှာ နိုင်ငံမြောက်ပိုင်း အယ်လာဟာဘတ်မြို့တွင် နှစ်စဉ်ပြုလုပ်ခဲ့သည်မှာ ၁၂ နှစ်ကြာခဲ့ပြီဖြစ်သည်။ ပွဲတော်မှာ ၅၅ ရက်ကြာမြင့်ကာ ပြီးခဲ့သည့် ဇန်နဝါရီတွင်စတင်၍ မတ်လတွင် အဆုံးသတ်မည်ဖြစ်သည်။ အာဏာပိုင်များက ယခုနှစ်ပွဲတော်သို့ လာရောက်သူ ပေါင်းသန်း ၃၀ ခန့်ရှိကြောင်း ထုတ်ပြန်ထားသည်။

—*Ref: AP*

နောက်ကျောဖုံး မှ

## အမေရိကန်က ကိုယ်လိုရာ ကောက်ချက်ချကာ စွပ်စွဲခဲ့ကြောင်း မြောက်ကိုရီးယား တုံ့ပြန်ကြေညာ

ကော်မရှင်သည် ဇန်နဝါရီ ၂၄ ရက်တွင် အဆင့်မြင့် နျူစမ်းသပ်မှုနှင့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများ ထပ်မံပြုလုပ်သွားမည်ဟု ကြေညာခဲ့သည်။ ယင်းမှာ ၂၀၁၂ ဒီဇင်ဘာက ၎င်းတို့၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို အမေရိကန်နှင့် ကုလသမဂ္ဂတို့က ပြင်းထန်သော အရေးယူပိတ်ဆို့မှုများ တိုးမြှင့်ပြီးနောက် တုံ့ပြန်သည့်အနေဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။

—*Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013



# “လူတိုင်းဟာ ဆီးရီးယားကို ငရဲပြည်ထဲကျမသွားအောင် ကူညီသင့်ပါတယ်”

## ဆီးရီးယားလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်လ်အယ်လ်မက်ကဒက်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ဆီးရီးယားနိုင်ငံမှာ သမ္မတဘာရှား အာဆတ်ကို တော်လှန်နေခဲ့ကြတဲ့ အတိုက်အခံတော်လှန်ရေးသမားတွေက ပြည်တွင်းစစ် တစ်နှစ်ကျော်ကြာခဲ့ပြီးနောက် ယခုအခါ မြို့တော် ဒမတ်စကပ်နားကို ရောက်ရှိနိုင်တော့မှာဖြစ်ပါတယ်။ ဆီးရီးယားပဋိပက္ခဟာ နှစ်ရှည်လာတာနဲ့အမျှ သေဆုံးသူပြည်သူ ခြောက်သောင်းခန့် ရှိနေပြီလို့ ကုလသမဂ္ဂက ခန့်မှန်းထားသလို ပြဿနာဖြေရှင်းရေးအတွက် နိုင်ငံတကာတပ်ဖွဲ့တွေ ဝင်ရောက်ဖို့ ပြောဆိုကြတာတွေလည်း ရှိနေပါတယ်။ ဒါပေမဲ့ ၂၀၁၂ နှစ်ကုန်လို့ ၂၀၁၃ ထဲသာ ကူးလာခဲ့တယ်။ ဆီးရီးယားပဋိပက္ခဟာ ပလ္လင်ပေါ်က မဆင်းချင်တဲ့ အာဏာရှင်ရဲ့ ငြင်းဆန်နေမှုကို လူထုအသက်သွေးတွေ ပေးဆပ်ပြီး ပြသတဲ့ပွဲတစ်ရပ် ဖြစ်လာနေပါတယ်။ ဒီလို အချိန်ကာလမျိုးမှာပဲ ဂျာမန်စပိုင်းဂဲလ် မီဒီယာဟာ ဆီးရီးယားလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်လ်အယ်လ်မက်ကဒက်ကို ဆီးရီးယားပြည်တွင်းရေး အကြောင်းစုံ သိရအောင် မေးမြန်းထားတာ ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။ မေးမြန်းသူက စပိုင်းဂဲလ်မှ ဆူဆန်ခိုဘယ်လ် ဖြစ်ပြီး ဒမတ်စကပ်မှာ မေးမြန်းခဲ့တာဖြစ်ပါတယ်။

**ဝန်ကြီးရှင့် ဝန်ကြီးဟာ အီရန်နဲ့ ရုရှားကနေ မကြာမီကပဲ ပြန်ရောက်လာခဲ့တယ်နော်။ ရုရှားအစိုးရဟာ ဆီးရီးယားသမ္မတ ဘာရှာအာဆတ်ကို မော်စကိုမှာ နိုင်ငံရေးခိုလှုံခွင့်ပေးဖို့ ကမ်းလှမ်းခဲ့တာများ ရှိပါသလား။**

ဘာကြောင့် သူတို့ ပေးသင့်တာလဲ။ ဒီကိစ္စကို တစ်ခါမှ မပြောဖူးပါဘူး။ ကျွန်တော်တို့ တိုက်ပွဲက နိုင်မှာပါ။ ပြည်ပမှာ ခိုလှုံခွင့်ပေးတဲ့ကိစ္စဆိုတာက စိတ်ခတ်ရေးရာ စစ်ပွဲဆင်နွဲမှုတစ်ခုရဲ့ အစိတ်အပိုင်းမျှသာပါ။ သမ္မတအာဆတ်က ပြောထားပါတယ်။ ဘာပဲဖြစ်ဖြစ် သူကဒီမြေမှာပဲ မွေးခဲ့တာဖြစ်လို့ ဒီမြေမှာပဲ သေမယ်လို့ ဆိုထားပါတယ်။

**ဝန်ကြီးတို့ရဲ့ မဟာမိတ် ရုရှားရဲ့ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ်ခေးလ်ဘော့ဂ်ဒါနော့ဗ်က တောင်မှ မကြာမီက မှတ်ချက်ပြုခဲ့ပါတယ်။ ဆီးရီးယားအစိုးရဟာ နယ်နိမိတ်တွေကို ထိန်းချုပ်နိုင်မှုပိုပြီးလျော့နည်းလာတယ်လို့ ဆိုပါတယ်။ ဘယ်အချက်က ဝန်ကြီးတို့ကို မျှော်လင့်ချက်ပေးနေတာလဲ။**

ဒီမိုကရေစီနဲ့လူ့အခွင့်အရေး မြှင့်တင်ဖို့ဆိုပြီး ကျွန်တော်တို့ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ ပင်လယ်ကွေ့နိုင်ငံတွေနဲ့ အနောက်နိုင်ငံတွေရဲ့ မဟာမိတ်အဖွဲ့တွေနဲ့ ရင်ဆိုင်နေရတာတောင်မှ ဒီစိန်ခေါ်မှုကို ကျွန်တော်တို့ ကျော်လွှန်နိုင်မှာပါ။ ကျွန်တော်တို့က အကောင်းမြင်သမားတွေပါ။ ပြီးခဲ့တဲ့ လေးလမတိုင်ခင်အထိတော့ အလက်ပိုမြို့ဟာ ကမ္ဘာမှာ အလုံခြုံဆုံးမြို့တွေထဲက တစ်မြို့ပါ။ ဒါကြောင့် ကျွန်တော့်အနေနဲ့တော့ မြို့ရဲ့သမိုင်းဝင် အူမေယက်ဗလီ ဖျက်ဆီးခံရမှုအတွက် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ရှေ့နေလိုက်ကြသူတွေကို ချီးကျူးလိုက်ပါပေရဲ့။ (ဒါပေမဲ့) တစ်ဖက်မှာတော့ ကျွန်တော်တို့ဟာ ရုရှားရဲ့ ရပ်တည်မှုကို တန်ဖိုးထားနေပါတယ်။

**ရုရှားဟာ သူ့ကိုယ်ပိုင်အကျိုးစီးပွားတွေအတွက်သာ လုပ်ဆောင်နေတာမဟုတ်လား။ တာတပ်စ်မြို့ဟာမြေထဲပင်လယ်ဒေသမှာရုရှားရဲ့တစ်ခုတည်းသော ဆိပ်ကမ်းမဟုတ်လား။ ရုရှားနိုင်ငံသား ၃၀,၀၀၀ ကလည်း ဆီးရီးယားမှာ နေထိုင်နေပြီး နှစ်နိုင်ငံအကြား လက်နက်ရောင်းဝယ်ရေးကလည်း ထူးခြားမှုရှိတယ်မဟုတ်လား။ ပျက်စီးမှုဖြစ်စေတဲ့ဆက်ဆံရေးကောင်းတစ်ရပ်ဟာအစိုးရကိုယ်တိုင်လည်း ထိခိုက်စေနိုင်တယ် မဟုတ်လား။**

ဒီသူပုန်အုပ်စုတွေကို ဆက်ပြီးမထောက်ပံ့ကြဖို့သာ ကျွန်တော် သတိပေးနိုင်ပါတယ်။ ဒီလူတွေက ဆီးရီးယားကို တိုက်ခိုက်နေတာသာ မကပါဘူး။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းရှိတဲ့ နိုင်ငံအားလုံးရဲ့ တည်ရှိမှု အစီအစဉ်ကို ဆန့်ကျင်တိုက်ခိုက်နေတာပါ။ အနာဂတ်မှာ ခင်ဗျားတို့နိုင်ငံလည်း အပါအဝင်ပေါ့လေ။

**ဆီးရီးယားအစိုးရဟာ နိုင်ငံတကာရဲ့ လှုံ့ဆော်ပေးမှုကို ယုံကြည်နေပါတယ်။ အနောက်တိုင်းနိုင်ငံတွေနဲ့ သူတို့ရဲ့ မဟာမိတ်တွေဟာ အာဆတ်အစိုးရပြုတ်ကျမှုကနေ ဘယ်လိုအကျိုးဖြစ်ထွန်းမှာတဲ့လဲ။**

အစ္စရေးနဲ့ အမေရိကန်တို့ဟာ အနိုင်ရသူတွေဖြစ်သွားပါလိမ့်မယ်။ ဆီးရီးယားဟာ နှစ်ပိုင်းပိုင်းခံရပြီး နိုင်ငံတကာထိန်းချုပ်မှုအောက်ရောက်သွားရင် အာရပ်-အစ္စရေး ပဋိပက္ခတွေကိုလည်း မေ့သွားကြတော့မယ်။ အစ္စရေးဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေသွားနိုင်ပြီး ဂိုလန်ကုန်းမြင့်နဲ့ ဂျေရုဆလင်တစ်ခုလုံးကို ထိန်းထားပြီး ပါလက်စတိုင်းသားတွေကို ဆက်ပြီး အနိုင်ကျင့်တော့မှာပါ။ ကျွန်တော်တို့က အာရပ်တွေဘက်က ကိုယ်စားပြုနေတဲ့ တစ်ခုတည်းသော အစ္စရေးရဲ့နားက အိမ်နီးချင်းနိုင်ငံဖြစ်ပါတယ်။

**ဒီတော်လှန်ရေးက မူလတုန်းက ဖိနှိပ်တဲ့နိုင်ငံတော်ကို ဆန့်ကျင်တဲ့ လူထုအုံကြွမှုတစ်ရပ်ပါ။ လူတော်တော်များများကလည်း သူတို့ဟာ ငြိမ်းချမ်းစွာ ဆန္ဒပြမှုအတွက် ဖမ်းဆီးခံခဲ့ရပြီး အစိုးရရဲ့ စစ်ကြောရေးခန်းမတွေမှာ သေလုနီးပါးခံခဲ့ရတယ်လို့ ဆိုပါတယ်။**

ဘာကြောင့် ခင်ဗျား အခြားဆီးရီးယားလူမျိုးတွေကို သူတို့ရဲ့ အမြင်တွေ သွားမမေးရလဲ။ အဲဒီလူတွေက လူများစုကို ကိုယ်စားမပြုပါဘူး။ သမ္မတဟာ ဆန္ဒပြသူတွေရဲ့ တောင်းဆိုမှုတွေကို တုံ့ပြန်ခဲ့တာ ထူးခြားပါတယ်။ ခုဆိုဖွဲ့စည်းပုံအသစ်ရှိနေပြီး ဘတ်သ်ပါတီရဲ့ တစ်ပါတီတည်း အုပ်စိုးမှုလည်း အဆုံးသတ်သွားပြီ။ ပါတီတွေလည်း တည်ထောင်နိုင်ပါပြီ။ ပါလီမန်အသစ်အတွက် ရွေးကောက်ပွဲတွေလည်းပြုလုပ်ခဲ့ပါပြီ။ ဆန္ဒပြပွဲတွေနဲ့ပတ်သက်တဲ့ဥပဒေတွေလည်း ပြဋ္ဌာန်းပြီးပါပြီ။ ဒါတွေအားလုံးကိုကျတော့ လုံးဝအသိအမှတ်ပြုမခံရဘဲ လျစ်လျူရှုခံထားရပါတယ်။ ယှဉ်ကြည့်ရင် အာဆတ်က ဥပဒေတွေကို ပြုပြင်ပြောင်းလဲပေးပြီးနောက်မှာပဲ တင်းမာမှုတွေ တကယ်စတင်လာတော့တာပါ။ အဲဒီတော်လှန်ရေးသမားတွေလို့ ခေါ်ကြတဲ့သူတွေက တကယ်တမ်း ဘာများလိုချင်ကြလို့လဲ။

**ဒီကိစ္စက သိပ်သေးငယ်လွန်းပြီး သိပ်နောက်ကျလွန်းသွားတယ် မဟုတ်လား။ လူတွေက ဝန်ကြီးတို့ကို နောက်ထပ် မယုံနိုင်ကြတော့ဘူးလေ။**

ဒီအုံကြွမှုက အများစု အစိတ်အပိုင်းအနေနဲ့ ပြင်ပက စည်းရုံးလှုံ့ဆော်ပြီး ပြင်ပကနေ ရန်ပုံငွေထောက်ပံ့တဲ့ အုံကြွမှုပါ။ စစ်သွေးကြွအဖွဲ့တွေဟာ ပင်လယ်ကွေ့နိုင်ငံတွေကနေ ဒေါ်လာဘီလီယံနဲ့ချီပြီး လက်ခံရရှိခဲ့ကြတယ်။ ဒါ ကမ္ဘာလုံးဆိုင်ရာအဆင့် ဒေါ်လာဘီလီယံပေါင်းများစွာချီတဲ့ ကြေးစားစစ်သားလုပ်ငန်းပါ။ သမ္မတအာဆတ်ဟာ သူ့ပြည်သူတွေရဲ့ နိုင်ငံရေးတောင်းဆိုမှုတွေကိုကြားခဲ့ပြီး သူတို့နဲ့ ပေါင်းစည်းချင်ခဲ့တယ်။ ဇန်နဝါရီ ၆ ရက် မိန့်ခွန်းမှာ သူကြေညာခဲ့သလိုပါပဲ။ အမှန်က လူတိုင်းနဲ့ ပေါင်းစည်းချင်ခဲ့တာပါ။ တကယ်လို့ တိုက်ခိုက်မှုတွေနဲ့ ပြင်ပက ထောက်ပံ့မှုတွေ ရပ်တန့်သွားခဲ့ပြီး လူတိုင်းစားပွဲဝိုင်းမှာ ထိုင်နိုင်ကြမယ်ဆိုရင် တိုင်းပြည်ရဲ့အနာဂတ်ကို ကျွန်တော်တို့ စတင်ပုံဖော်နိုင်မှာပါ။

**နိုင်ငံခြားတိုင်းပြည်တွေနဲ့ အတိုက်အခံတွေကတော့ သမ္မတရဲ့ မိန့်ခွန်းကို စိတ်ထဲမစွဲကြပါဘူး။ သူတို့ရဲ့ တိုက်ခိုက်မှုကလည်း အာဆတ်ရဲ့ နိုင်ငံရေးအဆုံးသတ်ဖို့အတွက်ပါ။ သူဟာ ပါတီတွေကို စားပွဲဝိုင်းဆွေးနွေးပွဲမှာ ပါဝင်ဖို့ ဖိတ်ကြားတဲ့သူတစ်ဦးရော ဘယ်လိုဖြစ်နိုင်ပါ့မလဲ။**

ဒီကိစ္စက အခြားတိုင်းပြည်တွေက ဆီးရီးယားသမ္မတအပေါ်မှာ ဆုံးဖြတ်ပေးကြဖို့ မဟုတ်ပါဘူး။ ဆီးရီးယားပြည်သူတွေနဲ့ မဲပုံးတွေအတွက်သာ ထားလိုက်စမ်းပါ။ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ဖျက်ဆီးဖို့ ဘယ်သူ့ကိုမှ ကျွန်တော်တို့ ခွင့်ပြုမှာမဟုတ်ပါဘူး။ သမ္မတက လက်လျှော့လိုက်မယ်ဆိုရင် ပျက်စီးမှုနဲ့ သေခြင်းတရားကလွဲလို့ အခြားဘာမှကျန်တော့မှာ မဟုတ်ပါဘူး။ သမ္မတက တန်ဖိုးဘယ်လောက်ကြီးကြီး အဲဒါကို တားဆီးနိုင်ဖို့ ဘာမဆိုလုပ်ဖို့ အဆင်သင့်ဖြစ်နေပါတယ်။

**ဆီးရီးယားဝါဒဖြန့်ချိရေး ရုပ်သံက နေ့စဉ်လွှင့်ထုတ်နေသလိုပဲ။ လက်နက်ကိုင် အတိုက်အခံအဖွဲ့တွေထဲမှာ အကြမ်းဖက်သမားတွေချည်းပဲ ပါဝင်နေတာ အမှန်လား။**

လမ်းမှားညွှန်ပြခံရတဲ့ အဖွဲ့တော်တော်များများ အပါအဝင် အဖွဲ့မျိုးစုံ ပါဝင်နေပါတယ်။ ကျွန်တော်တို့ အစိုးရဟာလည်း လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်မှာ အမှားတွေလုပ်ခဲ့ဖူးတာလည်း ရှိတာပါပဲ။ ဒါပေမဲ့ ဒီလိုမဟုတ်ဘဲ လက်နက်ကိုင် အတိုက်အခံတပ်ဖွဲ့တွေကတော့ အစကတည်းကကို တင်းမာမှုလိုချင်နေခဲ့ကြတာပါ။ ဒီအနေအထားကို သူတို့ ပထမဆုံးနေ့ကတည်းက လုပ်ခဲ့တယ်။ လှုံ့ဆော်သူတွေဟာ ငြိမ်းချမ်းစွာ ဆန္ဒပြသူတွေကြားထဲ ပုန်းနေခဲ့ပြီး ရဲတွေနဲ့ ဆန္ဒပြသူတွေကို ပစ်ခဲ့ကြတယ်။

**အခုဆိုသူပုန်တွေဟာဒမတ်စကပ်မြို့ဟောင်းရဲ့ မီတာ ၆၀၀ အကွာအဝေးအတွင်း ရောက်လာနေကြပါပြီ။ ဒမတ်စကပ်က ပြည်သူတွေလည်း နေ့တိုင်း၊ညတိုင်း အမြောက်သံတွေ၊ ကလတ်ရှ်နီကော့ဗ်သေနတ်သံတွေ ကြားနေကြရပါပြီ။ ဒါကိုဝန်ကြီးတို့ဘယ်အချိန်လောက်အထိ တောင့်ခံထားနိုင်မလဲ။**

တစ်ဖက်က ဆက်တိုက်ချင်နေတဲ့ အချိန်အထိ ကျွန်တော်တို့ ကြံ့ကြံ့ခံသွားနိုင်ပါတယ်။

**ကုလသမဂ္ဂ အထူးကိုယ်စားလှယ် လက်ခ်ဒါဘရာဟီမီကတော့ ဒမတ်စကပ်ကို လာရောက်ခဲ့တဲ့ သူ့နောက်ဆုံးခရီးစဉ်အတွင်း အခုဆို ဆီးရီးယားဟာ နိုင်ငံရေးဖြစ်စဉ်နဲ့ ငရဲ အကြား ရွေးရတော့မယ်လို့ ပြောသွားခဲ့ပါတယ်။**

ကျွန်တော်တို့ နိုင်ငံရေးဖြစ်စဉ်ကို လိုချင်ပါတယ်။

**ဒါပေမဲ့ ဝန်ကြီးတို့ရဲ့ အနေအထားတွေ အောက်ကလို့ဆိုတော့လေ။**

အင်း. . . ။ ပါဝင်ပတ်သက်နေတဲ့ လူတိုင်းဟာ ဆီးရီးယားကို ငရဲပြည်ထဲ ထိုးကျမသွားအောင် ကူညီသင့်လှပါတယ်။

*—Ref: 'Everyone Should Save Syria from Falling into Hell', interview with Syrian deputy foreign minister Faisal al Mekdad. Spiegel: 5th. Feb.*

Entertainment

7DAY NEWS JOURNAL

Vol.11, No.49 • FEBRUARY 14 , 2013

## နှင်းဆီခရီးသည် ပြက်လုံးများကို ပရိသတ်များ အထူးနှစ်ခြိုက်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၀**

နှင်းဆီခရီးသည် မော်ဒန်အငြိမ့် ဖျော်ဖြေပွဲကို ပြည်သူ့ရင်ပြင်၌ ဖေဖော်ဝါရီ၈နှင့်၉ရက်တွင်၂ရက်တာ ကျင်းပရာ ပရိသတ်ခြောက်ထောင်ခန့် လာရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

နှင်းဆီအဖွဲ့၏ ပြက်လုံးများကို ပရိသတ်များ အထူးနှစ်သက်သဘောကျခဲ့ပြီး လူရွှင်တော် နေတိုး မင်းသားလိုဝတ်ဆင်၍ ဖျော်ဖြေခဲ့သော ပြက်လုံးခွင်တွင် "သမ္မတကြီးရယ် နေပါဦး ကလို့ ကောင်းနေတုန်း"ဖြင့် ကပြခဲ့ရာ ပရိသတ်များ အထူးအားပေးခဲ့သည်။

**စာ(၄၉)သို့**



အဆိုတော်တင်ဇာမော်သည်ဆယ်စုနှစ် နှစ်ခုနီးပါးကြာမြင့်ပြီးမှ တစ်ကိုယ်တော်ဖျော်ဖြေပွဲကြီးအဖြစ် 'တင်ဇာမော်၏ စုံတွဲဖျော်ဖြေပွဲ ၂၀၁၃'ကို အမျိုးသားကဇာတ်ရုံတွင် ဖေဖော်ဝါရီ၉ရက်က အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ သူမ၏ နှစ်ပေါင်းများစွာ လူကြိုက်များခဲ့သော သီချင်းအပုဒ်ပေါင်း များစွာကိုသူမ၏မိတ်ဆွေသူငယ်ချင်းအဆိုတော် ၂၀ ဦးကျော်ဖြင့် တွဲဖက်ပြီး ဖျော်ဖြေခဲ့သဖြင့် ပရိသတ်များ ကျေနပ် အားရခဲ့သည့်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ချစ်သူများနေ့ စိတ်ကူး

**အေးသူစံ၊ ကြူကြူဟာန်**

**နှစ်တစ်နှစ်ရဲ့ ဖေဖော်ဝါရီလ ၁၄ရက်ဟာ ငယ်ရွယ်သူချစ်သူ လူငယ်စုံတွဲတွေအတွက်တော့ အထိမ်းအမှတ်များနဲ့ ဖြတ်သန်းကျော်လွန်ရတဲ့ နေ့ရက်လေးတစ်ရက် ဖြစ်ပါတယ်။ ဒီနေ့မှာ ချစ်သူချင်း အပြန်အလှန်အမှတ်တရ လက်ဆောင်ပေးတာ၊ ချစ်သူတွေအတွက် ရည်ရွယ်ဖန်တီးထားတဲ့ ပျော်ရွှင်ဖွယ်အစီအစဉ်များထဲမှာ ပါဝင်ဆင်နွှဲကြတာ စတဲ့အမှတ်ရစရာအဖြစ်အပျက်တွေကို တစ်ကမ္ဘာလုံးက ချစ်သူစုံတွဲအများစု လုပ်လေ့ရှိကြပါတယ်။ ဒီနှစ် ဖေဖော်ဝါရီ ၁၄ရက်နေ့မှာ လူငယ်ပရိသတ်အကြိုက် အနုပညာရှင်အချို့ကို ချစ်သူများနေ့နဲ့ပတ်သက်တဲ့ သူတို့စိတ်ကူးလေးတွေကို မေးခွန်းသုံးခုမေးပြီး တင်ဆက်လိုက်ပါတယ်။။ မေးဖြစ်ခဲ့တဲ့ မေးခွန်းသုံးခုက - - -**

- **ချစ်သူကို အပေးချင်ဆုံး လက်ဆောင်**
- **ချစ်သူကို သီဆိုပြလိုတဲ့ တေးသီချင်း**
- **ချစ်သူများနေ့မှာ သူ့ကို ခေါ်ဆောင်သွားချင်ဆုံးနေရာနဲ့**

**စတဲ့မေးခွန်းလေးတွေ မေးထားပါတယ်။ သူတို့ရဲ့အဖြေလေးတွေကိုခံစားကြည့်ပါဦး။**





**စိုင်းစိုင်းခမ်းလှိုင်** -ချစ်သူကိုအပေးချင်ဆုံးလက်ဆောင်ကတော့ ကိုယ့်ကိုယ်ကိုယ်ပေါ့ဗျာ။ ချစ်သူများနေ့မှာရှိခဲ့ဖူးတဲ့အမှတ်တရတွေထဲကအမှတ်အရဆုံးဆိုရင် ချစ်ခဲ့ဖူးတဲ့မိန်းကလေးက မနက်မှာကိုယ်နဲ့ချိန်းပြီးညမှာ အခြားတစ်ယောက်နဲ့အပြင်ထွက်တဲ့အခါ အမှတ်တရတစ်ခုဖြစ်လာပါတယ်။ ဒီနှစ်ချစ်သူများနေ့မှာတော့ ပရိသတ်တွေကိုပို့စကတ်တွေပို့နေတယ်။ ညဘက်ရှိုးမှာ ချောကလက်တွေကျွေးမယ်။ အဲဒီနေ့မှာ ကိုယ့်ချစ်သူနဲ့အတူ ပြည်သူ့ရင်ပြင်မှာ မိချောင်းစီးချင်တယ်။ လက်တွဲပြီးတော့လူစည်ကားရာနေရာတွေသွားချင်တယ်။ ချစ်သူများနေ့မှာ ချစ်သူကိုဆိုပြချင်တဲ့သီချင်း တွေက ထူးအယ်လင်းရဲ့ 'မင်းလေးနားလည်'၊ Snare ရဲ့ ဘော်ဒီဂတ်၊ Wet Wet Wet ရဲ့ Love is all around , Justin Bieber ရဲ့ As long As You love me ရဲ့ Bruno Mars ရဲ့ Just The Way U are တို့ပေါ့။

**လွှမ်းပိုင်**- သစ်ပင်လေးတစ်ပင်ကိုလက်ဆောင်အဖြစ်ပေးချင်တယ်။ အပင်ပေါက်ကလေးပေါ့။ ဒီအပင်လေးကို အပင်ပေါက်လေးဘဝကနေ နှစ်တွေအကြာကြီး ကြီးပြင်းတဲ့အထိ မွေးမြူစိုက်ပျိုးစေချင်တဲ့ အဓိပ္ပာယ်လိုပဲ ကျွန်တော့်အချစ်ကိုလည်း အဲဒီလိုသဘောထားစေချင်တာပါ။ ချစ်သူများနေ့မှာ ကိုယ့်ချစ်သူကို ပင်လယ်ကမ်းခြေတစ်ခုဆီခေါ် သွားချင်တယ်။ အဲဒီမှာနှစ်ယောက်တည်း အေးအေးချမ်းချမ်းနဲ့ မီးပုံပွဲလေးလုပ်ချင်တယ်။ ချစ်သူကို ဆိုပြချင်တဲ့သီချင်းဆိုရင်တော့ ထူးအယ်လင်းရဲ့ 'အချစ်လို့ခေါ် လား' သီချင်းကို ဆိုပြချင်ပါတယ်။ ဒီနှစ် ချစ်သူများနေ့မှာ မျှော်စင်ကျွန်းမှာ ရှိုးဆိုနေပါမယ်။







ဓာတ်ပုံ-လမင်းနိုင်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ကျော်ထွဋ်ဆွေ**-အပေးချင်ဆုံးက ချောကလက်ပေါ့။ ဒါက သူ့အကြိုက်ရော ကျွန်တော့်အကြိုက်ရော တူတာပေါ့။ ဘာပေးမလဲတော့ မပြောသေးဘူးပေါ့နော်။ အမှတ်တရက သိပ်တော့မရှိပါဘူး။ ကျွန်တော်တို့က ခုနစ်နှစ်ရှိပြီဆိုတော့ ကိုဘိုစန်းတို့ပွဲလုပ်တိုင်း ရှိုးပွဲပဲဆိုနေရတယ်ဆိုတော့ အမှတ်တရထွေထွေထူးထူးတော့မရှိပါဘူး။ သူသွားချင်တဲ့နေရာကိုခေါ် သွားချင်ပါတယ်။ Valetime မှာ ချစ်သူတွေအားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့နေနိုင်ကြပါစေ။ တကယ်တော့ ချစ်သူဆိုထဲက နေ့တိုင်းက Valetime ပဲလေ။

ညာတာပါတေး သီချင်းဆိုပြချင်တယ်။ ဘာဖြစ်လိုလဲဆိုတော့ သူနဲ့ကျွန်တော်စိတ်ကောက်ပြီဆိုရင် ညာတာပါတေးနဲ့ လျှောက်ပြီး ညဏ်နီညဏ်နက်တွေ သုံးပြီးတော့ ချော့နေကျမို့ အဲဒါကြောင့်ပါ။

**နန်းသူဇာ**-အပေးချင်ဆုံးရယ်လို့ မရှိပါဘူး။ နန်းသူဇာပေးလို့ရှိရင် လက်ဆောင်ဆိုတာထက် သူတကယ်လိုအပ်တဲ့ဟာကိုပဲပေးဖြစ်မှာပါ။ Valentine's Day တစ်ရက်တော့ မဟုတ်ဘူး။ နေ့တိုင်းတော့ လျှောက်ခေါ် သွားချင်တာပါပဲ။ ကိုယ်သွားချင်တဲ့နေရာတွေကိုလိုက်စေချင်တယ်။ ကစားကွင်းတို့ပေါ့။ ဆိုတေးသီချင်း 'Happy Valentine's Day' သီချင်းဆိုပြချင်တယ်။

**သန္တာဗို**-အသုံးတည့်မယ့်ဟာပဲ ပေးချင်တယ်။ အမြဲတမ်း ကိုယ်နဲ့မကွာတဲ့ပစ္စည်းကိုပဲ ပေးချင်ပါတယ်။ ကွင်းပြင်ကြီးထဲက အိမ်ကလေးတစ်လုံး။ အနှောင့်အယှက်မရှိ ကြားစကားကြောင့် ရန်ဖြစ်စရာလည်း မလိုဘဲ အေးချမ်းတဲ့ ကွင်းပြင်ကြီးထဲက အိမ်ကလေးတစ်လုံးဆီကို ခေါ် သွားချင်တယ်။

**စာ(၄၉)သို့**

7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အာဒမ် ဧဝ ဒသ(၂)ရိုက်ကူးဖို့ ကြိုးပမ်းနေတဲ့ ဒါရိုက်တာဝိုင်း

**အေးသူစံ**
**ရန်ကုန်၊ ဖေဖော်ဝါရီ ၇**

အောင်မြင်ခဲ့သော 'အာဒမ် ဧဝ ဒသ'ရုပ်ရှင်ဇာတ်ကားကို အသွင်သစ်ဖြင့် ထပ်မံရိုက်ကူးရန် စီစဉ်နေပြီး ဇာတ်လမ်းနှင့် သရုပ်ဆောင် စာရင်းကို မထုတ်ပြန်လိုသေးကြောင်း ဒါရိုက်တာဝိုင်းက ပြောသည်။

'အာဒမ် ဧဝ ဒသ ၂' အမည်ဖြင့် ရိုက်ကူးရန် ထုတ်လုပ်ရေးတိုက်ဖြင့် ညှိနှိုင်းနေပြီး ဇာတ်ကားအမည် အသုံးပြုရေးအတွက် အဓိက ညှိနှိုင်းနေရခြင်းဖြစ်ကြောင်း သိရသည်။ "ထုတ်လုပ်ရေးက ဒီနာမည်မပေးချင်ဘူး။ ကျွန်တော်က ပေးချင်တယ်။ အခုထုတ်လုပ်ရေးက ရှေ့မှာလည်း အောင်မြင်ပြီးသား ကားတစ်ကားရှိနေလို့ နာမည်အသစ်ပေးချင်တာ"ဟု ဒါရိုက်တာဝိုင်းက ပြောသည်။

ယခင်ဇာတ်ကားမှာ Heart & Soul ထုတ်လုပ်ရေးမှ ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်တို့ဖြင့် ရိုက်ကူးခဲ့ပြီး အောင်မြင်-ခဲ့သော ရုပ်ရှင်ဇာတ်ကားလည်းဖြစ်သည်။ "သရုပ်ဆောင်တွေက ဒီသရုပ်ဆောင်တွေ ပြန်ပါချင်လည်း ပြန်ပါမယ်။ မပါချင်လည်း မပါနိုင်ဘူး။ ဘယ်သူတွေလို့ မပြောနိုင်သေးတာ" ဟု ဝိုင်းက ပြောသည်။ လတ်တလောတွင် ပြည်ပမှ ဇာတ်ကားတစ်ကားကို မှီငြမ်း ရိုက်ကူးထားသည့် ရုံတင်ရန် စောင့်ဆိုင်းနေသောမြန်မာရုပ်ရှင် ဇာတ်ကားတစ်ကားနှင့် ၎င်းရိုက်ကူးထားသောဗီဒီယိုဇာတ်ကားတို့ တူနေသည့်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နှစ်ဦးနှစ်ဖက်ကိုခေါ်ယူညှိနှိုင်းပေးထားကြောင်း သတင်းရရှိသည်။ ဒါရိုက်တာဝိုင်း ရိုက်ကူးသည့် ဗီဒီယိုဇာတ်ကားသာ ကြိုတင်ထွက်ရှိသွားပါက ရုံတင်ရန် စောင့်နေသည့် ရုပ်ရှင်ဇာတ်ကားအတွက် နစ်နာမှုများ ရှိနိုင်သည်ဟု ရုပ်ရှင်ထုတ်လုပ်သူဘက်က တိုင်ကြားမှုအပေါ် ဒါရိုက်တာဝိုင်းက "ဗီဒီယိုတောက်လျှောက်ရိုက်ဖို့ဆိုတာ လက်ရှိထွက်နေတဲ့ ဝတ္ထုတွေနဲ့ပဲ အားကိုးနေလို့ မရဘူးလေ။ ဒါကြောင့် ကော်ပီကို လုပ်နေရတာ။ ရုပ်ရှင်ကားကြီးရိုက်တဲ့ သူကတော့ ပြန်ရတဲ့ အကျိုးအမြတ်နဲ့ဆို ကော်ပီကို မရိုက်သင့်တာ။ သူလည်း ဘာမူပိုင်ခွင့်မှမယူ။ ကိုယ်လည်း မယူထားဘူး" ဟု ဝိုင်းက ပြောသည်။

၂၀၁၂ ခုနှစ်အတွင်း လူမှုရေးနှင့် အခြားလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ခဲ့ခြင်းကြောင့် ရုပ်ရှင်နှင့် ဗီဒီယိုရိုက်ကူးမှုဘက်တွင် လစ်ဟင်းခဲ့ပြီး ယခုနှစ်တွင်အနုပညာလုပ်ငန်းများကိုသာ ပိုမိုလုပ်ဆောင်သွားမည်ဟုဝိုင်းကပြောသည်။

# ဖေ့စ်ဘွတ်ခ်အကောင့်တုသုံးတဲ့သူကို ကောင်မလေးတွေနဲ့မအီဖို့ပြောတဲ့ ကောင်းပြည့်

**အေးသူစံ**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ ၇**

ဗီဒီယိုထုတ်လုပ်ရေးနှင့် စာချုပ်ချုပ် လုပ်ကိုင်နေသော်လည်း မိမိရိုက်ကူးလိုသည့် ဇာတ်လမ်းများကို လွတ်လပ်စွာ ရွေးချယ်ရိုက်ကူးခွင့်ရရှိနေကြောင်း စိန်ဌေးဗီဒီယို ထုတ်လုပ်ရေး၏ စင်တင်မင်းသားဖြစ်သူ ကောင်းပြည့်ကပြောသည်။


ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

"စိန်ဌေးက ကိုယ့်သားသမီးတစ်ယောက်လို စေတနာထားတယ်။ ဖြစ်စေချင်တယ်။ တခြားအလုပ် တွေလက်ခံချင်ရင်လည်း တိုင်ပင်ပြီးလုပ်လို့ရပါတယ်။ တိုက်ကစီစဉ်တာကို ရိုက်ရတာမဟုတ်ဘဲ ကျွန်တော်ကြိုက်တာ ရိုက်ခွင့်ပေးတယ်။ အကြံလည်းပေးခွင့်ရတယ်။ တခြားတိုက်တွေနဲ့လုပ်ဖို့ကတော့ စိန်ဌေးမိသားစုနဲ့ပဲ ညှိရမှာပါ" ဟု ၎င်းကပြောသည်။

ကောင်းပြည့်သည်အနုပညာလောကတွင်းသို့ရုပ်ရှင်အစည်းအရုံး၏ သရုပ်ဆောင်သင်တန်းမှတစ်ဆင့် ဝင်ရောက်ခဲ့ပြီး စနိုးဝှိုက်ဗီဒီယိုထုတ်လုပ်ရေးနှင့်ဇာတ်ကားအချို့တွင် ဇာတ်ပို့နေရာမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ၂၀၁၂ နှစ်ကုန်ပိုင်းတွင်မှစိန်ဌေးဗီဒီယိုထုတ်လုပ်ရေးနှင့်ဇာတ်ကား၃၀ရိုက်ကူးရန် စာချုပ်ချုပ်ဆိုခဲ့ရာ ယခုအခါ ၁၀ကားရိုက်ကူးထားပြီး ဈေးကွက်တွင်းသို့ 'ရူး လောက်တယ်' ဇာတ်ကားကို စတင်ဖြန့်ချိထားသည်။ ယင်းဇာတ်ကားမှာ မြို့ရောနယ်ဘက်တွင်ပါအောင်မြင်နေပြီး ဈေးကွက်ဝင် မင်းသားတစ်လက်အဖြစ်

**တစ်ဖက်သို့**









7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

**တစ်ဖက်မှ**

နေရာရလာသော ကောင်းပြည့်က “အဓိကကကံနှင့် စန်း ကြောင့်ဖြစ်ကြောင်းပြောသည်။ စိတ်ထားကအရေးကြီးဆုံး။ ဖြူဖို့ အရေးကြီး။ အပြင်ပန်းပါးစပ်ချိုတာက အရေးမကြီး။ ကျွန်တော့်စိတ်ရင်းက ကျွန်တော့်ကိုအကျိုးပေးတယ်လို့ ထင်ပါတယ်။

ပထမဆုံး ရှူးလောက်တယ်ကားလေးစဖြန့်။ နယ်မှာအများကြီးအားပေး။ နယ်ဆင်းပရိုမိုးရှင်းလုပ်တော့အားပေး။ ကျွန်တော့်ခွေကိုအချို့ဆို အပိုင်တောင်ဝယ်ထားကြတယ်။

အဲဒီနေ့မှာ ကျွန်တော် အလုပ်ရှိရင် အလုပ်လုပ်ဖြစ်ပါမယ်။ အချစ်ရေးကတော့ အေးဆေးပါပဲ။ လက်ဆောင်ပေးရမယ့်သူအတွက်တော့လက်ဆောင်ဝှက်ထားရမယ်ထင်ပါတယ်။

ဖေ့စ်ဘွတ်ခ်ကတော့ ကျွန်တော်မသုံးပါဘူး။ ပရိသတ်ကကျွန်တော်ထင်ပြီး စာတွေရေးတယ်။ နောက်တစ်ခုက ကျွန်တော့်နာမည်နဲ့လာသမျှ မိန်းကလေးပရိသတ်တွေကိုပြန်အီတယ်လို့ အသံကြားတယ်။ အဲဒီလိုမလုပ်ပါနဲ့လို့ တောင်းပန်ချင်ပါတယ်။ ကောင်းအောင်သုံးပေးတဲ့သူကိုလည်း ကျေးဇူးတင်ပါတယ်။ တစ်ဖက်လူကို ယုံသွားအောင်လုပ်တာတော့ မလုပ်ကြပါနဲ့လို့။ တိုက်က ဖွင့်ပေးထားတဲ့ အကောင့်တစ်ခုတော့ ရှိပါတယ်။ ကျွန်တော်ရိုက်ထားတဲ့ ဇာတ်ကားတွေ၊ ဝေါလ်ရှိပုံတွေမှန်သမျှ တင်ထားပါတယ်။ ဇာတ်ဝင်ခန်း ဓာတ်ပုံ တွေလည်းတင်ထားပါတယ်။

---

**စာ(၄၇)မှ**

# ချစ်သူများနေ့စိတ်ကူး

‘နင်သာရှိရင်’ဆိုတဲ့ သီချင်းလေး အဲ့ဒီသီချင်းက အများကြီးတိုက်ဆိုင်တယ်။ အဲ့ဒီသီချင်းက မိန်းကလေးနေရာမှာဆိုလည်းညီမနဲ့တိုက်ဆိုင်တယ်။ ယောကျ်ားလေးနေရာမှာဆိုလည်း ကိုနိုင်းဝမ်း ဆိုထားတဲ့ဟာကလည်း သူနဲ့ တိုက်ဆိုင်တယ်လို့ ထင်တယ်။

**နန်းခင်ဇေယျာ**-ဖေဖော်ဝါရီ ၁၄ ရက်ဟာ ညီမအတွက်အမှတ်ရစရာမရှိပေမယ့် တစ်ကမ္ဘာလုံးက ချစ်သူ ရှိတဲ့ သူတိုင်းအတွက်တော့ အမှတ်တရဖြစ်ကြမှာပါ။ ညီမမှာ ချစ်သူရှိရင်တော့ သူ့ကို Suprise ဖြစ်မယ့်လက်ဆောင် ပေးချင်တယ်။ သူမျှော်လင့်မထားတဲ့လက်ဆောင်ပေါ့။ ချစ်သူကိုခေါ်သွားချင်တဲ့နေရာဆိုရင် အေးချမ်းတဲ့နေရာလေးတစ်ခုမှာ အေးအေးဆေးဆေး လမ်းလျှောက်သွားချင်တယ်။ပြီးတော့သူ့ကိုချောကလက်လည်း ကျွေးချင်တယ်။ ချောကလက်က အချစ်ရဲ့သင်္ကေတဆိုတော့ ချောကလက်ကတော့မဖြစ်မနေ ကျွေးရမှာပေါ့နော်။ သီချင်းကတော့ ညီမ မဆိုတတ်ဘူး။

**ဘန်နီဖြိုး**

အချစ်ပဲပေးမယ်။ ဘယ်လိုပြောမလဲ ချစ်သူဆိုမှတော့ အချစ်ပဲ ပေးမှာပေါ့။ တစ်ခါမှ အတူတူမရှိခဲ့ဘူး။ နေရာက ဝေးတယ်။ Valentine's နေ့ဆို ရှိုးဆိုနေရတယ်။ သူက အဝေးမှာဆိုတော့ ဖုန်းနဲ့ပဲ ဆက်သွယ်ဖြစ်တယ်။ နေရာက အများကြီးပဲ ပြည်တွင်းရော ပြည်ပရော။ သူရော။ ကျွန်တော်ရော မရောက်ဖူးသေးတဲ့နေရာ၊ သူသွားချင်တဲ့နေရာ၊ ကျွန်တော်ရောက်ဖူးပေမယ့် ထပ်သွားချင်တဲ့နေရာ။ အနီးစပ်ဆုံး ပြောရရင် ပြင်ဦးလွင်ပေါ့။ သီချင်းက အများကြီးပဲ ပျော်စရာကောင်းတဲ့ အချိန်မှာ ပျော်ဖို့ကောင်းတဲ့သီချင်းပဲဆိုပြချင်၊ ခံစားချက်ကို လိုက်ပြီး ဆိုပြချင်တယ်။ သေချာတာ တစ်ခုကတော့ အချစ်သီချင်းပဲ ဆိုပြဖြစ်မှာပါ။

---

# အိပ်မက်ဆုံရာပွဲဦးထွက်အဖွဲ့သားများရဲ့‘ရှင်သန်ခြင်းအိပ်မက်’

**ကြူကြူဟာန်**
**ရန်ကုန်၊ဖေဖော်ဝါရီ-၇**



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

‘အိပ်မက်ဆုံရာ’Season-1 အဖွဲ့ဝင်များ၏ ပထမဆုံးစီးရီးအဖြစ် ‘ရှင်သန်ခြင်း အိပ်မက်’ အယ်လ်ဘမ်ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ပရိုဂျူဆာက အရင်တုန်းက မြူးဇစ်ပိုင်းကို မလုပ်ဘူး။ သူက ဝါသနာတော့ပါတယ်။ အစ်ကိုတို့ Season-1 ပြီးတော့ နောက် Season တွေက လာနေပြီလေ။ ကိုယ်တို့က အခွေမထွက်သေးတော့ သူလုပ်ပေးချင်တယ်ဆိုပြီး အားလုံးနဲ့တိုင်ပင်ပြီးတော့ အခုအခွေ ထွက်ဖြစ်သွားတာ”ဟု အဆိုရှင် ထင်လင်းကျော်က ပြောသည်။

‘ရှင်သန်ခြင်းအိပ်မက်’စီးရီးတွင် ကော်ပီသီချင်း ၁၁ ပုဒ် ပါဝင်ပြီး အဖွဲ့သီချင်းတစ်ပုဒ်နှင့် တစ်ယောက်တစ်ပုဒ်စီ သီဆိုထားကာ စောသာဂေးလ်၊ စောထူးသာတို့က တေးသီချင်းများကို ရေးသားထားသည်။

နန်းထက်ထက်သူ၊ အာကာအောင်ခင်ဝင်း၊ ထင်လင်းကျော်၊ R ကာ၊ မြတ်ကောင်းထက်၊ စောထူးသာ၊ မြတ်စည်သူ၊ နန်းဇာနည်မြင့်ထွေး၊ သဲစန္ဒီကျော်၊ လမင်းဖြူတို့က ရော့ခ်၊ အော်တာနေးတစ် စသည့် ဂီတအမျိုးအစားစုံလင်စွာ သီဆိုထားကြသည်။

ဖေဖော်ဝါရီ၁၁ရက်တွင်စိမ်းလန်းဆို ပြေဥယျာဉ်၌ ပြုလုပ်မည့် ‘ဂီတည’ပွဲတွင် အိမ်မက်ဆုံရာ ဆုရသူများက ကိုယ်ပိုင်သံစဉ်တေးသီချင်းများ ဖျော်ဖြေမည်ဖြစ်ပြီး ဒါရိုက်တာသုံးပေါင်က ရိုက်ကူးကာ Live Show ခွေထွက်ရှိမည်ဟု အာကာအောင်ခင်ဝင်းက ပြောသည်။

---

# အဆိုတော်ဟယ်ရီလင်းကွယ်လွန်

**ကြူကြူဟာန်**
**ရန်ကုန်၊ဖေဖော်ဝါရီ-၇**

မန္တလေးသား ရော့ခ်အဆိုတော် ဟယ်ရီလင်းသည် ဖေဖော်ဝါရီ ၅ ရက် ညနေ ၄ နာရီတွင် တာမွေမြို့နယ် ကျောက်မြောင်းရှိ နေအိမ်၌ လည်ပင်းနာရောဂါဖြင့် ကွယ်လွန်သွားကြောင်း ဟယ်ရီလင်း၏ဇနီးက ပြောသည်။

“ထမင်းမစားနိုင်တာကြာပြီ။ အောက်တိုဘာလမှာ ဆေးရုံတက်ပြီး ပြန်ကောင်းလာတယ်။ ခရစ်စမတ်ရောက်တော့ ချက်ကျွေးတဲ့ဟင်းတွေက အီတယ်ဆိုပြီး ရခိုင်အစားအသောက်တွေ စားပြီး လည်ပင်းတွေနာတယ်ဆိုတော့ ဆရာဝန်ပြတယ်။ နောက်တော့ ဆေးရုံပြန်တက်ဖို့ ပြင်တဲ့အချိန်မှာပဲ ဆုံးသွားတာ”ဟုဟယ်ရီလင်း၏ဇနီးက ပြောသည်။

ဟယ်ရီလင်းကို ဖေဖော်ဝါရီ၇ ရက် ညနေ ၅ နာရီအချိန်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ခဲ့သည်။ အဆိုတော် ဟယ်ရီလင်းသည် ၁၉၈၆ ခုနှစ်တွင် ဂီတလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ပထမဆုံး တစ်ကိုယ်တော်စီးရီးအဖြစ် ‘ဟယ်ရီလင်းရဲ့ဟယ်ရီလင်း’ထွက်ရှိခဲ့ကာ ‘ဂြိုဟ်သားတစ်ယောက်’၊ ‘တန်ဖိုးများနှင့်ပေးဆပ်ခြင်း’စသည့် စီးရီးများနှင့် အတွဲသီချင်းများ သီဆိုခဲ့သည်။

မကွယ်လွန်မီ လေးလကျော်တွင် မန္တလေးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ နောက်ဆုံးသီဆိုခဲ့ကြောင်း ၎င်း၏ဇနီးကပြောသည်။

---

စာ(၄၇)မှ

**နှင်းဆီခရီးသည် ပြက်လုံးများကို ပရိသတ်များ အထူးနှစ်ခြိုက်**

အသံတိတ် ပြက်လုံးအစီအစဉ်(၂)ခုထည့်သွင်းထားပြီး ပထမအစီအစဉ်တွင် ဂျာမနီနိုင်ငံသားတစ်ဦးက ဝင်ရောက်အားဖြည့်ခဲ့သည်။ ဒုတိယအစီအစဉ်ကို နှင်းဆီစိတ်ကျန်းမာရေး ဆေးရုံဟု အမည်ပေးထားပြီး နိုင်ငံရေးနှင့် သက်ဆိုင်သည့် ကိစ္စကို ပြက်လုံးထုတ် ဖျော်ဖြေခဲ့ရာ ပရိသတ်များအားပေးခဲ့သည်။

နှင်းဆီအဖွဲ့အနေဖြင့် ယခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ထပ်မံကပြရန် အစီအစဉ်မရှိဘဲ တစ်နှစ်လျှင် တစ်ပွဲသာ ကပြရန်စီစဉ်ထားကြောင်း ဦးမျိုးမင်းက ပြောသည်။

နှင်းဆီခရီးသည်တွင် အဖွဲ့သားများဖြစ်သော ကျော်ကျော်ဗို၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး တို့ဖြစ်ပြီး ရဲလေးမှာ ပါဝင်နိုင်ခဲ့ခြင်းမရှိပေ။ မင်းသမီးများအဖြစ် မိုးယုစံ၊ ဖူးစုံ၊ မိုးပြည့်ပြည့်မောင်နှင့် မေကဗျာတို့က ဖျော်ဖြေခဲ့ကြသည်။

---

## TOP 10 MOVIES IN AMERICA


**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Warm Bodies | Summit Entertainment, LLC | ၂၀,၃၅၄,၀၀၀ | ၁ |
| ၂။ | Hansel and Gretel: Witch Hunters | Paramount Pictures | ၃၄,၆၇၆,၁၀၀ | ၂ |
| ၃။ | Silver Linings Playbook | The Weinstein Company | ၈၀,၀၀၂,၆၀၀ | ၁၂ |
| ၄။ | Mama | Universal Pictures | ၅၈,၁၂၃,၁၀၀ | ၃ |
| ၅။ | Zero Dark Thirty | Sony Pictures | ၇၇,၆၇၄,၀၀၀ | ၇ |
| ၆။ | Bullet to the Head | Warner Bros. Pictures | ၄,၅၄၈,၂၀၀ | ၁ |
| ၇။ | Parker | Film District | ၁၂,၅၂၇,၃၀၀ | ၂ |
| ၈။ | Django Unchained | The Weinstein Company | ၁၅၀,၉၄၃,၀၀၀ | ၆ |
| ၉။ | Les Miserables | Universal Pictures | ၁၄၁,၅၀၄,၀၀၀ | ၆ |
| ၁၀။ | Lincoln | Touchstone Pictures & Walt Disney Pictures | ၁၇၀,၇၇၇,၀၀၀ | ၁၃ |

---

## Movie Review

### A Good Day to Die Hard




၁၉၈၈ ခုနှစ်ပထမဆုံးရုပ်ရှင်မှစ၍ ဂျွန်မက်ကလိန်းမှာ အမြဲတမ်းပင် နေရာမှား၊ လူမှားဖြစ်နေတတ်သည်။ သို့သော်လည်း အမြဲတမ်းနောက်ဆုံးအသက်ရှင်ကျန်သူ ချေမှုန်းရေးသမားအဖြစ် ရပ်တည်နိုင်ခဲ့ရာ ကမ္ဘာတစ်ဝန်း အကြမ်းဖက်သမားများ၏ ရန်သူတော်နံပါတ်တစ်ဖြစ်နေသည်။ ယခုနောက်ဆုံးစိန်ခေါ်မှုတွင် ဂျွန်မက်ကလိန်း၏ သားဖြစ်သူမှာ ရုရှားနိုင်ငံထောင်တစ်ခုထဲမှ ရဲဝံ့စွာထွက်ပြေးလာခဲ့ရာ သားအဖနှစ်ဦးမှာ မူလက အနေဝေးသွေးအေးနေခဲ့ကြသော်လည်း အရေးကြုံလာသောအခါတစ်ဦးကိုတစ်ဦး ကူညီဖေးမရင်း ကမ္ဘာကြီးအတွက် ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန်နိုင်အောင် ကြိုးစားရတော့သည်။

Die Hard 5ဟုလည်းခေါ် ဆိုသော အကြမ်းအရမ်းစွန့်စားခန်း၊ အက်ရှင်ကားအား John Mooreက ရိုက်ကူးထားပြီး Bruce Willis, Jai Courtney, Sebastian Koch Yukia Snigir တို့ ပါဝင်သရုပ်ဆောင်ထားသည်။ 20th Century Fox က ဖေဖော်ဝါရီ ၁၃ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

7 DAY NEWS JOURNAL

Vol.11, No.49 • FEBRUARY 14 , 2013



# ဒိတ်ဟောင်းပေးမယ့် ခြေမကောင်းတဲ့အခါ

ဗိုလ်ဗိုလ်ဝင်း

## “အားကိုးခံရရင် ဘဝင်မမြင့်ရဘူးနော်”

ဖေဖော်ဝါရီလ ၈ ရက်က ဘောလုံးအဖွဲ့ချုပ်ခန်းမတွင် ပြုလုပ်သော လက်ရွေးစင်ဘောလုံးအသင်းများအား တွေ့ဆုံသည့်အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မြန်မာ့လက်ရွေးစင်(အမျိုးသား) ဘောလုံးသမားများကို နှုတ်ဆက်ချိန်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဖိလစ်ပိုင်အသင်းနှင့် ခြေစမ်းပွဲမတိုင်ခင်ကလည်း လက်ရွေးစင်ဘောလုံးကစားသမားများနှင့် တွေ့ဆုံချိန်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဘောလုံးသမားများအနေဖြင့် ဘဝင်မမြင့်ရန်၊ မိမိတို့ အခြေအနေ မိမိတို့ သိရှိထားရန်နှင့် ကွင်းတွင်း၊ ကွင်းပြင် စည်းကမ်းရှိရန်စသည့် အချက်များကို အဓိကသတိပေးပြောကြားခဲ့သည်။

အပျော်တမ်းစနစ်ဖြင့် နှစ်ပေါင်းတစ်ရာကျော်တိုင် ဖြတ်သန်းလာပြီးနောက် မြန်မာ့ဘောလုံးလောကတိုးတက်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဆုကြေးစားစနစ်ကို ၂၀၀၉ ခုနှစ်တွင် စတင်ပြောင်းလဲခဲ့သည်။ ပရော်ဖက်ရှင်နယ် ကလပ်အသင်းများတွင် ကစားခွင့်ရလာသော ကစားသမားများ၏ ခံစားခွင့် လစာများသည်လည်း ပြောင်းလဲတိုးတက်လာခဲ့သည်။

ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အပါအဝင် ကလပ်အသင်းများကို တည်ထောင်ထားသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း မြန်မာဘောလုံးအဆင့် အတန်းတိုးတက်ရန် ငွေကျပ်သိန်းထောင်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံခဲ့သည်။

သက်တမ်းအလိုက် နိုင်ငံတကာပြိုင်ပွဲအချို့တွင် အောင်မြင်မှုရရှိခဲ့သော်လည်း ဒေသတွင်း အဓိက လက်ရွေးစင်အသင်းများ၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ဆူဇူကီးဖလားပြိုင်ပွဲတွင်မူ (၂၀၁၀၊ ၂၀၁၂) ဆက်တိုက် အုပ်စုအောက်ဆုံးမှ ထွက်ခဲ့ရသည်။

လက်ရှိ အနေအထားအရ လက်ရွေးစင်အသင်းကျရှုံးမှုများကြောင့် ပရိသတ်များ စိတ်ဝင်စားမှု လျော့နည်းနေသည့် မြန်မာနေရှင်နယ်လိဂ်၏ ရှေ့အနာဂတ် အနေအထားအတွက် ရင်လေးနေသူ တိုးလာနေသည်။

လက်ရွေးစင် အမျိုးသားအားကစားသမားများ၏ ပွဲစဉ်များကို ကြည့်ရှုခဲ့ရသည့် ပရိသတ်များက ကစားသမားများ၏ တိုင်းပြည်အတွက် ပေးဆပ်လိုစိတ် အနေအထားကို သံသယဖြစ်လာကြပြီး ဝေဖန်မှုများလည်း ထွက်ပေါ်လာခဲ့သည်။

ဘောလုံးသမားများ၏ ရှေ့အနာဂတ်သည် လက်ရှိတည်ဆောက်ထားသော ပရော်ဖက်ရှင်နယ်ပြိုင်ပွဲ တည်တံ့ခိုင်မြဲရန် လိုအပ်နေပြီး ပရော်ဖက်ရှင်နယ်ပြိုင်ပွဲ ရေရှည်ခိုင်မြဲရန်မှာ ပရိသတ်အားပေးမှုရရှိရန် လုပ်ငန်းရှင်ကြီးများ အသင်းဆက်လက်တည်ထောင်ရန် လိုအပ်မည်ဖြစ်သည်။ ပရိသတ်အားပေးမှုရရှိရန်လက်ရွေးစင်အသင်းအောင်မြင်မှုရရှိရန် လိုအပ်မည်ဖြစ်ပြီး လက်ရွေးစင်အသင်း အောင်မြင်ရန်အတွက်ဆိုပါက ဘောလုံးသမားများ၏ အရည်အချင်းများကလည်း အဓိကအရေးပါမည်ဖြစ်သည်။

လက်ရှိအနေအထားများတွင် လစာငွေခံစားခွင့်များ တိုးတက်ရရှိမှုကြောင့် မြန်မာဘောလုံးသမားများအနက် အနေအထိုင် ဂရုစိုက်ဆင်ခြင်နေသူများ ရှိသကဲ့သို့ အားကစားသမားတစ်ဦး၏ နေထိုင်မှုပုံစံထက် ခွဲထွက်ကာ အပျော်အပါးဘက် အာရုံများလာကြသည်ဟု ဝေဖန်မှုများက ပိုများလာခဲ့သည်။

ဘောလုံးသမားများအနေဖြင့် မိမိတို့၏ အခြေအနေမှန်ကို အမှန်အတိုင်းသိထားရန် လိုအပ်ကြောင်း၊ လက်ရှိအနေအထားတွင်ပြည်တွင်း၌ဖန်တီးထားသော ပရော်ဖက်ရှင်နယ်လိဂ်တွင်သာ ကစားခွင့်ရရှိနေခြင်းဖြစ်ပြီး ဒေသတွင်းမည်သည့်ပရိုကလပ်အသင်းများမှ မြန်မာဘောလုံးသမားများကို ခေါ်ယူငှားရမ်းကစားခြင်း မရှိသေးကြောင်း၊ လက်ရွေးစင်အသင်း မအောင်မြင်သည့်အတွက် မြန်မာဘောလုံးကစားသမားများကိုလည်း မည်သည့် ပရိုကလပ်အသင်းမှ စိတ်ဝင်စားမှုမရှိသေးခြင်းဖြစ်ကြောင်း ဦးဇော်ဇော်က ပြောကြားခဲ့သည်။

မျိုးဆက်သစ် ကစားသမားပြတ်လပ်မှုဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသော မြန်မာဘောလုံးအားကစားနည်းတွင်လည်း လက်ရှိအခြေအနေကာလ၌ လက်ရွေးစင်အဆင့် ကစားသမားများ နည်းပါးမှုကလည်း နည်းပြများ၊ တာဝန်ရှိသူများအတွက် ခေါင်းခဲစရာဖြစ်နေရပြီး ရှိသည့်ကစားသမားများကိုသာ သည်းခံရွေးချယ်ပေးနေရသည့် အနေအထားတွင်ရှိနေသေးကြောင်း လေ့လာသူများက ဆိုသည်။

ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌအပါအဝင် ကလပ်အသင်းပိုင်ရှင်များအနေဖြင့်လည်း လူငယ်မျိုးဆက်သစ် ကစားသမားများအား ယခုမှ စတင်ပြန်လည်ပြင်ဆင်နေသည့် အချိန်ဖြစ်၍ နိုင်ငံလက်ရွေးစင်အတွက် ဘောလုံးသမားများကို အကောင်းဆုံးဖြစ်လာစေရန် ရှိနေသည့်လူနည်းစုများကိုမေတ္တာရပ်ခံနေရသည့် အခြေအနေဖြစ်နေသည်။

မြန်မာ့ဘောလုံးလောကအား ဆုကြေးစားစနစ်သို့ ပြောင်းလဲပြီးနောက် ငါးနှစ်အကြာတွင် နှစ်ပေါင်းလေးဆယ်ကျော်ကာလအတွင်း အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲက မြန်မာဘောလုံးအသင်းကို စောင့်ကြိုနေပြီဖြစ်သည်။

ဒေသတွင်းအကြီးကျယ်ဆုံးအားကစားပြိုင်ပွဲဖြစ်သည့် ဆီးဂိမ်းပြိုင်ပွဲတွင် ပြီးခဲ့သည့် အာရှ ယူ-၂၂ ခြေစစ်ပွဲအောင်အသင်းမှ ကစားသမားအများစုသာ ပွဲထုတ်ရမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်မှာ မြန်မာနေရှင်နယ်လိဂ်ရှေ့ရေးသာမက ဘောလုံးအားကစားအပေါ် စိတ်ဝင်စားမှုလျော့နည်းလာနေသည့် မြန်မာပရိသတ်များအတွက်ပါ စိတ်ဝင်စားအားပေးမှုပြန်လည်ရရှိလာစေရန် အရေးကြီးကြောင်း လေ့လာသူများနှင့် ပရိသတ်များက ဆိုကြသည်။

“လာမယ့်ဆီးဂိမ်းမှာ ဘောလုံးက အားကစားနည်းအားလုံးကို ကိုယ်စားပြုမယ်လို့ ရည်ရွယ်ထားရန် လိုအပ်ပါတယ်။ ကျန်တဲ့ အားကစားနည်းတွေ အောင်မြင်ပေမယ့် ဘောလုံးရှုံးရင် အရသာ ပေါ့သွားမှာပဲ။ ဆားမပါတဲ့ ဟင်းလိုဖြစ်သွားမှာ” ဟု ပြည်ထောင်စုဝန်ကြီးက ဘောလုံးအားကစားနည်းအပေါ် မျှော်လင့်ချက်ကို ပြောပြသွားခဲ့သည်။

ထို့ပြင် ပြိုင်ဘက်အသင်းအား နိုင်ပွဲရရှိရန် လေ့ကျင့်ရေးတွင် ကြိုးစားမှုမရှိဘဲ ကစားကွင်းထဲရောက်မှ အတင်းလုပ်ယူ၍ မရကြောင်း၊ အုပ်ချုပ်သူ၊ နည်းပြများမှအစ ကစားသမားများအားလုံး စုစည်း၍ အကောင်းဆုံးကြိုးစားပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ အနိုင်အရှုံးဆိုသည်မှာ ကစားပွဲတစ်ခု၏ အဖြေပင်ဖြစ်ပြီး ရလဒ်ကို လက်ခံရမည်ဖြစ်သော်လည်း ပြိုင်ပွဲမတိုင်ခင်ကတည်းက အကောင်းဆုံး ကြိုးစားနေရမည်ဖြစ်ကြောင်း၊ ကစားသမားများအနေဖြင့်လည်း ကွင်းတွင်း၊ ကွင်းပြင် အနေအထိုင် အစားအသောက် အသွားအလာများကို ဂရုစိုက်ဆင်ခြင်ရန် လိုအပ်မည်ဖြစ်ကြောင်းလည်း သတိပေးပြောကြားခဲ့သည်။

“တကယ်ဆိုရင် လက်ရှိမြန်မာနိုင်ငံမှာ ဘောလုံးသမားကောင်းဆိုတာ ရှားပါးနေဆဲဖြစ်နေသေးတယ်ဗျ။ လက်ရွေးစင်အသင်း ရွေးမယ်ဆိုရင် ဘယ်သူတွေပါမယ်ဆိုတာ ကြိုပြောလို့ရနေတဲ့ အနေအထားပဲလေ။ အရွေးခံရမယ့် ပြိုင်ဘက်ယှဉ်ပြိုင်ဘက်တွေဆိုတာလည်း အများကြီးမရှိသေးပါဘူး။ ဒါကြောင့် လက်ရှိကစားသမားတွေအနေနဲ့လည်း အဲဒါကို သိထားမယ်လို့ ထင်ပါတယ်။ နိုင်ငံခြားက ပရော်ဖက်ရှင်နယ် ကစားသမားတွေဆီကလည်း ကောင်းတဲ့အချက်တွေ အတုယူပြီး မကောင်းတဲ့အချက်တွေကိုလည်း အတုမယူစေချင်ပါဘူး” ဟု ပရိသတ်တစ်ဦးကလည်း ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ကလပ်အသင်းပိုင်ရှင်များအနေဖြင့် မြန်မာဘောလုံးအောင်မြင်သည်အထိ ဆက်လက်လုပ်ကိုင်ကြမည်ဟု ဆိုနေကြသော်လည်း ရေရှည်ကာလတွင် လက်ရွေးစင်အသင်းအောင်မြင်မှုမရရှိပါက ကလပ်အသင်းများအတွက် ရပ်တည်ရမှုအနေအထားများလည်း အခက်ကြုံလာဖွယ်ရှိလာမည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။

“ဒီထက်ပိုပိုပြီး ပရော်ဖက်ရှင်နယ်ပီသအောင် လုပ်ကိုင်နေထိုင်ရမှာတော့ သေချာတယ်။ အဲလိုမလုပ်ရင်တော့ ကျွန်တော်တို့က ဒီလိုပဲ သွားနေရမှာပဲ။ နောက်ပြီး အရန်အင်အားတောင့်တင်းဖို့လည်းလုပ်ပေးရမယ်။ အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်ရမှာပေါ့လေ။ ဘောလုံးကိုဘယ်အချိန်အထိ လုပ်မလဲဆိုတာကတော့ ပြောရဖို့ ခက်ပါတယ်” ဟု ဟံသာဝတီအသင်းပိုင်ရှင် ဦးအောင်မိုးကျော်က ပြောသည်။

“ဘောလုံး အသင်းတွေက စီးပွားရေးအရ တွက်ခြေမကိုက်လို့ နောက်ဆုတ်သွားမယ်ဆိုရင် ဆရာတို့တော်တော်ခါးသီးတဲ့ ရာဇဝင် သမိုင်းကြောင်းဖြစ်သွားမှာပါ။ နိုင်ငံကိုယ်စားပြုကြတဲ့ လက်ရွေးစင်အသင်းကြီး ကောင်းဖို့ လုပ်တဲ့နေရာမှာ ကလပ်အသင်းတွေ ကြားထဲမှာ မရှိလို့မဖြစ်ဘူး။ ဒါပေမဲ့ ကလပ်အသင်းတွေ ချည်းပဲရှိရုံနဲ့ နိုင်ငံဘောလုံးလောက တိုးတက်မှာမဟုတ်ဘူး။ လုပ်ရမှာ အစိုးရဘက်က တစ်ဖက်က တာဝန်ယူပြီး အောက်ခြေ(grass root) ကိုတော့ လုပ်ပေးစေချင်တယ်” ဟု ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ဆိုသည်။

လက်ရှိအနေအထား၌ပင် မြန်မာနေရှင်နယ်လိဂ်ကလယ် အသင်းများ၏ ကစားသမားများ၏ လစာခံစားခွင့်များကို ကန့်သတ်ရန် စီစဉ်လျက်ရှိနေပြီဖြစ်ပြီး ထိုသို့ဖြစ်ပေါ်လာရခြင်းမှာ ပေးအပ်ရသည့် လစာများထက် ပြန်လည်ပေးဆပ်ကြသည့် ပမာဏအင်အားများက လျော့နည်းသည်ဟု ယူဆကြ၍သာ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း လေ့လာသူများနှင့် ပရိသတ်များက သုံးသပ်ကြသည်။ သို့သော် ထိုသို့စီစဉ်ခြင်းကို မူဘောလုံးသမားအများစုက ကျေနပ်ခြင်းမရှိကြကြောင်း ၎င်းတို့အားမေးမြန်းထားသည့် အားကစားမီဒီယာများ၏ ပြောပြချက်များအရလည်း သိရှိရသည်။

သို့သော် ပြီးခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ခန့်က မြန်မာ့ဘောလုံးကို လှုပ်နှိုးနိုင်ခဲ့ပြီး ဒေသတွင်းနိုင်ငံများကြား၌ ခြေစွမ်းပြသနိုင်ခဲ့သော ၁၉၉၃ ဆီးဂိမ်းငွေတံဆိပ်ရ လက်ရွေးစင်ကစားသမားများ၏ လစာများမှာ ငွေကျပ် သောင်းဂဏန်းမျှသာရှိခဲ့ပြီး လက်ရှိခြေစွမ်းအကျပိုင်းသို့ ရောက်ရှိနေသည့်ပရိုဘောလုံးသမားတစ်ဦး၏ လစာအနေအထားမှာ အနိမ့်ဆုံးငွေကျပ် နှစ်သိန်းဝန်းကျင်မှ အမြင့်ဆုံး ကျပ် သိန်းနှစ်ဆယ်ဝန်းကျင်အထိ ရရှိနေပြီဖြစ်သည်။


ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌအနေဖြင့်လည်း ဖိလစ်ပိုင်အသင်းနှင့် ခြေစမ်းပွဲမတိုင်ခင် လက်ရွေးစင်ကစားသမားများ တွေ့ဆုံချိန်တွင် ကစားသမားများ၏ ပေးဆပ်နိုင်စွမ်းအား ပြန်လည်မေးခွန်းထုတ်ခဲ့ပြီး ကွင်းတွင်း၊ ကွင်းပြင် နေထိုင်မှု စနစ်တကျစည်းကမ်းရှိရန် အဓိက ပြောကြားခဲ့သည်။

“မင်းတို့အနေနဲ့ ဝါးလုံးခေါင်းထဲမှာ လသာမနေကြနဲ့လို့ ပြောနေတာ ကိုယ့်နိုင်ငံထဲမှာ ကိုယ့်ဟာကိုယ်လုပ်၊ ကိုယ့်အချင်းချင်းကန်၊ မချိမဆံ့တွေဆုချ၊ မင်းတို့က အဲဒီမှာ ပီတိတွေဖြစ်၊ ပျော်၊ နောက်ဘီယာတွေသွားသောက်၊ ဝမ်းသာ၊ ကျွမ်းထိုး။ လက်ရွေးစင်အသင်းကန်တော့ ရှုံး၊ အရှက်တွေကွဲ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ပြရမှာ နိုင်ငံလက်ရွေးစင်ပွဲပဲ။ ဒါကြောင့် အကောင်းဆုံးကြိုးစားပြဖို့လိုမယ်။

**အချပ်ပို(D)သို့**

7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

# စောငမန်းနှင့် တွေ့မရှောင် တွေ့ပြီ



ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ဖေဖော်ဝါရီ-၇**

စောငမန်းနှင့် တွေ့မရှောင်တို့ ထိုးသတ်မည့် မြန်မာပြည်ချန်ပီယံလုပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူ အားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့သမား စောငမန်းသည် ဒဂုံရွှေအောင်လံ ဆုရှင် (အလွတ်တန်း) လေးထပ်ကွမ်းနှင့်ရွှေခါးပတ်ချန်ပီယံဖြစ်ပြီး လက်ရှိမြန်မာပြည်ချန်ပီယံဟု သတ်မှတ်ခံထားရသူဖြစ်ကြောင်း လက်ဝှေ့ဝါသနာရှင်များနှင့် လေ့လာသူများက ဆိုသည်။

“စောငမန်းရဲ့ ကစားဟန်ကွက်က အပူးအကပ် အရမ်းများပြီး ထိုးချက်၊ ခြေကန်ချက် သိပ်မရှိဘူး။ ကိုင်ပေါက်တာတွေများတယ်ပေါ့။ ဒီလို ယှဉ်ပြိုင် ကစားဟန်ကိုတော့ ပရိသတ်အများစုက သိပ်မကြိုက်ကြဘူး။ တွေ့မရှောင်အနေနဲ့လည်း စောငမန်းကို ဘယ်လိုကစားကွက်နဲ့ ယှဉ်ပြိုင်မလဲ ဆိုတာကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ပွဲကောင်း ဖြစ်လိမ့်မယ်လို့ မျှော်လင့်ထား တယ်” ဟု လက်ဝှေ့ ဝါသနာရှင် စာရေးဆရာ မိုးသက်ဟန်က ပြောသည်။

ယခုပွဲစဉ်သည် စောငမန်းနှင့် တွေ့မရှောင်တို့၏ ပထမဆုံး အကြိမ် စတင်တွေ့ဆုံမည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။ လက်ရှိအနေအထားအရ စောငမန်းသည် တွေ့မရှောင်ထက် ကိုယ်အလေးချိန် (ဝိတ်တန်း) အရသာမက ပြိုင်ဘက် လက်ဝှေ့သမားအား ခက်ခဲစေသည့် ယှဉ်ပြိုင်ဟန်ကြောင့် စောငမန်းက အသာရနိုင်ကြောင်းလည်း လေ့လာသူများနှင့် ပရိသတ်များက သုံးသပ်ကြသည်။

နိုင်ပွဲဆက်တိုက်ရရှိနေပြီး ပရိသတ်အကြိုက် လက်ဝှေ့ကျော် တွေ့မရှောင်အနေဖြင့် ယင်းပွဲစဉ်တွင် မည်သည့်သတ်လုံးထိုးကွက် ထုတ်သုံးမလဲဆိုသည်ကို စိတ်ဝင်စားကြောင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို အမြဲအားပေးနေသည့် ပရိသတ်တစ်ဦးကလည်း ဆိုသည်။

မြန်မာပြည်ချန်ပီယံလုပွဲနှင့်အတူ အခြားပွဲစဉ်များအဖြစ် သတ္တိအောင်နှင့်တူးတူး၊ ဒေါင်းသည်းခြေ နှင့် စောဂေါ်မူတို၊ ကြယ်လေးနှင့် ရဲမြင့်အောင်၊ မိုးသီးနှင့် အောင်ဂဲစော၊ လှစ်လှစ်လေးနှင့်ဖိုးလပြည့်၊ ဝင်းမောက်နှင့် နေလင်းအောင်တို့၏ ပွဲစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

နေ့လယ် ၂ နာရီတွင် စတင်မည့် အဆိုပါပြိုင်ပွဲအတွက် ဝင်ကြေးအဖြစ် ကျပ် ၁၅,၀၀၀၊ ၁၂,၀၀၀၊ ၈,၀၀၀ သတ်မှတ် ထားပြီး မည်သည့်ရုပ်သံလိုင်းတွင်မှ ထုတ်လွှင့်ပြသမည်မဟုတ်ကြောင်း သတင်းရရှိသည်။

# မလေးရှား ယူ-၂၃ နှင့် ခြေစမ်းပွဲတွင် မြန်မာကလည်း ယူ-၂၃ အသင်းကိုသာ ပွဲထုတ်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ဖေဖော်ဝါရီ-၉**

၂၀၁၃ ခုနှစ်အတွက် မြန်မာဘောလုံးအသင်း၏ ဒုတိယခြေစမ်းပွဲဖြစ်လာမည့် လက်ရှိ ဆီးဂိမ်းချန်ပီယံမလေးရှားယူ-၂၃အသင်းနှင့် ပွဲစဉ်တွင် မြန်မာ ယူ-၂၃ ကစားသမားများကိုသာပွဲထုတ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

“မလေးရှားအသင်းကို မြန်မာ ယူ-၂၃ အသင်းနဲ့ပဲ ခြေစမ်းမှာဖြစ်ပါတယ်။ လက်ရှိပဏာမလက်ရွေးစင်အသင်းမှာ ဆီးဂိမ်းအသက်မီတဲ့ ကစားသမား ၁၈ ယောက်ခန့် ပါဝင်ထားပါတယ်။ လာမယ့် AFC Challenge Cup ပြိုင်ပွဲနဲ့ အိမ်ရှင်လုပ်မယ့် ဆီးဂိမ်းမှာအောင်မြင်မှုရရှိဖို့အတွက်ပြင်ဆင်သွားမှာပါ”ဟု လက်ရွေးစင်အသင်းအုပ်ချုပ်သူ ဦးတင်မြင့်အောင်က ပြောသည်။

မြန်မာအသင်းသည်ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ရှုံးနိမ့်ထားခဲ့သော မလေးရှားအသင်းနှင့် ခြေစမ်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၆ ရက်က ၂၀၁၃ ခုနှစ် ပထမဆုံးနိုင်ငံတကာခြေစမ်းပွဲအဖြစ် ဖိလစ်ပိုင်အသင်းနှင့် ခြေစမ်းခဲ့ရာ (၁-၀)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ လက်ရွေးစင်အသင်းအနေဖြင့် ဖိလစ်ပိုင်အသင်းအား ပြီးခဲ့သည့် ဆူဇူကီးဖလားရှုံးကြွေးအား မဆပ်နိုင်ခဲ့သည့်အပြင် အိမ်ကွင်းတွင် ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခြေစမ်းပွဲတွင် မြန်မာအသင်းသည်ဖိလစ်ပိုင်အသင်းအား ကစားကွက်အသာဖြင့် ယှဉ် ပြိုင်နိုင်ခဲ့ပြီး ရှေ့တန်းတိုက်စစ်မှူးများက ဂိုးသွင်းခွင့်များ အသုံးမချနိုင်ခဲ့သောကြောင့် ရှုံးနိမ့်ခဲ့ရသော်လည်း အသင်း၏ ကစားပုံအနေအထားကိုမူ ကျေနပ်ကြောင်း ဦးတင်မြင့်အောင်က ဆိုသည်။

“ဖိလစ်ပိုင်နဲ့ပွဲစဉ်မှာက ရတဲ့အခွင့်အရေးတွေ အသုံးမချနိုင်ခဲ့တာပါ။ ဒါပေမဲ့ မြန်မာအသင်း ကစားပုံကစားကွက်အနေအထားကိုတော့ ပြီးခဲ့တဲ့ ဆူဇူကီးဖလားပြိုင်ပွဲဝင် အသင်းထက် အားရပါတယ်။ တိုးတက်မှုတွေ ရှိလာတာတွေ့ရပါတယ်”ဟု ဦးတင်မြင့်အောင်က သုံးသပ်ခဲ့သည်။

ရန်ကုန်သို့ လာရောက်ခြေစမ်းမည့် မလေးရှား ယူ-၂၃ အသင်းတွင် ပြီးခဲ့သည့်နှစ် အာရှယူ-၂၂ ခြေစစ်ပွဲဝင် အသင်းကို အဓိကအခြေခံထားပြီး ဆီးဂိမ်းချန်ပီယံအသင်းမှ ကစားသမားထက်ဝက်ခန့် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။



# လီဗာပူး-ဆွမ်ဆီး၊ ရိုးမား-ဂျူဗင်တပ် ထိပ်တိုက်တွေ့ဆုံမှုများနဲ့ ဘာကာ၊ အက်သလက်တီကိုတို့ရဲ့ အဝေးကွင်းပွဲတွေနဲ့ ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ

ကိုအေးမြတ်

ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်တွေထဲမှာ အင်္ဂလန်ပရီးမီးယားလိဂ်က တနင်္ဂနွေမှာ ကစားမယ့် လီဗာပူး-ဆွမ်ဆီးပွဲတစ်ပွဲက လွဲရင် ပွဲစဉ် (၂၇)ပွဲ အားလုံးကို နောက်တစ်ပတ် စနေ၊ တနင်္ဂနွေ ဖေဖော်ဝါရီ ၂၃၊ ၂၄ ရက်တွေမှာ တစ်ပတ်ခြားကစားသွားကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် မီလန်- ပါးမား၊ ရိုးမား-ဂျူဗင်တပ်၊ အီတလီစီးရီးအေပွဲတွေနဲ့ ဘာစီလိုနာ၊ အက်သလက်တီကိုတို့ အဝေးကွင်းပွဲတွေ ကစားရမယ့် စပိန် လာလီဂါပွဲတွေကို အဓိကထား ခန့်မှန်းဖော်ပြပေးလိုက်ပါတယ်။

**ပရီးမီးယားလိဂ်**

**<u>၁၇၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ</u>**

**လီဗာပူး-ဆွမ်ဆီး (ည ၉း၃၀ နာရီ)**

**ပကျော့ရလဒ် (၀-၀)**

လီဗာပူးတို့ အိမ်ကွင်းဆိုပေမယ့် ခက်ခဲမယ့်ပွဲဖြစ်ပါတယ်။ ဆွမ်ဆီးတို့ လီဗာပူးနဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ကျထားတဲ့ရလဒ် ရထားတာဟာ သတိထားစရာပါ။ မန်စီးတီး၊ အာဆင်နယ်၊ မန်ယူတို့နဲ့ ပွဲကျပ်တွေ တောက်လျှောက်ကစားခဲ့တဲ့ လီဗာပူးတို့ နိုင်ခြေနည်းနေဆဲပါ။ လီဗာပူး သရေ(သို့မဟုတ်) ကပ်အနိုင်လောက်ပဲရပါမယ်။

**စီးရီးအေ**

**<u>၁၆၊ ဖေဖော်ဝါရီ၊ စနေ</u>**

**မီလန်-ပါးမား (နံနက် ၂း၁၅ နာရီ)**

**ပကျော့ရလဒ် (၁-၁)**

မီလန်တို့ အိမ်ကွင်းမှာ တွေ့တိုင်း ပါးမားကို နိုင်တတ်ပေမယ့် ပထမအကျော့ရလဒ်ကို သတိပြုရပါမယ်။ ဒီနောက်ပိုင်းအိမ်ကွင်းခြေစွမ်းအရတော့ မီလန်ကိုပဲ ရွေးရမှာပါ။ မီလန် ဂိုးအနည်းနဲ့ နိုင်ခြေရှိပါတယ်။

**<u>၁၇၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ</u>**

**ရိုးမား-ဂျူဗင်တပ်**

**(နံနက် ၂း၁၅ နာရီ)**

**ပကျော့ရလဒ် (၁-၄)**

စီးရီးအေမှာ အဝေးကွင်း ရှုံးပွဲအနည်းဆုံး စံချိန်တင်ထားတဲ့ ဂျူဗီတို့ နိုင်ခြေများနေပါတယ်။

**စာမျက်နှာ(၅၂)သို့**

## အပြည်ပြည်ဆိုင်ရာ စွန်အလုပွဲတော်တွင် မြန်မာ့ရိုးရာ စွန်အလုအဖွဲ့ သွားရောက်ပြသမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ဖေဖော်ဝါရီ-၇**

ထိုင်းနိုင်ငံ Satun မြို့တွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာစွန်အလုပွဲတော် (33rd Satun International Kite Festival, Thailand) သို့ မြန်မာ့ရိုးရာစွန်အလုအဖွဲ့ သွားရောက်ပြသမည်ဟု သတင်းရရှိသည်။

**စာမျက်နှာ(၅၂)သို့**

7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

စာမျက်နှာ(၅၁) မှ

## အပြည်ပြည်ဆိုင်ရာ စွန်အလှုပွဲတော်တွင် မြန်မာ့ရိုးရာ စွန်အလှအဖွဲ့ သွားရောက်ပြသမည်

အဆိုပါ စွန်အလှပွဲတော်သို့ အာဆီယံနိုင်ငံများ၊ အမေရိကန်၊ ဆွစ်ဇာလန်၊ အင်္ဂလန်၊ တရုတ်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်မှ ၎င်းတို့ နိုင်ငံများ၏ ရိုးရာစွန်အလှများကို ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်သက်သက်မာက ပြောသည်။

"မြန်မာနိုင်ငံက ပြုလုပ်တဲ့ ရိုးရာစွန်ပုံစံတွေက ဝါးကို အခြေခံပြီး လုပ်ကြတာပါ။ အခြားနိုင်ငံတွေကတော့ပလတ်စတစ်၊ဖိုင်ဘာစတာတွေနဲ့ လုပ်ကြတာများပါတယ်။ ဒီ အပြည်ပြည်ဆိုင်ရာ စွန်အလှပွဲတော်မှာ မြန်မာနိုင်ငံက စွန်အလှသုံးခုလောက် ပြသသွားဖို့ ရည်ရွယ်ထားပါတယ်" ဟု ဒေါ်သက်သက်မာက ဆိုသည်။

အပြည်ပြည်ဆိုင်ရာစွန်အလှပွဲတော်တွင် မြန်မာနိုင်ငံမှ ပြသမည့် စွန်များကို ၂၀၁၂ ပြည်တွင်းစွန်အလှ ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ဦးခင်မောင်မြင့်က ဖန်တီးမည်ဖြစ်သည်။ မြန်မာ့ရိုးရာစွန်အလှအဖွဲ့သည် ၂၀၀၈ ခုနှစ် အာဆီယံ စွန်အလှပွဲတော်သို့ နောက်ဆုံးအကြိမ် သွားရောက်ပြသခဲ့ပြီးနောက်ပိုင်း လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အပြည်ပြည်ဆိုင်ရာစွန်အလှပွဲတော်သို့သွားရောက်ပြသမည်ဖြစ်သည်။



## ရော်နယ်ဒိုနှင့် ဗန်ပါစီ ရီးရဲလ်-မန်ယူပွဲကို အဆုံးအဖြတ်ပေးမည်

**လန်ဒန်၊ဖေဖော်ဝါရီ-၉**

လာမည့် ချန်ပီယံလိဂ် ရှုံးထွက်အဆင့် ရီးရဲလ်မက်ဒရစ်နှင့် မန်ယူတို့၏ တွေ့ဆုံမှုတွင် နှစ်ဖက်အသင်းမှ တိုက်စစ်မှူးများဖြစ်သော ဗန်ပါစီနှင့် ရော်နယ်ဒိုတို့သည် ပွဲကို အဆုံးအဖြတ် ပေးသွားမည့်သူများဖြစ်ကြောင်း မန်ယူနှင့် ရီးရဲလ်တို့တွင် ကစားခဲ့ဖူးသည့် ဟော်လန်တိုက်စစ်မှူးဟောင်း ဗန်နစ္စတယ်ရွိုင်းက ပြောကြားလိုက်သည်။

စပိန်အားကစားသတင်းစာမာကာသို့ ဗန်နစ္စတယ်ရွိုင်းက "ကျွန်တော်အတွက်ကတော့ ဒီနှစ်သင်းအကြား ကွာခြားချက်ဟာ ခရစ်စတီယာနိုရော်နယ်ဒိုနဲ့ ဗန်ပါစီတို့ရဲ့ အနေအထားပါပဲ။ ဒီနှစ်ယောက်ထဲက တစ်ယောက်က ပွဲကို ထူးခြားအောင် လုပ်နိုင်မယ်ထင်ပါတယ်။ ဒီနှစ်ယောက်ကပဲ ပွဲရဲ့အသေးစိတ်ကို ဆုံးဖြတ်ပေးသွားမှာပါ" ဟု ပြောကြားသည်။

ဆက်လက်၍ ၎င်းက "မက်ဒရစ်အသင်းက ကွင်းထဲမှာ အရည်အသွေး ပိုကောင်းပါတယ်။ ဒါပေမဲ့ မန်ယူကလည်း အပတ်တိုင်းမှာ နိုင်နေတာပါ။ မက်ဒရစ်ကတော့ ဒဏ်ရာပြဿနာတွေကြောင့် အပတ်တိုင်း ဒီပုံစံပါပဲ" ဟု ထင်မြင်ချက်ကို ပြောသည်။ ရော်နယ်ဒိုက ဆာဗီလာနှင့်ပွဲတွင် သုံးဂိုးသွင်းကာ မန်ယူကို သတိပေးလိုက်သည်။

ရီးရဲလ်မက်ဒရစ်ကို ဒဏ်ရာရ လူစာရင်း၌ လက်ရှိတွင် ဟီဂူအင်၊ ဘန်ဇီးမားတို့မှာ အကောင်းဆုံးမကစားနိုင်သကဲ့သို့ နောက်ခံလူ ပီပီနှင့် မာဆယ်လိုတို့မှာလည်း ဒဏ်ရာရနေသည်။ ဒီမာရီယာမှာလည်း ပွဲတိုင်းကောင်းစွာ မကစားနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။ နစ္စတယ်ရွိုင်းသည် မန်ယူတွင် ငါးနှစ်ကြာကစားပြီးနောက် ၂၀၀၆တွင် ရီးရဲလ်သို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

*—Ref: teamtalk*




## ဥရောပလိဂ်ပွဲစဉ်များ မှ

နောက်ဆုံးတွေ့ဆုံမှုတွေအရရောလက်ရှိခြေစွမ်းအရပါ ဂျူဗင်တပ်နှစ်ဂိုးလောက်ရနိုင်တဲ့ပွဲမျိုးပါ။

**နာပိုလီ-ဆမ်ဒိုးရီးယား**
**(နံနက် ၂း၃၀ နာရီ)**
**ပကျော့ရလဒ် (၁-၀)**

စီးရီးအေရဲ့ အိမ်ကွင်းရှုံးပွဲအနည်းဆုံးဖြစ်တဲ့ နာပိုလီတို့ နိုင်ခြေများတဲ့ပွဲပါပဲ။ ညွှဲသည် ဆမ်ဒိုးရီးယားတို့ ပေးဂိုးနည်းအောင်ပဲ ဂရုစိုက်ရမှာပါ။ နာပိုလီ အိမ်ကွင်းမှာ နှစ်ဂိုးအသာလောက် ရနိုင်ပါတယ်။

<u>**၁၈၊ ဖေဖော်ဝါရီ၊ တနင်္လာ**</u>
**ဖီအိုရင်တီးနား-အင်တာ**
**(နံနက် ၂း၁၅ နာရီ)**
**ပကျော့ရလဒ် (၁-၂)**

မထင်မှတ်ဘဲ အကြိတ်အနယ်ဖြစ်နိုင်တဲ့ပွဲပါပဲ။ အင်တာတို့ အဝေးကွင်းမှာ ရှန်းကန်ရဖွယ်ရှိပြီး ဂိုးနည်းနိုင်တယ်။ ဖီအိုရင်တီးနား သရေကို မျှော်မှန်းနိုင်သလို အင်တာ နိုင်ခြေလည်းရှိတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ အင်တာတို့ ကပ်နိုင်သွားပါလိမ့်မယ်။

**လာလီဂါ**
<u>**၁၆၊ ဖေဖော်ဝါရီ၊ စနေ**</u>
**မာလာဂါ-**
**အက်သလက်တစ်ကလပ်**
**(ည ၁၁း၃၀ နာရီ)**
**ပကျော့ရလဒ် (၀-၀)**

မာလာဂါ သရေပွဲတချို့ ကြုံတွေ့နေရသလို ဇယားမှာ ထိပ်ဆုံးသုံးသင်းနဲ့ အမှတ်ကွာဟမှုလည်း များနေပါတယ်။ ဒါပေမဲ့ အိမ်ကွင်း ရလဒ်ပိုင်းယှဉ်ကြည့်ရင် မာလာဂါသာနေတာကြောင့် အိမ်ရှင်ဘက်က နေသင့်ပါတယ်။ ဂိုးနည်းပါမယ်။

<u>**၁၇၊ ဖေဖော်ဝါရီ၊ တနင်္ဂနွေ**</u>
**ဂရင်းနာဒါ-ဘာစီလိုနာ**
**(နံနက် ၁း၃၀ နာရီ)**
**ပကျော့ရလဒ် (၀-၂)**

ဘာကာတို့ အဝေးကွင်းနိုင်ပွဲရမယ့်ပွဲပါပဲ။ နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်စလုံး ဘာစီလိုနာချည်းပဲ နိုင်ထားတာကြောင့် ဂိုးအနည်းအများပဲကြည့်ရမယ်။ ဘာကာ နှစ်ဂိုးလောက်တော့ ရနိုင်ပါတယ်။

<u>**၁၈၊ ဖေဖော်ဝါရီ၊ တနင်္လာ**</u>
**ဗယ်လာဒိုလစ်-**
**အက်သလက်တီကိုမက်ဒရစ်**
**(နံနက် ၀၀း၃၀ နာရီ)**
**ပကျော့ရလဒ် (၁-၂)**

ဇယားမှာရပ်တည်မှုအရ အက်သလက်တီကိုတို့ အဝေးကွင်း ရှုံးပွဲများခဲ့ရခြင်းဟာလည်း ဘာကာနဲ့ အမှတ်ပြတ်ရခြင်းအကြောင်းရင်းပါပဲ။ ဒါပေမဲ့ ဒီပွဲမှာတော့ အက်သလက်တီကို နိုင်ခြေများနေပါတယ်။

**ရီးရဲလ်မက်ဒရစ်-ဗယ်လီကာနို**
**(နံနက် ၂း၃၀ နာရီ)**
**ပကျော့ရလဒ် (၂-၀)**

ဗယ်လီကာနို အိမ်ကွင်းမာကျောတဲ့ အသင်းဖြစ်ပေမယ့် အဝေးကွင်းပွဲမို့ ထင်သလောက် ကစားနိုင်မှာ မဟုတ်ဘဲ ရီးရဲလ်တို့ အကောင်းဆုံးကစားနိုင်မှာပါ။ နောက်ဆုံးငါးကြိမ် တွေ့ဆုံမှုစလုံးမှာ ရီးရဲလ်ပဲ နိုင်ခဲ့တာဖြစ်လို့ အိမ်ရှင်ဘက်က စိတ်ချပြီးနေသင့်ပါတယ်။

# ဘိုးရင်း ၇၈၇ လေယာဉ်များ ပေးပို့မှုနောက်ကျမည်ဟု ကုမ္ပဏီအသိပေး

**နယူးယောက်၊ဖေဖော်ဝါရီ-၉**

မကြာသေးမီက ဘိုးရင်းလေယာဉ်များတွင် ဘက်ထရီနှစ်လုံးလောင်ကျွမ်းခဲ့ခြင်းကိစ္စကို အမေရိကန်လေကြောင်း ဘေးကင်းလုံခြုံရေးကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးနေသဖြင့် မှာယူထားသော ဘိုးရင်း ၇၈၇ Dreamliner များ ပေးပို့မှုနောက်ကျမည်ဟု ဘိုးရင်းကုမ္ပဏီက လေယာဉ်ဝယ်ယူသူများအား အကြောင်းကြားထားသည်။



"လောလောဆယ်မှာ ပေးပို့ရမယ့်ဘိုးရင်း၇၈၇လေယာဉ်တွေ ပေးပို့ဖို့ နောက်ကျနိုင်တယ်လို့ ကျွန်တော်တို့ရဲ့ ဖောက်သည်တွေကိုအသိပေးထားပါတယ်"ဟုလေယာဉ်ကုမ္ပဏီပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနအား အီးမေးလ်ပေးပို့သည်။

ဖေဖော်ဝါရီ ၈ ရက်က ဘိုးရင်း၏ ဥရောပဖောက်သည်တစ်ဦးဖြစ်သော Norwegian Air Shuttle က ဘိုးရင်း ၇၈၇ လေယာဉ်များ ပေးပို့ပေးရန် တွန်းအားပေးခဲ့ကြောင်း သိရသည်။

"လေယာဉ်ထုတ်လုပ်တဲ့ကုမ္ပဏီအနေနဲ့ လေယာဉ်တွေကို အမြန်ဆုံးပေးပို့နိုင်ရေး သူတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်သွားမယ်လို့ ဥရောပမှာ ဘိုးရင်းရဲ့ အကြီးဆုံးဖောက်သည်တစ်ဦးအနေနဲ့ မျှော်လင့်ပါတယ်"ဟု နော်ဝေးလေကြောင်း အမှုဆောင်အရာရှိချုပ် ဘွန်ဂျော့က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

လေယာဉ်ထုတ်လုပ်မှုကို ဆက်လက်လုပ်ဆောင်နေသော်လည်း လေယာဉ်များ ပေးပို့မှုအတွက် နောက်ထပ်အသိပေးချက်မထုတ်ပြန်မချင်း ဆိုင်းငံ့ထားသည်ဟု ဘိုးရင်းကုမ္ပဏီက ကြေညာထားသည်။

ဇန်နဝါရီ ၁၅ ရက်က ဂျပန်လေကြောင်းလိုင်းနှစ်လိုင်းမှ Dreamliner လေယာဉ်နှစ်စီးတွင် ဘက်ထရီလောင်ကျွမ်းမှုများ ရှိခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်း အသုံးပြုနေသော Dreamliner လေယာဉ်ပေါင်း ၅၀ ကို ပြေးဆွဲခြင်းမပြုဘဲ ရပ်တန့်ထားခဲ့သည်။

—*Ref: AFP*

# ကန်သမ္မတဟောင်း ဘုရှ်မိသားစု အီးမေးလ်များ ဖောက်ထွင်းခံရမှု စတင်စုံစမ်းနေ

**ဝါရှင်တန်၊ဖေဖော်ဝါရီ-၉**

အမေရိကန်သမ္မတဟောင်းများဖြစ်သော ဂျော့ချ်၊ အိတ်၊ ဒဗလျူဘုရှ်၊ ဂျော့ချ်၊ ဒဗလျူဘုရှ်နှင့် မိသားစုဝင်များ၏ အီလက်ထရွန်နစ်မေးလ်များကို ဟက်ကာတစ်ဦးက မည်သို့ဖောက်ထွင်းခဲ့သည်ဆိုခြင်းနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်လိုက်ကြောင်း သိရသည်။

"ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှု စတင်နေပါပြီ"ဟု စီနီယာဘုရှ်၏ ပြောခွင့်ရပုဂ္ဂိုလ် ဂျင်မ်မက်ဂရက်က အေအက်ဖ်ပီသတင်းဌာနအား ပြောကြားသည်။ ပုဂ္ဂလိကဆက်သွယ်မှုများကိုလည်း လေ့လာနေသည်ဟုၿငင်းကဆက်လက်ပြောသည်။ မစ္စတာဂျော့ချ်၊ အိတ်၊ ဒဗလျူဘုရှ်သည် ယခုအခါ အသက် ၈၈ နှစ်ရှိပြီဖြစ်ပြီး မကြာသေးမီက ဆေးရုံတင်ခဲ့ရသည်။ အသေးစိတ် အချက်အလက်များကိုမူ ပြောခွင့်ရပုဂ္ဂိုလ်က မပြောခဲ့ပေ။

စုံစမ်းစစ်ဆေးရေး ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော The Smoking Gun ဝက်ဘ်ဆိုက်က ဟက်ကာများသည် အမေရိကန်သမ္မတဟောင်းများနှင့် ၎င်းတို့မိသားစုဝင်များနှင့် သက်ဆိုင်သော အီးမေးလ်များကို ဖောက်ထွင်းဝင်ရောက်၍ ၎င်းတို့၏ ဓာတ်ပုံများနှင့် ပုဂ္ဂိုလ်ရေး စာရေးသားဆက်သွယ်မှုများကို အင်တာနက်ပေါ်တွင် တင်ထားကြောင်း ဖော်ပြထားသည်။

ထို့အပြင် ဟက်ကာတစ်ဦးသည် သမ္မတဟောင်း ဂျော့ချ်၊ ဒဗလျူ၊ ဘုရှ်က ၎င်း၏ညီမဖြစ်သူထံပေးပို့သော ၎င်းဆွဲနေသော ပန်းချီကားများ၊ ရေချိုးနေပုံ အစရှိသည့် ဓာတ်ပုံများကိုလည်းကြားဖြတ်ရယူခဲ့သည်ဟု The Smoking Gun သတင်းတွင် ဖော်ပြထားသည်။

—*Ref: AFP*






7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

# ၂၀၁၃ ဂရမ်မီဆုရှင်များနှင့် ဆုရအယ်လ်ဘမ်များ

**လော့စ်အိန်ဂျလိစ်၊ ဖေဖော်ဝါရီ-၁၁**

၂၀၁၃ ခုနှစ်အတွက် ပေးအပ်ချီးမြှင့်သည့် ဂရမ်မီဂီတထူးချွန်ဆုများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပပြီးစီးခဲ့ရာ ရော့ခ်၊ ပေ့ါပ်၊ ကန်းထရီး၊ ဂျက်ဇ်၊ လက်တင်၊ ရပ်ပ် စသဖြင့် ဂီတအမျိုးအစား အစုံအလင်အတွက် ဆုအမျိုးအစားပေါင်း (၈၁)မျိုး ချီးမြှင့်ပေးခဲ့သည်။ ဆုရရှိသူများစာရင်းထွက်ပေါ်ခဲ့ပြီး ယင်းတို့မှ အဓိက ဂီတအမျိုးအစားများ၊ အဓိက ဂီတအဆိုရှင်များ၏ ဆုများစာရင်းကို ဖော်ပြလိုက်ပါသည်။

*—Ref: E! online*

(၁) **အကောင်းဆုံးအော်လ်တာနေးတစ်ဂီတအယ်လ်ဘမ်**
**Goyte အဖွဲ့ ၏ Making Mirror အယ်လ်ဘမ်**

(၂) **အကောင်းဆုံး ရော့ခ်အယ်လ်ဘမ်**
**The Block Keys ၏ El Camino**

(၃) **အကောင်းဆုံး ကမ္ဘာ့ဂီတအယ်လ်ဘမ်**
**ရာဗီရှန်ကာ၏ The Living Room Sessions**

(၄) **အကောင်းဆုံး R & B အယ်လ်ဘမ်**
**ရောဘတ်ဂလတ်စပါ၏ Black Radio**

(၅) **အကောင်းဆုံး ဘလူးစ်အယ်လ်ဘမ်**
**Dr. John ၏ Locked Down**

(၆) **တစ်နှစ်တာ အကောင်းဆုံးအယ်လ်ဘမ်**
**Mumford & Sons ၏ Babel**

(၇) **အကောင်းဆုံး ပေ့ါပ်အဆိုတော်**
**အဒဲလ် (Set Fire to the Rain)**

(၈) **အကောင်းဆုံး ကန်းထရီးအဆိုတော်**
**ကယ်ရီအန်ဒါဝုဒ် (Blown Away)**


(၉) **တစ်နှစ်တာသီချင်းဆု**
**Fun and Janelle Monae ၏ "We Are Young"**


(၁၀) **အကောင်းဆုံးရော့ခ်အဆိုတော်**
**The Black Keys (Lonely Boy)**

(၁၁) **အကောင်းဆုံးပေ့ါပ်အယ်လ်ဘမ်**
**ကယ်လီကလာ့က်ဆင်၏ Stronger**

(၁၂) **အကောင်းဆုံးကန်းထရီးအယ်လ်ဘမ်**
**Zac Brown Band ၏ Uncaged**















# ဖိလစ်ပိုင်မှ ကမ္ဘာ့အကြီးဆုံး မိကျောင်းကြီး သေဆုံး

**မနီလာ၊ဖေဖော်ဝါရီ-၁၁**

ဖမ်းဆီးရမိသမျှတွင် ကမ္ဘာ့အကြီးဆုံး ရေငန်မိကျောင်းအဖြစ် စံချိန်တင်ထားသော ‘လိုလောင်’ အမည်ရ ဖိလစ်ပိုင်နိုင်ငံမှ မိကျောင်းကြီးသည် နိုင်ငံတောင်ပိုင်း ဘူနာဝန်မြို့ရှိ ခရီးသွားဥယျာဉ်အတွင်း ဖေဖော်ဝါရီ ၁၀ ရက်တွင် သေဆုံးသွားကြောင်း မြို့တော်ဝန်က ပြောကြားသည်။

အလေးချိန်တစ်တန်ခန့်ရှိပြီး အနည်းဆုံး လူတစ်ဦးခန့်ကို ဖမ်းယူစားသောက်ဖူးသည့် ယင်းမိကျောင်းကြီးကို ၂၀၁၁ စက်တင်ဘာလတွင် ဖမ်းဆီးမိခဲ့ခြင်းဖြစ်ပြီး ထိုမှစ၍ ဘူနာဝန်ရှိ သဘာဝခရီးသွားဥယျာဉ်၌ ထားရှိခဲ့ရာ နိုင်ငံခြားခရီးသွား အများအပြား လာရောက်ကြည့်ရှုရာ နေရာတစ်ခုဖြစ်လာခဲ့သည်။ လိုလောင် မိကျောင်းကြီးသည် အရှည် ၆ ဒသမ ၄ မီတာ (၂၁ ပေ)နှင့် အလေးချိန် ၁,၀၇၅ ကီလိုဂရမ် (၂,၃၇၀ ပေါင်)ရှိသည်။ ဘူနာဝန်မြို့တော်ဝန်အက်ဒွင်အယ်လိုဒီကလိုလောင်သည် ပြီးခဲ့သည့်လမှစ၍ အစားမစားတော့ဘဲ ၎င်း၏အကြေးခွံများမှာ အရောင်ပြောင်းလဲလာခြင်းကိုတွေ့ရသည်ဟု ဖိလစ်ပိုင်ဒေးလီးအင်ကွိုင်ယာ သတင်းစာအား ပြောသည်။

ယခုအခါ ‘လိုလောင်’ မိကျောင်းကြီး သေဆုံးခဲ့ပြီဖြစ်၍ သြစတြေးလျနိုင်ငံ ကွင်းစလန်ရှိ ကိုင်ရန်စ်မြို့အနီး မိကျောင်းမွေးမြူရေးစခန်းမှ အရှည် ၅ ဒသမ ၄၈ မီတာရှိသည့် ‘ကတ်ဆီးယပ်စ်’ အမည်ရ ရေငန်မိကျောင်းမှာ ကမ္ဘာ့အကြီးဆုံးမိကျောင်း စံချိန်ကို ပြန်လည်ရဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

*—Ref: BBC*



*ဖိလစ်ပိုင်နိုင်ငံ ဘူနာဝန်ရှိ သဘာဝဥယျာဉ်တွင် လိုလောင်မိကျောင်းကြီးအနား၌ ရေခဲတုံးများ ချထားပေးနေသော လုပ်သားတစ်ဦး*

# ဝန်ကြီးချုပ်နေရာ ခန့်အပ်ရန် အများသဘောတူညီမှု ရယူသွားမည်ဟု ဂျော်ဒန်ဘုရင်ပြောကြား

**အမန်၊ဖေဖော်ဝါရီ-၁၁**

နိုင်ငံ၏ ဝန်ကြီးချုပ်နေရာအတွက် အမည်စာရင်း တင်သွင်းခြင်း မပြုမီ အများသဘောတူညီချက် ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ(၂)က အသစ်ရွေးကောက် တင်မြှောက်ခံရသော ပါလီမန်အမတ်များကို ပြောကြားလိုက်ပြီး ဂျော်ဒန်နိုင်ငံတွင် ပါလီမန်အစိုးရဖြစ်ပေါ်ရေး သမိုင်းဝင် အသွင်ကူးပြောင်းမှုအပေါ် ၎င်းကချီးကျူးပြောဆိုသည်။

“ဝန်ကြီးချုပ်ခန့်အပ်ဖို့ရာ အများသဘောတူညီချက် ရရှိနိုင်ရေးအတွက် အစိုးရဖွဲ့စည်းပုံကို ပါလီမန်ဆိုင်ရာအုပ်စုတွေ၊ အောက်လွှတ်တော်အမတ်တွေနဲ့ဆွေးနွေးတိုင်ပင်ပြီး ချဉ်းကပ်ပုံအသစ်ကို ကျွန်တော်တို့စတင်ပါမယ်”ဟု ပါလီမန်အဖွင့်မိန့်ခွန်းတွင် ဂျော်ဒန်ဘုရင်က ပြောကြားသည်။

ဝန်ကြီးချုပ်ဖြစ်လာသူကလည်း ၎င်း၏ဝန်ကြီးအဖွဲ့ ရွေးချယ်ရေးအတွက် ပါလီမန်အုပ်စုများ၊ အခြားအင်အားစုများနှင့် ဆွေးနွေး၍ ယင်းသို့ ဆွေးနွေးမှုများမှ ထွက်ပေါ်လာသော ပေါ်လစီကြေညာချက်နှင့် နောင်လာမည့် လေးနှစ်တွင် ဖော်ဆောင်မည့် အစီအစဉ်များအပေါ် ယုံကြည်မှုရရှိရန် ဆောင်ရွက်သင့်သည်ဟု ဘုရင်အဗ္ဗဒူလာက ပြောကြားသည်။

လွန်ခဲ့သော ခြောက်ရက်က ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲတွင် လူမျိုးစုခေါင်းဆောင်များ၊ လက်ရှိ အစိုးရသစ္စာခံများ၊ အမှီအခိုကင်း စီးပွားရေးသမားများ အောင်ပွဲခံပြီးနောက် လက်ရှိဝန်ကြီးချုပ် အဗ္ဗဒူလာနူဆာက ၎င်း၏အစိုးရနုတ်ထွက်စာကို ဘုရင်ထံ တင်သွင်းခဲ့သည်။ မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ကမူ ယင်းရွေးကောက်ပွဲအား သပိတ်မှောက်ခဲ့သည်။ *—Ref: AFP*






7DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013



# အမေရိကန်နိုင်ငံ၌ သမိုင်းတွင်သော နှင်းမုန်တိုင်း ကျရောက်

**နယူးယောက်၊ဖေဖော်ဝါရီ-၉**

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ကြီးမားသော နှင်းမုန်တိုင်းကျရောက်ပြီး ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့၍ နယူးယောက်မြို့မှ ဘော်စတွန်မြို့အထိ ကား၊ ရထားနှင့် လေယာဉ်ခရီးစဉ်များ ရပ်တန့်သွားခဲ့ပြီး လျှပ်စစ်ဓာတ်အားများလည်း ပြတ်တောက်ခဲ့သည်။

မက်ဆာချူးဆက်၊ ရိုးဒ်ကျွန်း၊ နယူးယောက်၊ ကွန်နက်တီကတ်မိန်းပြည်နယ်များတွင် အရေးပေါ်အနေအထားများ ဖြစ်ပေါ်နေပြီး ယင်းဒေသတွင် နေထိုင်သူ ပြည်သူ သန်းပေါင်းများစွာကိုလည်း အိမ်တွင်းများ၌သာနေရန် သတိပေးချက်များ ထုတ်ပြန်ထားသည်။

မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဒီဗယ်ပက်ထရစ်က မသုံးမဖြစ်သော ယာဉ်များမှလွဲ၍ ကျန်မော်တော်ယာဉ်များကို ပြည်နယ်လမ်းမများပေါ်၌ သွားလာခြင်းကိုပိတ်ပင်ထားသည်။ မိုးလေဝသနှင့်ဇလဗေဒ ပညာရှင်များကလည်း ယခုနှင်းမုန်တိုင်းမှာ ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံးဖြစ်နိုင်ကြောင်း ပြောကြားသည်။




Photo - AFP

*အမေရိကန်နိုင်ငံအရှေ့မြောက်ပိုင်းဒေသအား ထိခိုက်ခဲ့သော နှင်းမုန်တိုင်းကျရောက်နေစဉ် နယူးယောက်မြို့ တိုင်းမ်စကွဲယား၌ တက္ကစီအငှားယာဉ်ရရန်ကြိုးစားနေသော မိန်းကလေးနှစ်ဦး။ အဆိုပါမုန်တိုင်းမှာ အမေရိကန်၏ လူနေထူထပ်သောဒေသတစ်လျှောက် ယခုနှစ် ဆောင်းရာသီတွင် ကျရောက်နေသည့် အပြင်းထန်ဆုံး နှင်းမုန်တိုင်းဖြစ်သည်။*

လေယာဉ်ခရီးစဉ်ပေါင်း ၄၃၀၀ ကျော်ကိုလည်း ပယ်ဖျက်ခဲ့ပြီး အများအားဖြင့် နယူးယောက်မြို့အဓိကလေယာဉ်ကွင်းကြီး သုံးခုမှ အဝင်၊ အထွက် ခရီးစဉ်များဖြစ်သည်။ ရထားကုမ္ပဏီ Amtrak ကလည်း နယူးယောက်မြို့မြောက်ပိုင်း ရထားပြေးဆွဲခြင်းကို ရပ်ဆိုင်းထားလိုက်သည်။

ယခုမုန်တိုင်းကြောင့် လူပေါင်း ၂၅ သန်း ထိခိုက်ခဲ့ရပြီး ပြည်သူများအနေဖြင့် အစားအစာနှင့် အခြားလိုအပ်သော ပစ္စည်းများ သိုလှောင်သိမ်းဆည်းထားကြရန်နှင့် လမ်းမများပေါ် သွားလာခြင်းမှ ဆင်ခြင်ကြရန် သတိပေးထားသည်။ မက်ဆာချူးဆက်၊ ရို့ဒ်ကျွန်းနှင့် ကွန်နက်တီကတ်ပြည်နယ်များတွင် နေအိမ်ပေါင်း ၃၃၀,၀၀၀ တွင် လျှပ်စစ်မီးများ ပြတ်တောက်နေသည်။

*—Ref: BBC*

# သမိုင်းဝင် ဘတ်ဂျက်ဖြတ်တောက်မှု အစီအစဉ် အီးယူနိုင်ငံများ သဘောတူ

**ဘရပ်ဆဲလ်၊ဖေဖော်ဝါရီ-၉**

ဥရောပသမဂ္ဂခေါင်းဆောင်များသည် နှစ်ပေါင်း ၆၀ အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အီးယူ၏ ဘတ်ဂျက်ငွေကို လျှော့ချဖြတ်တောက်သွားရန် သဘောတူညီလိုက်သည်။ ယင်းမတိုင်မီက ရှေ့လာမည့် ခုနစ်နှစ်အတွင်း မည်သည့်ကိစ္စများ ဦးစားပေးမည်ဆိုခြင်းနှင့်ပတ်သက်၍ ခေါင်းဆောင်များအကြား သိသာစွာ သဘောထားကွဲလွဲခဲ့ပြီး ညလုံးပေါက် မာရသွန်ဆွေးနွေးပွဲများ ကျင်းပခဲ့ရသည်။

"သဘောတူညီချက် ရသွားပြီ"ဟု အီးယူခေါင်းဆောင် ၂၇ ဦးကြား ၂၄ နာရီကျော်ကြာ ဆွေးနွေးမှုများအပြီးတွင် အီးယူဥက္ကဋ္ဌ ဟာမန်းဗန်ရွန်ပေးက ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားသည်။

"ဒီထဲမှာ လူတိုင်းအတွက် အများကြီးပါဝင်ပါတယ်"ဟု မစ္စတာရွန်ပေးက ပြောကြားခဲ့ပြီး ၂၀၁၄မှ ၂၀၂၀ ခုနှစ်အတွင်း ခြိုးခြံချွေတာရေးဘတ်ဂျက်တွင်ဥရောပခေါင်းဆောင်များထံမှ စုပေါင်းတာဝန်ယူမှု စိတ်ဓာတ်ကို ထည့်သွင်းဌာပနာထားသည်ဟု ၎င်းက ပြောကြားသည်။

ဥရောပတစ်ဝန်းခြိုးခြံချွေတာမှုများ လုပ်ဆောင်နေချိန်တွင် အီးယူအနေဖြင့် အသုံးစရိတ်များ မတိုးမြှင့်သင့်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဦးဆောင်တွန်းအားပေးခဲ့ပြီး ခေါင်းဆောင်များကလည်း ယခင် ဘတ်ဂျက်မှ သုံးရာခိုင်နှုန်းခန့် လျှော့ချရန် သဘောတူညီခဲ့သည်။

ပြင်သစ်နှင့် အီတလီနိုင်ငံတို့ကမူ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်များ ဖန်တီးနိုင်ရန် သုံးစွဲမှုများကို မြှင့်တင်လိုကြသည်။ သို့ရာတွင် နောက်ဆုံးထွက်ပေါ်လာသော သဘောတူညီမှုမှာ အားလုံးပါဝင်ညှိနှိုင်းမှု၏ ရလဒ်ဖြစ်ကြောင်းနှင့် ယင်းအတွက် ဝမ်းမြောက်မိကြောင်း ဂျာမနီအဓိပတိ မစ္စစ်အန်ဂျလာမာကယ်လ်က ပြောကြားသည်။

*—Ref: AFP*





**INTERVIEW**

"လူတိုင်းဟာ ဆီးရီးယားကို
ငရဲပြည်ထဲကျမသွားအောင် ကူညီသင့်ပါတယ်"

ဆီးရီးယားလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဖိုင်ဆယ်လ်အယ်လ်မက်ကဒ်နှင့် တွေ့ဆုံခြင်း

စာမျက်နှာ(၄၆)သို့ »



**NEWS ANALYSIS**

ယနေ့အာရှနှင့်
ပထမကမ္ဘာစစ်မတိုင်မီက
ဥရောပ

စာမျက်နှာ(၃၆)သို့ »

**PHILIPPINES**

ဖိလစ်ပိုင်မှ ကမ္ဘာ့အကြီးဆုံး
မိကျောင်းကြီး သေဆုံး

စာမျက်နှာ(၅၄)သို့ »




7 DAY NEWS JOURNAL

# International

Vol.11, No.49 • FEBUARY 14 , 2013


## အမေရိကန်က ကိုယ်လိုရာ ကောက်ချက်ချကာ စွပ်စွဲခဲ့ကြောင်း မြောက်ကိုရီးယား တုံ့ပြန်ကြေညာ

**ဆိုးလ်၊ဖေဖော်ဝါရီ-၁၁**

မြောက်ကိုရီးယားနိုင်ငံပိုင်မီဒီယာက အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယားနိုင်ငံမှ နျူစမ်းသပ်မှုပြုလုပ်တော့မည်ဟု အချက်အလက်များ ကျော်လွန်ကာ ကောက်ချက်ချ စွပ်စွဲခဲ့ကြောင်း ဖော်ပြလိုက်သည်။

ပြုံယမ်းမှ ရန်ပုံငွေထောက်ပံ့ပြီး ထုတ်ဝေသည့် ဂျပန်အခြေစိုက် တန်ဂျီလ်ဆင်ဘို အပတ်စဉ်ထုတ် မဂ္ဂဇင်း၏ ခေါင်းကြီးပိုင်းတွင် အမေရိကန်နှင့် ၎င်း၏မဟာမိတ် တောင်ကိုရီးယားတို့သည် မြောက်ကိုရီးယားဘက်မှ မည်သို့လုပ်ဆောင်မည်ကို သေချာသိရှိခြင်းမရှိဘဲ အချက်အလက်များ ရောထွေးစူးစမ်းခဲ့ကြောင်း ထောက်ပြခဲ့သည်။ မြောက်ကိုရီးယားအစိုးရ၏ ဝက်ဘ်ဆိုက် Uriminzokkiri တွင်လည်း ဖော်ပြခဲ့သည့် ယင်းခေါင်းကြီးပိုင်း၌

"အမေရိကန်နဲ့ ရန်သူတွေဟာ သူတို့ ကိုယ်ပိုင်မှန်းဆချက်၊ အဆိုပြုချက်တွေကို အခြေခံပြီး ကျွန်ုပ်တို့ တတိယအကြိမ်မြောက် နျူစမ်းသပ်မှု လုပ်တော့မှာပဲလို့ ကျော်လွှားကောက်ချက်ဆွဲခဲ့ပါတယ်။ သူတို့ဟာ ဘယ်လိုအရေးပါတဲ့ နိုင်ငံတော်အဆင့် လုပ်ဆောင်မှုတွေ လုပ်တော့မယ်ဆိုတာနဲ့ ပတ်သက်ပြီး သဲလွန်စတစ်ခုမှမရှိဘဲ ရောထွေးစူးစမ်းခဲ့ကြပါတယ်"ဟု ရေးသားထားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးအာဏာပိုင်အဖွဲ့ဖြစ်သော အမျိုးသားကာကွယ်ရေး

စာမျက်နှာ(၄၅)သို့ »




Photo - AFP

(၅၅)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကို လော့စ်အိန်ဂျလိစ်ရှိ စတေပယ်လ်စ်စင်တာတွင်ကျင်းပရာ We Are Young သီချင်းဖြင့် တစ်နှစ်တာသီချင်းဆုကို ရရှိသွားသော fun. အဖွဲ့မှ နိတ်ရုစ်၊အင်ဒရူးဒေ့ါစ်နှင့် ဂျက်အန်တိုနော့ဖ်တို့ကို ဆုလက်ခံယူပြီး တွေ့ရစဉ်

## လူသတ်မှုများ ကျူးလွန်ခဲ့သော လော့စ်အိန်ဂျလိစ် ရဲအရာရှိဟောင်းအား ဒေါ်လာတစ်သန်း ဆုငွေထုတ်ထား



ကန်ဒေါ်လာတစ်သန်း ဆုငွေထုတ်ထားခြင်း ခံရသော ခရစ်တိုဖာဒေါ



အသတ်ခံရသူ အသက် ၂၈ နှစ်အရွယ် အမျိုးသမီး

**ကယ်လီဖိုးနီးယား၊ ဖေဖော်ဝါရီ-၁၁**

လူသုံးဦးအား သတ်ဖြတ်ခဲ့သည်ဟု ယူဆရပြီး ထွက်ပြေးတိမ်းရှောင်နေသော အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ရဲတပ်ဖွဲ့ဝင်ဟောင်းအား ဖမ်းဆီးနိုင်မည့် သတင်းပေးနိုင်ပါက ဆုငွေကန်ဒေါ်လာတစ်သန်း ပေးမည်ဟု လော့စ်အိန်ဂျလိစ် အာဏာပိုင်များက ထုတ်ပြန်ထားသည်။

ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် ယခင်ရက်သတ္တပတ်အတွင်း တိုက်ခိုက်မှုများ လုပ်ဆောင်ပြီးနောက် ခရစ်တိုဖာဒေါနာ(၃၃ နှစ်)သည် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အမေရိကန်ရေတပ် အရန်တပ်ဖွဲ့ဝင်လည်းဖြစ်သူ ခရစ်တိုဖာသည် ၂၀၀၈ ခုနှစ်က ရဲတပ်ဖွဲ့မှ ထုတ်ပယ်ခံရခြင်းကို

စာမျက်နှာ(၄၅)သို့ »



Photo - AFP

အလာဟာဘတ်မြို့တွင် ဖေဖော်ဝါရီ ၁၀ ရက်က ဖြစ်ပွားခဲ့သော မတော်တဆလူနင်းခံရမှုတွင် သေဆုံးခဲ့ရသော ဆွေမျိုးတစ်ဦးအတွက် ရဲတပ်ဖွဲ့ကို အပြစ်တင်နေသော လူတစ်ဦး

## ဂင်္ဂါမြစ်အတွင်း ရေဆင်းချိုးသည့် အိန္ဒိယဘာသာရေးပွဲတော်တွင် လူနင်းခံရမှုကြောင့် ၃၆ ဦး သေဆုံး

**အယ်လာဟာဘတ်၊ ဖေဖော်ဝါရီ-၁၁**

အိန္ဒိယနိုင်ငံ၏ ဟိန္ဒူဘာသာရေးပွဲတော်တစ်ရပ်ဖြစ်သော ကမ်ဘာမီလာခေါ် ဂင်္ဂါမြစ်အတွင်း ရေဆင်းချိုးသည့် ပွဲတော်ကာလတွင် ဘုရားဖူးများအကြား မတော်တဆ လူနင်းခံရမှုကြောင့် အနည်းဆုံး လူ ၃၆ ဦး သေဆုံးခဲ့ရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၀ ရက်က အယ်လာဟာဘတ်ရှိ မီးရထားဘူတာရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူဒါဇင်ပေါင်းများစွာလည်း ဒဏ်ရာရရှိခဲ့သည်။

ဒေသခံအရာရှိများက ဘူတာရှိ တံတားတစ်ခုမှာ လူအများအပြား၏ တက်ရောက်မှု ဝန်အားကြောင့် ကျိုးပျက်ခဲ့ရပြီး ရဲအဖွဲ့က လူစုခွဲရန် ကြိုးပမ်းရာတွင် လူများအကြား အထိတ်တလန့် ဖြစ်ပွားခဲ့ကြောင်း ဆိုသည်။ လူနင်းခံရမှုကြောင့် သေဆုံးသူများတွင် အမျိုးသမီး ၁၄ ဦးနှင့် အမျိုးသားခြောက်ဦးပါဝင်ပြီး သေဆုံးသူများထဲမှ အငယ်ဆုံးမှာ ရှစ်နှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ကာ အသက်အကြီးဆုံးမှာ ၇၅ နှစ်အရွယ် အမျိုးသားကြီးတစ်ဦးဖြစ်သည်။

စာမျက်နှာ(၄၅)သို့ »




၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.49 • FEBRUARY 14 , 2013

# သမ္မတအပါအဝင် မည်သူ့ကိုမဆို စစ်ဆေးအရေးယူနိုင်မည့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်းကို အတည်ပြု

**မင်းဟိန်းကျော်၊ထူးသန့်**
**ရန်ကုန်၊ဖေဖော်ဝါရီ-၁၁**

နိုင်ငံတော်သမ္မတ အပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် အစိုးရဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးအရေးယူနိုင်မည့် လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်ပြီဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီဝင် ဒေါက်တာမြတ်ဉာဏစိုးကပြောသည်။

“ဒီဥပဒေအရတိုင်ကြားလာရင် ဘယ်သူ့ကိုမဆို ကော်မရှင်က စစ်ဆေးခွင့်ရှိပြီး သက်ဆိုင်ရာ တရားရုံးတွေကို တရားစွဲဖို့ တင်ပို့ခွင့်ရှိပါတယ်။ နိုင်ငံတော်သမ္မတက စစ်ဆေးခွင့်ရှိပါတယ်” ဟု ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်အဆင့်ရှိ ပုဂ္ဂိုလ်များအား စစ်ဆေးရန်ရှိလာပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားရုံးများသို့ အဆိုပါဥပဒေမှ စစ်ဆေးအရေးယူခွင့် ပေးထားပြီး ၎င်းတရားရုံးများအပေါ် အုပ်ချုပ်ရေးအဖွဲ့များမှ ဩဇာလွှမ်းမိုးခံရကြောင်း ကော်မရှင်မှ ယူဆပါက အထူးတရားရုံးများဖွဲ့စည်းဆောင်ရွက်ခွင့်ကို ဥပဒေအရ ပေးအပ်ထားကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောသည်။

အဆိုပါဥပဒေကိုအမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ဥပဒေကြမ်း ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ရေးဆွဲထားသည့်အတိုင်း ပြင်ဆင်မှုမရှိဘဲ လွှတ်တော်မှ အတည်ပြုခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က “လာဘ်ပေးလာဘ်ယူ ပပျောက်ရေးဥပဒေကြမ်း”ဟု အမည်ပေးပြီး ပြည်သူ့လွှတ်တော်က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကြမ်းဟု အမည်ပေးလိုသောကြောင့် ဖေဖော်ဝါရီ ၈ ရက်က ကျင်းပသော ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေး ဥပဒေကြမ်းဟူသော အမည်ကို အတည်ပြုခဲ့သည်။

ဥပဒေအရ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ကို လွတ်လပ်သောအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှ အဖွဲ့ဝင်ငါးဦးစီ ရွေးချယ်တာဝန်ပေးရမည်ဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ ပိုင်ဆိုင်မှုစာရင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်ဖြစ်သည်။

ကော်မရှင်သို့ တိုင်ကြားမှုများအား စစ်ဆေးနိုင်ရန်အတွက် ကော်မရှင်သည် စစ်ဆေးရေးမှူးချုပ်ဦးဆောင်သောစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဖြစ်ပြီး အဆိုပါအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များသည် ရဲအရာရှိတစ်ဦး၏ လုပ်ပိုင်ခွင့်နှင့် ကင်းလွတ်ခွင့်များ ရရှိစေရမည်ဖြစ်ကြောင်း ၎င်းဥပဒေ အခန်း(၆)တွင် ဖော်ပြထားသည်။ အစိုးရဝန်ထမ်းများ၏ လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ဖဆပလ အစိုးရလက်ထက်တွင် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ၎င်းအဖွဲ့အစည်းသည် ယခုတိုင်တည်ရှိနေသည်။

ထို့အပြင် ၎င်းဥပဒေအရ စစ်ဆေးခံရပြီးပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၁၅ နှစ်အထိ ချမှတ်အပြစ်ပေးနိုင်မည်ဖြစ်သည်။

လာဘ်ပေးလာဘ်ယူမှုလျော့နည်း ကင်းရှင်းစေရေးအတွက် ရည်ရွယ်ကာဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ဇန်နဝါရီ ၈ ရက်တွင် အမိန့်အမှတ် ၉/၂၀၁၃ ဖြင့် အမိန့်ထုတ်ပြန်ဖွဲ့စည်းခဲ့သည်။

# ရန်ကုန်နှင့် သံတွဲလေဆိပ်အား သဘာဝဝန်းကျင်လေဆိပ်အဖြစ် ငါးနှစ်အတွင်း ပြောင်းလဲမည်

**ခန့်ထက်၊ အိဖြူလွင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ -၇**



*ရန်ကုန်လေဆိပ်တစ်နေရာ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူဖြစ်ရန်အတွက် ရန်ကုန်နှင့် သံတွဲလေဆိပ်များကို Eco-Airport များအဖြစ်ငါးနှစ်အတွင်း ပြောင်းလဲတည်ဆောက်ရန် လျာထားကြောင်း အာဆီယံ-ဂျပန် ပူးပေါင်းကျင်းပသည့် ပို့ဆောင်ရေးကဏ္ဍကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ထိန်းသိမ်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ သတင်းရရှိသည်။

Eco-Airport ဆိုသည်မှာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချခြင်း၊ အသံဆူညံမှု လျှော့ချခြင်း၊ လေဆိပ်အတွင်း လေအေးပေးစက် အသုံးမပြုစေခြင်း၊ လျှပ်စစ်စွမ်းအင်ကို လေအားနှင့် ဆိုလာစနစ်တို့မှ ထုတ်ယူခြင်းစသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ကျစေသောလေဆိပ်အမျိုးအစားဖြစ်သည်။

ပင်လယ်ကမ်းခြေ လေဆိပ်တစ်ခုဖြစ်သည့် သံတွဲလေဆိပ်တွင် လျာထားလေ့လာမှုများကို ပြုလုပ်နေကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်နိုင်ထွန်းက ပြောသည်။

“ Eco-Airport ဖြစ်ဖို့အတွက် ဆင်းတဲ့လေယာဉ်တွေကို ကန့်သတ် ရမယ်။ ဥပမာ-ဂျက် F-28 လေယာဉ်တွေ ဆိုရင် ကာဗွန်ဒိုင်အောက် ဆိုက်ထုတ်လွှတ်မှု များတယ်။ အဲဒီလို လေယာဉ်မျိုးကို ပေးမဆင်းဘူး။ နည်းတဲ့ ATR-72 ဆိုရင်တော့ ပေးဆင်းမယ်။ ဒီလိုကန့်သတ်ရမှာ” ဟု ဦးတင်နိုင်ထွန်းက ဆိုသည်။

လေဆိပ်များတွင် အသံဆူညံမှုကို လျှော့ချနိုင်ရေးအတွက် မြေပိုများ ချန်လှပ်ထားခြင်း၊ လေဆိပ်နှင့် လေဆိပ်အနီးရှိအဆောက်အအုံများအား အသံစုပ်ယူသော နံရံများဖြင့် တည်ဆောက်ခြင်း၊ လေယာဉ်တက်၊ ဆင်းချိန်အား သတ်မှတ်ခြင်း၊ နည်းပညာမြင့်ပြီး အသံဆူညံမှု နည်းသော လေယာဉ်အမျိုးအစားများ အသုံးပြုစေခြင်းစသည့် အချက်များဖြင့် လျှော့ချနိုင်ကြောင်း တိုကျို တက္ကသိုလ် တွဲဖက်ပါမောက္ခ ဒေါက်တာကာတိုက အာဆီယံ-ဂျပန် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ဒီလိုလေဆိပ်မျိုး လုပ်မယ်ဆိုပြီးတော့ ဂျပန်နဲ့ ဆွေးနွေးနေတာရှိပါတယ်။ ကျွန်တော်တို့ချည်းပဲ လုပ်လို့မရပါဘူး။ ကန့်သတ်ချက်တွေ ရှိနေပါတယ်ဟု ဦးတင်နိုင်ထွန်းက ပြောသည်။

ပို့ဆောင်ရေးကဏ္ဍကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျှော့ချရေးစီမံကိန်းကို မြန်မာနိုင်ငံက ၂၀၁၃ ခုနှစ် ဧပြီလတွင် အပြီး ရေးဆွဲရမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ အဆိုပါကဏ္ဍများအတွက် ကူညီသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်က ဒေါ်လာသန်း ၂၀၀ ကျော် ထောက်ပံ့မည်

**အောင်သူရ၊ ပြည်သိမ်း**
**ရန်ကုန်၊ ဖေဖော်ဝါရီ -၈**

နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့ကမြန်မာနိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော် ကူညီထောက်ပံ့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပညာရေး၊ ကျန်းမာရေး၊ မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအဆောက်အအုံ၊ ခရီးသွားလုပ်ငန်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အညာကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပါဝင်သော စီမံကိန်းများနှင့် နည်းပညာအထောက်အပံ့များအတွက် အမေရိကန် ဒေါ်လာသန်း ၅၀ ကူညီထောက်ပံ့မည်ဟု (ADB) ဥက္ကဋ္ဌက ပြောသည်။

“ပထမအနေနဲ့ အမေရိကန်ဒေါ်လာ ၂၃ သန်းကိုလူသားကျွမ်းကျင်မှုဆိုင်ရာနဲ့အဖွဲ့အစည်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်မြင့်မားမှုနဲ့နည်းပညာဆိုင်ရာ အထောက်အကူမှာသုံးမှာဖြစ်ပြီး ရေရရှိမှုအပါအဝင်မြို့ပြဖွံ့ဖြိုးအပိုင်းမှာတော့ ဒေါ်လာ ၁၇ သန်းသုံးဖို့လျာထားပါတယ်”ဟု ဖေဖော်ဝါရီလ ၈ ရက်နေ့တွင်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ (ADB) ဥက္ကဋ္ဌက ပြောသည်။

ထိုစီမံကိန်းများအား မတ်လကုန်ပိုင်းတွင် စတင်နိုင်မည်ဟု သတင်းရရှိသည်။

ထို့အပြင်ကမ္ဘာ့ဘဏ်အနေဖြင့်လည်း လျှပ်စစ်ဓာတ်အားပေးဝေရေးကဏ္ဍအပါအဝင် အခြားသော ဦးစားပေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ ၁၆၅ သန်းအား အတိုးနှုန်းလုံးဝမပါဘဲ မတည်ငွေအဖြစ်ပံ့ပိုးပေးမည်ဟု ကမ္ဘာ့ဘဏ်က သတင်းထုတ်ပြန်ခဲ့သည်။

အာရှဖွံ့ဖြိုးရေးဘဏ် အနေဖြင့် အဓိကရေရှည်အာရုံစိုက်ထားသောလုပ်ငန်းမှာ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းသစ်များပေါ်ထွက်လာရေးနှင့် ပြည်သူအားလုံးပါဝင်သောရေရှည်တည်တံ့သော စီးပွားရေးကို ဖန်တီးနိုင်မှု အတွက်ဖြစ်သည်ဟု ဥက္ကဋ္ဌဖြစ်သူ က ပြောကြားခဲ့သည်။

ထို့အပြင်အစိုးရဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးနှင့် ဖွဲ့စည်းပုံဆိုင်ရာစွမ်းရည်တိုးတက်စေရန်အတွက် အမေရိကန် ဒေါ်လာ ၄ ဒသမ ၅ သန်းကို ၃ နှစ်တာကာလအတွက်ကူညီသွားမည်ဟုလဲ သတင်းရရှိသည်။

မကြာသေးမီ ရက်ပိုင်း ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ကိုပေးရန်ရှိသောချေးငွေများအား ဂျပန်အကူအညီဖြင့် အချို့တစ်ဝက်ပြန်လည်ပေးဆပ်ခဲ့သဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်က ချေးငွေသစ်အဖြစ် အမေရိကန်ဒေါ်လာ ၅၁၂ သန်းနှင့် အမေရိကန်ဒေါ်လာ ၄၄၀ ကို ချေးငှားခဲ့သည်။

# နှစ် ၂၀ ကျော်ရပ်နားထားသော တရားဝင်ဖွံ့ဖြိုးရေး အကူအညီအဖြစ် ဂျပန်က ချေးငွေ ယန်း၆၆ဘီလီယံပေး

**ထွန်းခိုင်၊ထူးသန့်**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က မြန်မာနိုင်ငံအတွက် နှစ် ၂၀ ကျော် ပေးအပ်ခြင်းမရှိဘဲ ရပ်ထားသော တရားဝင်ဖွံ့ဖြိုးရေး အကူအညီ (ODA) အဖြစ် ဂျပန်ယန်း ၆၆ ဘီလီယံ ထုတ်ချေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြောကြားသွားခဲ့သည်။

ကာလတန်ဖိုးအရ အမေရိကန်ဒေါ်လာ (၇၀၄ ဒသမ ၂၈ သန်း) ခန့်ဖြစ်သော အဆိုပါချေးငွေများကို ရန်ကုန်ရှိ သီလဝါ အထူးစီးပွားရေးဇုန်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကြံခင်းဘိလပ်မြေစက်ရုံ ပြန်လည်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်း၊ တိုင်းနှင့်ပြည်နယ်များတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများတွင် အသုံးပြုရန် ရည်ရွယ်ထားကြောင်းပြည်ထောင်စုဝန်ကြီးက ဆိုသည်။ အတိုးနှုန်းတစ်နှစ်လျှင် ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် ဆိုင်းငံ့ကာလ ၁၀ နှစ်၊ ပြန်ဆပ်ကာလ နှစ် ၃၀ စုစုပေါင်းနှစ်လေးဆယ်ကာလ သတ်မှတ်ထားသော အဆိုပါချေးငွေများထဲမှ ဂျပန်ယန်း ၂၀ ဘီလီယံကို သီလဝါအထူးစက်မှုဇုန်နှင့် ဆက်စပ်သော အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ပထမအဆင့်တွင် အသုံးပြုသွားမည်ဟု သိရသည်။

ချေးငွေများထဲမှ ဂျပန်ယန်း ၂၉ ဘီလီယံကို ရန်ကုန်ရှိသာကေတနှင့် အလုံဓာတ်အားပေးစက်ရုံများပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတဓာတ်အားခွဲစက်ရုံများပြန်လည်တည်ဆောက်ခြင်း၊ လှော်ကား-ရွာမဓာတ်အားလိုင်း တည်ဆောက်ခြင်း၊ ကြံခင်းဘိလပ်မြေစက်ရုံ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း စီမံကိန်းများကို ဆောင်ရွက်သွားမည်ဟု ဦးဝင်းရှိန်က ပြောသည်။ ထို့ပြင် တိုင်းနှင့်ပြည်နယ် (၁၄)ခုရှိ လမ်းတံတားစီမံကိန်းများ၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ ကျေးလက်ရေပေးဝေရေးလုပ်ငန်းများအတွက် ချေးငွေများထဲမှ ဂျပန်ယန်း ၁၇ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ကြောင်းလည်း ၎င်းကဆိုသည်။

7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

## တရားရိပ်သာဝင်သော ဂျပန်နိုင်ငံသားတစ်ဦး ပျောက်ဆုံးနေ

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၁**

ရန်ကုန်မြို့ရှိ တရားရိပ်သာတစ်ခုတွင် တရားရိပ်သာဝင်နေသော ဂျပန်နိုင်ငံသားတစ်ဦး ပျောက်ဆုံးနေကြောင်း သတင်းရရှိသည်။

အသက် ၄၃ နှစ်ရှိဂျပန်နိုင်ငံသား Mr. Naohito Sugimura သည်ရန်ကုန်မြို့၊ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ချမ်းမြေ့ရိပ်သာတွင် ဇန်နဝါရီ ၂၃ရက် နံနက်မှစ၍ လာရောက် တရားအားထုတ်နေစဉ်ဇန်နဝါရီလ ၂၆ရက်တွင်စတင် ပျောက်ဆုံးခြင်းဖြစ်သည်။

အဆိုပါ ဂျပန်နိုင်ငံသားသည် မြန်မာနိုင်ငံတွင် တရားစခန်းဝင်ရန် သုံးကြိမ်မြောက် ရောက်ရှိလာခြင်းဖြစ်ပြီး ယခုတစ်ကြိမ်တွင် ရဟန်းဝတ်ရန် ကျောင်းထိုင်ဆရာတော်ထံ ခွင့်ပန်သော်လည်း ရိပ်သာမှတာဝန်ရှိသူများက တိုးရစ်ဗီဇာဖြင့်လာသူဖြစ်၍ ရိပ်သာစည်းကမ်းအရ ခွင့်မပြုခဲ့ပေ။ တရားရိပ်သာရောက်ပြီး သုံးရက်မြောက်ဖြစ်သော ဇန်နဝါရီ ၂၅ ရက်တွင် ရိပ်သာစည်းကမ်းအတိုင်း အခန်းတစ်ခန်း၌တရားအားထုတ်သူအဖော်နှစ်ဦးစီဖြစ်စေရန် အခန်းဖော် ကိုရီးယားနိုင်ငံသားတစ်ဦးအား စီစဉ်နေရာချထားပြီး နောက်တစ်နေ့နံနက်(ဇန်နဝါရီ ၂၆ရက်)တွင် ရိပ်သာမှပျောက်သွားခြင်းဖြစ်သည်။

ထို့ကြောင့် လူပျောက်ကြော်ငြာအား သတင်းစာနှင့် ဂျာနယ်များတွင် ထည့်ကာ မရမ်းကုန်းရဲစခန်းတွင်လည်း တိုင်ကြားထားကြောင်း သတင်းရရှိသည်။

အဆိုပါ ဂျပန်နိုင်ငံသားမှာ ပတ်စ်ပို့အပါအဝင်ငွေကြေးအသုံးအဆောင်ပစ္စည်း ဘာတစ်ခုမျှ ယူဆောင်မသွားသောကြောင့်တရားရိပ်သာကဂျပန်သံရုံးသို့အကြောင်းကြားရာ သံရုံးမှတာဝန်ရှိသူများလာရောက် သိမ်းဆည်းသွားကြောင်း သတင်းရရှိသည်။

## သတင်းထောက်များ၏အီးမေးလ် အစိုးရကျောထောက်နောက်ခံ ဟက်ကာများက တိုက်ခိုက်ဖွယ်ရှိဟု ဂူးဂဲလ် သတိပေး

**ဘန်ကောက်၊ဖေဖော်ဝါရီ-၁၁**

မြန်မာဂျာနယ်လစ်များ၏ အီးမေးလ်အကောင့်များသည် အစိုးရကျောထောက်နောက်ခံပြုထားသောဟက်ကာများ၏ထိုးဖောက်မှုကိုခံရဖွယ်ရှိကြောင်း ဂူးဂဲလ်ဝက်ဘ်ဆိုက်က သတိပေးစာများ ပေးပို့ခဲ့သည်။

တိုကျိုရှိဂူးဂဲလ်၏ ပြောခွင့်ရပုဂ္ဂိုလ် တတ်ချင်မီဒိုးစ်ကလည်း ဂူးဂဲလ်၏ ယင်းသတိပေးမှုများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ၎င်းအနေဖြင့် မထုတ်ပြန်နိုင်ကြောင်း၊ သို့သော် ဂူးဂဲလ်သည် ဖွန်လမှစ၍ သံသယရှိဖွယ် အပြုအမူများရှိသည့် အင်တာနက်အသုံးပြုသူများကို အသိပေးသည့်ပေါ်လစီအားစတင်ကျင့်သုံးခဲ့ကြောင်းပြောသည်။ ၎င်းက “နိုင်ငံတော်က စပွန်ဆာပေးထောက်ပံ့ထားတဲ့တိုက်ခိုက်မှုတွေရဲ့ ပစ်မှတ်တွေလို့ ကျွန်တော်တို့ သံသယရှိတဲ့အကောင့်တွေကိုအဲဒီလိုပုံစံမျိုး သတိပေးစာတွေ ကျွန်တော်တို့ ပေးပို့ခဲ့ကြောင်းတော့ အတည်ပြုနိုင်ပါတယ်”ဟုပြောသည်။

ဂူးဂဲလ်က တိုက်ခိုက်မှုတစ်ခုသည် “နိုင်ငံတော်မှ စပွန်ဆာပေးထောက်ပံ့မှု”ဟုတ်၊ မဟုတ်ကို မည်သို့ဆုံးဖြတ်ကြောင်း ထုတ်မပြောသကဲ့သို့ မည်သည့်အစိုးရသည် တိုက်ခိုက်မှုကို ဦးဆောင်နိုင်ဖွယ်ရှိကြောင်းကိုလည်း သတ်မှတ်ပြောဆိုခြင်း မရှိပေ။

“ဒီလိုတိုက်ခိုက်တာမျိုးက အစိုးရရဲ့ မူဝါဒမဟုတ်ဘူး။ အခု သတိပေးချက်ဟာ အရင်ဂူးဂဲလ်ကပို့တယ်ဆိုရင်လည်း ဘယ်နိုင်ငံအစိုးရ၊ ဘယ်အဖွဲ့အစည်းလဲဆိုတာ တိတိကျကျ ပြောဖို့ကောင်းတယ်။ ဒီလိုယေဘုယျရေးတာက မြန်မာအစိုးရရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုပုံရိပ်ကို ထိခိုက်စေပါတယ်” ဟု ဦးရဲထွဋ်က အစိုးရအပေါ် စွပ်စွဲမှုများရှိနေသည်နှင့်ပတ်သက်၍ ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရေးသားထားသည်။

ကိုးကား NYTimes

## မြစ်ဆုံစီမံကိန်းမှ စက်ပစ္စည်းများ တရုတ်နိုင်ငံသို့ ပြန်လည်သယ်ယူ

**အေးမြကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၁**

ရပ်နားထားသည်မှာ တစ်နှစ်ကျော်ကြာပြီဖြစ်သော မြစ်ဆုံစီမံကိန်းမှ စက်ပစ္စည်းများကို ဇန်နဝါရီလကုန်ပိုင်းမှ စတင်ကာ တရုတ်နိုင်ငံသို့ ပြန်လည်သယ်ယူနေပြီဖြစ်ကြောင်း ဧရာဝတီမြစ်ဆုံ၊ မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းကုမ္ပဏီမှ သတင်းရရှိသည်။

စက်ပစ္စည်းများကို ဇန်နဝါရီလကုန်ပိုင်းမှ စတင်ကာ တစ်ခေါက်လျှင်ကားအစီး ၂၀ဖြင့်တရုတ်နိုင်ငံနယ်စပ်ရှိ တိန်ချုန်းမြို့သို့ ပို့ဆောင်နေပြီး စီမံကိန်းအတွင်းတွင် အသေးစားအကြီးစား စက်ပစ္စည်းအရေအတွက်ပေါင်းတစ်ထောင်ကျော်ရှိကြောင်း သတင်းရရှိသည်။

စီမံကိန်းရပ်နားပြီးမကြာမီမှာပင် အစိုးရထံမှ ပစ္စည်းပြန်သယ်ရန်ခွင့်ပြုချက်ရခဲ့သော်လည်း မြစ်ကြီးနား-ကန်ပိုက်တီးလမ်းတွင် ခုနစ်ရောင်ခြယ်တံတားကျိုးနေသဖြင့် ကားဖြတ်သန်းမရသဖြင့် ကြန့်ကြာခဲ့ကြောင်း တရုတ်ရေအားလျှပ်စစ်ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီ (CPI) မှတာဝန်ရှိသူတစ်ဦးက ၂၀၁၂ ခုနှစ်စက်တင်ဘာလကုန်ပိုင်းတွင် ပြောကြားခဲ့သည်။

# ကချင်ပြည်နယ်တွင်တိုက်ပွဲများသိသာစွာ လျော့နည်းလာ

**အေးမြကျော်**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ-၁၂**

ကချင်ပြည်နယ်အတွင်း ဖေဖော်ဝါရီလဆန်းမှစကာ အစိုးရတပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်မတော်တို့အကြားတိုက်ပွဲများ သိသာစွာလျော့ကျသွားကြောင်း နှစ်ဖက်စလုံးကပြောကြားသည်။

“ရွှေလီဆွေးနွေးပွဲနောက်ပိုင်းမှာ နှစ်ဖက်ကြား တိုက်ခိုက်မှုတွေ သိသိသာသာ လျော့ကျသွားပါတယ်။ အချို့နေရာတွေမှာ ပစ်ခတ်မှုအနည်းငယ်ရှိပေမယ့်ဒါဟာ တိုက်ပွဲအသွင်မဆောင်ပါဘူး။ နားလည်မှုလွဲပြီးဖြစ်တဲ့သဘောပဲ ရှိပါတယ်”ဟုသမ္မတ၏ ပြောရေးဆိုခွင့်ရှိသူပြန်ကြားရေး ဒုတိယဝန်ကြီး ဦးရဲထွဋ်ကဖြေကြားသည်။

ကေအိုင်အိုမှပြောရေးဆိုခွင့်ရှိသူဦးလနန်က “တိုက်ပွဲတွေလျော့လာတယ်”ဟုပြောကြားသည်။

တိုက်ပွဲများ ပြင်းပြင်းထန်ထန်ဖြစ်ပွားခြင်း မရှိတော့သော်လည်း ဖားကန့်ဒေသ၊ လီဒိုလမ်းတစ်လျှောက်နှင့် မိုးမောက်မြို့နယ်တို့တွင် နှစ်ဖက်ထိတွေ့မှုများ ယခု ရက်ပိုင်းအတွင်းဖြစ်ပွားခဲ့ကြောင်း ဦးလနန်ကပြောသည်။

အချို့နေရာများတွင် အစိုးရတပ်များက ရဟတ်ယာဉ်များအသုံးပြုကာတပ်အလဲအလှယ်ပြုလုပ်ခြင်းများ၊ အင်အားဖြည့်တင်းခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရကြောင်း ကေအိုင်အေက ပြောကြားသည်။

ထိုအချက်ဦးရဲထွဋ်က “ဝေးလံတဲ့ဒေသတွေမှာ ရောက်နေတဲ့ စစ်ကြောင်းတွေအတွက် လိုအပ်တဲ့ရိက္ခာ၊ ဆေးဝါးများကို ရဟတ်ယာဉ်နဲ့ပေးပို့တာရှိသလိုနောက်တန်းကို ဆေးကုသရန်၊ သင်တန်းတက်ဖို့ရှိနေသူတွေကို မြေပြင်မှာ ချီတက်သွားလာရင်မှားပြီး ပစ်ခတ်တာမျိုးကိုရှောင်ရှားတဲ့အနေနဲ့ ရဟတ်ယာဉ်နဲ့ခေါ်ဆောင်ခြင်း ရှိနိုင်ပါတယ်။ဒါဟာထိုးစစ်အတွက် ပြင်ဆင်တာမဟုတ်ပါဘူး”ဟု ရှင်းလင်းဖြေကြားသည်။

“အခုရက်ပိုင်းမှာ ပူပန်မှုတော့နည်းနည်းလျော့သွားတယ်။ ဟိုတစ်လောကဆိုလူတွေမျက်နှာတွေကိုကြည့်လိုက်ရင်မသာမယာနဲ့”ဟု လိုင်ဇာမြို့အနီးရှိအကြီးဆုံး စစ်ဘေးဒုက္ခသည်စခန်းဖြစ်သော ဂျယန်းစခန်းမှ တာဝန်ခံဦးနော်ဂျာက ဖုန်းဖြင့်ဖြေကြားသည်။

နှစ်ဖက် စစ်အရှိန်မြင့်ပြီး ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံမှုအနေနှင့် တရုတ်နိုင်ငံ ရွှေလီမြို့တွင် ဖေဖော်ဝါရီ၄ရက်က တွေ့ဆုံဆွေးနွေးခဲ့ပြီး စစ်ပြေငြိမ်းရေးအမြန်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။

**မျက်နှာဖုံးမှ**

## စစ်ဘေးဒုက္ခသည်များစားနပ်ရိက္ခာများ အဓိကလိုအပ်

ကချင်ပြည်နယ်တွင်း စစ်ပွဲများကြောင့် ဖြစ်လာသည့် စစ်ဘေးဒုက္ခသည်များအားအကူအညီများကိုပေးရန် အစိုးရက ကုလသမဂ္ဂအဖွဲ့ကို မကြာမီရက်ပိုင်းက ခွင့်ပြုပေးလိုက်သည်။

ကချင်ပြည်နယ်တွင် စစ်ပွဲများ တစ်နှစ်နှင့်ရှစ်လ ကြာမြင့်ချိန်တွင် စစ်ဘေးဒုက္ခသည်ဦးရေမှာ တစ်သိန်းကျော်ရှိလာပြီး အစိုးရထိန်းချုပ်နယ်မြေတွင် လေးသောင်းကျော်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ ထိန်းချုပ်နယ်မြေတွင် ခြောက်သောင်းကျော်ရှိသည်။

အကူအညီပေးနေသူများအဆိုအရ အစိုးရထိန်းချုပ်နယ်မြေအတွင်းမှ စစ်ဘေးဒုက္ခသည်များမှာ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ်နှင့် အခြားအဖွဲ့များဖြစ်သော ကရုဏာ၊ ငြိမ်းဖောင်ဒေးရှင်းအဖွဲ့တို့၏ ကူညီမှုများဖြင့် အနည်းငယ် အဆင်ပြေသည်ဟု ဆိုနိုင်သော်လည်း သွားလာရခက်ခဲပြီး ရောက်ရန်မလွယ်ကူသော မြန်မာ-တရုတ်နယ်စပ် နယ်ခြားမှတ်တိုင်(၆)အနီးနှင့် မဂ္ဂါရန်၊ ပန်ဝါဒေသကဲ့သို့နေရာမျိုးတွင် မည်သည့်အကူအညီမှမရဘဲ နေထိုင်နေရသော ဒုက္ခသည်များမှာ ပိုမိုဒုက္ခရောက်လျက်ရှိကြောင်း စစ်ဘေးဒုက္ခသည်များအားအကူအညီပေးနေသူများက ပြောကြားသည်။

“ဒုက္ခသည်တွေကို တကယ်ကူညီချင်တဲ့ဆန္ဒ ရှိတယ်ဆိုရင် မဖြစ်ဖြစ်တဲ့နည်းနဲ့ ရောက်အောင်ကူညီဖို့ပဲ အရေးကြီးပါတယ်”ဟု ကေအိုင်အို ဖွဲ့စည်းထားသည့် စစ်ပြေးဒုက္ခသည်ကယ်ဆယ်ရေးကော်မတီဥက္ကဋ္ဌ ဦးဒွဲဗီဆာက ပြောကြားသည်။

ယခုကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများကို စစ်ဖြစ်ရာဒေသများသို့ နှစ်ဖက်စလုံးမှ လုံခြုံရေးတာဝန်ယူရမည်ဟူသောအာမခံချက်ဖြင့် ခွင့်ပြုပေးလိုက်သည်။ ထိုသို့ကူညီသွားရာတွင် ဦးစွာ လက်ရှိအကူအညီပေးနေသော ကချင်လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့များနှင့် တိုင်ပင်ညှိနှိုင်းကာ ထိရောက်သော အကူအညီများပေးစေလိုကြောင်း ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (KBC) နှင့် အခြားအဖွဲ့အစည်းအသီးသီးမှ ကူညီပေးနေသူများက အကြံပြုသည်။

“ကျွန်တော်တို့နဲ့တွဲမလုပ်ရင်တောင် တိုင်ပင်ပြီး အကူအညီတွေမရောက်သေးတဲ့နေရာတွေ ကူညီစေချင်တယ်။ တကယ်လိုအပ်နေတဲ့ ဒုက္ခသည်တွေဆီ အကူအညီတွေ အမြန်ရောက်ရင် ကျေနပ်ပါတယ်”ဟု KBC ၏ စစ်ရှောင်စခန်းများ စောင့်ရှောက်ရေးကော်မတီ ဒုတိယအတွင်းရေးမှူး ဦးကွမ်ရှောင်ကပြောသည်။

ကချင်ပြည်နယ်အတွင်း ဝေးလံခေါင်သီသော နေရာဖြစ်သည့်နှင်းကျပြီး အေးခဲသော ပန်ဝါဒေသတွင် နံနက်ခင်း ရေခဲနေသည့်အတွက် ရေရရှိရန် သုံး၊ လေးနာရီစောင့်ဆိုင်းရသည်များရှိပြီး ရေရရှိရေး အလွန်ခက်ခဲနေသည်။ မိုင်တိုင်(၆)ကဲ့သို့ နေရာများတွင် အမိုးအကာနှင့် နေစရာလုံလောက်ခြင်းမရှိဘဲ ရာသီဥတုဆိုးဝါးလွန်းသဖြင့် စောင်နှင့် အဝတ်အထည်များ အရေးပေါ် လိုအပ်နေသည်။ ထိုမှတ်တိုင်(၆)နေရာတွင် လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်ခန့်က တိုက်ပွဲဖြစ်ပွားခဲ့ရာ နယ်မြေမလုံခြုံသဖြင့် အကူအညီများမရောက်သလောက်ပင် ဖြစ်ကြောင်း အကူအညီပေးနေသူများထံမှ သိရသည်။

မြစ်ကြီးနား၊ ဝိုင်းမော်နှင့် ဗန်းမော် စသည့် မြို့များတွင်ရှိသော စစ်ဘေးဒုက္ခသည်စခန်းအချို့တွင် စုပေါင်းစားသောက်သည့် စနစ်ရှိသော်လည်း အများစုစခန်းများတွင် ကိုယ့်အိမ်ထောင်စုနှင့်ကိုယ်တိုင်ချက်ပြုတ်စားသောက်ပြီး အဖွဲ့အစည်းများမှ ပေးဝေသော ဆန်၊ ဆီ၊ဆားတို့နှင့် ဟင်းလျာကိုမူ ငွေကြေးရှိလျှင် ဈေးမှဝယ်ယူချက်စားပြီး ငွေကြေးမရှိသူများမှာ နီးစပ်ရာမှ ဟင်းရွက်ကိုခူးကာ စားရေးသောက်ရေး ဖြေရှင်းနေကြရကြောင်း အကူအညီပေးနေသည့် ကချင်လူမှုကူညီရေးအဖွဲ့များထံမှ သိရသည်။

လိုင်ဇာမြို့အနီး အကြီးဆုံး စစ်ဘေးဒုက္ခသည်စခန်းဖြစ်သည့် လူဦးရေရှစ်ထောင်ကျော်ရှိသော ဂျယန်းစခန်းမှ တာဝန်ခံ ဦးနော်ဂျာက စခန်း၏လိုအပ်ချက်ကို “အဓိကက အစားအသောက်အတွက် ပေါ့။ ပြီးတော့ ဆေးဝါးလည်း မလုံလောက်ဘူး။ ကျွန်တော်တို့စခန်းမှာ ကျောင်းသားက နှစ်ထောင်ရှိတယ်။ ကျောင်းအဆောက်အအုံနဲ့ ကျောင်းသုံးပစ္စည်းတွေ လိုအပ်နေဆဲပဲ။ စာမေးပွဲနီးပြီဆိုတော့ မေးခွန်းတွေကို လက်နဲ့ရေးနေရတယ်”ဟု ဖုန်းဖြင့်ဖြေကြားသည်။

အစိုးရက အကူအညီများ ကူညီခွင့်ပြုလိုက်ပြီးနောက် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအချို့က ကူညီရန်ကြိုတင်စနည်းနာခြင်းများ၊ လေ့လာခြင်းများပြုလုပ်နေပြီး လက်ရှိကူညီနေသော ပြည်တွင်းကချင်လူမှုရေးအဖွဲ့အစည်းများကို ဆက်သွယ်လာခြင်းမရှိသေးကြောင်း ယင်းအဖွဲ့အစည်းများထံမှ သိရသည်။

“ကျွန်တော်တို့ ကူညီဖို့ တင်ပြထားတာ လ ၂၀ ကျော်သွားပါပြီ။ မကြာမီ အကူအညီပေးနိုင်ဖို့ လုပ်သွားမှာပါ” ဟု နည်စည်းမထား ဆရာဝန်များအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ အာဂျန်ဟီဟန်တန်က ပြောသည်။

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများ ကချင်ပြည်နယ်သို့ လာရောက်ကူညီမည်ကို ကြိုဆိုသော်လည်း ဒေသခံလူမှုအဖွဲ့အစည်းကို ပျက်ပြားစေမည့် ယဉ်ကျေးမှုကို ထိခိုက်သော အပြုအမူမျိုး ရှောင်ကြဉ်စေလိုကြောင်း ကချင်ငြိမ်းချမ်းရေးကွန်ရက်မှ ဦးဆောင်လှုပ်ရှားသူ ကိုဂျော်ဂွန်းက ပြောကြားသည်။

“သီရိလင်္ကာတို့၊ အင်ဒိုနီးရှားတို့၊ ဖိလစ်ပိုင်တို့မှာလို မဖြစ်စေချင်ဘူး။ စစ်ပွဲဖြစ်နေတဲ့နေရာတွေမှာရှိတဲ့ ဒေသခံတွေရဲ့ တန်ဖိုးထားမှု၊လူမှုအဖွဲ့အစည်းကိုထိခိုက်ပျက်ယွင်းစေတာမျိုး ရှောင်စေချင်တယ်” ဟု ယင်းက အကြံပြုပြောကြားသည်။

စားနပ်ရိက္ခာ၊ နေထိုင်ရေးနှင့် အသုံးအဆောင်များ ထောက်ပံ့သလို စစ်ဘေးဒုက္ခသည်များကို စိတ်ဓာတ်ပြန်လည်မြှင့်တင်ပေးသည့် အကူအညီများနှင့် နေရပ်ပြန်လျှင် အသုံးချနိုင်မည့် အတတ်ပညာများ သင်ကြားပေးနိုင်လျှင် ကောင်းမည်ဟု အကြံပြုသည်။

စစ်ဘေးဒုက္ခသည်များလတ်တလောနေရပ်ပြန်ရေးမှာ မဖြစ်နိုင်သေးသည့်အတွက် အကူအညီပေးမည့်သူများအနေနှင့် ပြန်လည်ထူထောင်ရေး အကူအညီကို ဦးစွာ မလုပ်ဆောင်သင့်ကြောင်း စစ်ဘေးဒုက္ခသည်များအား အနီးကပ်ကူညီနေသူများက ဆိုသည်။

“စစ်ကြောင်းတွေ အခုထိနေရာတကာရှိနေသေးတော့ အိမ်မပြန်ရဲကြသေးဘူး” ဟု KBC မှ စစ်ဘေးဒုက္ခသည် စောင့်ရှောက်ရေးကော်မတီမှ တာဝန်ရှိသူက ပြောသည်။

“ယူအင်န်အနေနဲ့လူသားချင်းစာနာမှုအကူအညီသာမကဘဲ မြန်မာအစိုးရနဲ့ ကေအိုင်အိုကြားလိုအပ်တဲ့ ကြားဝင်ဖျန်ဖြေရေး ပြဿနာစောင့်ကြည့်ရေးတွေမှာပါဝင်ဖို့ လိုပါတယ်” ဟု ကေအိုင်အေပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောသည်။

ကချင်ပြည်နယ်တွင်ဖေဖော်ဝါရီလဆန်းမှစကာ တိုက်ပွဲများလျော့နည်းသွားပြီဖြစ်သော်လည်း ဖားကန့်ဒေသတွင် တိုက်ပွဲအချို့ဖြစ်ပွားနေဆဲဖြစ်ပြီး ဖားကန့်ဒေသမှ စစ်ဘေးဒုက္ခသည်အသစ်များ တိုးလာသဖြင့် ဒုက္ခသည်ဦးရေမှာ တစ်သိန်းငါးသောင်းကျော်အထိ မြင့်တက်လာကြောင်း အကူအညီပေးသူများကခန့်မှန်းနေကြသည်။

# ဧရာဝတီမြစ်တွင် ရေထိန်းတံခါး ၁၂ ခု တည်ဆောက်၍ လျှပ်စစ်ထုတ်ယူရန် ဖြစ်နိုင်ခြေလေ့လာမည်

**ခန့်ထက်၊ အိဖြူလွင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၁**

ဧရာဝတီမြစ်တွင်း ရေထိန်းတမံ အနိမ့်များနှင့် ရေထိန်းတံခါး ၁၂ ခု တည်ဆောက်ရန်အတွက် ဘယ်ဂျီယံပညာရှင်များက ဖြစ်နိုင်ခြေလေ့လာမှုများကို လာမည့်မတ်လမှစတင်၍ ခြောက်လအတွင်း ဆောင်ရွက်သွားမည်ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြောကြားသည်။

ဖေဖော်ဝါရီ၁၁ရက်ကပြုလုပ်သော ဧရာဝတီမြစ်ကြောင်းပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနည်းလမ်းများအတွက် ဘယ်လ်ဂျီယံနိုင်ငံမှ SBE nv ကုမ္ပဏီနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ဖြစ်နိုင်ခြေလေ့လာမှုနှင့် ဆောက်လုပ်မည့်ပုံစံများကို လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်သည်။

"ဒါက အစိုးရအဖွဲ့က အတည်ပြုပြီးသားကို အကောင်အထည်ဖော်တာပါ။ လွှတ်တော်ကို ကျွန်တော်တို့လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့် တင်ပြသွားမှာပါ။ ပြည်သူလူထုဘက်ကနေပြီး လက်မခံဘူးဆိုရင် ဆောင်ရွက်ဖို့မရှိပါဘူး"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ပြောကြားသည်။

ရေထိန်းတမံအနိမ့်များသည် ဆည်များကဲ့သို့ စီးဆင်းနေသော ရေကြောင်းအား ပိတ်ပင်တားဆီးခြင်းမဟုတ်ဘဲ သတ်မှတ်ပမာဏတစ်ခုအထိသာ ထိန်းသိမ်းထားပြီး ယင်းပမာဏထက် ကျော်လွန်ပါက ယင်းတမံများအား ဖြတ်ကျော်စီးဆင်းနိုင်မည်ဟု အဆိုပါဌာနမှ ဒုညွှန်ကြားရေးမှူးချုပ် ဦးကိုကိုဦးက ဆိုသည်။

လေ့လာမှုများကို မန္တလေးတိုင်းအတွင်းရှိရန္တပိုရွာအနီး၊မကွေးတိုင်းအတွင်းရှိလမ်းရွာနှင့် မင်းလှတို့တွင် ပထမဆုံး စတင်မည်ဖြစ်သည်။

ဧရာဝတီမြစ် အထက်ပိုင်းဗန်းမော်မှ ဟင်္သာတမြို့အထိ မြစ်ကြောင်းတစ်လျှောက်တွင် လတ်တလောလေ့လာမှုများအရလျှပ်စစ်ထုတ်ယူနိုင်သော ရေထိန်းတမံ ၁၂ ခုတည်ဆောက်နိုင်ရန် လျာထားပြီး အဆိုပါ တမံများမှ လျှပ်စစ်ဓာတ်အား ၂၅၂၀ မဂ္ဂါဝပ် ထုတ်ယူနိုင်မည်ဟု ခန့်မှန်းထားကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရေထိန်းတမံအနိမ့်များ တည်ဆောက်ခြင်းဖြင့် မြစ်ကြောင်းတစ်လျှောက် တစ်နှစ်ပတ်လုံး ရေရရှိနိုင်ခြင်း၊ မြစ်ကြောင်း သွားလာရေးအတွက် လွယ်ကူစေခြင်း၊ မြစ်ကမ်းပြိုမှုများ လျှော့ချနိုင်ခြင်းနှင့် ဟိုက်ဒရိုပါဝါအားဖြင့် ရေအားလျှပ်စစ်ထုတ်ယူနိုင်ခြင်းတို့ ပြုလုပ်နိုင်ပြီး ရေထိန်းတမံများ ဆောက်လုပ်ခြင်းကြောင့် ရေကြောင်းသွားလာရေးအဆင်ပြေစေရန် ရေထိန်းတံခါးများပါ ပူးတွဲတည်ဆောက်ရခြင်းဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသည်။

ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာသန်း ၃၀၀ ခန့်ရှိမည်ဖြစ်ပြီး တည်ဆောက်မှု ကြာမြင့်မှုကာလသုံးနှစ်ခန့် အချိန်ယူရမည်ဖြစ်ကြောင်း SBE nv ကုမ္ပဏီမှ တာဝန်ရှိသူများကပြောသည်။

လေ့လာမှုများပြီးစီး၍ စီမံကိန်းအကောင်အထည်ဖော်မည်ဆိုပါက ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများကို ဖိတ်ခေါ်၍ (B.O.T) စနစ်ဖြင့် ဆောင်ရွက်သွားရန်ရှိကြောင်း ဦးထွန်းလွင်ဦးက ပြောသည်။

# လွှတ်တော်ဘေးရှိ မြေကွက်လပ် ပုဂ္ဂလိက ယာဉ်ရပ်နားစခန်းပြုလုပ်ရန် တစ်လကျပ်သိန်း ၃၀၀ကျော်ဖြင့် ငှားရမ်း

**ဆွေမွန်**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၂**

ရန်ကုန်မြို့ပြည်လမ်းမပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဝင်းအတွင်းရှိ လွတ်နေသော မြေငါးဧကခန့်ကို ကုမ္ပဏီတစ်ခုသို့ ယာဉ်ရပ်နားစခန်းပြုလုပ်ရန် လစဉ်ကျပ် ၃၁၁ သိန်းဖြင့် ငှားရမ်းထားကြောင်း သတင်းရရှိသည်။




*မကြာမီဖွင့်လှစ်ဖွယ်ရှိသော ယာဉ်ရပ်နားစခန်းခြံစည်းရိုးတွင် ကြော်ငြာထားသည်ကိုတွေ့ရစဉ်* ဓာတ်ပုံ-ကျော်ဇင်သန်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လွှတ်တော်ဝင်းအတွင်း လွှတ်တော်အဆောက်အအုံဘေးရှိ မြေ ငါးဧကခန့်ကို တင်ဒါခေါ်ယူ၍ ငှားရမ်းခဲ့ရာ မြင့်မိုရ်လွှမ်းကုမ္ပဏီမှ တစ်လလျှင် ကျပ် ၃၁၁ သိန်းဖြင့် ယာဉ်ရပ်နားစခန်းပြုလုပ်ရန် ရရှိခဲ့ခြင်းဖြစ်သည်။

"တင်ဒါခေါ်ယူပြီး တင်ဒါနိုင်တဲ့သူကို ပေးတာပါ။ အခုက တစ်လကို ၃၁၁ သိန်းနဲ့ ငှားရမ်းထားတာ" ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

လက်ရှိတွင် ယာဉ်ရပ်နားစခန်းကို ပြင်ဆင်မှုများ ပြုလုပ်နေပြီး ညအိပ်လပေးကားများလည်း လက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိကားရပ်နားစခန်းများကိုလည်း စည်ပင်သာယာရေးကော်မတီမှ ဧပြီလ ၁ ရက်မှစ၍ ယာဉ်ရပ်နားခကောက်ခံခြင်းပြုတော့မည်မဟုတ်ပေ။ ယခင်က လေလံစနစ်ဖြင့် ပုဂ္ဂလိကကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပြုထားသော စခန်းများကိုလည်း ထပ်မံလေလံပေးမည်မဟုတ်ဘဲ အခမဲ့အသုံးပြုသွားစေမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလမ်းနှင့် တံတားဌာနမှ ဒုဌာနမှူး ဦးစည်သူလွင်က ပြောသည်။

"အဲဒီအခါကျရင် စည်းကမ်းတကျရပ်ပေးရမယ်။ မဟုတ်ရင် အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က လိုက်ပြီး အရေးယူဆောင်ရွက်မှာပါ" ဟု ၎င်းကပြောသည်။

လက်ရှိတွင်စည်ပင်က အလုံမြို့နယ် သစ်ဆိပ်ဝင်း၊ လမ်းမတော်မြို့နယ်စိန်ဂွန်းဈေးဟောင်း၊ အထက (၁)ဒဂုံ ကျောင်းနံဘေးမြေနေရာ စသည့်မြို့နယ်များတွင် မြေပြင်ညှိ၍ အခမဲ့ယာဉ်ရပ်နားနိုင်ရန်စတင် ဆောင်ရွက်နေသည်။

# နိုင်ငံလုံးဆိုင်ရာ ဒီချုပ်ညီလာခံ မတ်လဒုတိယပတ်ကျင်းပမည်

**ရန်မျိုးနိုင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၁**

နှစ်ပေါင်း ၂၀ ကျော်ကြာ ကျင်းပခွင့်မရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာညီလာခံကို မတ်လ ၈ ရက်မှ ၁၀ ရက်ထိ ရန်ကုန်မြို့တွင် ကျင်းပရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

အဆိုပါ ညီလာခံကို ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ကိုယ်စားလှယ် ၁၂၀၀ ကျော် တက်ရောက်မည်ဖြစ်ပြီး ပါတီ၏ ခေါင်းဆောင်ပိုင်းနေရာနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည် ရွေးချယ်သွားမည်ဖြစ်ကြောင်း ညီလာခံကျင်းပရေးဗဟိုကော်မရှင်အဖွဲ့ဝင် ဦးဟံသာမြင့်က ပြောသည်။

"ကျွန်တော်တို့ပါတီရဲ့ မူဝါဒပိုင်းနဲ့ နောက်လုပ်မယ့် လုပ်ငန်းစဉ်တွေကို ညီလာခံမှာ ချပြမှာပါ" ဟု ၎င်းကဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံကျင်းပနိုင်ရေးအတွက် အောက်ခြေအဆင့်ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်ညီလာခံများကို စက်တင်ဘာလ ၁၉ ရက် ရက်စွဲဖြင့် စတင်ကျင်းပနိုင်ကြောင်း ကြေညာခဲ့သည်။

လက်ရှိကျင်းပလျက်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီး ညီလာခံများကိုလည်း ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် အပြီးကျင်းပသွားရမည်ဟု ဦးဟံသာ မြင့်က ပြောသည်။

၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်၌ ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင်လည်း ၄၃ နေရာအနိုင်ရရှိခဲ့သည်။

**ပြင်ဆင်ဖတ်ရှုပါရန်**-7Day Newsဂျာနယ် အတွဲ(၁၁)အမှတ်(၄၈) "နှစ်ကျပ်ခဲ့ကျေးရွာ မီးလင်းရေးနှင့်ပတ်သက်၍ ဆရာတော်တစ်ပါးနှင့် ရွာသူရွာသား၁၁ဦးကိုတရားစွဲ"သတင်းမှ ဆရာတော်ဦးကောသလ္လမှာ ဖေဖော်ဝါရီ ၂၆ရက်တွင် နေပြည်တော်တရားရုံး၌ အမှုရင်ဆိုင်ရမည်စာသားအစား အဆိုပါအမှုကို တရားရုံးက ပယ်ချထားပြီး တရားလိုက အထူးအယူခံဝင်ထားသဖြင့်ဖေဖော်ဝါရီ၂၆ရက်တွင်တရားသူကြီးက အမှုကိုလက်ခံရန်သင့်၊မသင့် ဆုံးဖြတ်မည်ဖြစ်သည်ဟူ၍လည်းကောင်း၊ ယခုတစ်ပတ်ဂျာနယ် စာမျက်နှာ(၆)တွင်ဖော်ပြထားသောသတင်းခေါင်းစဉ်ကို "နိုင်ငံအများစုတွင်ပိတ်ပင်ထားသော စိုက်ပျိုးရေးသုံးပိုးသတ်ဆေး မြန်မာနိုင်ငံတွင်ပျံ့နှံ့နေ"ဟုဖြည့်စွက်ဖတ်ရှုပါရန်။
**အယ်ဒီတာ**

# လူကြီးချင်းပဋိပက္ခကြောင့် ကလေးငယ်ကို အဆိပ်တိုက်ဟုဆို

**ကျော်ဇေယျ**
**နေပြည်တော်၊ ဖေဖော်ဝါရီ-၈**

သုံးနှစ်အရွယ်ကလေးငယ်တစ်ဦး ကစားရင်း အဆိပ်သောက်မိကာ သေဆုံးသွားသည်ဟူသော အမှုအား သေမှုသေခင်းအရ အမှုဖွင့်ပြီး တရားရုံးတော်မှ စစ်ဆေးရာတွင် ကလေး ငယ်သည် ၎င်းဘာသာကစားရင်း အဆိပ်သောက်မိခြင်းမဟုတ်ဘဲ လူကြီးချင်းပဋိပက္ခကြောင့်ကလေးငယ်အားတမင်တကာ အဆိပ်တိုက်ခဲ့ကြောင်း ပေါ်ပေါက်လာ၍ လူသတ်မှုအဖြစ် ပြောင်းလဲအမှုဖွင့်အရေးယူခဲ့ရသောဖြစ်ရပ်တစ်ခု နေပြည်တော်ပျဉ်းမနားတွင် ဖြစ်ပွားခဲ့သည်။

၂၀၁၂အောက်တိုဘာ ၇ရက် နံနက် ၁၁ နာရီခွဲအချိန်တွင် နေပြည်တော် ခုတင် ၂၀၀ ဆေးရုံ၌ အဆိပ်သောက်မိထားသည့်လူနာတစ်ဦးရောက်နေကြောင်း သတင်းအရသက်ဆိုင်ရာမှ သွားရောက်စစ်ဆေးရာတွင် နေပြည်တော်ပျဉ်းမနားမြို့ ရွာသစ်ရွာနေ မမြတ်နိုးခင် (၃ နှစ်)ဖြစ်သည်။ ကလေးငယ်မှာ ခြံဝန်းအတွင်း ဆော့ကစားနေရင်း Moxalasအမည်ပါ မိုးစပါးပိုးသတ်ဆေးအား တွေ့ရှိပြီး သောက်မိရာမှ ဆေးရုံသို့ပို့ဆောင်ထားရကြောင်း သိရပြီး အဆိုပါကလေးငယ်မှာ နောက်တစ်နေ့ နံနက်ပိုင်းတွင် သေဆုံးခဲ့သည်။

ကလေးငယ် သေဆုံးမှုအတွက် ဓမ္မတာအတိုင်းသေဆုံးမှုဟုတ်/မဟုတ်သိရှိနိုင်ရန် သေမှုသေခင်းအမှတ်စဉ်၄၀/၂၀၁၂ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်ပြီး ဒီဇင်ဘာ ၆ ရက်တွင် တရားရုံးတော်သို့တင်ပို့ခဲ့ရာ တွဲဖက်တရားသူကြီးနှစ်ဦးက အမှုအားစစ်ဆေးဆောင်ရွက်စဉ် အမှုတွင် သက်သေအဖြစ် ပါဝင်သောလူတစ်ဦးက မမြတ်နိုးခင်သေဆုံးမှုသည် ယင်းဘာသာယင်း အဆိပ်သောက်မိခြင်းမဟုတ်ဘဲ တစ်စုံတစ်ဦး၏ ပယောဂကြောင့် အဆိပ်သောက်မိခြင်းဖြစ်ကြောင်း ထွက်ဆိုလာသည်။

ထို့ကြောင့် ပျဉ်းမနားရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်ကျော်မြင့်က အဆိုပါသေမှုသေခင်းအား လူသတ်မှုအဖြစ် နေပြည်တော်ပျဉ်းမနားရဲစခန်း(ပ)၃၈/၂၀၁၃ ဥပဒေပုဒ်မ ၃၀၂ အဖြစ် ပြောင်း လဲအမှုဖွင့်ခဲ့ရပြီး စိစစ်ဆောင်ရွက်ရာတွင် မမြတ်နိုးခင်အားယင်း၏ ဆွေမျိုးတော်စပ်သူ အမျိုးသမီးတစ်ဦးက လူကြီးချင်း ပဋိပက္ခကြောင့် အငြိုးအတေး ထားကာ ဆော့ကစားနေခိုက် အိမ်ခန်းထဲခေါ်ယူ၍ ပိုးသတ်ဆေးသောက်ခိုင်းခဲ့ကြောင်း ၂၀၁၃ ဇန်နဝါရီ ၁၃ရက်တွင် ပေါ်ပေါက်ခဲ့သည်ဟု ဆို၏။

တရားခံဟု စွပ်စွဲခံထားရသောသူအား တရားရုံးချုပ်မိန့်ဖြင့် ချုပ်နှောင်ကာ ဆက်လက်စစ်ဆေးဆောင်ရွက်နေပြီး အဓိကမျက်မြင်သက်သေ၏ ထွက်ဆိုချက်ကိုလည်း ရယူထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

# ဂဂ မျိုးဆက်ကျောင်းသားများနှင့် မဏ္ဍိုင်ဥပဒေအကယ်ဒမီ နစ်နာနေသော ပြည်သူများကို ပူးပေါင်းကူညီမည်

**ရန်မျိုးနိုင်**
**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၀**

ပြည်သူများ၏နစ်နာမှုများကို ဥပဒေကြောင်းအရ ၈၈ မျိုးဆက်ကျောင်းသားများနှင့် မဏ္ဍိုင်ဥပဒေအကယ်ဒမီတို့ ပူးပေါင်းပြီး ဖေဖော်ဝါရီလဒုတိယပတ်မှစတင်ကာ အခမဲ့ ကူညီဖြေရှင်းပေးသွားမည်ဖြစ်သည်။

"တစ်ပတ်ကိုသုံးရက်၊ တနင်္လာ၊ ဗုဒ္ဓဟူး၊သောကြာ ကိုယ်တို့ရုံးခန်းမှာရှေ့နေနှစ်ယောက်လောက် ရုံးထိုင်ပေးဖို့ဆွေးနွေးထားတယ်"ဟု ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှဥပဒေရေးရာတာဝန်ခံကိုမာကီး က ပြောသည်။

အနယ်နယ်အရပ်ရပ်ရှိပြည်သူများက ၈၈ မျိုးဆက်ကျောင်းသားများရုံးသို့တိုင်ကြားလာသော အမှုများအား မဏ္ဍိုင်ဥပဒေအကျိုးဆောင်အဖွဲ့ရှေ့နေများက အခမဲ့ဥပဒေကြောင်းအရ အကြံဉာဏ်ပေးခြင်းနှင့်လိုအပ်လာပါက ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"အမှုအကုန်လုံးတော့ မကိုင်နိုင်သေးဘူး" နိုင်ငံရေးအမှု၊ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ကိစ္စတွေ၊ အလုပ်သမားအမှုတွေနဲ့ တောင်သူလယ်သမားနစ်နာမှုတွေကိုလိုက်ပေးပါမယ်"ဟုမဏ္ဍိုင်ဥပဒေအကျိုးဆောင်အဖွဲ့မှ တရားလွှတ်တော်ရှေ့နေဦးမောင်မောင်ဝင်းကပြောသည်။

ပြည်သူများမှ တိုင်ကြားလာသောအမှုများကို အခမဲ့ဥပဒေကြောင်းအရ အကူအညီပေးရန် စေတနာ့ဝန်ထမ်း ၂၅ ဦးရှိသည်။

လက်ရှိအချိန်တွင် ပြည်သူများကတင်ပြလာသောအမှုပေါင်း ၅၀၀၀ ကျော်ရှိနေပြီး အများစုမှာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများက များပြားကြောင်း ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ရုံးအဖွဲ့မှူး ကိုဇော်မင်း က ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.49 • FEBRUARY 14 , 2013

## ဇန်နဝါရီလတွင် မီးလောင်မှု ၁၆၇ ကြိမ်ဖြစ်ပွား ယခင်နှစ်ကထက် ၄၄ ကြိမ်ပိုများ

ဖွဲ့ဉာဏ်

**ရန်ကုန်၊ ဖေဖော်ဝါရီ -၇**

ယခုနှစ် ဇန်နဝါရီလအတွင်း တစ်နိုင်ငံလုံးတွင်မီးလောင်မှု၁၆၇ကြိမ်ဖြစ်ပွားခဲ့ပြီးကျပ်သန်းပေါင်း၄၊ရာကျော်ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

မီးလောင်မှု အများဆုံးဖြစ်ပွားခဲ့သော ဒေသမှာ မကွေးတိုင်းဒေသကြီးဖြစ်ပြီး စုစုပေါင်း ၂၄ ကြိမ်လောင်ကျွမ်းခဲ့သည်။ ဆုံးရှုံးမှုအများဆုံးမှာ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့အမှတ်(၁)မြို့မဈေး မီးလောင်မှုဖြစ်ကာ ကျပ်သန်းပေါင်း ၂၇၀ ကျော် ဆုံးရှုံးခဲ့သည်။

၂၀၁၂ဇန်နဝါရီလအတွင်းက မီးလောင်မှု၁၂၃ကြိမ်ဖြစ်ပွားခဲ့ပြီးစုစုပေါင်းတန်ဖိုးကျပ်၇၁ဒသမ ၁၄ သန်း ဆုံးရှုံးခဲ့သည်။

ထို့ကြောင့် ၂၀၁၃ ဇန်နဝါရီမှာ ၂၀၁၂ထက် ၄၄ ကြိမ် မီးပိုမိုလောင်ကျွမ်းခဲ့ပြီး ကျပ်သန်းပေါင်း ၃၈၀ ခန့်ဆုံးရှုံး ခဲ့သည်။



*ပြည်မြို့အနီးတွင်တွေ့ရသော ဧရာဝတီမြစ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ဧရာဝတီမြစ် ကာကွယ်စောင့်ရှောက်ရေးကွန်ရက် စတင်ဖွဲ့စည်း

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၀**

ဧရာဝတီမြစ်ပေါ်တွင်တည်ဆောက်မည့်မြစ်ဆုံရေအားလျှပ်စစ်ဓာတ်အားပေးဆည်စီမံကိန်း ရပ်တန့်မှုတစ်နှစ်ကျော်ကြာပြီးနောက် ဧရာဝတီမြစ်ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် ဧရာဝတီမြစ် ကာကွယ်စောင့်ရှောက်ရေးကွန်ရက်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင်ဖွဲ့စည်းခဲ့သည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင်ပြုလုပ်သော“ ငါတို့ဧရာဝတီမြစ်အနာဂတ်အတွက် ဘာဆက်လုပ်ကြမလဲ” အလုပ်ရုံဆွေးနွေးပွဲတွင် ဖွဲ့စည်းခဲ့သော အဆိုပါအဖွဲ့ကကိုယ့်ရပ်ဒေသအတွက် လူထု အသိပညာပေးလုပ်ငန်းများ၊ သတင်းအချက်အလက်မျှဝေခြင်းလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများလုပ်ကိုင်သွားမည်ဖြစ်ကြောင်းသတင်းပြန်ကြားရေးတာဝန်ခံကိုမြင့်ဇော်က ပြောသည်။

အဖွဲ့ကို ရေနံချောင်း၊ ဗန်းမော်၊ တာပိန်၊ မော်လမြိုင်ကျွန်း၊ ရွှေဂူ၊ ထီးချိုင့်၊ မကွေး စသည့်မြို့နယ်များအပါအဝင်ဧရာဝတီမြစ်တစ်လျှောက်ရှိအခြားဒေသများမှ မြို့နယ်ပေါင်း ၁၅ မြို့နယ်ပေါင်းမှဒေသခံများဖြင့် ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။ ထိုအဖွဲ့ကကိုယ်ပိုင်ဖေ့စ်ဘွတ်ခ်အကောင့်ဖွင့်ပြီး နေ့စဉ်သတင်းအချက်လက်များတင်မည် ဟု ဆိုသည်။

ဧရာဝတီမြစ်ထိန်းသိမ်းရေးအတွက် ပထမဆုံးအနေဖြင့် ဖေဖော်ဝါရီ ၅ ရက်က ပညာရှင်များ၊ ဌာနဆိုင်ရာအရာရှိများနှင့် ကော်မရှင်ဖွဲ့စည်းရန် အမျိုးသားလွှတ်တော်တွင် ဆုံးဖြတ်ခဲ့သည်။

၂၀၁၂မေလအတွင်းဖွဲ့စည်းခဲ့သော ဧရာဝတီမြစ်ဝှမ်းဒေသဖွံ့ဖြိုးမှုအခွန့်ရှည်ရေးဆိုင်ရာသုတေသနအဖွဲ့ကလည်း သုတေသနလုပ်ငန်းများ လုပ်ဆောင်လိုသူများကို ထောက်ပံ့ပေးမည်ဟု ဖိတ်ခေါ်ထားသည်။ ထိုအဖွဲ့တွင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အခြားပညာရှင်များပါဝင်သည်။

စာမျက်နှာ(၅၀)မှ

## အိတ်ဖောင်းပေမယ့် ခြေမကောင်းတဲ့အခါ

နိုင်ငံအတွက် ပရိသတ်တွေအတွက် ပြန်လည်ပေးဆပ်ရမယ့်အကြွေးတွေ များနေပြီ” ဟု ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက သတိပေးပြောကြားခဲ့သည်။

ဘောလုံးသမား အချို့၏ စည်းကမ်းဖောက်ဖျက်မှုများအား ထုတ်ဖော်မပြောချင်၍သာမပြောခြင်းဖြစ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း တွေ့ရှိပါက ထုတ်ဖော်ရေးသားပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ မီဒီယာများဘက်မှရေးသားခြင်းများမှာလည်း ဘောလုံးသမားများ၏ ဂုဏ်သိက္ခာထိခိုက်စေရေးအတွက် မဟုတ်ဘဲ အမှားကိုသိမြင်လာပြီး ဆင်ခြင်နေထိုင်ရန်အတွက် မှတ်ယူရမည်ဖြစ်ကြောင်း ဦးဇော်ဇော်က ပြောကြားခဲ့သည်။

ပရော်ဖက်ရှင်နယ်စနစ်သို့ ပြောင်းလဲလာပြီးနောက် ဘောလုံးသမားများ၏ ဘဝအာမခံချက်များရရှိလာခဲ့ပြီး ၎င်းတို့ကို အတုယူအားကျကာ ဘောလုံးကစားနည်းကို စိတ်ဝင်စားမှုပိုလာသည့် လူငယ်များရှိသကဲ့သို့ ငွေကြေးကြောင့် ဘဝပျက်သွားရသည့် ကစားသမားများလည်းရှိသည်။

လက်ရှိအနေအထားအရ လာမည့် အိမ်ရှင်ဆီးဂိမ်းပြိုင်ပွဲရလဒ်က ဆက်လက်သွားရမည့် မြန်မာ့ဘောလုံးအနာဂတ်အတွက် အဓိကကျမည်ဟု ထင်မြင်ကြောင်း အားကစားအယ်ဒီတာကိုနေကိုကလည်း ဆိုသည်။

မည်သို့ပင်ဆိုစေ ဝေဖန်မှုများကို ချေဖျက်ရန်အတွက် ကြိုးစားလေ့ကျင့်နေထိုင်ရန် ဘောလုံးသမားများတွင်သာ တာဝန်ရှိမည်ဖြစ်သည်။ အခွင့်အရေးများပေါ်တွင် စိတ်ကြီးမဝင်ဘဲ အကယ်၍ ပြိုင်ပွဲတစ်ပွဲရှုံးနိမ့်ခဲ့ရသည့်တိုင် ဘောလုံးသမားများပေါ်တွင်သာ လက်ညှိုးထိုးခံမနေရရန်အတွက် ဘောလုံးသမားများက ကြိုးစားပြသရန် မြန်မာဘောလုံးပရိသတ်များက မျှော်လင့်လျက်ရှိဆဲပင် ဖြစ်ပါသည်။


# ORIENT CLINIC အရှေ့တိုင်း ဆေးခန်း









၃၀ ရာခိုင်နှုန်း လျှော့ပေးမည်။

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း Ph : 01 226917, 01 227285

ပိတ်ရက်မရှိ